www.burmeseclassic.com

ဂန္ထိရ သိန်းကြွယ် လုံးချင်း ဝတ္ထုသစ်

အောင်မြင်စာပေ

# ကြိုခကွ

## နှစ်ပင်လိမ်သတ်ကွင်း




BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၀ ဒီဇင်ဘာ၊ (ပုံနှိပ်ခြင်း)၊ အုပ်ရေ (၅၀၀)၊ ပထမအကြိမ်။
ဦးအောင်မြင့်၊ အောင်မြင့်ပုံနှိပ်တိုက် (မြ ၀၀၀၀၇၈)၊ အမှတ် (၁၄၅)၊ နှင်းဆီမြိုင်လမ်း၊ စမ်းချောင်း။
အောင်မြင့်စာပေ၊ အမှတ် (၁) အောင်ဆေးလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။






BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

- ကံချင်းတူသောကြောင့် လူဖြစ်တာချင်းတူသည်၊
ကံ၊ ဉာဏ်၊ ဝိရိယ မတူသဖြင့်
ဆင်းရဲခြင်း၊ ချမ်းသာခြင်း ကွာခြားကြသည်။
သို့သော် သေခြင်းမှာတော့ အတူတူပင် ဖြစ်ပြန်၏။

- မိုးမရွာတော့ ပတ်ကြားအက်သည်၊
မိုးနည်းတော့ ပုံထသည်၊ မိုးများတော့ ဖွက်ထပြန်သည်၊
သဘာဝက သူ့သဘောအတိုင်းသာ ဖြစ်နေတတ်သည်။

- မီးကိုမှုတ်တော့ မီးခိုးငွေ့က မျက်စိထဲဝင်သည်၊
ပုံကိုမှုတ်တော့ ပုံက မျက်စိထဲဝင်သည်၊
အညစ်အကြေးသုတ်တော့ လက်ကိုပေပြန်သည်၊
မကောင်းမှုသည် နီးကပ်နေသူကိုသာ
အန္တရာယ်ပေးလေ့ရှိသည်။

# ဒဿနလက်ဆောင်

- မတော်သောဝတ်စုံသည်
မည်မျှပင် တန်ဖိုးရှိနေစေကာမူ အသုံးမဝင်ပေ၊
ကိုယ်နှင့်တော်သောဝတ်စုံသည်
ဟောင်းနွမ်းသော်လည်း အသုံးဝင်နေပေလိမ့်မည်။

- ဝတ်စားဆင်ယင်မှုကောင်းလျှင်
တံခါးတစ်ဝက်ပွင့်သည်၊
လက်ဆောင်ပဏ္ဏာ ပေးကမ်းခြင်းဖြင့်
တံခါးအားလုံးကိုပွင့်စေသည်။

- မြို့တံခါး ရွာတံခါးကို ပိတ်ထားနိုင်သည်၊
အိမ်တံခါးကို ပိတ်ထားနိုင်သည်၊
ရွှေငွေရတနာထည့်သော သေတ္တာကို ပိတ်ထားနိုင်သည်၊
သင် မပိတ်နိုင်သော တံခါးတစ်ချပ်ရှိသည်၊
သေမင်းတံခါးပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

- အချစ်သည်
ပြတင်းပေါက်မှ ခိုးကြောင်ခိုးဝှက် ဝင်လာသော်လည်း
ပြန်ထွက်သော အခါမှာတော့
တံခါးမကြီးမှပင် ရဲရဲတင်းတင်း ထွက်သွားလေ့ရှိသည်။

- လူက ခွေးကို ခဲဖြင့်ပစ်သည်။
ခွေးက ပစ်သူကို မကိုက်ဘဲ
သူ့ကိုထိသည့် ခဲလုံးကိုသာ ကိုက်သည်။
တိရိစ္ဆာန်တွင် မစ္ဆရိယစိတ်နည်းသည်။

- အိပ်မက်ထဲတွင် ရေနစ်သဖြင့်
လှော်တက်ပြင်စရာ မလိုပါဘူး၊
အိပ်မက်တွင် ရွှေထုပ်ရသဖြင့်
ထိုင်နေလို့လည်း မဖြစ်ပါဘူး၊
အိပ်မက်သည် လက်တွေ့ဘဝ မဟုတ်ပေ။

# ဒဿနလက်ဆောင်

- ဘုရင်တွင် မျက်လုံးများစွာရှိသည်၊
ပညာရှိတွင် နားရွက်ပေါင်းများစွာရှိသည်၊
ကြီးစားချင်သူတွင် ပါးစပ်များစွာရှိကြသည်၊
ဆင်းရဲသူများကတော့ ချွေးစက်များစွာသာရှိ၏။

- အတွေးအခေါ်ကောင်းသူသည်
အစကောင်းလေ့ရှိသည်။
အစကောင်းခြင်းသည်
လုပ်ငန်းတစ်ဝက် ပြီးစေနိုင်၏။

- ဘာမှမသိလျှင် အားလုံးကို သံသယရှိနိုင်သည်။
ဘာမှမသိတာကို သိဟန်ဆောင်ခြင်းကသာ
မသိခြင်းထက် ပို၍ဆိုးဝါးသော အခြေအနေဖြင့်
ကြုံတွေ့ရတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## ဤစာအုပ်၌ ပါဝင်သောအခန်းများ


အခန်း(၁) အညွန့်တုံးသွားသောဘဝများ

အခန်း(၂) ဒွန်းစဏ္ဍားနှင့် ခေါင်းပုံဖြတ်သူများ

အခန်း(၃) ခေါင်းပေါင်းများနှင့် ဒွန်းစဏ္ဍားလုပ်ငန်း

အခန်း(၄) ပျောက်သောသူ ရှာလျှင်တွေ့

အခန်း(၅) နဂါးနက်ပိုက်ဆံသားများအကြောင်း

အခန်း(၆) ဒေါက်တာမင်းထင်ကျော်နှင့် ကတုံးပေါ်ထိပ်ကွက်

အခန်း(၇) ကမ္ဘာကျော် ဒုစရိုက်ပိုက်ဆံကြီးများ

အခန်း(၈) ဒုစရိုက်သမားတို့၏ မာယာကွန်ယက်

အခန်း(၉) မြသီရိနှင့် ပဟေဠိပုစ္ဆာများ

အခန်း(၁၀) သုသာန်မှ အန္တရာယ်များ

အခန်း(၁၁) နှစ်ပင်လိမ်ကျော့ကွင်း

အခန်း(၁၂) အပမှီနေသောရုပ်တု

အခန်း(၁၃) သုသာန်အတွင်းမှ သွေးစုပ်ဖုတ်ကောင်

အခန်း(၁၄) လျှို့ဝှက်လှသော လူသတ်သမား

အခန်း(၁၅) လူသတ်သမားနောက် ခြေရာကောက်ခြင်း

အခန်း(၁၆) နှစ်ပင်လိမ် သတ်ကွင်း

အခန်း(၁၇) နှစ်ပင်လိမ် ချစ်ခြင်းမေတ္တာ






## အခန်း(၁)

# အညွန့်ကျိုးသွားသောဘဝများ

တစ်နေ့သ၌ ကျွန်ုပ်သည် အသိမိတ်ဆွေတစ်ယောက်အား ကွမ်းခြံဘူတာကြီး (ယခု ရန်ကုန်ဘူတာကြီး)သို့ လိုက်ပို့ပေးရလေသည်။ ထိုမိတ်ဆွေမှာ မန္တလေးမြို့၌ နေထိုင်သူဖြစ်ပြီး ရန်ကုန်သို့ အကြောင်းကိစ္စတစ်ခုဖြင့် ရောက်လာခြင်းဖြစ်လေသည်။

ထိုသူမှာ ကျွန်ုပ်နှင့် လွန်စွာပင်ရင်းနှီးသူဖြစ်သဖြင့် ရန်ကုန်သို့ရောက်တုန်းရောက်ခိုက်တွင် ဟော်တယ်များမှာ



www.burmeseclassic.com

www.burmeseclassic.com



ပင် မတည်းစေဘဲ ကျွန်ုပ်နေအိမ်မှာပင် လာရောက်တည်းခိုလေသည်။

ယခုအခါမှာတော့ အလုပ်ကိစ္စပြီးသွားပြီဖြစ်သောကြောင့် မန္တလေးသို့ပြန်မည်ဖြစ်ရာ ကျွန်ုပ်ကိုယ်တိုင် ဘူတာကြီးသို့ လိုက်ပို့ပေးခြင်းဖြစ်သည်။

အချိန်ကာလမှာ ၁၉၅၀-ခုနှစ် နောက်ပိုင်း၊ လွတ်လပ်ရေးရပြီးကာစအချိန် ဖြစ်သောကြောင့် ဘူတာကြီးမှာလည်း ယခုမြင်တွေ့ရသောအခြေအနေမျိုး မရှိသေးပေ။

စစ်အတွင်းက ဗုံးဒဏ်ခံခဲ့ရသောကြောင့် ပျက်စီးယိုယွင်းမှုများကတော့ ရှိနေသေးသည်။

ရန်ကုန်ဘူတာကြီးရှိသော နေရာတစ်ဝိုက်တွင် ရှေးအခါက ကွမ်းခြံစိုက်ပျိုးသူများ နေထိုင်ကြသဖြင့် ကွမ်းခြံများလည်း အများအပြားရှိကြလေသည်။

သို့ကြောင့် ဘူတာကြီးပေါ်ပေါက်လာသော နောက်ပိုင်းတွင် ကွမ်းခြံဘူတာကြီးဟုပင် နာမည်ပေးခဲ့ကြလေသည်။

ရှေးအခါက ယခုလက်ရှိ မီးရထားလမ်းများ . . မြောက်ဘက်တွင်မရှိဘဲ၊ မီးရထားလမ်းများ တောင်ဘက်မောင်ဂိုမာရီလမ်း(ဗိုလ်ချုပ်အောင်ဆန်းလမ်း) နံဘေး၌ တည်ရှိလေသည်။

ရန်ကုန်ဘူတာကြီး တည်ထောင်ရခြင်းမှာ ရန်ကုန်ပြည် မီးရထားလမ်းကို ၁၈၇၇-ခု၊ မေလ(၁)ရက်နေ့တွင် စတင်ဖွင့်လှစ်ရာ ထိုဘူတာကြီးမှပင် စတင်ဖွင့်လှစ်ခဲ့ကြသည်။





ထိုသို့ဖွင့်လှစ်ခဲ့စဉ်က ၁၆၁-မိုင်ဝေးသော ပြည်မြို့သို့ရောက်အောင် ခုတ်မောင်းခြင်းမဟုတ်ဘဲ ၉-မိုင်ခန့်သာကွာသော အင်းစိန်အထိသာ ခုတ်မောင်းခဲ့ခြင်းဖြစ်သည်။ နံနက်(၆)နာရီတွင် ကွမ်းခြံဘူတာ (ယခုရန်ကုန်ဘူတာကြီး)မှ ထွက်ခွာပြီး ည(၈)နာရီတွင် ဘူတာကြီးသို့ ပြန်လည်ရောက်ခဲ့လေသည်။

ကိုလိုနီခေတ်ဦးကာလတွင် ကွမ်းခြံဘူတာကိုသာ ပင်မဘူတာရုံအဖြစ် အသုံးပြုခဲ့ကြပြီး နောက်ပိုင်းကာလတွင် မီးရထား သံလမ်းမြောက်ဘက် ယခုနေရာသို့ ရွှေ့ပြောင်းခဲ့ခြင်းဖြစ်သည်။

ဒုတိယကမ္ဘာစစ်အတွင်းက ဗုံးဒဏ်ကြောင့် ရန်ကုန်ဘူတာကြီး ပျက်စီးသွားခဲ့သဖြင့် စစ်ပြီးခေတ်၌ ပြန်လည်ပြုပြင်အသုံးပြုခဲ့သည်မှာ နှစ်ပေါင်း ၁၉၀-ခန့် ကြာမြင့်ခဲ့ပြီဖြစ်လေသည်။

၁၈၇၇-ခုနှစ်တွင် ရန်ကုန်-ပြည် မီးရထားလမ်းကို စတင်ဖောက်လုပ်ခဲ့ပြီး ၁၈၇၉-ခုနှစ်တွင် ရန်ကုန်-ပြည် ရထားလမ်းအတွက် ဘူတာပေါင်း (၁၈)နေရာကို တည်ဆောက်အသုံးပြုခဲ့ကြသည်။ ရှေးအခါက မြန်မာနိုင်ငံ၌ အသုံးပြုသည့် မီးရထားသည် များစွာခေတ်မီခဲ့ပြီး ဗြိတိန်နိုင်ငံလုပ် ရေနွေးငွေ့စက်ခေါင်းများဖြင့် ချိတ်ဆက်ပြေးဆွဲမှုများတွင် ကမ္ဘာ့ပထမဆုံး 'ဒါလင်တန် စတော့တန်' မီးရထားထက် ၅၂-နှစ်ခန့်သာ နောက်ကျခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာပေါ်တွင် အသုံးပြုခဲ့သော ကမ္ဘာ့မီးရထားလမ်းများတွင် အနီးဆုံးကာလများတွင် စတင်အသုံးပြုပြေးဆွဲနိုင်ခြင်းအတွက် ဦးဆုံးဘူတာစာရင်းဝင်လည်းဖြစ်ခဲ့သည်။

ရန်ကုန်ဘူတာကြီး၏ ပုံသဏ္ဌာန်ဒီဇိုင်းမှာ ကိုလိုနီခေတ်လက်ရာ ဝိတိုရိယ အဆောက်အအုံဒီဇိုင်းဖြင့် တည်ဆောက်ထားခဲ့ခြင်းဖြစ်သည်။

တည်ဆောက်ထားသော ယာဒ်ဝင်းမှာ ရှေးအခါက မြက်ရိုင်းများ ထူထပ်စွာပေါက်လျက် ဖုန်းဆိုးမြေအသွင်မျိုးဖြစ်ကာ လူနေထိုင်ခြင်းမရှိခဲ့ပေ။

ထိုအနီးတစ်ဝိုက်တွင် ကွမ်းခြံစိုက်ပျိုးသူအချို့တော့နေထိုင်ကြသည်။

အင်္ဂလိပ်တို့ဆောက်လုပ်ခဲ့သော ဘူတာကြီးသို့ ဂျပန်တို့ ဝင်ရောက်လာသောအခါမှာလည်း ဆက်လက်အသုံးပြုခဲ့ကြသေးသည်။

၁၉၄၃-ခုနှစ်တွင် အင်္ဂလိပ်တို့ ပြန်လည်ဝင်ရောက်လာသည့်အခါ စစ်အတွင်းက ဗုံးဒဏ်သင့်သဖြင့် ပျက်စီးခဲ့ရသော ရန်ကုန်ဘူတာကြီးကို အပြီးတိုင်ဖယ်ရှားပစ်ခဲ့ကြသည်။

ရန်ကုန်ဘူတာကြီး (ယခုလက်ရှိအဆောက်အဦ)ကို ၁၉၄၆-ခု မေလ(၂)ရက်နေ့တွင် ပန္နက်ရိုက်ဖွင့်လှစ်ခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများကို ၁၉၄၇-ခု ဇန်နဝါရီလတွင် စတင်လုပ်ကိုင်ခဲ့ကြလေသည်။

တည်ဆောက်ခဲ့သော အင်ဂျင်နီယာမှာ မြန်မာလူမျိုး





အင်ဂျင်နီယာတစ်ဦးဖြစ်သူ 'ဦးတင်'ဆိုသူ ဖြစ်သည်။

မြန်မာအင်ဂျင်နီယာ ဦးတင်၏ စိတ်ကူးလက်ရာဖြင့် တည်ဆောက်ပေးခဲ့သော ရန်ကုန်ဘူတာကြီးကို ၁၉၅၄-ခု၊ ဇွန်လ(၅)ရက် (၁၃၁၆-ခုနှစ်၊ နယုန်လဆန်း (၄)ရက်) စနေနေ့တွင် ဖွင့်လှစ်အသုံးပြုခဲ့ကြလေသည်။

ကျွန်ုပ်နှင့်မိတ်ဆွေဖြစ်သူ ဦးမြတ်စံတို့ ဘူတာကြီးသို့ ရောက်ကြသောအချိန်မှာ ဘူတာအသစ်ကြီး ပြီးကာစအချိန်ပင် ရှိနေလေသည်။ မည်သည့်နေရာကြည့်ကြည့် ဆေးရောင်များဖြင့် သစ်လွင်တောက်ပလျက်ပင် ရှိနေသေးသည်။

ကျွန်ုပ်တို့ ရောက်သွားသောအချိန်တွင် ဘူတာကြီးအတွင်းအပြင်တွင် ခရီးသွားမည့်သူများ၊ ခရီးသည်တို့ကို ကြိုဆိုဖို့ရန်စောင့်နေသူများဖြင့် စည်ကားနေလေသည်။

လွတ်လပ်ရေးရပြီးစ အချိန်လောက်က ရန်ကုန် နယ်နိမိတ်အတွင်း၌ နေထိုင်သော လူဦးရေမှာ (၆)သိန်းကျော် (၇)သိန်းခန့်သာရှိသဖြင့် မျက်မှောက်ခေတ်ကာလတွင်ရှိသော လူဦးရေနှင့် နှိုင်းစာလျှင်တော့ များစွာနည်းပါးလှပေသည်။

သို့သော် ဘူတာကြီးတစ်ဝိုက်မှာတော့ ခရီးသွားများ၊ ဈေးရောင်းဈေးဝယ်သူများ၊ တောင်းရမ်းစားသောက်သူများ၊ ကုလီထမ်းသော်ကုလားများ စသည်ဖြင့် နေ့စဉ်မပြတ် စည်ကားနေလေတော့သည်။

ကျွန်ုပ်တို့နှစ်ယောက်လည်း ဘူတာအတွင်းရောက်



www.burmeseclassic.com

www.burmeseclassic.com



သောအခါ ရထားထွက်မည့်အချိန်က အတော်ပင်လိုနေသေးသောကြောင့် ဘူတာအတွင်းတစ်နေရာတွင်ရှိသော လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ ဝင်ထိုင်ရင်း ကော်ဖီတစ်ခွက်စီ မှာလိုက်ကြလေသည်။

ကျွန်ုပ်တို့နှစ်ယောက် ထိုင်ရုံပင်ရှိသေးသည် တောင်းရမ်းစားသောက်သူတစ်ယောက်က အနားရောက်လာပြီး. . တောင်းရမ်းသည်။

“သနားကြပါကွယ်၊ အဖွားမှာ အားကိုးစရာ ဆွေမျိုးသားချင်းမရှိတော့လို့ တောင်းရမ်းစားသောက်နေရပါတယ် ထမင်းဖိုးလေး သနားခဲ့ကြပါကွယ်”

အသံကတုံကရင်နှင့်တောင်းတော့ လှည့်ကြည့်လိုက်ကြသည်။

အသက်အရွယ်ကြီးသော အဖွားအိုတစ်ယောက်မှာ အဝတ်အစားများ စုတ်စုတ်ပြတ်ပြတ်ဝတ်ထားကာ တံဘက်ဟောင်းတစ်ထည်ကို ခေါင်းပေါ်မှာ ပတ်ပေါင်းထားသည်။ လွယ်အိတ်ဟောင်းတစ်လုံးကို လွယ်ထားပြီး လက်တစ်ဖက်က ဒန်ခွက်ဟောင်းတစ်လုံးကိုကိုင်ကာ တောင်းရမ်းနေသည်ကို တွေ့ရလေသည်။

အဖွားကြီးကိုမြင်တော့ ဦးမြတ်စံက အိတ်ထဲမှ မတ်စေ့တစ်စေ့ထုတ်ယူကာ ဒန်ခွက်အတွင်းသို့ ထည့်ပေးလိုက်သည်။

ဒန်ခွက်ထဲကို ပိုက်ဆံကျသောအသံ ကြားတော့မှ





အဖွားကြီးထံမှ ဆုတောင်းသံကြားရသည်။

“သာဓုကွယ်. . သာဓု. . သာဓု၊ ကျမ်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ သွားလမ်းသာလို့ လာလမ်းဖြောင့်ဖြူးပါစေ”

ထို့နောက် ထိုနေရာမှ ထွက်သွားလေတော့သည်။

မကြာခင်မှာပင် ကော်ဖီနှစ်ခွက် လာချပေးသောကြောင့် ကော်ဖီသောက်ရန်ပြင်ကြသည်။

လက်ဖက်ရည်ဆိုင်ရှိသောနေရာ ဘူတာအရှေ့ဘက် အစွန်ဘက်တွင် ရှုပ်ထွေးလှသော မီးရထားသံလမ်းများသာ ရှိပေတော့သည်။

ကုန်ထမ်းသော ကူလီကုလားများ သွားလာနေသည်မှလွဲပြီး အခြားအသွားအလာမရှိသလောက် နည်းလှသည်။

သို့သော်လည်း ထိုအစွန်ဘက်တွင်ရှိသော လက်ဖက်ရည်ဆိုင်ရှိရာဘက်သို့ တောင်းရမ်းစားသောက်ကြသူတို့ကတော့ မကြာခဏ ရောက်လာတတ်ကြသည်။

ကျွန်ုပ်တို့နှစ်ယောက် စားသောက်ရင်းစကားပြောနေကြစဉ်မှာပင် မကြာခဏဆိုသလို တောင်းရမ်းသူများ ရောက်လာကာ တောင်းရမ်းကြလေသည်။

ခြေပြတ်လက်ပြတ် ဖြစ်နေသူများ၊ အရွယ်မရောက်သေးသောကလေးများ၊ သားသမီးငယ်ငယ်ရွယ်ရွယ်တို့ကို ပွေ့ချီ၍သော်လည်းကောင်း၊ ပွေ့ချီ၍သော်လည်းကောင်း အရွယ်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် လာရောက်တောင်းကြ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ထိုသို့တောင်းသည့်အခါတိုင်းမှာလည်း ဦးမြတ်စံကသော်လည်းကောင်း၊ ကျွန်ုပ်ကသော်လည်းကောင်း ပါလာသော အကြွေစေ့များကို ထည့်ပေးလိုက်ကြလေသည်။

“ဘယ်လိုလဲဗျ ဦးမင်းအောင်၊ ခင်ဗျားတို့ရန်ကုန်မြို့မှာလည်း တောင်းရမ်းစားသောက်တဲ့လူတွေ အတော်ကလေး များလှတယ်”

“အရင်က ဒီလောက်မများပါဘူး. . တွေ့ရလှ တစ်ယောက်တစ်လေပါပဲ၊ ဘယ်လိုကြောင့်များ အခုမှ ဒီလောက်များလာရတာလဲဗျ”

ကျွန်ုပ်က ဆေးတံကို တစ်ဖွာနှစ်ဖွာ ဖွာလိုက်ပြီးမှ ပြန်ပြောလိုက်သည်။

“တောင်းရမ်းစားသောက်တဲ့သူတွေများဆို သူတို့ကို မွေးထုတ်လိုက်တဲ့ကျောင်း ရှိတာကိုးဗျ”

“ခင်ဗျားစကား တယ်လည်းဆန်းလှပါလား၊ ကျွန်တော်ကြားဖူးတာကတော့ အနောက်နိုင်ငံတွေမှာ မျက်လှည့်ပညာ သင်ပေးတဲ့ကျောင်းတွေ ရှိတာနဲ့၊ အိန္ဒိယမှာ မြွေအလမ္ပာယ်ပြတဲ့သူတွေကို သင်တန်းပေးနေတဲ့ကျောင်းတွေ ရှိတယ်လို့သာ ကြားဖူးပါတယ်၊ သူတောင်းစားသင်တန်းကျောင်း ရှိတယ်လို့တော့ တစ်ခါမှ မကြားမိသေးပါလား”

ဦးမြတ်စံစကားကြောင့် ကျွန်ုပ်သဘောကျစွာဖြင့် ရယ်မောလိုက်သည်။





“ကျွန်တော်ပြောတဲ့ သင်တန်းကျောင်းဆိုတာ တခြားမဟုတ်ပါဘူးဗျာ၊ ဒုတိယကမ္ဘာစစ်ကြီးကို ပြောတာပါ။ ကျွန်တော်တို့လူမျိုးတွေက နှစ်ပေါင်းတစ်ရာလောက် စစ်ဘေးစစ်ဒဏ်တွေခံခဲ့ကြရတယ်၊ သူတစ်ပါးလက်အောက်မှာ ကျွန်သဘောက်ဘဝနဲ့ နေခဲ့ကြရမှတော့ တစ်တိုင်းပြည်လုံးဆင်းရဲတဲ့သူတွေ၊ တောင်းရမ်းစားသောက်တဲ့သူတွေ များလာတာ ဘာများဆန်းပါတော့မလဲ”

ထိုအခါ ဦးမြတ်စံက သက်ပြင်းတစ်ချက်ချကာ အကြမ်းပန်းကန်ထဲမှာထည့်ထားသော လက်ဖက်ရည်ကြမ်းကို တစ်ငုံသောက်လိုက်လေသည်။

“ဟုတ်တော့လည်း ဟုတ်ပါတယ်၊ ဒါပေမယ့် အခု ကျွန်တော်တို့နိုင်ငံ လွတ်လပ်ရေးရခဲ့ပြီးပြီလေဗျာ၊ ဒါမျိုးတွေ မမြင်ရမှာပေါ့”

“ဒါမျိုးတွေက ခင်ဗျားပြောသလောက်တော့ လွယ်လွယ်မထင်ပါဘူးဗျာ၊ အုပ်ချုပ်တဲ့လူတွေတောင် ဂိုဏ်းဂနတွေပါတီတွေ အကွဲကွဲအပြဲပြဲ ဖြစ်နေကြပြီး သူတို့တောင် ဘာလုပ်ရမှန်း မသိကြသေးတာ ဒီလိုအောက်ခြေလူတန်းစား ဆင်းရဲသားတွေကို ကယ်တင်ပေးဖို့ကတော့ ဝေးပါသေးတယ်”

ဦးမြတ်စံက ထောက်ခံသည့်အနေဖြင့် ခေါင်းညိတ်ပြလိုက်လေသည်။

“ဒါပေမယ့် တစ်ခုတော့ရှိသေးတယ်. .၊ ဒီလိုဘဝရောက်နေရတယ်ဆိုပေမယ့် အချို့လည်းမလုပ်ချင်ဘဲ မလွဲ



www.burmeseclassic.com

www.burmeseclassic.com



သာလို့ လုပ်နေရတာတွေရှိတယ်၊ တစ်ချို့ကြတော့လည်း ငွေရချောင်လို့ လုပ်နေကြတာတွေလည်းရှိတယ်၊ ဒါကြောင့် ဒါတွေကိုတော့ ပယ်ဖျောက်ဖို့တော့ တယ်ပြီးမလွယ်လှသေးဘူးကိုမြတ်စံရဲ့၊ ဒါထက် ခင်ဗျားတို့မန္တလေးမှာရော ဒါမျိုးတွေ မရှိဘူးလား"

ထိုသို့ပြောနေစဉ် လက်နှင့်ခြေထောက်တွင် ပတ်တီးများပတ်ထားသော လူတစ်ယောက်က လာရောက်တောင်းပြန်သဖြင့် ကျန်နေသေးသော အကြွေစေ့အချို့ကို ထည့်ပေးလိုက်ရပြန်သည်။

"ရှိတာပေါ့ဗျာ မရှိဘဲဘယ်နေပါ့မလဲ၊ ခင်ဗျားပြောတဲ့ ဒုတိယကမ္ဘာစစ်သင်တန်းကျောင်းကြီးက မွေးထုတ်ပေးလိုက်တဲ့ ကျောင်းဆင်းတွေရှိကြတာပဲပေါ့၊ ဒါပေမယ့် ရန်ကုန်လောက်တော့ မများဘူးပေါ့"

"ဒီမှာက စီးပွားရေးလည်းလုပ်ကိုင်တဲ့သူများတယ်၊ နောက်ပြီး . . . နယ်ဘက်တောဘက်တွေမှာ အခြေအနေမကောင်းလို့ ရန်ကုန်တက်လာပြီး ဖြစ်သလိုနေ ဖြစ်သလိုလုပ်ကိုင် စားသောက်တဲ့သူတွေများလေတော့ ဒီမှာများတာ ဘယ်ဆန်းပါတော့မလဲ"

"နောက် ဒါထက်ပိုများလာနိုင်သေးတယ်ဗျ . . ."

"ဘယ်လိုကြောင့်လဲ"

"စီးပွားရေးတွေကကြပ်တည်း၊ လုပ်ကိုင်စားသောက်ဖို့ကလည်းမလွယ်တော့ ငွေရလွယ်တဲ့ ဒီအလုပ်မျိုးတွေဘက်ကို ရောက်လာဖို့တွေ ရှိနေသေးတယ်၊ အခုလာတောင်းတဲ့သူတွေကိုပဲကြည့်တော့ ရောဂါအတု၊ ကလေးအမေအတု၊ ဒုက္ခိတအတုတွေနဲ့ တောင်းနေကြတာ မမြင်မိဘူးလား"

"သတိလည်းမထားမိပါဘူးဗျာ၊ သူတို့လာတောင်းရင်လည်း သေသေချာချာ မကြည့်မိပါဘူး၊ ပေးစရာရှိတာ ပေးလိုက်တာပါပဲ၊ ခင်ဗျားက စာရေးနေတဲ့လူဖြစ်တော့ ဘယ်အရာမဆို စေ့စေ့စပ်စပ်ကြည့်တတ်လို့သာ သတိပြုမိတာပဲ ဖြစ်မှာပေါ့"

ကျွန်ုပ်က မီးသေစပြုလာပြီဖြစ်သော ဆေးတံကို တစ်ဖွာနှစ်ဖွာဖွာရင်း ခေါင်းညိတ်ပြလိုက်သည်။

ထိုအချိန်မှာပင် ကိုးနှစ်၊ ဆယ်နှစ်လောက်သာရှိသေးသော ကလေးတစ်ယောက်အနားရောက်လာပြီး လက်အုပ်ချီကာ ပိုက်ဆံတောင်းနေပြန်သဖြင့် ထည့်လိုက်ရပြန်လေသည်။

ပိုက်ဆံရသည်နှင့် သံလမ်းများကိုကျော်ကာ တစ်ဖက်ခြမ်းသို့ကူးသွားလေသည်။ ထိုနေရာဘက်တွင် ကုန်ထားသော ဂိုဒေါင်အချို့ရှိသည်။

"အခု ခြေတုလက်တု၊ ဒုက္ခိတအတု၊ ရောဂါသည်အတု၊ ကလေးအမေအတုတွေလုပ်ပြီး တောင်းနေကြပေမယ့် နောက်ဆိုရင် သီလရှင်အတု၊ ကိုရင်အတု၊ ဘုန်းကြီးအတုလုပ်ပြီး တောင်းကြတော့မှာ ဦးမြတ်စံရဲ့"

"ဘယ်လိုကြောင့်လဲဗျ ဒါတွေက လုပ်သင့်လို့လား"







www.burmeseclassic.com

www.burmeseclassic.com



“မလုပ်သင့်ပေမယ့် ပိုက်ဆံများများရရင်တော့ လုပ်ဝံ့တဲ့သူတွေ ပေါ်လာမှာ မလွဲဘူး၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ မြန်မာနိုင်ငံက ဆင်းရဲပေမယ့် သဒ္ဓါတရား ထက်သန်ကြတယ် နောက်ပြီး ဘာသာတရားဆိုရင် အလေးထားကြတော့ တစ်နေ့ ဒါမျိုးတွေ မပေါ်လာဘူးလို့ မပြောနိုင်ဘူး”

“ခင်ဗျားပြောသလိုများ ဖြစ်လာရင်တော့ ရင်လေးစရာပဲဗျာ”

ဟု ဦးမြတ်စံက ညီးညီးညူညူပြောလိုက်လေသည်၊

ထိုသို့ပြောနေစဉ်မှာ စောစောက ပိုက်ဆံလာတောင်းပြီး သံလမ်းများကိုဖြတ်ကျော်သွားသော သူတောင်းစားလေးမှာ တစ်ဖက်သို့ ရောက်သွားလေသည်။

၎င်းရောက်သွားသောအချိန်မှာ ဂိုဒေါင်များကြားမှ လူကြီးတစ်ယောက် ထွက်လာပြီးနောက် ထိုကလေးကို လက်ဆွဲထားပြီးနောက် ဆူပူကြိမ်းမောင်းနေသည်ကို လှမ်းမြင်ရသည်။

ကျွန်ုပ်တို့နှစ်ယောက်လည်း စကားရပ်ကာ လှမ်းကြည့်နေကြသည်။ တွဲကြားထဲမှ ထွက်လာသောလူကြီးက ထိုကလေးကို ဆူပူကြိမ်းမောင်းနေရုံမကဘဲ လက်ဖြင့်ရိုက်ရာ မြေပေါ်သို့ လဲကျသွားလေသည်။ ထိုသို့လဲကျသွားသည်ကိုပင် စိတ်မကျေနပ်သေးဘဲ ခြေထောက်ဖြင့်ကန်ကျောက်နေသည်ကို လှမ်းမြင်ရသည်။





“ဦးမြတ်စံရေ အခြေအနေကတော့ ကောင်းပုံမရဘူး လက်လွန်သွားရင် သေသွားနိုင်တယ်ဗျ”

ထိုသို့ပြောပြီး ကော်ဖီဖိုးရှင်းပေးခဲ့ပြီးနောက် နှစ်ယောက်သား သံလမ်းများကိုကျော်ပြီး ရိုက်ပုတ်နေရာဘက်သို့ သွားကြလေသည်။

ရိုက်ပုတ်နေသောလူကြီးမှာ စိတ်ကျေနပ်လောက်အောင် ရိုက်ပုတ်ပြီးသည်ကတစ်ကြောင်း၊ ကျွန်ုပ်တို့နှစ်ယောက် လာနေသည်ကို တွေ့သောအခါ ဂိုဒေါင်များကြားသို့ ပြန်ဝင်သွားလေတော့သည်။

ကျွန်ုပ်တို့ ထိုနေရာသို့ရောက်သွားသောအချိန်မှာတော့ စောစောကလူကို အရိပ်အယောင်မျှပင် မတွေ့ရတော့ပေ။ အရိုက်ခံရသောကလေးကတော့ နေရာမှမထနိုင်သေးပေ။ သို့ကြောင့် အနားသို့သွားကာ အခြေအနေကြည့်ကြရသည်။ ကျွန်ုပ်တို့ရောက်တော့ ထိုလူငယ်လေးက ပြန်ထလာသည်။ မျက်ရည်သုတ်ရင်း တရှုံ့ရှုံ့နှင့်ငိုနေသည်။

“မင်းဘာဖြစ်သွားသေးလဲ၊ သူကဘယ်သူလဲ၊ မင်းကို ဘာကြောင့် ဒီလောက်နှိပ်စက်သွားတာလဲ”

“သူက ကျွန်တော်တို့ရဲ့ ခေါင်းပေါင်းပါ ဦးကြီးရယ်”

“ဟေ. . . ခေါင်းပေါင်းဆိုတာ ဘာကိုပြောတာလဲ”

“ခေါင်းပေါင်းဆိုတာ သူတောင်းစားတွေကို အုပ်ချုပ်တဲ့သူကို ပြောတာပါ”

ထိုကလေးက မျက်ရည်သုတ်ရင်း ပြောပြသဖြင့် သ



www.burmeseclassic.com

www.burmeseclassic.com



ဘောပေါက်သွားရပေသည်။

"ဒါထက်နေပါဦး. . ၊ သူက ဘာကြောင့်မင်းကို ဒီလောက်ရိုက်နှက်ရတာလဲ"

"နေ့တွက်ခ မပေးနိုင်လို့ပါ"

"နေ့တွက်ခဆိုတာ ဘာကိုပြောတာလဲ"

"နေ့တိုင်း တောင်းလို့ရတဲ့ပိုက်ဆံကို သူ့ကိုပြန်ပေးရပါတယ်၊ မပေးနိုင်ရင်အခုလိုပဲ အရိုက်ခံရပါတယ်၊ ကျွန်တော်က ပိုက်ဆံပြန်မပေးနိုင်တာ နှစ်ရက်လောက်ရှိပါပြီ၊ ဒါကြောင့်လာပြီး ရိုက်တာပါ"

ကျွန်ုပ်တို့လည်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ သက်ပြင်းချလိုက်ကြလေသည်။

ထိုအခြေအနေကတော့ ဘာမှမတတ်နိုင်သော အခြေအနေမျိုးပင် ဖြစ်ပေသည်။

ထိုအချိန်မှာပင် မန္တလေးသို့ထွက်မည့် ရထားတွဲဆိုင်းများ သတ်မှတ်ထားသောစကြိန်များသို့ ဝင်လာပြီဖြစ်သောကြောင့် အချက်ပေးခေါင်းလောင်းသံများ ကြားကြရသည်။ ကျွန်ုပ်နှင့် ဦးမြတ်စံတို့လည်း တရှုံ့ရှုံ့ငိုနေသော ကလေးကိုငွေတစ်ကျပ်စီပေးခဲ့ကြပြီးနောက် တစ်ဖက်စကြိန်ရှိရာသို့ ပြန်ကူးခဲ့ကြလေသည်။







## အခန်း(၂)

# ဒွန်းစဏ္ဍာလနှင့် ခေါင်းပုံဖြတ်သူများ

နောက်ပိုင်းကာလအချိန် ကြာမြင့်လာသည်နှင့်အမျှ ရန်ကုန်မြို့မှာလည်း နေထိုင်သူလူဦးရေများ တဖြည်းဖြည်းနှင့် တိုးပွားလေတော့သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း အချိန်များတွင် မြစ်ဝကျွန်းပေါ် အရပ်ဒေသများတွင် ရှောင်စုံသောင်းကျန်းသူများက ပြည်သူတို့အား နှိပ်စက်ညှဉ်းပန်းမှု ပြုလုပ်ကြလေရာ တစ်ချို့မနေနိုင်ကြတော့သဖြင့် ရန်ကုန်မြို့သို့ အရဲစွန့်ကာ ပြောင်းရွှေ့လာကြရာ ရန်ကုန်မှာ



www.burmeseclassic.com

www.burmeseclassic.com



လာရောက်စုမိကြခြင်း ဖြစ်ကြလေသည်။

မှတ်တမ်းများအရ. . . ၁၉၂၀-ခုနှစ်လောက်တွင် ရန်ကုန်မြို့ ဧရိယာအတွင်း၌ နေထိုင်သူလူဦးရေမှာ သုံးသိန်းခန့်သာ ရှိသေးသည်။ နောက်ပိုင်းတဖြည်းဖြည်းနှင့် လူဦးရေများလာသောအခါ မြို့နယ်နိမိတ်ကို တဖြည်းဖြည်းတိုးချဲ့ခဲ့ကြသည်။

ရန်ကုန်မြို့တည်ရန် စီမံစဉ်က လူဦးရေငါးသောင်းခန့်သာနေဆန့်ရန် စီစဉ်ခဲ့သော်လည်း နောက်ပိုင်း နယ်မှာနေကြသူများ တဖြည်းဖြည်းပြောင်းရွှေ့လာကြရာမှ လူဦးရေတိုးပွားလာ ခြင်းဖြစ်ပေသည်။

မြို့ကို တိုးချဲ့ရာတွင် မြောက်ဘက်ပိုင်းကို ဦးစားပေး တိုးချဲ့ခဲ့ကြရာ ကမာရွတ်၊ သမိုင်း၊ ကံဘဲ့၊ သယ်န်းကျွန်း ဒေသများတွင် လူနေအိမ်ခြေတိုးပွားလာခဲ့ကြသည်။

အများစုကတော့ စီးပွားရေးလုပ်ကိုင်ရန် အဆင်ပြေသော မြို့လည်ရပ်ကွက်ဟုခေါ်သေ ပန်းပဲတန်း၊ ကျောက်တံတား၊ လသာ၊ လမ်းမတော် ဘက်၌သာ အနေများကြလေသည်။ မြစ်ဝကျွန်းပေါ်ဘက်မှ ပြောင်းရွှေ့လာသူများကတော့ ကီလီဈေး၊ ညောင်ပင်လေးဈေး၊ လဟာပြင်ဈေး၊ သိမ်ကြီးဈေးတို့နှင့် အသွားအလာလွယ်ကူသောနေရာများတွင် နေထိုင်ကြသည်။

ညောင်ပင်လေးဈေး၊ သံဈေး၊ ကီလီဈေး စသောနေရာများတွင်နေသော နေရာများ၊ လမ်းများမှာတော့ မြစ်ဝ





ကျွန်းပေါ်ဘက်မှ ပြောင်းရွှေ့လာကြသော ပစ္စည်းဥစ္စာ ချောင်လည်ကြသည့် တရုတ်လူမျိုး၊ ဗမာလူမျိုးတို့ အနေများကြသည်။ မြစ်ဝကျွန်းပေါ်ဘက်တွင် အလုပ်အကိုင်ကောင်းသော ဆန်စပါးလုပ်ငန်း၊ ဆန်စက်လုပ်ငန်း၊ သင်္ဘောပြေးဆွဲသောလုပ်ငန်း၊ ကုန်စုံဆိုင်ဖွင့်လှစ်သောလုပ်ငန်းဖြင့် ကြီးပွားချမ်းသာကြသူများက ဆိပ်ကမ်းနှင့်နီးသောနေရာများတွင် ဝယ်ယူနေထိုင်ကြလေသည်။

ထိုခေတ်အခါက. . ကီလီ၊ လမ်းမတော်၊ လသာစသောနေရာတစ်ဝိုက်တွင်ရှိသော လမ်းများအတွင်း၌ နှစ်ထပ်တိုက်၊ သုံးထပ်တိုက်တစ်လုံးဝယ်လျှင် ငွေတစ်သောင်းဝန်းကျင်လောက်ဖြင့် ဝယ်ယူရရှိနိုင်ကြပေသည်။

လွတ်လပ်ရေးရပြီး နောက်ပိုင်းကာလများတွင် ရောင်စုံသူပုန်များ နှိပ်စက်ကြသဖြင့် ငွေကြေးပြည့်စုံသူတို့က ရန်ကုန်၌နေအိမ်များ၊ တိုက်များဝယ်ယူပြီး လာရောက်နေထိုင်မှု များလေသည်။

(လသာမြို့နယ် ၁၈-လမ်းအတွင်း၌ သုံးထပ်တိုက်ကြီးတစ်လုံးကို ငွေကျပ်ရှစ်သောင်းဖြင့် ဝယ်ယူနေထိုင်သော ကျွန်ုပ်၏မိတ်ဆွေများရှိကြသည်။

ယခုအချိန်အထိ သားသမီးများက ထိုတိုက်ကြီးမှာ ဆက်လက်နေထိုင်လျက် ရှိကြလေသည်။)

ကိုလိုနီခေတ်က နယ်မှာပင် အေးအေးဆေးဆေး နေထိုင်ကြသူတို့မှာ ၁၉၄၈-ခုနှစ် နောက်ပိုင်းကာလများမှာ



www.burmeseclassic.com

www.burmeseclassic.com



တော့ ရောင်စုံသောင်းကျန်းသူတို့ နှိပ်စက်မှုများလာသောအခါ မခံနိုင်ကြတော့သဖြင့် ရန်ကုန်မြို့သို့ပြောင်းရွှေ့လာကာ ဖြစ်သလိုနေထိုင်ကာ တစ်ဝမ်းတစ်ခါးအတွက် ဖြစ်သလိုပင် လုပ်ကိုင်စားသောက်ကြရသည်။

အများအားဖြင့်တော့ မြစ်ဝကျွန်းပေါ်ဒေသမှ များကြလေသည်။

နယ်များမှရောက်လာသူတို့မှာ ငွေကြေးပြည့်စုံသူတို့က တိုက်တာအိုးအိမ်များ ဝယ်ယူနေထိုင်ကြသော်လည်း ငွေကြေး မပြည့်စုံသူတို့ကတော့ ရန်ကုန်မြို့အတွင်း၌ပင် ကွက်သစ်များ ကျူးကျော်ရပ်ကွက်များ ဖန်တီးနေထိုင်ကြသောကြောင့် မြို့လည်ခေါင် အဓိကနေရာများမှာပင် ပုံကျကွက်သစ်များ ပေါ်ပေါက်လာကြလေသည်။

ဇင်းကွက်သစ်များမှာ ဖဆပလကွက်သစ်၊ ကပ္ပလီကွက်သစ်၊ မင်းမနိုင်ကွက်သစ်၊ ဗဟိုစည်ကွက်သစ်၊ ယံသာဝတီကွက်သစ်၊ ဂွတ္တာလစ်ကွက်သစ် စသည်တို့ ပါဝင်လေသည်။

ထိုပြင်ပြောင်းရွှေ့လာကြသူတို့သည် ဘုရားစေတီ တန်းများ၊ ဘုန်းကြီးကျောင်းများ၌ပါ ဝင်ရောက်နေထိုင်ကြကာ ဖြစ်သလိုလုပ်ကိုင်စားသောက်ခဲ့ကြလေသည်။

ရှေးအခါကပင် စတင်ခဲ့သော ဒွန်းစဏ္ဍား (သူတောင်းစား)အလုပ်နှင့်ပတ်သက်ပြီး မျက်မှောက်ကာလတွင် ရေးသားဖော်ပြခဲ့သော ဆောင်းပါးတစ်ပုဒ်ကို ကြိုတင်ဖော်ပြ





ပေးလိုပါသည်။

အရွယ်စုံ ပုံသဏ္ဍာန်အမျိုးမျိုးသော ဒွန်းစဏ္ဍားများက ရန်ကုန်မြို့တော်၏ လူစည်ကားရာလမ်းများ၊ ဘုရား၊ ဈေး၊ မော်တော်ကားနှင့် မီးရထားများပေါ်၌ပါမကျန် ခြေချင်းထပ်လျှက်ရှိသည်။

ထိုအထဲတွင် ပါဝင်သော မိန်းကလေးငယ်တစ်ဦး၏ ဘဝကို ဗဟိုပြု၍ဖော်ပြပါမည်။

မိန်းကလေးငယ်၏ မိခင်နှင့်ဖခင်သည် အနာကြီးဝေဒနာသည်များထားရှိရာ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၊ မရမ်းချောင်းကျေးရွာမှဖြစ်သည်။ မိခင်ဖြစ်သူမှာ အရေပြားရောဂါဝေဒနာသည်ဖြစ်ပြီး သူမကို မွေးဖွားပြီးနောက် ကွယ်လွန်သွားခဲ့သည်။

သူမ၏ ဖခင်ဖြစ်သူမှာလည်း ခြေထောက်တစ်ဖက်ပြတ်နေသည့် မသန်စွမ်းသူတစ်ဦးဖြစ်ရာ ဇနီးသည်သေဆုံးပြီးနောက် စားဝတ်နေရေးအခက်အခဲကြောင့် သူမ နှစ်လသမီးလူမှန်းမသိခင်မှာပင် ဒွန်းစဏ္ဍား(တောင်းရမ်းစားသောက်သူ)ဘဝသို့ ရောက်ခဲ့ရသည်။

အခြေခံအကြောင်းအရင်းမှာ မိသားစု၏ စားဝတ်နေရေး ခက်ခဲမှုပင်ဖြစ်သည်။ သူမ၏ဖခင်သည် သူမ နှစ်လသမီးအရွယ်တွင် ရန်ကုန်မြို့သို့ စွန့်စားထွက်ခွာလာခဲ့ သည်။ သူ(?)အဖနှစ်ယောက် ရွှေပြည်သာမြို့နယ်တွင် နေထိုင်ပြီး တောင်းရမ်းစားသောက်ခြင်းဖြင့် အသက်မွေးမှုစောင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။

ကမ္ဘာမီးလောင်သားကောင်ချနင်း ဆိုသည့်စကားသည် အမှန်ဖြစ်ကြောင်း သူမ နှစ်လသမီးအရွယ်၏ အတွေ့အကြုံက သက်သေပြခဲ့သည်။

သူမ၏ဖခင်သည် နှစ်လသမီးအရွယ်သူမကို ၄င်းနေထိုင်ရာ အနီးဝန်းကျင်ရှိ ဘဝတူတောင်းရမ်းစားသောက် သူအမျိုးသမီးများထံ တစ်ရက်လျှင် ငါးဆယ်ကျပ်ဖြင့် ငှားရမ်းခဲ့သည်။

သူမ၏ဘဝတွင် ကံကောင်းမှုတစ်ခုရှိခဲ့သည်။ ယင်းမှာ မိခင်ကြီး၏ အနာကြီးရောဂါသည် သူမထံသို့ ကူးစက်ခဲ့ခြင်းမရှိသဖြင့် လူကောင်းပကတိအဖြစ် ဘဝကို ရှင်သန်လာနိုင်ခြင်း ဖြစ်သည်။

ရန်ကုန်မြို့တော်၏ တောင်းရမ်းစားသောက်သူ ဒွန်းစဏ္ဍားလောကတွင် အထိုင်သမားနှင့် လမ်းကြောင်းသမားဟူ၍ နှစ်ပိုင်းခွဲကာ လုပ်ကိုင်ကြသည်ဟု လူစည်ကားရာ ရန်ကုန်မြို့လည်ဝန်းကျင်၌ ကျင်လည်ကျက်စားခွင့်ရသည့် ဒွန်းစဏ္ဍား အသိုင်းအဝိုင်းကဆိုသည်။

အရွယ်ရောက်စပြုလာသောသူမသည် ဘတ်(စ်)ကားများပေါ်တွင် လိုက်လံတောင်းရမ်းသည့် လမ်းကြောင်းသမားများထဲတွင် တစ်ဦးအပါအဝင်ဖြစ်လာသည်။

အသားညိုညို သနပ်ခါးပါးကွက်ကျား အမြဲကွက်ထားပြီး လွယ်အိတ်တစ်လုံးကို အမြဲလွယ်ထားတတ်သည့်





သူမ၏ရုပ်သွင်က သာမန်အမျိုးသမီးငယ်လေး အသွင်ပင်ဖြစ်သည်။ ရုတ်တရက်ကြည့်လျှင် တောင်းရမ်းသူတစ်ယောက်ဟု မည်သူမျှမသိနိုင်ပေ။

ဘတ်(စ)ကားပေါ်၌ လုပ်ငန်းစတင်ချိန်တွင် လက်တွင်းမှ စာရွက်လေးများကို ကားစီးသူများထံ လိုက်လံဝေငှမှသာ သူမကို တောင်းရမ်းသူမှန်း သိကြမည်ဖြစ်သည်။

ဘတ်(စ)ကားများပေါ်၌ သူမလိုက်လံဝေငှသော စာရွက်လေးများထဲတွင် သူမ၏နာမည်နှင့် သနားစရာသူမ၏ ဘဝဇာတ်လမ်းလေးကို ကွန်ပျူတာစာစီထားသည်။

ယင်းစာရွက်လေးများကို သူမတို့ သူတောင်းစားအုပ်စု၏ ခေါင်းဆောင်ဖြစ်သူက စီစဉ်ပေးထားခြင်းဖြစ်သည်။

"တစ်ချို့ကျတော့ နာမည်အရင်းမဟုတ်သလို ဘဝဇာတ်လမ်းကလည်း တကယ့်အမှန်ချည်းတော့ ဘယ်ဟုတ်မလဲ၊ ဘယ်လိုပဲဖြစ်ဖြစ် ညီမတို့က တကယ်ဒုက္ခရောက်လို့ တောင်းရမ်းနေတာပါ။ ညီမဆို ဒုက္ခိတအဖေကလည်း အရင်လို လိုက်မတောင်းနိုင်တော့ဘူး၊ အဖေ့ကို လုပ်ကျွေးနေရတာတော့ အမှန်ပါ"

ဟု သူမက ဖွင့်ဟသည်။

သူမတို့လောကသားများတွင်လည်း သူနေရာ သူနယ်ပယ် သူ့အပိုင်စားရပ်ဝန်း သတ်မှတ်ချက်များရှိသည်။ တစ်ဦးနေရာနှင့်တစ်နေရာ လူမထပ်စေရန် နေရာခွဲချပေးသည့် စနစ်လည်းရှိသည်။ ကြုံသလို ဝင်တောင်းရမ်း၍ မရပေ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ခါ. . လမ်းကြောင်းတစ်ခုကို တစ်လလောက် သတ်မှတ်ပေးပါတယ်။ ညီမက ဒီတစ်လတော့ ဒီစော်ဘွားကြီးကုန်းကနေ ရှစ်မိုင်အတွင်းလမ်းကြောင်းပေါ့”

ဟု သူမက သူမအပိုင်စားရာရပ်ဝန်းကို လှမ်းမျှော်ကြည့်လျက် ဆို၏။

ယင်းသို့တောင်းရမ်းခွင့်ရ အပိုင်စားနယ်ပယ်များကို တောင်းစားသူတို့ ခေါင်းပေါင်းဟုခေါ်သော ၎င်းတို့၏ ခေါင်းဆောင်က သတ်မှတ်ချထားပေးခြင်းဖြစ်သည်။

တစ်နေ့တာလုပ်ငန်းသိမ်းချိန် ညနေစောင်းပါက. . တောင်းရမ်းကြသူများသည် ၎င်းတို့၏စုရပ်ဖြစ်သော ရန်ကုန်မြို့တော်အတွင်းရှိ ခုံးကျော်တံတားတစ်နေရာတွင် ခေါင်းပေါင်းထံသို့လာရောက်ကာ တစ်နေ့တာတောင်းရမ်းရငွေများထဲမှ ဝေစုတစ်စုကို ပြန်အပ်ရလေ့ရှိသည်။

ယင်းသို့ ခေါင်းပေါင်း၏ဝေစုခွဲတမ်း ပေးချေရာ၌ အချို့သည် တောင်းရမ်းခွင့်ရသည့်နေရာအလိုက် ရာခိုင်နှုန်းဖြင့် ပေးသူများရှိသကဲ့သို့ တစ်နေ့တာအတွက် ပုတ်ပြတ်နှုန်းပေးသူများလည်းရှိသည်ဟု ရန်ကုန်မြို့တော်အတွင်းရှိ တောင်းစားသူ အသိုင်းအဝိုင်းကဆိုသည်။

သူမကတော့ ၎င်း၏ခေါင်းပေါင်းအတွက်ဝေစုကို ပုတ်ပြတ်နှုန်းဖြင့် တစ်နေ့ကျပ်နှစ်ထောင် ပေးရသည်။

“ခေါင်းပေါင်းကို ပေးတယ်ဆိုတာက သူကညီမတို့ မတတ်နိုင်တဲ့အချို့ကိစ္စတွေကြ ကူညီဖြေရှင်းပေးတယ်၊





တစ်ခါတစ်ခါအဖမ်းခံရတာမျိုးကြရင်လည်း သူလာရှင်းပေးတာမျိုးရှိတယ်၊ ပြီးတော့. . သူတို့က လူမိုက်တွေဆိုတော့ ကြောက်ရတယ်”

ဟု ခေါင်းပေါင်းကို ခွဲတမ်းပေးရခြင်းနှင့်ပတ်သက်၍ သူမက ရှင်းပြသည်။

ခေါင်းပေါင်းများက တောင်းရမ်းသူများကို တောင်းရမ်းရမည့်လမ်းကြောင်းနှင့် နေရာများသတ်မှတ်ပေးမှုကြောင့် တောင်းရမ်းရာ၌ နေရာနှင့်လမ်းကြောင်း လုယက်မှုမရှိဘဲ အဆင်ပြေနေခြင်းဖြစ်သည်ဟု ရန်ကုန်မြို့အတွင်းရှိ တောင်းရမ်းစားသူများကဆိုသည်။

ယင်းသို့ ရန်ကုန်မြို့တော် တောင်းရမ်းသူနယ်ပယ်သည် ခေါင်းပေါင်းများ၏ ဩဇာအောက်၌ တည်နေခြင်းက တောင်းရမ်းသူတစ်ဦးတစ်ယောက် နယ်ပယ်သစ်တစ်ခုသို့ ထိုးဖောက်ပြောင်းလဲသွားရန် မလွယ်သည့်အချက်တစ်ချက်လည်းဖြစ်သည်။

“ပြီးခဲ့တဲ့တစ်လလောက်က ပုစွန်တောင်ခုံးကျော်တံတားအောက်မှာ ကလေးလေးတစ်ယောက်ကို လူတစ်ယောက်က ပါးတွေရိုက်နေတာ တွေ့ဖူးတယ်၊ အမြင်မတော်လို့ ကျွန်တော်တို့တွေ သွားပြောတော့ အဲဒီလူကထွက်ပြေးသွားတယ်”

ဟု ခေါင်းပေါင်းနှင့် ကလေးငယ်အကြားဆက်ဆံရေးမှုကို ကြုံခဲ့ဖူးသည့် ရန်ကုန်မြို့တော်ရေကျော်ရပ်ကွက်အတွင်း



www.burmeseclassic.com

www.burmeseclassic.com



နေထိုင်သူ ကိုဖိုးကျားက ဆိုသည်။

ပုစွန်တောင် ခုံးကျော်တံတားအောက်တွင် လူကြီးတစ်ဦး၏ ရိုက်နှက်ခြင်းခံခဲ့ရသည်ဆိုသော ကလေးငယ်မှာ အဆိုပါတံတားအနီးဝန်းကျင်တွင် တောင်းရမ်းစားသောက်နေသူဖြစ်ကြောင်း အဆိုပါပုစွန်တောင်မြို့နယ်အတွင်း နေထိုင်သူအချို့ကဆိုသည်။

"အဲဒီကလေးက ဒီနားတဝိုက်မှာလိုက်တောင်းစားနေတဲ့ ကလေးရိုက်တဲ့လူက သူတို့ဆရာတဲ့၊ အဲဒီလူကို နေ့ကြေးလာမပေးတာကြာလို့ အခုလို လာလုပ်တာလို့ ကလေးကပြောတယ်"

ဟု ကိုဖိုးကျားက ဖြည့်စွက်ဆိုသည်။

ခေါင်းဆောင်များသည် တောင်းရမ်းသူများအပေါ် ခေါင်းပုံဖြတ်အမြတ်ထုတ်သူများ မဟုတ်ဘဲ ကာကွယ်ပေးနေသူများသာ ဖြစ်သည်။

ဟု ကျောက်တံတားနှင့် ဗိုလ်တထောင်မြို့နယ်အတွင်းရှိ တောင်းရမ်းသူများ၏ ခေါင်းပေါင်းအဖြစ် လုပ်ကိုင်ခဲ့ဖူးသူ ကိုဇော်လေးက ပြန်ရှင်းပြသည်။

ခေါင်းပေါင်းများသည် တောင်းရမ်းသူများအကြား ဖြစ်ပွားလေ့ရှိသည့် နေရာပြဿနာများနှင့် ၎င်းတို့၏ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးနေရသူများဖြစ်သည်။ အချို့နယ်ကျော် တောင်းရမ်းမှုများကြောင့် ပြဿနာများကိုလည်း အကြမ်းနည်းသုံး၍ ဖြေရှင်းပေးရမှုများရှိသည်ဟု ကိုဇော်





လေးကဆိုသည်။

ရန်ကုန်မြို့အတွင်း၌ တောင်းရမ်းသူအဖွဲ့ပေါင်း အနည်းဆုံး ငါးဖွဲ့ခန့်ရှိပြီး မြို့နယ်များအလိုက်ရှိသော ခေါင်းပေါင်းများ အချင်းချင်းကြား၌ ညှိနှိုင်းမှု၊ နားလည်မှုများရှိသည်ဟု ၎င်းက ထုတ်ဖော်သည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ မြေပြင်စာရင်းကောက်ယူမှုအရ ရန်ကုန်မြို့တော် တောင်းရမ်းစားသောက်သူဦးရေ ၂၄၀၀-ကျော်ရှိပြီး ထိုအထဲတွင် သတ်ကြီးရွယ်အိုပါဝင်မှုနှုန်းမှာ ရှစ်ရာခိုင်နှုန်းခန့် ပါဝင်နေသည်ဟု ထုတ်ပြန်ထားသည်။

ဒွန်းစဏ္ဍားခေါင်းပေါင်းဆိုသူများသည် တောင်းရမ်းသူများအကြား နေရာခွဲဝေချထားပေးခြင်းသာမက တောင်းရမ်းမှု အထောက်အကူပြုပစ္စည်းနှင့် ကိစ္စရပ်များတွင်လည်း သိုက်ပါစီစဉ်ပေးရသူများဖြစ်သည်။

ခေါင်းပေါင်းများ၏ လုပ်ငန်းဆောင်တာများတွင် မွေးကင်းစကလေးငှားရမ်းပေးရခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

ရန်ကုန်မြို့လည် ဆူးလေဘုရားအနီးနှင့် လူစည်ကားရာနေရာများတွင် မွေးကင်းစနှင့် အရွယ်မရောက်သေးသည့် ကလေးများကို ပေါင်ပေါ်တင်သူကတင်၊ ချီပိုးသင့်သူကို ချီပိုးသားရှော သားသည်မိခင် သရုပ်ဖြင့် တောင်းရမ်းသူများကို မြင်တွေ့နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းတို့ထဲတွင် အချို့သည် သားသမီးအရင်းများဖြစ်သော်လည်း အချို့မှာ ငှားရမ်းထားသည့်ကလေးငယ်များဖြင့် မိခင်သရုပ်ဆောင်၍ တောင်းရမ်းသူများဖြစ်သည်ဟု ကိုဇော်လေးက ဆိုသည်။

သားသည်မိခင်သရုပ်ဖြင့် တောင်းရမ်းမှုပြုသူများသည် ကလေးငှားရမ်းသူများထံမှ ကလေးတစ်ဦးလျှင် တစ်ရက်တာအတွက် ငှားရမ်းခမှာ ကျပ်တစ်ထောင်မှ ကျပ်တစ်ထောင့်ငါးရာခန့်ပေး၍ ငှားရမ်းအသုံးပြုလေ့ရှိသည်။

ထို့ပြင်အဆိုပါကလေးငယ်၏ တစ်နေ့တာနို့ဘူးစရိတ်နှင့် အိပ်ဆေးဘိုးများကိုပါ ကလေးငှား၍တောင်းရမ်းသူများက ကျခံရကြောင်း . ရန်ကုန်မြို့မှ ခေါင်းပေါင်းအချို့ကဆိုသည်။

ကလေးငှားရမ်းတောင်းစားသူများသည် ငှားရမ်းထားသည့်ကလေးငယ်များ အမြဲအိပ်နေစေရန် အိပ်ဆေးများကို ကြိတ်၍နို့နှင့်ရောဖျော်ကာ တိုက်ထားလေ့ရှိသည်ဟု ကလေး ငှားရမ်းသူအချို့ထံမှ သိရသည်။

ရန်ကုန်မြို့အပါအဝင် မြန်မာပြည်အနှံ့ရှိ မြို့များတွင် အိပ်ဆေးတန်ခိုးဖြင့် တစ်နေ့ကုန်အိပ်စက်နေရသော ကလေးငယ်များ မည်မျှရှိမည်ကို အရေအတွက်အတိအကျ မသိနိုင်ပါ။ အနာဂတ်၏ပန်းလေးများသည် အိပ်ဆေးဖြင့် အိပ်စက်နေရသည့်ဘဝများ ကြုံတွေ့နေရသည်မှာမူ အမှန်ပင် ဖြစ်ပေသည်။





နုနယ်ငယ်ရွယ်သည့် ကလေးငယ်များကို အိပ်ဆေးတို့သို့သော ထိုင်းမှိုင်းစေသည့်ဆေး တိုက်ကျွေးထားလျှင် ကလေးသဘာဝအရ လှုပ်ရှားခြင်းမပြုနိုင်တော့ပေ။ ထို့ ကလေးသည်မှတ်ဉာဏ်ချို့တဲ့ခြင်း၊ အစာစားချိန်မမှန်သည့်အတွက် အာဟာရချို့တဲ့ခြင်းတို့ ဖြစ်လာနိုင်ကြောင်း ဆရာဝန်တစ်ဦးက ရှင်းပြသည်။

"အဲဒီလိုကလေးမျိုးအရွယ်ရောက်လာတဲ့အခါ ကလေးရဲ့ဦးနှောက်က ဒီလိုထိုင်းမှိုင်းတဲ့ အရသာမျိုးကို စွဲလမ်းနေတတ်ပြီးနောက်တော့ မူးယစ်ဆေးစွဲတဲ့အထိဖြစ်သွားနိုင်ပါတယ်"

ဟု ရန်ကုန်မြို့ ပရဟိတဆေးခန်းတစ်ခုမှ ဆရာဝန်က ရှင်းပြသည်။

ထိုသို့နုနယ်သည့် နှစ်လသမီးအရွယ်မှစ၍ အိပ်ဆေးဖြင့် နေ့စဉ်တစ်နေ့ကုန် အိပ်စက်ခဲ့ရသော ကလေးငယ်များထဲတွင် သူမ ပါဝင်ခဲ့သည်။

အများတကာ၏ ကရုဏာတရားကို ရယူနိုင်ရေးက မလွယ်ကူလှပေ။

၂၀၀၃-ခုနှစ် ဝန်းကျင်က ရန်ကုန်မြို့ရှိ တောင်းရမ်းသူနယ်ပယ်တွင် အနာကြီးရောဂါသည်အတု၊ ယင်ကောင်အလောင်းလောင်းဖြင့် အနာများပေါက်နေသည့် ဝေဒနာသည်အတု စသည့် အတုလုပ်တောင်းရမ်းသူများ ခေတ်စားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့တောင်းရမ်းမှုအထောက်အကူပြု အတုကိုစွ ရပ်များကိုလည်း ခေါင်းပေါင်းများက တာဝန်ယူဆောင်ရွက်ပေးရသည်။ ကျွမ်းကျင်သူများထံချည်းကပ်၍ အနာတု၊ ဖန်တီးမှုအတုကို ထန်းလျက်ရည်၊ ပတ်တီးစသည်တို့ဖြင့် ဖန်တီးစေကာ ကျသင့်ငွေကုန်ကျခံပေးရသည်။

ထိုသို့အတုအယောင်များဖြင့် ကရုဏာကြေးကို ချူယူသောခေတ်ကုန်သွားသောအခါ သူမတို့ခေတ်ရောက်လာသည်။

သူမသည် မိုးလင်းသည်နှင့် ဈေးပေါသည့်အင်္ကျီ အဟောင်းနှင့် အရောင်နွမ်းထဘီလေးကို သပ်သပ်ရပ်ရပ်ဝတ်ကာ သနပ်ခါးအဖွေးသားဖြင့် လုပ်ငန်းခွင်ဝင်ရလေ့ရှိသည်။ လုပ်ငန်းခွင်ဝင်ရောက်သည့်ပုံစံက သူမတို့လုပ်ငန်းတွင် ခေတ်စားလာသည့် တောင်းရမ်းမှုနည်းသစ်တစ်မျိုး ဖြစ်သည်။

လမ်းကြောင်းကျသည့် ဘတ်(စ)ကားပေါ်တက်၍ ခရီးသည်များကို စာရွက်လေးတွေ လိုက်ဝေရုံဖြင့် ငွေကြေးတစ်စုံတစ်ရာ အလွယ်တကူရနေသည့် လုပ်ငန်းမျိုးတွင် ယင်းလောကမှ ရုန်းထွက်လိုသူများရှိသကဲ့သို့ ထိုလောကတွင် ရေစုန်မျောလိုက်နေသူများလည်း များစွာရှိသည်။

သူမက သူတကာပေးမှကမ်းမှ၊ စေတနာထားမှ စားရသည့်ဘဝအခြေအနေကို စိတ်ကုန်စိတ်ပျက်စပြုနေသည်။





"သမီးဒီဘဝကနေ တစ်နေ့တော့ ရုန်းထွက်မှာပါ၊ ငယ်ငယ်ကတည်းက ကျင်လည်ခဲ့ပြီး ဒီခေါင်းပေါင်းတွေလက်ထဲမှာပဲ ဘဝအမျိုးမျိုး တောင်းရမ်းခဲ့ရတာပါ"

ဟု သူမက ဖွင့်ဟသည်။

"ဒီအတိုင်းဆို အိမ်ထောင်ရက်သားကျလည်း လင်ကောင်းသားရဖို့မလွယ်ဘူး၊ ဖြစ်နိုင်ရင်တော့ စက်ချုပ်ချင်တယ်၊ ကိုယ်ကစာလည်းမတတ်တော့ အခြားအလုပ်ကမလွယ်ဘူး၊ ဒီအလုပ်ကြီးကို မလုပ်ချင်ပေမယ့်လည်း တခြားနည်းနဲ့ ငွေမရှာတတ်တော့ ဒီဘဝထဲမှာပဲ လည်နေတာ"

ဆယ်ကျော်သက်အရွယ် အပျိုဖော်ဝင်စ သူမက ဘဝရှေ့ရေးတွေးကာ ရတက်မအေးဖြစ်လျက်ရှိသည်။ သူမ၏စကားအရ အိမ်ထောင်ရက်သားကျ၍ မိသားစုအသိုက်အမြုံတစ်ခုကို အခိုင်အမာတည်ဆောက်လိုဟန်ရှိသည်။

ထိုစဉ်က ရန်ကုန်မြို့ရှိ တောင်းရမ်းသူတစ်ဦး၏ တစ်နေ့တာဝင်ငွေသည် ပျှမ်းမျှကျပ်ငါးထောင်မှ ကျပ်ခုနစ်ထောင်ကြားတွင်ရှိသည်။

တောင်းရမ်းစားသောက်ကြသူများတွင် အရွယ်မရောက်သေးသည့်ကလေးငယ်များ သက်ကြီးရွယ်အိုများသာမက မသန်စွမ်းသူများလည်းပါဝင်သည်။

မွဲသဏ္ဌာန်အမျိုးမျိုး၊ ဇာတ်လမ်းဇာတ်ကွက်အဖုံဖုံဖြင့် တောင်းရမ်းသူလောကတွင် ကမ္ဘာလှည့်ခရီးသွားများကို ပစ်မှတ်ထားတောင်းရမ်းသူများလည်း ရှိလာသည်ဟု ဆိုသည်



www.burmeseclassic.com

www.burmeseclassic.com



လမ်းညွှန်အသိုင်းအဝိုင်းကဆိုသည်။

ဤဖြစ်ရပ်မျိုးသည် တိုင်းပြည်၏ဂုဏ်သိက္ခာ၊ ပုံရိပ်ကို ထိခိုက်နိုင်ခြေရှိ၊ မရှိဆိုသည့်အဆင့်ထိ သူမတို့မတွေးနိုင်ပေ။ သမုဒ္ဒရာဝမ်းတစ်ထွာအရေးကိုသာ ဦးစားပေး၍ ဆောင်ရွက်ရသည်မှာအမှန်။

တောင်းရမ်းစားသောက်သူ၊ အယောင်ဆောင်လှုပ်ရှားနေသူများတွင် သာသနာ့အရေခြုံလုပ်စားနေသူများလည်း အများအပြားရှိသည်။

ကိုရင်ဝတ်၊ သီလရှင်ဝတ်၍တောင်းစားနေသူများကိုကိုယ်တွေ့ကြုံခဲ့ဖူးများရှိသည်။

နေရာမဲ့၊ အလုပ်အကိုင်မဲ့ မိသားစုဘဝ အခြေအနေမဲ့ရာမှတစ်ဆင့် တောင်းရမ်းစားသောက်သူများ ပို၍များလာခြင်းဖြစ်သည်ဟု တောင်းရမ်းသူတစ်ဦးကဆိုသည်။

သို့ဖြစ်၍ သူမသည် ဘတ်(စ်)ကားပေါ်တွင် ခရီးသည်များကို စာရွက်လေးများ ဝေမြဲဝေနေရဦးမည်။ ပြီးလျှင် ဝေငှထားသောစာရွက်နှင့်အတူ ငွေအကြေငါးဆယ်တန်၊ တစ်ရာတန်နှင့် နှစ်ရာတန်အချို့ကို လွယ်အိတ်ထဲထည့်ကာ မှတ်တိုင်တွင် ထိုးဆိုက်လိုက်သော ဘတ်(စ်)ကားပေါ်မှ ဆင်းလိုက်သည်။

ညနေစောင်းလျှင် ခေါင်းပေါင်းကိုနေ့တွက်နှစ်ထောင်ကျပ်ပေးပြီးပါက သူမ အိမ်အပြန်တွင် အနည်းဆုံး ငွေသုံးထောင်ခန့် ကျန်မည်ဖြစ်သည်။





ဤသို့ဖြင့် သူမသည် လုံးချာလိုက်နေသော တောင်းရမ်းမှုသံသရာထဲမှ ရုန်းမထွက်နိုင်သေးဘဲ နှစ်မြဲနစ်လျက်ရှိနေသည်။

"တစ်နေ့ကိုင်ါးရာတော့ စုမဲထည့်တယ်၊ စုမဲထုတ်ပြီးရင်တော့ EVD ဆိုတဲ့ တီဗီသေးသေးလေးတစ်လုံးဝယ်မယ်လို့ စိတ်ကူးထားတယ်၊ ခွေလည်းထိုးကြည့်လို့ရတယ်လေ"

ရန်ကုန်မြို့ရှိ တောင်းစားသူလုပ်ငန်း၏ ယူနစ်တစ်ခုဖြစ်သော လူမက သူမ၏အနာဂတ်ရည်မှန်းချက်တစ်ခုကို ပြောပြခဲ့သေးသည်။

သူမသည် ကားပေါ်မှပြန်သိမ်းလာသောစာရွက်အဝိုင်းလေးများကို သပ်သပ်ရပ်ရပ်စီကာ ကားမှတ်တိုင်သို့ ထိုးဆိုက်လာမည့်ကားကိုမျှော်ငေးလျက် တစ်နေ့တာလုပ်ငန်းကို ဆက်လုပ်နေသည်။

အချို့ကလည်းထိုအလုပ်ကို မလွဲသာမရှောင်သာ မတတ်သာသောအခြေအနေကြောင့် မျက်စိမှိတ်ကာလုပ်ကိုင်ကြရသည်။

အချို့ကလည်း ပင်ပင်ပန်းပန်းမလုပ်နိုင်(မလုပ်ချင်ကြသဖြင့်)ကြသောကြောင့် တောင်းရမ်းစားသောက်ကြသည်။ အချို့ကတော့ သက်တောင့်သက်သာဖြင့် ငွေအရချောင်သဖြင့် လုပ်ကိုင်နေကြရသည်လည်းရှိကြသည်။

နောက်ပိုင်း တာဝန်ရှိသူများက ကျူးကျော်များကိုအသီးသီးသုတ်သင်ကြသောအခါမှာလည်း နေစရာမဲ့စရာ



www.burmeseclassic.com

www.burmeseclassic.com



မရှိဖြစ်တာ ဘဝဖျက်ကြသူများလည်းရှိကြသည်။

ထိုအခြေအနေများကြောင့်လည်း တောင်းရမ်း စားသောက်သူဘဝ ရောက်သွားကြသူများလည်း ရှိကြပေလိမ့်မည်။ မည်သို့ပင်ရှိစေ. . .

တောင်းရမ်းစားသောက်သူများလာသောအခါ ဒွန်းစဏ္ဍားခေါင်းဆောင်ဟုခေါ်သော ခေါင်းပေါင်းများလည်း အလုပ်ဖြစ်လာကြသည်။ ယခုကျွန်ုပ်ရေးသားမည့်ဝတ္ထုရှည်မှာ ထိုအကြောင်းများကို အခြေခံကာရေးသားသော ဝတ္ထုရှည်ပင် ဖြစ်ပါကြောင်း။







## အခန်း(၃)

# ခေါင်းပေါင်းများနှင့် ဒွန်းစဏ္ဍားလုပ်ငန်း

အထက်၌ရေးသားဖော်ပြခဲ့သည့်အတိုင်း ရန်ကုန်မြို့သို့ အနယ်နယ်အရပ်ရပ်မှလူများ ရောက်လာကြပြီး ရသမျှအလုပ်တို့ကို လုပ်ကိုင်ကြပေရာ ငွေလွယ်သော ဒွန်းစဏ္ဍားလုပ်ငန်းလည်း တစ်ခုအပါအဝင် ဖြစ်လာလေသည်။

ရှေးအခါက တောင်းရမ်းစားသောက်သူများကို ပုလိပ်ကလည်း မဖမ်းပေ။ မြူနီစပယ်ကလည်း အရေးမလုပ်ပေ။ လာဖမ်းမည့်ပုလိပ်ကို သင့်လျော်စွာပေးကမ်းထားပါက



www.burmeseclassic.com

www.burmeseclassic.com



လှည့်မကြည့်တော့ပေ။

ပုလိပ်တို့အတွက်ဖမ်းစရာ တခြားပြစ်မှုကျူးလွန်သူတွေ အများကြီးရှိကြသည်။ လူဆိုးလူမိုက်၊ ခါးပိုက်နှိုက်၊ ပြည့်တန်ဆာတို့ကို ရှာဖွေဖမ်းဆီးနိုင်သည်။

သို့သော် လူဆိုးလူမိုက်၊ ခါးပိုက်နှိုက်များကိုတောင်မှ စင်ချင်တိုင်းဖမ်း၍ မရကြပေ။

သူ့နေရာနှင့်သူ၊ သူ့နယ်မြေနှင့်သူ တာဝန်ယူထားသော လူမိုက်ခေါင်းဆောင်များရှိကြသည်။

ရှေးအခါကတော့ ရန်ကုန်မြို့လည်တစ်ဝိုက် မတ်စတီးခန်း ဆိုသော ကုလားက လူများကိုအုပ်ချုပ်သည်။

လူမိုက်လောကအစ မတ်စတီးခန်းကဟုပင် ပြောစမှတ်ပြုရသည်အထိ နာမည်ကြီးသည်။ ရွှေဦးထုပ်ဆောင်းပြီး ဒေါက်ကပ်ရထား စီးနိုင်သူဖြစ်သည်။

ကုလားလူမိုက်များခေတ်ကို မှေးမှိန်အောင်ပြုလုပ်ခဲ့သူမှာ လမ်းမတော်ဖိုးတုတ်ဖြစ်သည်။

ဗိုလ်တထောင်ငမိုး၊ မုဏ္ဍာဘကွန်းစသော လူမိုက်များလည်း သူ့နေရာနှင့်သူ ရှိခဲ့ကြလေသည်။

လူမိုက်ခေါင်းဆောင်များက ၎င်းတို့အုပ်ချုပ်သော နယ်မြေအတွင်းမှ လူဆိုးလူမိုက်များကို တာဝန်ယူရသည်။

သို့ကြောင့် ပုလိပ်က စိတ်ရှိတိုင်းလုပ်၍မရပေ။

လုပ်ချင်လျှင်သော်မှ လူမိုက်ခေါင်းဆောင်များနှင့် အပေးအယူလုပ်ပြီးမှသာ ဖမ်းဆီးနိုင်ကြသည်။





ပုလိပ်ဘက်မှ အလိုရှိသော လူဆိုးလူမိုက်တို့ကို ဖမ်းဆီးချင်လျှင် လူမိုက်ခေါင်းဆောင်ကို အကူအညီတောင်းရသည်။ ပုလိပ်ဖမ်း၍မမိသော တရားခံတို့ကို လူမိုက်ခေါင်းဆောင်က ဖမ်းပေးလျှင် အချိန်တိုအတွင်းမှာပင် ဖမ်းဆီးရနိုင်လေသည်။

သို့ကြောင့် ရန်ကုန်နယ်နိမိတ်အတွင်းမှာ လှုပ်ရှားနေသော လူဆိုးလူမိုက်များကို ကိုယ့်သဘောရှိသည့်အတိုင်း ဖမ်းဆီး၍မရပေ။

ထိုကဲ့သို့ပင် ပြည့်တန်ဆာလုပ်ငန်းဖြင့် စီးပွားရှာနေကြသူများကိုလည်း သဘောရှိသည့်အတိုင်း မဖမ်းဆီးနိုင်ကြပေ။

ရှေးခေတ်တကဲ့သို့ တရားဝင်ဖွင့်လှစ်ထားသော ဆောင်ကြာမြိုင်များ မရှိတော့စေကာမူ သူ့နေရာနှင့်သူ ပေါ်ပေါ်ထင်ထင်ပင် လုပ်ကိုင်စားသောက်ကြလေသည်။

ပုလိပ်များကလည်း ပြဿနာမရှိလျှင် ပေးတာယူ၊ ကျွေးတာစားသောက်ကာ အေးအေးပင်နေတတ်ကြလေသည်။ ပုလိပ်များအတွက် ငွေရချောင်သော အခြားလုပ်ငန်းတစ်ခုလည်း ရှိပေသေးသည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်းကာလတွင် မူးနိုးဝိုးပယ်း ရှိကြသော်လည်း မူးနိုးဝိုးပယ်လူကြီးများ ဥပဒေထုတ်ပြုထားသောလုပ်ငန်းမှာ ဒွန်းစဏ္ဍားလုပ်ငန်းပင်ဖြစ်သည်။

တောင်းရမ်းစားသောက်သူကို လူရာမသွင်းလိုသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မျက်ကွယ်ပြုထားကြလေသည်။

ထိုသို့မျက်ကွယ်ပြုထားကြသော်လည်း ပုလိပ်များကတော့ မျက်ကွယ်မပြုကြပေ။ ငွေရမည်ဆိုပါက ရသည့်နေရာမှ ယူတတ်သူများဖြစ်ရာ တောင်းရမ်းစားသောက်နေသူများတို့လည်း အလွတ်မပေးကြပေ။

၎င်းတို့ကျေနပ်လောက်အောင် ပေးကျွေးမထားပါက 'သူတောင်းစားခွက်ပျောက်သည့်ကိန်း'မျိုးကြုံအောင် နည်းအမျိုးမျိုးဖြင့် နှိပ်စက်ကြလေသည်။

ထိုသို့နှိပ်စက်မခံရအောင် 'ခေါင်းပေါင်း'ဟုခေါ်သော ဒွန်းစဏ္ဍားခေါင်းဆောင်များက ပေးကျွေးရသည်။ ခေါင်းပေါင်းများကတော့ လမ်းမပေါ်ထွက်ပြီး တောင်းရမ်းနေကြသူများ မဟုတ်ကြပေ။ အတော်များများကတော့ ၎င်းတို့ကို လူသိမခံကြပေ။

အိမ်တစ်ဆောင်မီးတပြောင်နှင့် ဟန်ကျပန်ကျနေကြသူများပင်ရှိသည်။ ကြည့်လိုက်လျှင်တော့. . . သူဌေးလိုလို ဘုရားဒကာ၊ ကျောင်းဒကာလိုဟန်မျိုးဖြင့် နေတတ်ကြလေသည်။

ခေါင်းပေါင်းများတာဝန်က သူတောင်းစားများ တစ်နေကုန်လှည့်လည်ပြီး တောင်းရမ်းရသောငွေများကို လက်ခံပြီး သင့်သလောက်ပြန်ခွဲပေးရသည်။

ထို့ပြင် တောင်းရမ်းစားသောက်သူတို့ လိုအပ်သောကိစ္စများလည်း တာဝန်ယူစောက်ရှောက်ပေးရသည်။ ပုလိပ်





အဖမ်းမခံရအောင်ပြောဆိုပေးရသည်။ အခြားလူဆိုးလူမိုက်များ အနှိပ်စက်မခံရအောင်လည်း ကာကွယ်ပေးရသည်။

ထို့ပြင် ခြေတု၊ လက်တု၊ မျက်နှာအတု အခြားအသုံးပြုသော ပစ္စည်းတုများကို ရှာဖွေပေးရသည်။

တောင်းရမ်းသူတစ်ယောက်ကို တစ်နေရာတည်းတွင် အချိန်အကြာကြီး မမြင်တွေ့ရအောင်လည်း နေရာခွဲပေးရသော တာဝန်များရှိသည်။

ရပ်ကွက်တစ်ခု၊ ဒါမှမဟုတ် လမ်းတစ်လမ်းထဲတွင် တောင်းရမ်းသူတစ်ယောက်က အချိန်ကြာမြင့်သည်အထိ နေ့တိုင်းလာတောင်းနေပါက မည်သူကမျှ စိတ်မဝင်စားတော့ပေ။

နောက်တစ်ဦးပြောင်းပြီး လာတောင်းလျှင်တော့ ပေးချင်ကြသည်။ ထို့ကြောင့် တောင်းရမ်းသူများကို စီမံအုပ်ချုပ်နေသော ခေါင်းပေါင်းများက လူမထပ်၊ လမ်းမထပ်၊ နေရာမထပ်အောင် စီမံခန့်ခွဲပေးရသည်။

မိုးလင်းပြီး စုရပ်သို့ရောက်လာပြီးကတည်းက တစ်ခါတည်း နေရာခွဲပေးလိုက်သည်။ ထိုသို့နေရာခွဲပေးလိုက်ပြီးသည့်နောက်တွင် တစ်ယောက်တောင်းသောနေရာကို အခြားတစ်ယောက်က ဝင်တောင်း၍မရတော့ပေ။ အကယ်၍ ဝင်တောင်းမိပါက အရိုက်အနှက်ခံရသည်။ အပြစ်ပေးခြင်းခံရသည်။

ထို့ကြောင့် ထိုကဲ့သို့ မလုပ်ဝံ့ကြပေ။ ခေါင်းပေါင်းချ



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်သည့်ရပ်ကွက်၊ လမ်းနေရာတစ်ဝိုက်မှာပင် ရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ တောင်းကြရသည်။

ခေါင်းပေါင်းများက တောင်းရမ်းသူများကို နှစ်မျိုး နှစ်စား ခွဲထားသည်။

အထိုင်သမားများနှင့် လမ်းကြောင်းသမားဖြစ်သည်။

အထိုင်သမားက တစ်နေရာတည်း၌ ထိုင်တောင်း ခြင်းဖြစ်ပြီး လမ်းကြောင်းသမားက တစ်နေရာပြီးတစ်နေရာ လှည့်လည်တောင်းခံကြရသည်။ အထိုင်သမားများက သက် ကြီးရွယ်အိုများ၊ ဒုက္ခိတများနှင့် ကလေးမိခင်ဟန်ဆောင်ထား ကြသူများဖြစ်သည်။

ကလေးမိခင်ဟူဆိုရာတွင် ကိုယ်တိုင် ကလေးမိခင် ဖြစ်စရာမလိုဘဲ အခြားမွေးကာစသားသား ကလေးများကို ငှားရမ်းပြီး ကလေးအမေဟန်ဆောင်ကာ တောင်းကြခြင်းဖြစ် သည်။ ကလေးများကိုလည်း အခြားမိခင်ထံမှ ငှားရခြင်းဖြစ် ပြီး သင့်လျော်သောငွေပေးရသည်။

အချို့အမျိုးသမီးများဆိုလျှင် တစ်ကိုယ်လုံးနန္နွင်းရေ လိမ်းပြီး မီးထွက်ကာစမှာပင် ထွက်တောင်းကြသည်မျိုး ဟန် ဆောင်တတ်ကြသည်။

အချို့က နို့နှင့်ရေရောပြီး အိပ်ဆေးတိုက်ထားသဖြင့် အိပ်နေသောကလေးကို ချီပိုး၍သော်လည်းကောင်း၊ နံဘေး နားမှာချထားကာ သနားစဖွယ်ပြောဆိုကာ တောင်းရမ်းကြ သည်။ ကလေးဖြင့်တောင်းသော ပိုက်ဆံတောင်နည်းမှာ





မကြာလှသေးပေ။ လွန်ခဲ့သော ဆယ့်ငါးနှစ်လောက်ကမှ ဉာဏ်ကြီးရှင် ခေါင်းပေါင်းတို့ တီထွင်ပြီး တောင်းခိုင်းကြခြင်း ဖြစ်ပေသည်။

စကာစအချိန်လောက်က မွေးကာစကလေး တစ် ယောက်ကိုငှားလျှင် တစ်နေ့ လေးငါးဆယ် ပေးရသည်။

ယခုတော့ နို့ဗူးဖိုး၊ အိပ်ဆေးဖိုးခံရသည့်အပြင် တစ် နေ့နှစ်ထောင်၊ သုံးထောင်ပေးမှ ကလေးငှား၍ရကြသည်။

ထိုအစီအစဉ်များကိုတော့ ခေါင်းပေါင်းလုပ်သူက စီ စဉ်ပေးရသည်။ ငွေရလာတော့မှ ထိုစရိတ်များကို ပြန်လည် နုတ်ယူသည်။ လမ်းကြောင်းသမားများကတော့ ကလေးငယ် မလိုပေ။ အရွယ်မရောက်သေးသော ကလေးများရှိပါက သက်ဆွဲတောင်းရုံသာရှိသည်။

အချို့ကြတော့လည်း ခြေမကျိုးပဲ ကျိုးနေဟန်ဆောင် ပြီး ကလေးပုခုံးကိုကိုင်ပြီးတောင်းသည်။ အချို့ကြတော့လည်း မျက်စိမမြင်ဟန်ဆောင်ပြီး ကလေးနှင့်တွဲပြီး တောင်းတတ်ကြ သည်။ ထိုသို့တွဲပေးဖို့ကလေးများကိုလည်း မိမိတို့မှာမရှိလျှင် အခကြေးငွေပေးပြီး ငှားရမ်းခေါ်ကြရသည်။

အထက်ပါရေးသားဖော်ပြပေးခဲ့သော အစိတ်အပိုင်း အချို့မှာ ဒွန်းစဏ္ဍားလုပ်ငန်းနှင့်ပတ်သက်သော အစိတ်အ ပိုင်းအချို့မျှင် ဖြစ်ပေသည်။ ရေးမည်ဆိုပါက များစွာကျန်ပါ သေးသည်။

ယခုဆက်ရေးမည့်အကြောင်းမှာ ခေါင်းပေါင်းဟု



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သော ဒွန်းစဏ္ဍားခေါင်းဆောင်များအကြောင်းပင် ဖြစ်လေသည်။

ဒွန်းစဏ္ဍားခေါင်းဆောင်လုပ်သူတို့မှာ များသောအားဖြင့်တော့ လူဆိုးလူမိုက်များသာများလေသည်။

ပုလိပ်များနှင့် ဆက်ဆံရာမှာသော်လည်းကောင်း၊ ခေါင်းပေါင်းအချင်းချင်း နယ်မြေလုသောအခါ၌သော်လည်းကောင်း မိမိတို့ထံမှာအလုပ်လုပ်နေသော သူတောင်းစားများကို အုပ်ချုပ်သောနေရာ၌သော်လည်းကောင်း ပျော့ညံ့နေ၍မဖြစ်ပေ။

ဆူတန်တာဆူ၊ ကြိမ်းတန်တာကြိမ်း၊ ရိုက်ပုတ်နှိပ်စက်တန်လျှင် နှိပ်စက်ပြရသည်။ ထိုသို့မဟုတ်ဘဲ အေးအေးနေလျှင်တော့ တောင်းရမ်းသူများထံမှလည်း တောင်းရငွေအားလုံး အပ်တော့မည်မဟုတ်ဘဲ အချို့ယူထားပြီး အချို့ဝှက်ထားကြပေလိမ့်မည်။

အခြားခေါင်းဆောင်များကလည်း ၄င်းထံမှ သူတောင်းစားတို့ကို မိမိနယ်မြေအတွင်းသို့ ဝင်ရောက်တောင်းခိုင်းပေလိမ့်မည်။

ထို့ကြောင့် ခေါင်းပေါင်းလုပ်တော့မည်ဆိုလျှင် သူတောင်းစားလောကအကြောင်းကို ကောင်းကောင်းသိရသည့်အပြင် စီမံခန့်ခွဲမှုလည်း ပြုလုပ်တတ်ရသည်။

ထို့အပြင် ရိုက်ရဲနှက်ရဲ၊ သတ်ဖြတ်ရဲသောသတ္တိမျိုးလည်း ရှိကြရပေသည်။





မိမိထံမှာအလုပ်လုပ်နေသော သူတောင်းစားများထဲမှ ဘယ်သူမှန်သည် ဘယ်သူမမှန်သည်ကိုလည်း သိဖို့လိုသည်။ အချို့က သာမန်တောင်း၍ရသောငွေအပြင် မမျှော်လင့်ဘဲ ဏကောင်းထောက်မသဖြင့် ငွေများများရတတ်ကြသည်။

ထိုသို့ရသောငွေများကို အချို့ကလည်း အားလုံးပြန်ပေးသည်။ အချို့ကတော့ တစ်ချို့သာပြန်ပေးပြီး အချို့ကိုဝှက်ထားတတ်ကြသည်။

ထိုကဲ့သို့ပြုလုပ်သူများကိုသိဖို့ ဒလန်များလွှတ်ပြီး စမ်းသပ်ကြည့်ရသည်။ ဒလန်လွှတ်လိုက်သောလူက သူတောင်းစားတစ်ယောက်ကို နံပါတ်မှတ်ထားသော ငွေစက္ကူပေးထားခဲ့သည်။ ညနေအလုပ်သိမ်း၍ ငွေလာအပ်သောအခါ နံပါတ်မှတ်ထားသော ငွေစက္ကူမပါလာလျှင် ဝှက်ထားပြီကိုသိရလေသည်။

ထိုသို့မိလျှင် ထိုသူကို မညှာမတာရိုက်နှက်အပြစ်ပေးရသည်။ အခြားသူတောင်းစားများမြင်လျှင် မလုပ်ဝံ့လောက်တော့အောင် ကြောက်လန့်သွားလောက်သည်အထိ အပြစ်ပေးတန် ပေးရသည်။

တစ်ခါက ခေါင်းပေါင်းတစ်ယောက် နှိပ်စက်သဖြင့် အသက်သေသွားသူရှိသည်။ ထိုအခါ သူ့သာန်စောင့်ကိုခေါ်ပြီး လူမသိသူမသိအောင် မြှုပ်နှံရသည်မျိုးပင် ရှိလေသည်။

သူတောင်းစားတစ်ယောက် လူ့လောကမှ ထွက်



www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားတော့လည်း မည်သူကအရေးတယူနှင့် မေးမြန်းစုံစမ်းနေကြမည်လည်းမဟုတ်ပေ။

ခေါင်းပေါင်းလုပ်သူများက ထိုကဲ့သို့သော အရည်အချင်းမျိုးရှိကြသည်။

ရန်ကုန်နယ်နိမိတ်အတွင်းတွင် သူ့နေရာနှင့်သူ တောင်းရမ်းစားသောက်နေသူများရှိကြသလို သူ့နေရာနှင့်သူ အပိုင်စားရကာ စီမံအုပ်ချုပ်နေကြသော ခေါင်းပေါင်းများလည်း အသီးသီးရှိကြလေသည်။

ထိုအထဲတွင် ဦးစံနက်ကျော်လည်း တစ်ဦးအပါအဝင် ဖြစ်ပေသည်။

ဦးစံနက်ကျော်မှာ အသက်ငါးဆယ်ဝန်းကျင်ခန့်သာရှိသေးပြီး အရပ်ပုပု၊ အသားမည်းမည်း၊ ဝင်တိုတိုဖြစ်သည်။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများရှိပြီး ခက်ထန်ကြမ်းတမ်းသော အသွင်အပြင်မျိုးရှိသည်။

သူက ပုစွန်တောင်ချောင်းနှင့်နီးသော နေရာဘက်မှာနေသည်။ ကုလားတစ်ယောက်ထံမှ အပိုင်သိမ်းထားသော အိမ်ကြီးတစ်လုံးပေါ်မှာ အခန့်သားနေသည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်းကာလတွင် ထိုနေရာဘက်တွင် လာရောက်နေထိုင်သူ မရှိသလောက် နည်းလှသည်။ ပျံကျအလုပ်သမားများ၊ အခြားနေစရာမရှိသဖြင့် တဲထိုးနေကြသူများနှင့် တောင်းရမ်းစားသောက်သူတို့နေသော တဲအချို့လောက်သာ ရှိသေးသည်။





ထိုခေတ်အခါက ရန်ကုန်မြို့ကွက်က မကျယ်ပြန့်သေးသလို နေထိုင်သူလူဦးရေကလည်း မများလှသေးပေ။

သို့ကြောင့် ယခုမျက်မှောက်ကာလတွင် တွေ့မြင်ရသလောက် တောင်းရမ်းစားသောက်သူဦးရေကလည်း မများသေးပေ။ သို့သော်လည်း ဦးစံနက်ကျော်ထံမှာ မှီခိုလျက်အလုပ်လုပ်ပေးနေကြသည့်ဦးရေက မနည်းလှပေ။

တောင်းရမ်းသူဦးရေများသလို ဦးစံနက်ကျော်၏ ဝင်ငွေတလည်း မနည်းလှပေ။

၎င်းက ပုစွန်တောင်ချောင်းနှင့်နီးသော နေရာတွင် အိမ်ကြီးအိမ်ကောင်းဖြင့် အခန့်သားနေထိုင်ကာ လူကြီးလူကောင်းတစ်ယောက်ကဲ့သို့ ဟန်ဆောင်ကာ နေထိုင်လေသည်။

စုဆောင်းမိထားသောငွေများကို ချေးသည်များ၊ အတိုးလိုသူများ၊ အရောင်းအဝယ်လုပ်သူများ၊ ပွဲစားများကို နေ့စဉ်တိုး ပြန်ပေးလေသည်။

ညနေပိုင်းဆိုလျှင် ဦးစံနက်ကျော်နေသောအိမ်ကြီးတွင် ငွေယူသူ၊ ငွေပြန်ဆပ်သူတို့ဖြင့် စည်ကားနေတတ်ပေ၏။

ဦးစံနက်ကျော်မှာမူ လူလတ်ပိုင်းအရွယ်သာရှိသေးသော်လည်း ထိုအိမ်ကြီးမှာတော့ သူတစ်ယောက်သာ နေထိုင်သည်ဟုဆို တွေ့ကြရသည်။

၎င်းထံတွင် အလုပ်လုပ်နေသူများထဲတွင် ယုံကြည်စိတ်ချရသော တပည့်နှစ်ဦးရှိကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သံပချိုင်နှင့် သန်းရွှေတို့နှစ်ဦး ဖြစ်ကြလေသည်။ ၎င်းတို့နှစ်ဦးစလုံး လူဆိုးလူမိုက်များဖြစ်ကြပြီး ထောင်ကျဖူးသူတို့လည်း ဖြစ်ကြသည်။

သံပချိုင်နှင့်သန်းရွှေတို့နှစ်ယောက်ကို ဦးစံနက်ကျော်က လူယုံအဖြစ်ထားကာ သူတောင်းစားများကို ကြီးကြပ်ခိုင်းထားလေသည်။ သူတောင်းစားများ အပြစ်ပြုလုပ်သောအခါမှာတော့ ၎င်းတို့နှစ်ယောက်ကပင် ဆုံးမတန်ဆုံးမ၊ အပြစ်ပေးတန် အပြစ်ပေးကြရာ. . . အားလုံးက ခေါင်းပေါင်းဖြစ်သော ဦးစံနက်ကျော်ကို ကြောက်ကြရသလို သူတို့နှစ်ယောက်တို့လည်း ကြောက်ရွံ့ကြရသည်။

တစ်နေ့တော့ ညနေပိုင်းအချိန်တွင် ဦးစံနက်ကျော်ရှိရာသို့ သံပချိုင်နှင့်သန်းရွှေတို့ ရောက်လာကြသည်။

"မင်းတို့ ငါပေးထားတဲ့ဓာတ်ပုံထဲကလူကို သတင်းစုံစမ်းလို့ ရပြီလား"

"အခုထိတော့ သတင်းစုံစမ်းလို့မရသေးပါဘူး ဆရာကြီး"

"အေး. . အေး. . အခုမတွေ့လည်း တစ်နေ့တော့ ရှာတွေ့မှာပါ။ ဒါထက် နယ်မြေတွေကို သွားတောင်းတဲ့ သူတောင်းစားတွေကိုရော အကျိုးအကြောင်းပြောပြထားတယ် မဟုတ်လား"

"ဆရာကြီးမှာထားတဲ့အတိုင်း သူတို့ကို ဓာတ်ပုံပြပြီးတော့ တကယ်လို့တွေ့ရင် ချက်ချင်းပြန်ပြောဖို့ အားလုံးကို





မှာထားပါတယ်"

ထိုစကားကြားသောအခါ ဦးစံနက်ကျော်က ကျေနပ်သွားသော အမူအယာဖြင့် ခေါင်းတညိတ်ညိတ်နှင့် ရှိနေလေသည်။ ပြီးမှ စားပွဲဟောင်းတစ်လုံးပေါ်မှာ တင်ထားသော ဆေးလိပ်ဗူးထဲမှ ဆေးပြင်းလိပ်တစ်လိပ်ကိုယူ၍ မီးညှိကာ ဖွာနေလေသည်။

"ဒါထက် ဆရာကြီးကိုမေးရဦးမယ့် အခုဓာတ်ပုံထဲမှာ ပါတဲ့လူက ဆရာကြီးနဲ့ဘယ်လိုပတ်သက်နေလို့လဲ"

"အကြောင်းရှိလို့ ရှာခိုင်းတာပေါ့ကွာ၊ စံနက်ကျော်ဆိုတဲ့ငါက ကိုယ့်အတွက်အကျိုးမရှိရင် ဘာမှမလုပ်ဘူး၊ အကျိုးရှိမယ်ဆိုရင် ဘနဖူးသိုက်တူးဖို့လည်း ဝန်မလေးတတ်ဘူး။ ဒီတော့ မင်းတို့က ငါရှာခိုင်းထားတဲ့သူကိုသာ ဘယ်မှာနေတယ်၊ သူဘာတွေလုပ်နေတယ်ဆိုတာ ရှာဖွေစုံစမ်းပေးကြ"

"ကောင်းပါပြီဆရာကြီး"

ထိုသို့ပြောပြီး သံပချိုင်နှင့်သန်းရွှေတို့နှစ်ယောက်မှာ ပြန်ထွက်သွားကြလေသည်။ ဦးစံနက်ကျော်ကတော့ ဆေးပြင်းလိပ်ကိုဖွာရင်း တွေးတောစဉ်းစားမှုများဖြင့် ကျန်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၄)

# ပျောက်သောသူ ရှာချင်တွေ့

တစ်နေ့သ၌. . ညနေပိုင်းအချိန်လောက်တွင် ရန်ကုန်မြို့ ပြည်လမ်းပေါ်မှာရှိသော ပဲခူးကလပ်အဆောက်အအုံရှိရာသို့ ဒေါက်ကပ်ရထားတစ်စီး မောင်းဝင်လာလေသည်။ ဒေါက်တပ်ရထားမောင်းသူမှာ ကုလားလူမျိုးတစ်ဦးဖြစ်ပြီး အဖြူရောင်ဝတ်စုံများ ဝတ်ဆင်ထားသည်။

ထိုအချိန်လောက်က မော်တော်ကားတစ်စီး စီးနိုင်သည်ထက် ဒေါက်ကပ်ရထားစီးနိုင်သူကပိုပြီး ဂုဏ်ရှိပေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒေါက်တပ်ရထားစီးသူက စရိတ်ပိုများသည်။ ပဲခူးတလစ်သို့ ဒေါက်တပ်ရထားစီးပြီး ရောက်လာသူမှာ အခြားသူတော့မဟုတ်ပေ။

သူဌေး ဦးစံပေါ် ဆိုသူပင်ဖြစ်ပေသည်

ဦးစံပေါ်မှာ အသက်ငါးဆယ်ဝန်းကျင်ခန့်သာရှိသေးပြီး အသားညိုညို၊ အရပ်အမောင်းဂင်တိုတိုနှင့်ဖြစ်သည်။

ပိုးပုဝါခေါင်းပေါင်း၊ ရင်ဖုံးအင်္ကျီ၊ ဘန်ကောက်လုံချည် စသည်တို့ကို သေသပ်စွာဝတ်ဆင်ထားသောကြောင့် ခန့်ညားမှုတော့ ရှိလေသည်။

၎င်းနေထိုင်သောနေရာမှာ ဘုန်းကြီးလမ်းနှင့် ကမ်းနားလမ်းထောင့်တွင် သုံးထပ်တိုက်ကြီးတစ်လုံးဖြင့် နေထိုင်လေသည်။ ၎င်းသည် ငွေကြေးဥစ္စာ ပြည့်စုံသူဖြစ်သောကြောင့် ပွဲရုံထူထောင်ထားလေသည်။ ၎င်းနေသော သုံးထပ်တိုက်ကြီးတွင် အပေါ်ထပ်နှစ်ထပ်တွင်သာလူနေပြီး အောက်ထပ်တစ်ထပ်လုံးကိုတော့ ပွဲရုံအဖြစ်အသုံးပြုထားလေသည်။

ဦးစံပေါ်၏ ပွဲရုံလုပ်ငန်းမှာ ငွေကြေးပြည့်စုံသောကြောင့် ကြီးပွားတိုးတက်မှုဖြစ်ကာ ကီလီ၊ လမ်းမတော်၊ ညောင်ပင်လေးဈေး၊ တရုတ်တန်း၊ သံဈေး၊ လသာစသောနေရာများတွင် ဖွင့်လှစ်ထားသော အခြားပွဲရုံများထက်ပင် နာမည်ပိုကြီးလေသည်။ အနယ်အရပ်ရပ်မှ ကုန်သည်ပွဲစားများလည်း အဝင်အထွက်များသော ပွဲရုံဖြစ်သလို ပွဲစားလောက၊ ပွဲရုံလောကမှာလည်း ဦးစံပေါ်နာမည်ကို မသိသူမရှိသလောက်ပင် ရှိပေသည်။





သူဌေးဦးစံပေါ်၊ ပွဲစားကြီးဦးစံပေါ် ဆိုလျှင် လူတိုင်းသိကြလေသည်။

ဦးစံပေါ်က ဆက်ဆံရေးကောင်းသလို လူကုံတန်အသိုင်းအဝိုင်းနှင့်လည်း ဝင်ဆံ့သူဖြစ်သည်။ နေ့တိုင်း ပဲခူးကလပ်သို့သွားကာ မိတ်ဆွေအပေါင်းအသင်းများနှင့် တွေ့ဆုံကြလေ့ရှိသည်။

ပဲခူးကလပ်မှာ သာမန်လူတန်းစားတို့ ဝင်ခွင့်ရသောနေရာတစ်ခုတော့ မဟုတ်ပေ။ ကိုလိုနီခေတ်က စစ်ဘက်အရာရှိများ၊ အရပ်ဘက်အုပ်ချုပ်ရေးနှင့် မျက်နှာဖြူအာဏာပိုင်တို့သာ ဝင်ခွင့်ရသောနေရာဖြစ်သည်၊

လွတ်လပ်ရေးရပြီးစ အချိန်မှာတော့ အရာရှိအရာခံများ၊ အမတ်များ၊ သူဌေးသူကြွယ်၊ ကုန်သည်ပွဲစားတို့သာ ဝင်ခွင့်ရသော နေရာတစ်နေရာ ဖြစ်ခဲ့လေသည်။

ဦးစံပေါ်က ထိုနေရာသို့လာရခြင်းအကြောင်းအရင်းမှာ အရာရှိများ၊ အမတ်များနှင့်တွေ့ဆုံကာ စီးပွားရေးလုပ်ငန်းများ တိုင်ပင်ဆွေးနွေးရန်အတွက် ပဲခူးကလပ်သို့ ရောက်လာခဲ့ခြင်း ဖြစ်သည်။ ထိုနေရာသည် လူကုံတန်အသိုင်းအဝန်းတို့ တွေ့ဆုံရန်နေရာလည်းဖြစ်သည်။

ဤတွင် ကိုလိုနီခေတ် လူမျိုးခွဲခြားဖိနှိပ်မှု၏ သမိုင်းမှတ်တမ်းပြယုဂ်တစ်ခုဖြစ်သော ပဲခူးကလပ်အဆောက်အအုံအကြောင်းကို ဖော်ပြပါမည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုလိုနီခေတ်သည် ထိုခေတ်ပြင်ပကမ္ဘာ၏ ယဉ်ကျေးမှုပုံစံများ၊ စရိုက်လက္ခဏာများကို ပြည်တွင်းသို့ယူဆောင်သွတ်သွင်းခဲ့ကာ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှာန်းဖြင့် နေထိုင်လာခဲ့သော မြန်မာလူမျိုးတို့၏ ဇာတိပုညဂုဏ်မာနတို့ကို ရိုက်ချိုးနင်းချေပစ်သကဲ့သို့ ပြင်ပကမ္ဘာ၏ယဉ်ကျေးမှုအမွေအနှစ်တို့ကိုလည်း မြန်မာ့မြေပေါ်တွင်ချန်ထားရစ်သဖြင့် ယခုအခါ သမိုင်းမှတ်တမ်းအဖြစ် တည်ရှိနေပေပြီ။

ထိုအထဲတွင် တစ်ချိန်က မြန်မာလူမျိုးများ မဝင်ရဟုအထင်အရှားကန့်သတ်ခြင်းကို ခံခဲ့ရကာ ဟိတ်ဟန်ကြီးမားခဲ့ပြီး ဗြိတိသျှကိုလိုနီခေတ် စစ်ဘက်အရာရှိများနှင့် အရပ်ဘက်အုပ်ချုပ်ရေး မျက်နှာဖြူအာဏာပိုင်များသာ တက်ရောက်ခွင့် ရရှိခဲ့သော ကလပ်တစ်ခုသည် ယနေ့အချိန်အခါတွင် အရောင်အဆင်း မှေးမှိန်နေပေပြီ။

ထိုကလပ်ကို "ပဲခူးကလပ်"ဟု ခေါ်ဆိုခဲ့ကြသည်။ ၎င်းသည် တစ်ခေတ်တစ်ခါက သူ၏ အောင်မြင်မှုရွှေရောင်နေ့များကို ပြန်လည်တမ်းတနေပေမည်။

ပဲခူးကလပ်အား ၁၈၈၀-ပြည့်နှစ်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ထိုအဆောက်အဦအား မြန်မာပြည်တွင်းသယံဇာတဖြစ်သော ကျွန်းသစ်ဖြင့် အဓိကတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၁၈၈၂-ခုနှစ်တွင် ပြီးမြောက်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိခဲ့ရသည်။





ကျွန်း၏ အာနိသင်အတိုင်း နှစ်ပေါင်းများစွာ ရာသီဥတုဒဏ်ကို ခံထားရသော်လည်း အချိန်၏စမ်းသပ်မှုများကို အကောင်းဆုံးခံယူနေဆဲ၊ မာန်တင်း၍ရပ်တည်နေဆဲဖြစ်သည်။

"မြန်မာနှင့်ခွေးများမဝင်ရ" ဟူသောစာတန်းကို သီပေါဘုရင်ပါတော်မူပြီး နှစ်အနည်းအကြာက ပဲခူးကလပ်တွင် ချိတ်ဆွဲတပ်ဆင်ထားခဲ့သည်။

ထို့ပြင် လူမျိုးရေးနှင့်လူတန်းစား အလွန်ခွဲခြားဆက်ဆံတတ်သည့် အရင်းရှင်ခေတ် ကိုလိုနီတို့၏ နှိမ့်ချမှုကြောင့် မြန်မာအပါအဝင် အာရှတိုက်သားတို့ ယင်းကလပ်တွင်းသို့ ဝင်ရောက်ခွင့်မရရှိခဲ့ကြပေ။

ပဲခူးကလပ်သည် မြန်မာနိုင်ငံတွင် တာဝန်ထမ်းသည့် မျက်နှာဖြူအရာရှိများအတွက် အပန်းဖြေရာ၊ တွေ့ဆုံရာနှင့် ယင်းတို့အနွယ်များအတွက် ကပွဲများဆင်နွှဲရာ နေရာတစ်ခုဖြစ်ခဲ့သည်။

၎င်းကလပ်သည် မြန်မာနိုင်ငံတွင် အုပ်ချုပ်ရေးပိုင်း၌ မြင့်မားသည့်ရာထူးများကို ထမ်းဆောင်ကြသည့် ကိုလိုနီသစ္စာခံများအတွက် အဓိကဗဟိုပြုခဲ့သည့် ဗစ်တိုးရီးယန်းစတိုင် အဆောက်အအုံတစ်ခုဖြစ်ခဲ့သည်။

အရှေ့တောင်အာရှကလပ်များအနက် အဆင့်အတန်းအမြင့်ဆုံးနှင့်အာဏာရှင်၊ ငွေရှင်ကြေးရှင်များသာ ပျော်မွေ့သည်တတ်ကြသည်မှာ ထိုပဲခူးကလပ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ ထိုခေတ်က အင်္ဂလိပ်မုန်းတီးရေးနှင့် ခွဲခြားဆက်ဆံခံရခြင်းတို့အတွက် မကျေမနပ်ဆန္ဒပြမှုများအထိ ဖြစ်ပေါ်ခဲ့သေးကြောင်း ကမ္ဘာအနှံ့လှည့်လည်ကာခရီးသွား မှတ်တမ်းများရေးသားခြင်းဖြင့် နာမည်ကျော်ကြားသည့် စာရေးဆရာ(Paul Theroux)က ၁၉၇၅-ခုနှစ်တွင် "မီးရထားဈေးကြီး"(The Great Railway Bazaar)စာအုပ်တွင် ထည့်သွင်းကာ ပဲခူးကလပ်၏ခန့်ညားမှုနှင့် လူတန်းစားခွဲခြားမှုကို ဖော်ပြခဲ့သည်။

သီပေါဘုရင်ပါတော်မူပြီး နောက်ပိုင်းကာလတွင် ထိုအဆောက်အအုံအတွင်းသို့ ဗြိတိသျှလူမျိုးများနှင့် ၎င်းတို့၏ လက်ပါးစေအရာရှိအရာခံများသာ ဝင်ခွင့်ရခဲ့ကြသဖြင့်. . .

"မြန်မာနှင့်ခွေးများမဝင်ရ"

ဟူသော ဆိုင်းဘုတ်ပင်ချိတ်ဆွဲထားခဲ့ကြပေသည်။

ကိုလိုနီခေတ်က လူမျိုးခွဲခြားဖိနှိပ်မှု သင်္ကေတတစ်ခုလည်း ဖြစ်ခဲ့ပေသည်။

ကိုလိုနီခေတ်က လွတ်မြောက်ပြီး လွတ်လပ်ရေးရပြီးသောအချိန်မှာလည်း သာမန်လူတန်းစားတို့ အနားပင်သီခွင့်မရကြဘဲ အစိုးရအရာရှိများ၊ အမတ်များ၊ သူဌေးသူကြွယ်၊ ကုန်သည်ပွဲစားတို့လောက်သာ ဝင်ခွင့်ရသောနေရာဖြစ်ခဲ့ပေသည်။

ထူးခြားသောအချက်မှာ ပဲခူးကလပ်အဆောက်အဦများအားလုံးကို အုတ်၊ ကျောက်၊ အင်္ဂတေ စသည်တို့မသုံးဘဲ





မြန်မာ့ကျွန်းသစ်များဖြင့် တည်ဆောက်ထားခဲ့သော ရှေးဟောင်းအဆောက်အအုံလည်း ဖြစ်ပေသည်။

၁၈၈၀-ခုနှစ်က ဆောက်ထားခဲ့သော ပဲခူးကလပ်သည် လွတ်လပ်ရေးရပြီးနောက်ပိုင်း ၁၉၅၀-ပြည့်နှစ်ကျော်လာသောအခါ နှစ်ပေါင်း(၇၀)ကျော်ခဲ့ပြီ ဖြစ်ပေသည်။

အချိန်ကာလမှာ ၁၉၅၅-ခုနှစ်သို့ရောက်ပြီဖြစ်ရာ ပဲခူးကလပ်၏သက်တမ်းမှာ ၇၅-ခန့် ရှိနေပြီဖြစ်သော်လည်း ပျက်စီးယိုယွင်းမှု သိပ်မရှိလှသေးပေ။

(ယခုမျက်မှောက်ကာလမှာတော့ အတော်ပျက်စီးယိုယွင်းမှုများ ရှိနေပေပြီ။)

ကိုလိုနီနယ်ချဲ့များ မရှိတော့သည့်နောက်ပိုင်းမှာလည်း ပဲခူးကလပ်ကို ဆက်လက်အသုံးပြုခဲ့ကြသည်။

ကိုလိုနီနယ်ချဲ့များ တည်ဆောက်အသုံးပြုစဉ် ကာလက "မြန်မာနှင့်ခွေးများမဝင်ရ"ဟူသော ဆိုင်းဘုတ်မျိုးချိတ်ဆွဲတန့်သန့်ထားသော်လည်း အင်္ဂလိပ်များမရှိတော့ ထိုစာတန်းမျိုး မချိတ်တော့ပေ။

မြန်မာလူမျိုးများ အသုံးပြုနိုင်သော ခေတ်ရောက်သည့်အခါ နောက်ထပ်ဆိုင်းဘုတ်အမျိုးမျိုး ချိတ်ဆွဲအသုံးပြုခဲ့ကြသေးသည်။

"ကလပ်အသင်းသားများသာ"

"အပြင်လူမဝင်ရ"

"သူတောင်းစားများမဝင်ရ"



www.burmeseclassic.com

www.burmeseclassic.com



ဟူသောဆိုင်းဘုတ်ငယ်ကလေးများ နေရာအနှံ့နှင့် ဝင်ပေါက်ဝများတွင် ချိတ်ဆွဲအသုံးပြုကြလေသည်။

ထိုသို့ဆိုင်းဘုတ်များ ချိတ်ဆွဲကန့်သန့်ထားသောကြောင့် တောင်းရမ်းစားသောက်သူတို့က အတွင်းမဝင်ကြရသဖြင့် လူအဝင်အထွက်များသော အပေါက်ဝများမှသာ စောင့်ဆိုင်းပြီး တောင်းကြရလေ့ရှိသည်။

ပဲခူးကလပ်မှာ ငွေကြေးချမ်းသာသူ၊ လူကုံတန်အသိုင်းအဝိုင်းလောက်သာ ဝင်ခွင့်ရသည့်နေရာဖြစ်သဖြင့် သာမန်အချိန်များတွင် လူဝင်လူထွက်မများလှဘဲ ညနေပိုင်းအလုပ်နားချိန်များနှင့် ဂေဇက်ဝင်ရုံးပိတ်ရက်၊ စနေ၊ တနင်္ဂနွေရက်များရောက်လျှင်တော့ အဝင်အထွက် ပိုများလေ့ရှိပေသည်။

ပဲခူးကလပ်သို့ မှန်မှန်လာသူများထဲတွင် သူဌေးဦးစံပေါ်လည်း တစ်ဦးအပါအဝင်ဖြစ်ပေသည်။

၎င်းက အခြားသူများကဲ့သို့ မော်တော်ကားနှင့်လာလေ့မရှိဘဲ မြင်းဆွဲသော ဒေါက်ကပ်ရထားနှင့် လာလေ့ရှိသဖြင့် တစ်မူထူးခြားသည်ဟုတော့ ဆိုရပေမည်။

ယခုလည်း ညနေပိုင်းအချိန်တွင် ဦးစံပေါ်တစ်ယောက် ပဲခူးကလပ်သို့ရောက်လာပြီး မိတ်ဆွေအပေါင်းအသင်းများနှင့် တွေ့လေသည်။

ထိုသို့တွေ့ကြသောအခါ အေးအေးဆေးဆေး စားရင်းသောက်ရင်းနှင့် အလုပ်ကိစ္စ တိုင်ပင်ဆွေးနွေးကြသည်။





ငွေကြေးကိစ္စများပြောကြသည်။ စီးပွားရေးလုပ်ငန်းများအကြောင်း ပြောဆိုညှိနှိုင်းကြသည်။

အသောက်အစား ဝါသနာပါသူ၊ လောင်းကစား ဝါသနာပါသူ၊ တေးဂီတနှင့်အကအခုန် ဝါသနာပါသူတို့ကလည်း မိမိဝါသနာပါသောကိစ္စပြုလုပ်ရင်းနှင့်ပင် ရင်းရင်းနှီးနှီး ပြောဆိုကာ ဆွေးနွေးတိုင်ပင်ကြသည်မျိုးလည်း ရှိကြသည်။

နေဝင်ကာနီး လူများလာတော့ ဦးစံပေါ်တစ်ယောက် ပဲခူးကလပ်မှ ပြန်ထွက်လာလေသည်။

ဝင်ပေါက်မှပင် ပြန်ထွက်သွားပြီး အပြင်ဘက်ရောက်သောအခါမှာတော့ မြင်းက ဆက်သွား၍မရတော့သဖြင့် တုံ့သွားလေသည်။ ဒေါက်ကပ်မောင်းသူကလည်း ရှေ့မှာ သူနှစ်ယောက်ပိတ်ရပ်နေသဖြင့် ဒေါက်ကပ်ကို ချက်ချင်းရပ်တန့်လိုက်ရလေသည်။

"ဘယ်လိုဖြစ်လို့ရပ်လိုက်တာလဲ"

"ရှေ့မှာ သူတောင်းစားနှစ်ယောက် ပိတ်ရပ်နေလို့ ရပ်လိုက်တာပါ ဆရာကြီး"

"ဒီအချိန်အထိ တောင်းရမ်းတဲ့သူတွေက ရှိနေတုန်းပဲလား၊ မြန်မြန်ဖယ်ခိုင်းလိုက်စမ်းကွာ ကျက်သရေတုန်းလိုက်တာ"

ဟု ရေရွတ်ပြောဆိုလိုက်လေသည်။

တကယ်တော့.. ဦးစံပေါ်မှာ သူဌေးတစ်ဦးဖြစ်နေသော်လည်း စိတ်ကြီးတတ်သူတစ်ဦးဖြစ်သည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ဒေါက်တာတစ်ရှေ့တွင်ပိတ်ရပ်နေသူတို့က တခြားမဟုတ်ဘဲ သူတောင်းစားများဖြစ်နေသောကြောင့် စိတ်ထဲမှာ မကျေမနပ် ဖြစ်နေရလေသည်။

ရထားရပ်သွားတော့ ဦးစံပေါ် ထိုင်နေသော နေရာဘေးသို့ သူတောင်းစားတစ်ယောက်ရောက်လာပြီး ပိုက်ဆံတောင်းရင်း မျက်နှာကိုသေသေချာချာ ကြည့်နေလေသည်။

"သဒ္ဓါတရားရှိသလောက် စွန့်ကြဲပေးကမ်းခဲ့ပါ... သူဌေးမင်းရယ် ကျွန်တော်တို့မှာ..."

စကားမဆုံးခင်မှာပင် အိတ်ထဲမှအသင့်ရှိနေသော ပိုက်ဆံအချို့ကိုယူ၍ ခွက်ထဲထည့်ပေးလိုက်ပြီးနောက်...။

"မောင်းကွာ မြန်မြန်သာသာမောင်းပေတော့"

ဟု အမိန့်ပေးလိုက်ရာ ဒေါက်ကပ်မောင်းသူလည်း ရှေ့မှရပ်နေသော သူတောင်းစားနှစ်ယောက် မရှိတော့သည်နှင့် ထိုနေရာမှ အရှိန်ပြင်းပြင်း မောင်းသွားလေတော့သည်။

မြေနီမှုန့်များက ထိုနေရာတစ်ဝိုက်တွင် အလုံးလိုက် အလိမ့်လိုက်ထကာ ကျန်ခဲ့တော့သည်။

ဒေါက်ကပ်ရထားထွက်သွားသော်လည်း စောစောကတောင်းရမ်းနေသော သူတောင်းစားနှစ်ယောက်ကတော့ ထိုနေရာမှ ထွက်မသွားကြသေးပေ။

ဝင်ပေါက်နှင့် အတန်ငယ်ဝေးသောနေရာတွင် သွားရပ်ကာ လွယ်ထားသောလွယ်အိတ်အဟောင်းအတွင်းမှ တစ်စုံတစ်ခုကို ထုတ်ကြည့်လိုက်သည်။ အခြားတော့မဟုတ်ပေ။





ဟောင်းနွမ်းလှပြီဖြစ်သော ဓာတ်ပုံဟောင်းတစ်ပုံပင် ဖြစ်ပေသည်။ ထိုဓာတ်ပုံရှင်မှာ... စောစောက ဒေါက်ကပ်ရထားနှင့်ထွက်သွားသော သူဌေးဦးစံပေါ်နှင့် များစွာဆင်တူလှပေသည်။

"ဘယ်လိုလဲ"

"တူတာတော့ တော်တော်တူတယ်"

"မင်း သေသေချာချာ မြင်လိုက်ရသလား"

"ငါ ရထားဘေးသွားတောင်းရင်းနဲ့ သေသေချာချာ ကြည့်လိုက်ပါတယ်၊ ဒီဓာတ်ပုံထဲက မျက်နှာအတိုင်းပဲ..."

"ဒါဖြင့် ငါတို့ဆရာကြီးရှာခိုင်းထားတဲ့လူဖြစ်မှာပေါ့"

ဘာပဲဖြစ်ဖြစ် ဒီအကြောင်းကိုတော့ ငါတို့ဆရာကြီးကို အမြန်ဆုံးပြန်ပြောပြရမယ်"

ဟု ပြောဆိုကာ နှစ်ယောက်စလုံး ထိုနေရာမှ ထွက်သွား ကြလေတော့သည်။


၎င်းတို့နှစ်ယောက်မှာ တခြားမဟုတ်ကြပေ။

အရပ်တကာလှည့်တောင်းနေကြသည့် သူတောင်းစားတို့ကို လိုက်လံအကဲခတ်ကြည့်ရှုနေကြရသည့် ဦးစံနက်တော်၏ လက်ရင်းတပည့်နှစ်ဦးဖြစ်သူ သံပချိုင်နှင့် သန်းရွှေတို့နှစ်ဦးပင် ဖြစ်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







အခန်း(၅)

# နဂါးနက်ဂိုဏ်းသားများအကြောင်း

နောက်သုံးရက်ခန့် ကြာသောအခါမှာတော့ ဲ့ဒူးကလပ် အဆောက်အအုံရှေ့သို့ မြင်းလှည်းတစ်စင်း ဆိုက် ရောက်လာလေသည်။ အပေါက်ဝတွင် စောင့်နေသူများက ဝင်နေကျမဟုတ်သဖြင့် ဝင်ခွင့်မပေးကြပေ။

ထိုအခါ မြင်းလှည်းပေါ်မှာ အသက်(၅၀)ဝန်းကျင်ခန့် သော်က်သာရှိသေးသော လူတစ်ဦး အောက်သို့ဆင်းလာ သသည်။ ခေါင်းပေါင်း၊ အကျီ၊ ပုဆိုးစသည်တို့မှာ အ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းစားတွေချည်းဖြစ်သလို စီးထားသောဖိနပ်ကလည်း အကောင်းစား ဖြစ်လေသည်။ ထို့ပြင် ကိုင်ထားသော တုတ်ကောက်နှင့်ဆေးတံ စသည်တို့မှာလည်း လူကုန်ထန်များ၏ အသုံးအဆောင်ပစ္စည်းများ ဖြစ်ကြသည်။

ထို့ပြင် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတို့ရှိသဖြင့် ဝတ်ဆင်ထားသော အဝတ်အစားတို့ဆိုပါက . ငွေကြေးပြည့်စုံသော လူကြီးလူကောင်းတစ်ယောက်ဖြစ်မှန်း မြင်ရုံနှင့်သိနိုင်ပေသည်။ ထိုလူကြီးဆင်းလာသည်ကို မြင်သောအခါ ဂိတ်ပေါက်ဝမှာစောင့်နေသော ကုလားက ပျာပျာသလဲဆလံပေးပြီး အရိုအသေပေးလိုက်သည်။

"ငါက မိုးကုတ်ကလာတဲ့ ကျောက်သူဌေး ဦးကျောက်လုံးလို့ခေါ်တယ်၊ ဒီကလပ်မှာ မိတ်ဆွေတစ်ယောက်နဲ့ ချိန်းထားလို့ လာခဲ့တာပါ၊ အတွင်းကို ဝင်ခွင့်မရပေဘူးလား"

"ဝမ်းနည်းပါတယ်ခင်ဗျာ၊ ဒီကလပ်က ကလပ်အသင်းသား အသင်းဝင်တွေသာ ဝင်ထွက်ခွင့်ရှိပါတယ်. . ၊ သို့သော်လည်း. ."

အစောင့်ကုလားက စကားမဆက်ပဲကြည့်နေသဖြင့် သဘောပေါက်သွားသဖြင့် အိတ်ထဲမှ တစ်ဆယ်တန်တစ်ချပ်ကို ထုတ်ပေးလိုက်တော့မှ. . အမူအယာ ပြောင်းသွားလေသည်။ အစောင့်ကုလားက ဦးကျောက်လုံးဆိုသောလူကြီးပေးသောငွေကိုယူ၍ အတွင်းအိတ်ထဲသို့ ထည့်လိုက်ပြီးမှမြန်မေးသည်။





"အခုလိုပေးကမ်းတာ ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ဒါထက် ဒီကလပ်မှာတွေ့ချင်တဲ့ အသိမိတ်ဆွေရဲ့ နာမည်ကိုသာ တစ်ဆိတ်လောက် ပြောပြပေးပါ"

ထိုအခါ ဦးကျောက်လုံးက ဆေးတံကိုဟန်ပါပါဖွာရင်းနှင့် ပြန်ပြောလိုက်သည်။

"တခြားလူတော့မဟုတ်ပါဘူးကွာ ပွဲစားကြီးဦးစံပေါ်ပါ၊ သူက ငါနဲ့အလွန်ရင်းနှီးတဲ့ မိတ်ဆွေပေါ့၊ ဒါထက်သူရောဒီကိုရောက်နေပြီ မဟုတ်လား"

"ရောက်နေပါပြီခင်ဗျား၊ စောစောကပဲ ဝင်သွားပါတယ်"

"ဒါဖြင့် ငါလည်း ဝင်လို့ရမယ်မဟုတ်လား"

"ရပါတယ်. . ရပါတယ်၊ သူဌေးမင်းတော့ ဝင်သွားသို့ရပါတယ်၊ မြင်းလှည်းသမားကိုသာ အပြင်ဘက်မှာ ထားခဲ့ပါခင်ဗျာ"

ဟုပြောသဖြင့် မြင်းလှည်းကိုတစ်နေရာမှာ စောင့်ခိုင်းပြီး တစ်ယောက်တည်း ဝင်သွားလေသည်။ အတွင်းရောက်သော့ အဖြူရောင်ဝတ်စုံများ (ကုလားများဝတ်သောအဝတ်အစားများ) ဝတ်ဆင်ထားသော ဝန်ထမ်းများက အပေါ်ထပ်မှာရော အောက်ထပ်မှာပါ နေရာအနှံ့ရှိနေကြသည်။

ထို့ပြင် အဆောက်အဦးများ၌လည်း အပေါ်ထပ်မှာရော အောက်ထပ်မှာပါ ဧည့်သည်အချို့ ရောက်နေကြပြီဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝဲခွဲကလပ်အဆောက်အအုံမှာ ကျောက်၊အုတ်၊ အင်္ဂတေတို့ မသုံးပဲ ကျွန်းသစ်ကောင်းများဖြင့်သာ ဆောက်လုပ်ထားသောကြောင့် နှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်သော်လည်း ပျက်စီးယိုယွင်းမှု သိပ်မရှိသေးဘဲ ကိုလိုနီခေတ်က ဆောက်လုပ်အသုံးပြုခဲ့သော အဆောက်အအုံများထဲမှာ ရှားရှားပါးပါး သစ်သားဖြင့်သာ ဆောက်လုပ်အသုံးပြုခဲ့သည့်. . .ရှေးဟောင်းအဆောက်အအုံတစ်ခုပင် ဖြစ်ပေသည်။

ပင်မအဆောက်အအုံကြီးနှစ်ခုကြား ကူးသန်းသွားလာသော စင်္ကြံလမ်းကိုပင် ကျွန်းသစ်များအသုံးပြုကာ ဆောက်လုပ်ထားပေသည်။

ဦးကျောက်လုံးက ပထမအဆောက်အအုံ အတွင်းသို့ဝင်ပြီး စုံစမ်းကြည့်တော့ ဦးစံပေါ်မှာ အနောက်ဘက်အဆောင်၌ ရောက်နေကြောင်းသိရသဖြင့် စင်္ကြံလမ်းမှတစ်ဆင့် ထိုအဆောင်ရှိရာဘက်သို့ ကူးလာခဲ့လေသည်။

အနောက်ဘက်အဆောင်သို့ ရောက်သောအခါ အစွန်ဘက်၌ချထားသည့် သင့်တော်သော စားပွဲတစ်လုံးတွင် ဝင်ရောက်နေရာယူလိုက်ပြီး အခြေအနေကြည့်လိုက်သည်။ ကလပ်အတွင်းမှာတော့ အရာရှိ အရာခံများ၊ လူကုံတန်အသိုင်းအဝိုင်းမှ လူအချို့ရောက်နေကြသည်။

အချို့လည်း အချင်းချင်းစကားပြောဆိုနေကြသည်။ အချို့လည်း ချိန်းထားသူများ မရောက်သေးသဖြင့် စားရင်းသောက်ရင်းနှင့် စောင့်နေကြဟန်ရှိလေသည်။





ဦးကျောက်လုံးက အခန်းတွင်းမှလူများကို တစ်ယောက်ပြီးတစ် ယောက် လိုက်ကြည့်ရာ တစ်နေရာတွင် ရပ်နေသော ဦးစံပေါ် အားလှမ်းမြင်သဖြင့် စားပွဲထိုးတစ်ယောက်အား အခေါ်ခိုင်းလိုက်ရာ ဇဝေဇဝါနှင့် ပါလာလေသည်။

စားပွဲနားရောက်လာတော့ ဦးကျောက်လုံးဆိုသူက နေရာထိုင်ခင်းပေးတာ ထိုင်ခိုင်းလိုက်သည်။

"ထိုင်ပါဦးစံပေါ် အခုလိုတွေ့ရတာ ဝမ်းသာပါတယ်"

ဦးစံပေါ်က ဇဝေဇဝါဖြစ်နေသော အမူအယာဖြင့် ဦးကျောက်လုံးမျက်နှာကို အကဲခတ်ကြည့်နေလေသည်။

"ကျုပ်ကို အခေါ်ခိုင်းတာ ခင်ဗျားလား"

"ဟုတ်ပါတယ်"

"ဒီလိုဆိုရင်တော့ လူမှားနေပြီထင်တယ်၊ ခင်ဗျားကို တစ်ခါမှ မမြင်ဖူးပါလား"

ဦးကျောက်လုံးက သဘောကျစွာဖြင့် တစ်ချက်ရယ်လိုက်သည်။

"ခင်ဗျားက မေ့နေလို့ဖြစ်ပါလိမ့်မယ်၊ ကျုပ်နာမည်က နတ်ကျော်လို့ ခေါ်ပါတယ်၊ အလုပ်ကတော့ ခေါင်းပေါင်းသည်ပျာ"

"ခေါင်းပေါင်းဆိုတာဘာလဲ"

"သူတောင်းစားတွေကို အုပ်ချုပ်နေရတဲ့ သူပေါ့ဗျာ"

"ထွီ. . .ကျက်သရေတုံးလိုက်တာ၊ အခုတလောသယ်လိုကြောင့်များ သူတောင်းစားတွေနဲ့ ပတ်သက်နေရသ



www.burmeseclassic.com

www.burmeseclassic.com


လဲ မသိပါဘူး ”

ထိုသို့ပြောရင်း ဦးစံပေါ်က ထိုင်နေရာမှ ပြန်ထရန် ပြင်လိုက်သည်။

“နေပါဦး ဦးစံပေါ်ရဲ့ သွားတော့မလို့လား၊ ကျုပ်က ခင်ဗျားကို ပြောစရာတွေရှိပါသေးတယ်၊ ကျုပ်ပြောတဲ့ စံနက်ကျော်ဆိုတဲ့နာမည်က ခေါင်းပေါင်းဖြစ်မှ ပေးထားတာပါ။ ကျုပ်နာမည်အရင်းက စံကျော်လို့ခေါ်တယ်”

“ဟင်”

ဦးစံပေါ်မှာ စံကျော်ဆိုသော နာမည်ကြားလိုက်သည်နှင့် မျက်လုံးပြူး မျက်ဆံပြူးဖြစ်သွားပြီးနောက် ကုလားထိုင်ပေါ်သို့ အရုပ်ကြိုးပြတ် ပြန်ထိုင်ချလိုက်သည်။

“မင်း . . မင်း . . စံကျော် ဟုတ်လား”

“ဒီလောက်လည်း လန့်မနေပါနဲ့ စံပေါ်ရယ်၊ ငါက မင်းကိုဘာမှမလုပ်သေးပါဘူး။ ငါ မသေသေးဘူးဆိုတာ သိရုံလေး မျက်နှာလာပြတာပါ။ အခုတော့ . . . မင်းက ငါတို့နှစ်ယောက် အသက်နဲ့ရင်းပြီးရှာထားတဲ့ ရွှေတွေငွေတွေနဲ့ သူဌေးလိုနေနိုင်နေပြီပေါ့လေ”

“ငါ့ကို အထင်မလွဲပါနဲ့ကွာ၊ ငါက မင်းသေသွားပြီ ထင်ခဲ့လို့ပါ”

“ထားပါတော့လေ ဒါတွေကပြီးခဲ့ပြီပဲ”

“မင်း အခုလာတာ ဘာအတွက်လဲ၊ ရွှေငွေတွေ ပြန်လိုချင်လို့လား”





“ဒါတွေလည်းပါတာပေါ့လေ၊ နောက်တစ်ခုလည်း ရှိသေးတယ်”

“ဘာလဲ မင်းငါ့ကိုတော့ ဒုက္ခမပေးပါနဲ့”

“ဒီလောက်လည်း မစိုးရိမ်ပါနဲ့ကွာ၊ ငါကဒီလောက် မရက်စက်ပါဘူး၊ နောက်ပြီး မင်းနဲ့ငါက တခြားသူတွေမှမထုတ်တာ အမေမွေးခဲ့တုန်းက ရှေ့ဆင့်နောက်ဆင့်မွေးခဲ့တဲ့ အမွှာညီအစ်ကိုဆိုတာရော မင်းမေ့သွားပြီလား”

“မ . . မမေ့ပါဘူးကွာ”

“ငါ မင်းနဲ့တွေ့ဖို့လာတာ တခြားမဟုတ်ပါဘူး၊ တိုင်ပင်စရာလေးတွေရှိလို့ပါ”

“ဘယ်လိုကိစ္စမျိုးတွေလဲ”

စံနက်ကျော်အမည်ခံထားသော စံကျော်က ပြုလုပ်မည့် အစီအစဉ်များကို တိုးတိုးတိတ်တိတ် ပြောပြလေသည်။ ထိုအစီအစဉ်များကြားတော့ ဦးစံပေါ်မှာ ထိတ်လန့်တုန်လှုပ်သွားလေတော့သည်။

“မ . . မဖြစ်ဘူးထင်တယ်၊ အခုငါက လူကုံတန်အသိုင်းအဝိုင်းထဲ ဝင်ဆန့်တဲ့ လူတစ်ယောက်ဖြစ်နေပြီ”

ထိုစကားကြားသောအခါ စံနက်ကျော်က သဘောကျစွာဖြင့် ရယ်လိုက်လေသည်။

“မင်းကအခုလိုနေရတဲ့ ဘဝမျိုးကို အတော်ကလေး နှစ်သက်သဘောကျနေပုံရတယ်၊ တကယ်တော့ ဒါမျိုးတွေ တ သိပ်တော့မထူးဆန်းပါဘူးကွာ၊ မင်းတို့ လူကုံတန်အသိုင်း


www.burmeseclassic.com

www.burmeseclassic.com



အဝိုင်းမှာ အပြစ်ကင်းပြီး ဖြူစင်တဲ့သူ ဘယ်နှစ်ယောက်များ ရှိကြလို့လဲ"

"ဒါ . . ဒါကတော့"

"အခုလို တိုင်းပြည်မငြိမ်မသက်ဖြစ်နေတဲ့ အချိန်မှာ အမတ်တွေ တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုယုတ်မာပြီး တစ်ဦးနဲ့တစ်ဦး မကောင်းကြံတာတွေ ခြေထိုးတာတွေ အတွင်းကြိတ်ကြံစည်တတ်တာတွေ အများကြီးပဲ၊ ဒီကလပ်မှာ တွေ့ရင်သာ တစ်ယောက်နဲ့တစ်ယောက် ပြုံးပြုံးရွှင်ရွှင်နဲ့ လက်ဆွဲနှုတ်ဆက်နေကြပေမယ့် စိတ်ထဲမှာတော့ မောင်းချထားကြီးတွေဖွင့်လို့ မဟုတ်လား"

စံနက်ကျော်က လေသံတိုးတိုးဖြင့် ထိုသို့ချက်ကျလက်ကျပြောသောအခါ ဦးစံပေါ်မှာ ဘာမှပြန်မပြောသာအောင် ဖြစ်နေရှာသည်။

"ဒီလိုပဲ မင်းတို့လို ခေတ်ပျက်မှာ သူဌေးဖြစ်ချင်တဲ့ သူတွေကလည်း အရာရှိတွေနဲ့ သင့်အောင်ပေါင်းပြီး ကိုယ်ချမ်းကိုယ်ချမ်းသာဖို့ဆိုရင် တိုင်းပြည်ကိုတောင် ရောင်းစားဖို့ ကြံစည်နေကြတာ မဟုတ်လား"

"တိုးတိုးပြောပါကွာ၊ နံဘေးကလူတွေ ကြားသွားမှဖြင့် . . ."

"ငါက အမှန်တွေ ပြောနေတာပါကွာ၊ မင်းတို့ လူကိုထန်အသိုင်းအဝိုင်းဆိုတာ နောက်ချေးနဲ့ လုပ်ထားတဲ့ ကျောက္ကာခွက်ကို ရွှေချထားတဲ့ မျက်နှာမျိုးတွေနဲ့ အားလုံးက ဟန်





ဆောင်နေကြတာချည်းပဲ မဟုတ်လား။ အခုတော့ မင်းလည်း အဲဒီလိုလူမျိုးဘဝ ရောက်နေပြီမဟုတ်လား"

စံနက်ကျော်စကားကြားတော့ ဦးစံပေါ်မှာ ဘာမှပြန်မပြောသာပဲ ဘေးကျပ်နံကျပ် ဖြစ်နေသော အမူအယာဖြင့် သတ်ပြင်းကိုသာ တွင်တွင်ချနေတော့သည်။

၎င်းတို့ စကားပြောနေကြစဉ်မှာပင် ညနေစောင်းချိန်ရောက်လာပြီ ဖြစ်သောကြောင့် တဖြည်းဖြည်းနှင့် ကလပ်အတွင်းမှာ လူများလာလေသည်။ မီးရောင်များအောက်မှာ စကားပြောသံ ဆူဆူညံညံများဖြင့် စည်ကားစပြုလာပေပြီ။ ထိုအခါ စံနက်ကျော်က စကားကို အဆုံးသတ်ရင်း ထရန်ဟန်ပြင်သည်။

"မင်း ငါပြောတာကို သေသေချာချာ စဉ်းစားထားပါ၊ အစယ်လို့ မလုပ်နိုင်တော့ပါဘူးဆိုရင်တော့ မင်း တစ်ချိန်က ကျူးလွန်ခဲ့တဲ့ ဒုစရိုက်မှုတွေကို အစိုးရဘက်ကလူတွေရော မင်းမိသားစုနဲ့ အသိုင်းအဝိုင်းကလူတွေပါ ဖွင့်ပြောပြလိုက်မယ်"

ဟုပြောသည်။

"ဒီလို မိုက်ရူးရဲ ကိစ္စတွေ မလုပ်ချင်စမ်းပါနဲ့ စံကျော်ရာ၊ မင်းက ဟိုးငယ်ငယ်ကတည်းက ရှိတဲ့အကျင့်တွေကို အခုအချိန်အထိ မဖျောက်သေးပဲကိုး၊ ဒီလိုလုပ်တော့ မင်းပါ ဒုက္ခရောက်မှာကိုရော မတွေးမိဘူးလား"

ဟု ပြန်မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါက ဒုက္ခရောက်တော့ရော ဘာဖြစ်သလဲ၊ ငါ့မှာ ငဲ့ညှာရမယ့် မိသားစုလည်း မရှိဘူး၊ နောက်ပြီး ငါ ဆက်ဆံနေရတဲ့ သူတောင်းစားတွေကလည်း တစ်ယောက်မှ အထင်ကြီးစရာ မရှိဘူး၊ မင်းထောင်ထဲဝင်ရင် ငါလည်း ဝင်ဝံ့တယ်၊ ဒါမှမဟုတ် စက်တိုင်တက်ဝံ့တယ်ဆိုရင်လည်း ငါကတော့ အချိန်မရွေးပဲ စံပေါ်"

ဟု ပြောကာ ထိုင်ရာမှ ထရပ်လိုက်သည်။

ဦးစံပေါ်ကတော့ ထိုင်နေရင်းမှပင် မော့ကြည့်နေသည်။

"မင်းကို စဉ်းစားဆုံးဖြတ်ဖို့ ခုနစ်ရက် အချိန်ပေးမယ်၊ ခုနစ်ရက်ပြည့်လို့မှ အကြောင်းမထူးရင်တော့ ငါ့အဆိုးမဆိုနဲ့တော့"

ထိုသို့ပြောဆိုပြီး စံနက်ကျော်က အဆောက်အဦးအတွင်းမှ အပြင်သို့ ပြန်ထွက်သွားလေတော့သည်။ ဦးစံပေါ်မှာသာ သံပါတ်ကုန်သွားသော စက်ရုပ်တစ်ရုပ်ကဲ့သို့ မလှုပ်မယှက်နှင့် နေရာ၌ ကျန်ခဲ့လေတော့သည်။

သူတစ်ယောက်တည်း ထိုင်နေမှန်းသိသဖြင့် အခြားမိတ်ဆွေများက လာရောက်နှုတ်ဆက်ကြသော်လည်း မျက်စိမျက်နှာ သိပ်မကောင်းလှသည်ကို သတိပြုမိကြသဖြင့် အခြားနေရာသို့ ရှောင်သွားကြလေသည်။

နောက်တော့ ဦးစံပေါ်လည်း ကလပ်တွင်ဆက်နေလိုခြင်း မရှိတော့သဖြင့် စောစောပင် အိမ်ပြန်သွားလေသည်။





အိမ်ပြန်ရောက်တော့ အိမ်သားများကပင် အံ့သြနေကြသည်။

၎င်းတို့မိသားစုမှာ များများမရှိပေ။

ဇနီးဖြစ်သူ ဒေါ်နှင်းမေနှင့် သမီးဖြစ်သူ မြသီရိတို့သာ ရှိကြသည်။ ဒေါ်နှင်းမေက အသက်(၄၀)ကျော်ခန့် ရှိသေးပြီး မြသီရိက အသက်(၂၀)ကျော် ဝန်းကျင်ခန့်သာ ရှိသေးသည်။

မြသီရိမှာ ရုပ်ရည်ချောမောသူဖြစ်ပြီး အပြောအဆိုသွက်လက်ချက်ချာသူတစ်ဦးဖြစ်လေရာ ဖခင်ဖြစ်သူ၏ ပွဲရုံလုပ်ငန်းများတွင် မန်နေဂျာအနေဖြင့် ဝင်ရောက်လုပ်ကိုင်ပေးနေသူဖြစ်သည်။

ကျန်တာကတော့ အိမ်မှာ အစေအပါးများအဖြစ်ဖြင့် နေကြသူများသာရှိသည်။ ပွဲရုံမှာ အလုပ်လုပ်နေကြသူများကတော့ မနက်လာ ညနေပြန်ကြသူများသာ ဖြစ်သည်။

မြသီရိက ဖခင်ဖြစ်သူ မျက်နှာမသာမယာနှင့် ပြန်လာသည်ကို သတိပြုမိသဖြင့် ဦးစံပေါ် အဝတ်လဲသောနေရာအထိ လိုက်မေးသည်။

"ဖေဖေ နေမကောင်းလို့လား၊ မျက်နှာလည်း သိပ်မကောင်းဘူး၊ အလုပ်ကိစ္စတွေ အဆင်မပြေခဲ့လို့လား"

"မဟုတ်ပါဘူး သမီးရယ်၊ နေရထိုင်ရတာ မအီမသာကြီးဖြစ်နေလို့ စောစောပြန်လာတာပါ"

"ဒါဖြင့် သမီး သံပုရာရည် တစ်ခွက်ဖျော်ပြီး ပို့ပေးမယ်နော်၊ ဒီညတော့ စောစောအိပ်ပြီး နားလိုက်ရင်တော့



www.burmeseclassic.com

www.burmeseclassic.com



သက်သာသွားမှာပါ"

ဟုပြောပြီး မြသီရိက အနားမှ ပြန်ထွက်သွားလေသည်။

ဦးစံပေါ်ကတော့ အလိုက်သိတတ်သော သမီးဖြစ်သူကိုကြည့်ရင်း သက်ပြင်းချလိုက်ပြန်သည်။

ထို့နောက်မှာတော့ ဦးစံပေါ်မှာ စခန်းတွင်းသို့ဝင်ကာ လဲလျောင်းနေရင်းမှ လွန်ခဲ့သော အချိန်များမှ အဖြစ်အပျက်တို့ကို ပြန်လည်တွေးတောနေလေသည်။

၁၉၀၀-ပြည့်နှစ် သာသာအချိန်လောက်က သူတို့ ညီအစ်ကိုနှစ်ယောက်ကို ပဲခူးနယ်ဘက်မှ ရွာငယ်ကလေး တစ်ရွာ၌ မွေးဖွားခဲ့လေသည်။ မွေးဖွားစဉ်ကပင် ရှေ့ဆင့်နောက်ဆင့်မွေးသော အမွှာညီအစ်ကို ဖြစ်သောကြောင့် မိဘများက မောင်ကြီးနှင့် မောင်ငယ်ဟု အမည်ပေးထားကြသည်။

မိဘများမှာ လက်လုပ်လက်စား ဆင်းရဲသားများဖြစ်သဖြင့် သူတို့အမွှာနှစ်ယောက်လည်း ဖြစ်သလို ဘဝမျိုးနှင့်ပင် ကြီးပြင်းခဲ့ကြရသည်။

သူက အကြီးဖြစ်ပြီး စံကျော်က မိနစ်ပိုင်း ငယ်သည်။

အမွှာညီအစ်ကို ဖြစ်သောကြောင့် မျက်နှာချင်းက ဆင်တူကြသော်လည်း အသားအရေချင်းက မတူပေ။

သူက အသားလတ်ပြီး စံကျော်က အသားညိုသည်။

ဤသို့ အရွယ်ရလာတော့ စံပေါ်နှင့် စံကျော်ဟု အမည်ပေးခဲ့ကြသည်။





ငယ်ရွယ်စဉ်ကတည်းက စံကျော်က စိတ်ကြမ်းလူကြမ်းနှင့် တစောက်ကန်းလုပ်တတ်သလို စံပေါ်ကတော့ အေးအေးမှန်မှန်သာ နေခဲ့သည်။ ရွာထဲမှာ ရန်ဖြစ်ပြီပဟေ့ဆိုလျှင် တစ်ဖက်ကိုသာမေး၊ ကျန်တစ်ဖက်က စံကျော်ဖြစ်ဖို့ကများသည်။

အရွယ်ရောက်လာတော့ စံကျော်က အသောက်အစား၊ လောင်းကစား၊ ကြက်တိုက်၊ ဖဲရိုက် အားလုံးလုပ်သည်။

ရွာတကာ့ရွာလှည့်ပြီး ဖဲချရမှလည်း ဝန်မလေးတတ်သူဖြစ်သည်။ အခြားသူများနှင့် မကြာခဏ ရန်ဖြစ်တတ်သောကြောင့် သူကြီးအိမ်ရောက်ပြီး ထိပ်တုံးခတ်ခံရတာလည်း မနည်းတော့ပေ။

စံပေါ်နှင့် စံကျော်မှာ စရိုက်ချင်း မတူသော်လည်း စံကျော်လုပ်သမျှတော့ စံပေါ်က ဒိုင်ခံပါပေးရသည်။

ကြက်တိုက်၊ ဖဲရိုက်၊ အရက်သောက်သောနေရာများတွင် စံကျော်နှင့် လိုက်ရသည်မျိုး ရှိသည်။ ရန်ဖြစ်ရင်လည်း အတူတူဖြစ်သည်။

ၡင်းတို့နှစ်ယောက်စလုံးမှာ မည်သည့်အလုပ်ကိုမှ လက်ကြောတင်းအောင် မလုပ်ကြသဖြင့် အရွယ်ရောက်လာကြတော့လည်း ဆင်းရဲတွင်းမှ မတက်နိုင်ကြပေ။

တစ်နေ့တော့ ညီအစ်ကိုနှစ်ယောက် ဆုံသောအခါတွင် စံပေါ်က ပြောသည်။

"ငါတို့လည်း ဘယ်ဘဝကများ လာကြတယ် မသိပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ မွေးလာကတည်းက တစ်ခါမှ ချမ်းချမ်းသာသာ မရှိသေးဘူး၊ မင်းနဲ့ငါနဲ့က အမွှာညီအစ်ကိုတွေဆိုတော့ ကံတူအကျိုးပေးတွေဖြစ်မှာ ထင်ပါရဲ့"

"ဆင်းရဲတာ ချမ်းသာတယ်ဆိုတာ ကံကိုချည်း အပြစ်ပုံချနေလို့မရဘူး၊ ဘာမှမလုပ်ပဲနဲ့ ကံရှိရင် ချမ်းသာမှာပဲဆိုပြီး ထိုင်စောင့်နေလို့ကတော့ မင်း ဘယ်တော့မှ ချမ်းသာမှာမဟုတ်ဘူး"

စံကျော်က ဆိုးသာဆိုးသည် စံပေါ်ထက်တော့ အတွေးအခေါ် ပိုကောင်းလေသည်။ အရက်မမူးသည့်အခါ စိတ်လိုလက်ရ ပြောသောစကားများမှာ တစ်ခါတစ်ရံ စံပေါ် ပင်နားမလည်ပေ။

"တချို့က ချမ်းသာချင်တော့ နတ်တွေကို ယုံကြည်ကိုးကွယ်ကြတယ်၊ ဘိုးတော်မယ်တော်တွေဆီမှာ ဆုတောင်းကြတယ်၊ ဘုရားတရားစာတွေ စုံအောင်ရွတ်ပြီး ဆုတောင်းကြတယ်"

"အဲဒီလိုလုပ်တာ မဟုတ်လို့လား"

"ဟုတ်ပါတယ်၊ ဘုရားစာ တရားစာတွေရွတ်ရင် ငွေကြေးချမ်းသာတာ မချမ်းသာတာထက် စိတ်တော့ ချမ်းသာတာပေါ့၊ ဘိုးတော်မယ်တော်တွေ ဆိုတာလည်း လူတွေက ချမ်းသာချင်လို့ ဆုတောင်းတိုင်း လုပ်ပေးနိုင်ကြတာမှ မဟုတ်တာ"

"မင်းက ဒါတွေ ဘယ်လိုသိနေတာလဲ"





"တွေးကြည့်ရင် သိနိုင်တာပဲ၊ ဗမာပြည်ထဲမှာ လူတွေ အများကြီး ရှိကြတာပဲ၊ အဲဒီလူတွေထဲမှာ ဘိုးတော်မယ်တော်တွေဆီမှာ ချမ်းသာဖို့ ဆုတောင်းနေတဲ့ လူတွေလည်း အများကြီး ရှိကြမှာပေါ့၊ လူတွေ အလိုရှိသမျှ ဆုတောင်းတိုင်းသာ ကူညီပေးနေရရင်တော့ သူတို့လည်း တခြားအလုပ် လုပ်ကြရမှာမဟုတ်ဘူး၊ နားရမှာလည်း မဟုတ်တော့ဘူး"

"မင်းကတော့ အတော့်ကို ကြံကြံဖန်ဖန် ပြောတတ်တယ်၊ ဒါဖြင့် ချမ်းသာအောင် ဘယ်လိုလုပ်ရမလဲ"

"အလုပ်လုပ်ရမှာပေါ့၊ ကြိုးစားအားထုတ်ရမှာပေါ့၊ ချမ်းသာနိုင်တဲ့နည်းတွေကို ရှာဖွေရမှာပေါ့၊ ဗမာပြည်မှာ ချမ်းသာနေတဲ့ လူတွေကြည့်ရင် အလုပ်မလုပ်ပဲ ချမ်းသာလာတဲ့သူ တစ်ယောက်မှမရှိတာတော့ သေချာတယ်"

"ငါတို့ရော ဒီဘဝကလွတ်အောင် ဘယ်လိုလုပ်ကြမလဲ"

"ငါတို့လည်း အလုပ်လုပ်ရမှာပေါ့၊ ချမ်းသာတဲ့နည်းရှာရမှာပေါ့၊ စကာစမှာတော့ ကောင်းတာရော မကောင်းတာရော လုပ်သင့်လုပ်ရမှာပဲ"

ထိုစကားကြောင့် စံပေါ်က မျက်လုံးပြူးသွားလေသည်။

"မင်းက ဘာလုပ်မယ် စဉ်းစားထားသလဲ"

"ငါတို့မှာ ရင်းနှီးစားသောက်ဖို့ ငွေမရှိဘူး၊ ငွေမရှိတော့ ဘယ်သူကမှ အဖက်လုပ်ပြီး ကူညီချင်မှာ မဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com


နောက်ပြီး တောမှာနေရင်လည်း ချမ်းသာမှာ မဟုတ်ဘူး"

"ဘာကြောင့်လဲ"

"မင်းပဲကြည့်လေ၊ ငါတို့နေတဲ့ရွာမှာ ချမ်းသာတဲ့လူ ဘယ်နှစ်ယောက် ရှိလို့လဲ၊ တစ်ရွာလုံးမှာရှိတဲ့ ငွေတွေအားလုံး စုရင်တောင် ငါတို့ ချမ်းသာလောက်အောင် ရမှာမဟုတ်ဘူး"

"ဒါကတော့. ."

"ဒီတော့ ငါတို့နှစ်ယောက် မြို့ပေါ်သွားရမယ်၊ သွားကာစမှာတော့ ဆင်းရဲတာတွေ ဝတ်တာပြတ်တာမျိုးတွေ ကြုံမှာပဲ၊ ဒီဒဏ်တွေကို ခံနိုင်အောင် ကြိုးစားရင်းနဲ့ ခြေကုပ်ရအောင် ကြိုးစားရမယ်"

"မင်းက ဘာလုပ်မယ် စိတ်ကူးထားသလဲ"

"ပထမတော့ ချမ်းသာဖို့ထက် နေဖို့စားဖို့အတွက် အရင်ကြိုးစားရမှာပဲ၊ နောက်မှ ချမ်းသာနိုင်တဲ့နည်းတွေကို ဖြတ်လမ်းက လိုက်ရမှာပဲ"

"ဘယ်လိုအလုပ်မျိုးတွေလဲ"

"ငါတို့မှာ အရင်းအနှီးမရှိဘူး၊ လှေထိုးလှေတိုက် ကုန်ထမ်းနေရင်လည်း ပင်ပန်းတာပဲ အဖတ်တင်မယ်၊ ချမ်းသာမှာ မဟုတ်ဘူး"

"ဖြတ်လမ်းနည်းတွေက ဘာတွေလဲ"

"မကောင်းတဲ့ အလုပ်တွေပေါ့၊ အဲဒီအထဲမှာမှ ချမ်းသာနိုင်တဲ့အလုပ်က လုယက်တိုက်ခိုက်တဲ့ အလုပ်မျိုးပဲ"





ထိုစကားကြောင့် မျက်လုံးပြူးရပြန်သည်။

"ဓားပြတိုက်ဖို့ ပြောနေတာလား"

"ဟုတ်တယ် ငါတို့ ညီအစ်ကိုနှစ်ယောက် ဓားပြဂိုဏ်းထောင်ပြီး ဓားပြတိုက်တဲ့အလုပ်လုပ်ရင် မြန်မြန်ချမ်းသာလာနိုင်တယ်"

"အသက်ဘေးအန္တရာယ် နီးလိုက်တာကွာ၊ မတော်တဆ ပုလိပ်ဖမ်းမိသွားရင်လည်း ထောင်ထဲမှာ တစ်သက်လုံးနေရမှာ"

"ဒါတွေကတော့ လုပ်ရဲရင် ခံရဲရမှာပေါ့၊ ငါတို့က သူများတွေလို ရင်းနှီးစရာ ငွေကြေးမရှိတော့ ရှိတဲ့အသက်ကို ရင်းရတာ ဘာများဆန်းသလဲ၊ မလုပ်ခင်ကတော့ ဘာမှတွေးကြောက်မနေနဲ့၊ အဲသည်လို တွေးကြောက်နေရင်တော့ မင်းဘာမှလုပ်ဖြစ်တော့မှာ မဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ် ကောင်းတာဖြစ်စေ မကောင်းတာဖြစ်စေ အလုပ်ဖြစ်ဖို့ပဲ အရေးကြီးတယ်၊ လုပ်ရင်းနဲ့မှ ထပ်ပြီးရွေးချယ်ကြတာပေါ့"

ဟု စိတ်ပါလက်ပါ ပြောပြလေသည်။

"ဖြစ်ပါ့မလားကွာ"

"ဖြစ်ပါတယ်ကွာ၊ ငါတို့ဘဝတွေက ဒီလိုနေလို့လည်း အချိန်သာကုန်သွားတယ် ထူးလာကြမှာမှမဟုတ်တာ၊ သေမြေကြီး ရှင်ရွှေထီးပဲပေါ့၊ ဘာမှမစိုးရိမ်နဲ့ မင်း ငါ့နောက်ကသာလိုက်၊ တစ်နေ့ကျရင် ချမ်းသာတဲ့လူတစ်ယောက် ဖြစ်စေရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ စံပေါ်မှာ စိတ်ထဲမှ ကြောက်ရွံ့နေမိသေးသည်။ နောက်ပိုင်း စံကျော်က ပြောဆိုတိုက်တွန်းတော့မှ လုပ်ဖြစ်လေတော့သည်။

ပထမတော့ ညီအစ်ကိုနှစ်ယောက်တည်းဖြင့် လုယက်တိုက်ခိုက်သော အလုပ်လုပ်ကြသည်။ နောက်ပိုင်း အခြေအနေ ကောင်းလာသောအခါ စိတ်တူကိုယ်တူဖြစ်သော လူအချို့ကို ထပ်မံစုစည်းပြီး ဓားပြဂိုဏ်း ထူထောင်လေသည်။

နာမည်ကိုပင် 'နဂါးနက်ဂိုဏ်း'ဟု အမည်ပေးထားသည်။ ခေတ်ကာလ အခြေအနေမှာလည်း တိုင်းပြည်အုပ်ချုပ်ရေးက လက်ကျဲကာလ ဖြစ်နေသောကြောင့် တောမီးလောင် တောကြောင်လက်ပန်းပေါင်းခတ် ဆိုသကဲ့သို့ စံကျော်နှင့်စံပေါ်တို့ အမွှာညီအစ်ကိုနှစ်ယောက် ခေါင်းဆောင်သော ဓားပြဂိုဏ်းမှာ လွတ်လပ်ခွင့် ရနေလေတော့သည်။

၁၉၅၀-ခုနှစ် ဝန်းကျင်လောက်က ပဲခူးမြို့နှင့် အနီးတစ်ဝိုက်တွင် ဓားပြဂိုဏ်းအချို့ ပေါ်ပေါက်ခဲ့ဖူးရာ ထိုအထဲတွင် နဂါးနက်ဂိုဏ်းက နာမည်အကြီးဆုံး ဖြစ်လေသည်။

ဓားပြဂိုဏ်းဝင်တို့၏ ကိုယ်တစ်နေရာတွင် ဆေးနက်များဖြင့် ထိုးထားသော ဂိုဏ်းဝင်များလည်း အတော်ပင် များလာကြသည်။

လူအင်အား လက်နက်အင်အား များလာသောအခါ တစ်မြို့လုံး တစ်နယ်လုံးက ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့ရသော ဓားပြဂိုဏ်း ဖြစ်လာလေသည်။





ထိုအခြေအနေရောက်တော့ နယ်မှာရှိသော ပုလိပ်များ မတတ်နိုင်ကြသဖြင့် ရန်ကုန်မှာရှိသော ပုလိပ်အဖွဲ့ကိုပါ အကြောင်းကြားပြီး နဂါးနက် ဓားပြဂိုဏ်းကို ဖြိုခွဲဖမ်းဆီးနိုင်ရန် ကြိုးစားကြရသည်။

သို့သော်လည်း အခြား ဓားပြဂိုဏ်းငယ်ကလေးများတို့သာ ဖမ်းဆီးနိုင်ကြသော်လည်း နဂါးနက်ဂိုဏ်းကိုတော့ မဖမ်းဆီးနိုင်ကြပေ။

စံပေါ်နှင့် စံကျော်တို့မှာလည်း ငွေကြေးချမ်းသာသူတို့ကို တိုက်ခိုက်လုယက်နိုင်ကြသဖြင့် ရွှေငွေလက်ဝတ်ရတနာ အတော်များများ စုဆောင်းမိခဲ့ကြသည်။

အဖွဲ့သားများကို ခွဲဝေပေးခြင်း၊ ရွာမှာကျန်ခဲ့သော မိဘတို့အား လျှို့ဝှက်စွာ ထောက်ပံ့ပေးသည့်အပြင် ၎င်းတို့လက်ထဲမှာပင် ရွှေငွေအတော်များများ စုဆောင်းမိကြလေသည်။

စတင်လုပ်ကြစဉ်က စံကျော်ကသာ တက်တက်ကြွကြွနှင့် ရှေ့မှဦးဆောင် လုပ်ကိုင်ခဲ့ပြီး စံပေါ်ကတော့ ကြောက်ရွံ့သဖြင့် ဆွန့်ဆုတ်ဆွန့်ဆုတ် ဖြစ်နေသေးသည်။

နောက်ပိုင်း လုပ်ပါများလာသည်ကတစ်ကြောင်း အတွေ့အကြုံများလာသည်က တစ်ကြောင်းနှင့် ရွှေငွေရတနာများ ရလာသောအခါမှာတော့ စံပေါ်လည်း စိတ်ပါလာသည်။

တစ်နေ့တော့ ညီဖြစ်သူ စံပေါ်နှင့် တိုင်ပင်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ငါတို့ ရည်ရွယ်ချက်အတိုင်း ရွှေငွေရတနာတွေတော့ သင့်သလောက်စုမိနေပြီ၊ အန္တရာယ်များတဲ့ အလုပ်တွေရပ်ပြီး မြို့ပေါ်မှာ အေးအေးနေကြပြီး လုပ်ကိုင်စားသောက်ကြရင် ပိုမကောင်းဘူးလား”

“မဖြစ်သေးဘူး၊ ငါတို့ ဒီလိုလုပ်ရင် နောက်မှာရှိနေတဲ့လူတွေက ကျေနပ်ကြမှာ မဟုတ်ဘူး၊ သူတို့ မကျေနပ်လို့ ဖော်ကောင်လုပ်ရင် ငါတို့ပါ ဒုက္ခများကြလိမ့်မယ်”

“ဒီတော့ ဘယ်လိုလုပ်ရင် ကောင်းမလဲ”

“နောက်ထပ် တစ်နှစ်၊ နှစ်နှစ်လောက်တော့ ဆက်လုပ်ကြတာပေါ့၊ ခေတ်ကာလ ပြောင်းလဲသွားမှ လူစုခွဲကြရင် ပြဿနာကင်းလိမ့်မယ်”

စံကျော်ပြောပြတာ အကျိုးအကြောင်း ဆီလျော်သဖြင့် စံပေါ်လည်း မပြောသာတော့ပေ။

ထိုအလုပ်မှာတော့ စံကျော်က ခေါင်းဆောင်ဖြစ်ပြီး အတွေ့အကြုံများသဖြင့် စံပေါ်က ဆင်ခြေမတက်ဝံ့ခြင်း ဖြစ်ပေသည်။

ဤသို့ဖြင့် နောက်ပိုင်းမှာလည်း ဓားပြတိုက်ခြင်း၊ အနုကြမ်းစီးခြင်း၊ ပြန်ပေးဆွဲခြင်း လုယက်တိုက်ခိုက်သော လုပ်ငန်းများကို ဆက်လုပ်ကြလေသည်။

သို့သော်လည်း. . . အခြေအနေကတော့ တောက်လျှောက်မကောင်းခဲ့ပါချေ။ နောက်ပိုင်းမှာ ပုလိပ်အဖွဲ့များကရင်းတို့ နဂါးနက်ဂိုဏ်းကို ဖမ်းဆီးဖြိုခွင်းနိုင်ရေးအတွက်





နည်းလမ်းပေါင်းစုံသုံးကာ ခြေရာခံလျက် လိုက်ကြလေသည်။

ထိုအခြေအနေကြောင့် ရှာဖွေရထားသော ရွှေငွေရတနာ လက်ဝတ်လက်စားများကို သေတ္တာတစ်လုံးဖြင့် ထည့်ကာ တစ်နေရာ၌ ဝှက်ထားကြသည်။

ထိုနေရာကိုတော့ သူတို့ညီအစ်ကို နှစ်ယောက်တည်းသာ သိကြလေသည်။

တစ်နေ့မှာတော့ ပဲခူးမြို့စွန်ဘက်ရှိ ဆန်စက်တစ်ဦးနေအိမ်ကို ဝင်ရောက်ဓားပြတိုက်ရာ သတင်းရသဖြင့် လာရောက်စောင့်ဆိုင်းနေသော ပုလိပ်များ၏ အဝိုင်းခံကြရသည်။

သို့သော်လည်း လွယ်လွယ်နှင့် အညံ့မခံပဲ ပြန်လည်ပစ်ခတ်တိုက်ခိုက်ကြလေတော့သည်။

ပုလိပ်များက ထွက်ပေါက်မရှိစေရန် ဝိုင်းဝန်းပိတ်ဆို့ထားသောကြောင့် သူ့အသက်ကိုယ့်အသက်လုကာ ပြင်းထန်စွာ တိုက်ခိုက်ကြရလေသည်။

ထိုတိုက်ပွဲတွင် နဂါးနက်ဂိုဏ်းသား အတော်များများသေဆုံးခဲ့ကြရသည်။ စံကျော်လည်း သေလောက်သော ဒဏ်ရာတစ်ခု ရသွားခဲ့သည်။ သို့သော်လည်း ညီအစ်ကိုနှစ်ယောက်စလုံးကတော့ ကံကောင်းထောက်မသောကြောင့် ပုလိပ်များလက်မှ ရှောင်ထွက်နိုင်ခဲ့ကြပေသည်။

စံပေါ်က ဒဏ်ရာပြင်းထန်သော စံကျော်ကို ပဲခူးမြို့ တမ်းဘက်သို့ ခေါ်ဆောင်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာရောက်၍ သွေးထွက်လွန်သွားပြီ ဖြစ်သောကြောင့် အသက်မရှူတော့ပေ။

"စံကျော်တော့သေပြီ၊ ဘယ်လိုလုပ်ရပါ့မလဲ"

ထိုအချိန်မှာပင် ပုလိပ်များကလည်း နောက်မှ ထပ်ကြပ်မကွာ လိုက်လံရှာဖွေနေကြလေပြီ။

နောက်ဆုံး စံပေါ်လည်း ကြံရာမရတော့သဖြင့် သေဆုံးနေပြီဖြစ်သော စံကျော်အလောင်းကို ချုံများအတွင်းသို့ သွင်းထားခဲ့ပြီး ထိုနေရာမှ ထွက်ပြေးရလေတော့သည်။

နောက်ပိုင်း အခြေအနေများ ငြိမ်သက်သွားတော့မှ ၎င်းတို့စုဆောင်းထားသော ရွှေငွေရတနာများကို ပြန်လည်ယူငင်ပြီး ရန်ကုန်ဘက်သို့ ဆင်းလာကာ ခြေရာဖျောက်လိုက်လေသည်။

နောက်တော့ သမီးတစ်ယောက်ပါသော မုဆိုးမတစ်ဦးဖြစ်သူ ဒေါ်နှင်းမေနှင့် လက်ထပ်ခဲ့သည်။

သူနှင့် လက်ထပ်စဉ်က ဒေါ်နှင်းမေမှာ အသက်(၃၅) နှစ် အရွယ်ခန့်သာ ရှိသေးပြီး ပွဲရုံလုပ်ငန်းများကို ဦးစီးလုပ်ကိုင်နေချိန်ဖြစ်သည်။

ယခုနေသော တိုက်နှင့် ပွဲရုံလုပ်ငန်းမှာ သေဆုံးသွားသော ဒေါ်နှင်းမေယောကျ်ားမှ ထူထောင်ထားခဲ့သောပစ္စည်းများပင် ဖြစ်သည်။

စံပေါ်ကလည်း ခြေရာဖျောက်ပြီး အေးအေးဆေးဆေး လုပ်ကိုင်စားသောက်ချင်၊ ဒေါ်နှင်းမေကလည်း အားကိုး





ရှာနေသော အချိန်မျိုးဖြစ်သဖြင့် လက်ထပ်လိုက်ကြခြင်း ဖြစ်သည်။

ဒေါ်နှင်းမေက စံပေါ်ကို ပဲခူးဘက်မှလာသော တောသူဌေးတစ်ယောက် ဖြစ်မည်ဟု ထင်နေလေသည်။

ဒေါ်နှင်းမေနှင့် လက်ထပ်ပြီးတော့ သူလည်း ဦးစံပေါ်ဘဝ အလိုအလျောက် ရောက်သွားရပေတော့သည်။

ဦးစံပေါ်က ဒေါ်နှင်းမေနှင့် လက်ထပ်ပြီးနောက်ပိုင်းမှာပင် လူသိမည်စိုးသောကြောင့် ပါလာသော ရွှေငွေရတနာတို့ကို သင့်သလောက် ထုတ်သုံးပြီး အတော်များများကိုတော့ တစ်နေရာ၌ ဝှက်ထားခဲ့လေသည်။

သူတို့လက်ထပ်ပြီးတော့ ဒေါ်နှင်းမေဘက်မှပါလာသော သမီးဖြစ်သူ မြသီရိကလည်း ဦးစံပေါ်အပေါ်၌ သားသမီးအရင်းတစ်ယောက်ကဲ့သို့ပင် သဘောထားကာ ဆက်ဆံသောကြောင့် ဦးစံပေါ်တစ်ယောက် လူရွှေးတော်ပြီး ကံကောင်းသည်ဟု ဆိုရပေတော့မည်။

ယခုတော့ မမျှော်လင့်ပဲ စံကျော်တစ်ယောက် သူ့ရှေ့မှောက်သို့ ပြန်ရောက်လာခဲ့လေသည်။

ထိုအကြောင်းများက ဦးစံပေါ် ပြန်တွေးနေသော သူတို့အကြောင်းများပင် ဖြစ်လေသည်။

"စံကျော်က ငါ့လက်ပေါ်မှာတင် သေသွားခဲ့ပြီပဲ၊ တကယ်လို့ မသေရင်တောင် ပုလိပ်တွေနဲ့ တွေ့မှာပါပဲ၊ ဘယ်လိုကြောင့် အခုမှ ပြန်ရောက်လာတာလဲ၊ အခုရောက်လာတာ



www.burmeseclassic.com

www.burmeseclassic.com



စံကျော်အစစ်မှ ဟုတ်ရဲ့လား၊ ငါတို့အကြောင်းတွေ သိနေတဲ့ နဂါးနက်ဂိုဏ်းသား တစ်ယောက်ယောက်ကများ ငါ့ကိုလာပြီး တစ်ပါတ်ရိုက်နေတာလား"

ထိုသို့တွေးမိသည်။ တဖက်မှလည်း. . .

"ဒီအကြောင်းတွေကို ပုလိပ်ကို အကြောင်းကြားရရင်ကောင်းမလား၊ ဒီလိုလုပ်လိုက်လို့ စံကျော်အစစ်ဖြစ်နေရင် ငါ့အပေါ် အမှုပြန်ပတ်ပြီး ဒုက္ခရောက်သွားနိုင်တယ်၊ ငါ ဘယ်လိုလုပ်ရင်ကောင်းမလဲ"

ဟု အမျိုးမျိုးတွေးတောနေလေတော့သည်။

ထိုအကြောင်းများကြောင့် ဦးစံပေါ်မှာ တစ်ညလုံး အိပ်မပျော်နိုင်ပဲ ရှိနေလေသည်။







## အခန်း(၆)

# ဒေါက်တာမင်းထင်ကျော်နှင့် ကတုံးပေါ်ထိပ်ကွက်

တစ်နေ့သ၌ ဒေါက်တာမင်းထင်ကျော်သည် နိုင်ငံခြားသို့ ရက်ရှည်ခရီးထွက်နေရာမှ ပြန်ရောက်လာသည်မှာ မကြာသေးသောကြောင့် အပြင်သို့မထွက်ဖြစ်သေးဘဲ မိမိအိမ်တွင်းမှာပင် လုပ်စရာရှိသော အလုပ်များ လုပ်နေလေသည်။

သူသည် ပီရူးနိုင်ငံ အန်ဒီးတောင်တန်းများပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်စွာ တည်ရှိနေသော မာချူးပစ်ချူး မြို့တော်ဟောင်းကြီးရှိရာသို့ ခရီးထွက်နေသောကြောင့် သုံးလခန့်အချိန်ကြာမှ မြန်မာပြည်သို့ ပြန်ရောက်လာခဲ့ကြခြင်း ဖြစ်ပေသည်။

(ထိုခရီးသွား အတွေ့အကြုံများကိုတော့ 'မြမျက်လုံးနှင့် မီးဝိညာဉ်'အမည်ဖြင့် လုံးချင်းရေးသားထုတ်ဝေခဲ့ပြီး ဖြစ်လေသည်။)

ခရီးသွားမှ ပြန်ရောက်လာသည်နှင့် ပါလာသော ပစ္စည်းများ၊ စာအုပ်များကို သိမ်းဆည်းခြင်း၊ နေရာချထားခြင်းများကို လုပ်ရသည့်အပြင် အချိန်ရသောအခါ စာရေးဆရာအားပေးရန် ခရီးသွား အတွေ့အကြုံများနှင့် မှတ်တမ်းများကိုလည်း ပြန်လည်ရေးသားရသေးသည်။

ပြီးမှ မိမိခရီးသွားနေစဉ် ကာလအတွင်း အိမ်သို့ရောက်နေသော ဂျာနယ်နှင့် သတင်းစာများကို သူ့ရက်နှင့်သူ အစီအစဉ်တပ်ကာ စားပွဲပေါ်သို့ တင်ထားရသည်။

နံနက်ပိုင်း ကော်ဖီသောက်ရင်းနှင့် တစ်စောင်ပြီးတစ်စောင် ဖတ်ရလေသည်။ ထိုသို့ဖတ်ရင်းနှင့် ထူးခြားသော သတင်းများနှင့် အရေးကြီးသော အချက်များတွေ့လျှင် နောက်တစ်ကြိမ် ပြန်ရှာလျှင် အလွယ်တကူ တွေ့နိုင်စေရန် မှင်နီဖြင့် မျဉ်းသားထားရသေးသည်။

ယခုရက်ပိုင်း လပိုင်းတွင် ထုတ်ဝေသော သတင်းစာနှင့် ဂျာနယ်များတော့ စိတ်မချမ်းသာစရာ သတင်းများသာ အတော်များများ တွေ့ရလေသည်။





၁၉၅၅-ခုနှစ် ဇန်နဝါရီလ (၁၅)ရက်နေ့တွင် ရန်ကုန်မော်လမြိုင် စာပို့မီးရထားအား နှင်းပုလဲနှင့် ဒုံးဝန်းအကြားတွင် ကေအင်ဒီအို သောင်းကျန်းသူတို့က မိုင်းခွဲတိုက်ခိုက်သဖြင့် ခရီးသည်(၃၀) သေဆုံးပြီး (၂၀)ဒဏ်ရာရရသည်။

မိန်းမပျို (၄၀)တို့အား ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားသောသတင်း။

၁၉၅၅-ခု ဇန်နဝါရီလ(၂၁)ရက်နေ့တွင် နိုင်ငံတော်သမ္မတက ကျောက်ပန်းတောင်း၊ ပုဂံနှင့် နတ်မောက်မြို့နယ်တို့၌ တစ်ချက်လွှတ်ဥပဒေ ထုတ်ပြန်သောသတင်း။

နောက်ပိုင်း သတင်းများမှာတော့ ပြည်ထောင်စုတပ်မတော်က တရုတ်ဖြူတပ်များကို ရန်ကြီးအောင် စစ်ဆင်ရေး ဆင်နွှဲသဖြင့် လားအိုမြန်မာနယ်စပ်၊ မဲခေါင်မြစ်ပေါ်မှ ရွှေ့ပြောင်းသွားရသောသတင်း။

စသောသတင်းများအပြင် လုယက်တိုက်ခိုက်သော သတင်းများလည်း ပါလာလေသည်။

ထို့ပြင် ဒေါက်တာမင်းထင်ကျော် ရန်ကုန်သို့ ပြန်ရောက်လာပြီး သတင်းထောက်အချို့က လာရောက်တွေ့ဆုံပြီး မေးမြန်းကြသဖြင့် ခရီးသွားအစီအစဉ်များနှင့် ပတ်သက်ပြီး ပြောပြလိုက်သည်များကိုလည်း ဆောင်းပါးသတင်းများအဖြစ် ရေးသားဖော်ပြထားသည်ကိုလည်း ဖတ်ရှုရလေသည်။

"မြန်မာနိုင်ငံသားတစ်ဦးဖြစ်သူ ဒေါက်တာမင်းထင်



www.burmeseclassic.com

www.burmeseclassic.com



ကျော်တစ်ယောက် အနောက်နိုင်ငံများသို့ ခရီးသွားလာရာမှ ပြန်ရောက်လာသောသတင်း။"

ဟူ၍ ခေါင်းစဉ်တပ်ထားလေသည်။

ရေးသားထားသော အကြောင်းအရာများကတော့ သူသွားလာခဲ့သော ခရီးစဉ်များအကြောင်း၊ ရောက်ခဲ့သော နိုင်ငံများအကြောင်း၊ စွန့်စားခဲ့ရသော အတွေ့အကြုံများအပြင် . အင်ကာရတနာသိုက်မှရလာသော ရတနာအချို့အကြောင်းနှင့် မန်တာတောင်ကြားမှရခဲ့သော မြများအကြောင်းလည်း ပါဝင်လေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့. . . ထိုသတင်းဆောင်းပါးများကိုဖတ်ပြီး သူပြောပြလိုက်သော အကြောင်းများထက် ချဲ့ကားရေးသားထားသော သတင်းစာဆရာတို့၏ အရေးအသားကို သဘောကျသောကြောင့် ပြုံးလိုက်လေသည်။ ထိုသတင်းများအပြင် အခြားစိတ်ဝင်စားသောသတင်းအချို့လည်း တွေ့ရသေးသည်။

အခြားမဟုတ်ပေ။

ယခုတလော ရန်ကုန်မြို့မှာနေကြသည့် သူဌေးများ ကုန်သည်ပွဲစားကြီးများ မကြာခဏဆိုသလို အနုကြမ်းစီးခံရခြင်း လုယက်ခံရခြင်း ဓားပြတိုက်ခံရခြင်း စသော သတင်းများပင် ဖြစ်လေသည်။

ထိုအမှုများမှာ ယခင်က ဖြစ်ပွားမှုသိပ်မရှိပဲ ယခုရက်ပိုင်း လပိုင်းရောက်မှ မိုးရွာသောကြောင့် ကောက်ရိုးပုံမှ မှိုပွင့်များ ပေါ်ထွက်လာသကဲ့သို့ မကြာခဏ ပေါ်ပေါက်လာခြင်း ဖြစ်ပေသည်။

ထိုအမှုများကို ကိုင်တွယ်နေသော အမှုလိုက်ရာဇဝတ်အုပ် ဦးမင်းဒင်ကတော့ ဖြစ်ပွားနေသောအမှုများ လေ့လာစစ်ဆေးချက်အရ တစ်ဦးတစ်ယောက်တည်း ဒါမှမဟုတ် တစ်ဖွဲ့တည်းကသာ ကျူးလွန်နေခြင်းများ ဖြစ်နိုင်ကြောင်း မှတ်ချက်ချထားလေသည်။

ဒေါက်တာမင်းထင်ကျော်က ခရီးသွားနေစဉ်က မဖတ်ဖြစ်လိုက်သော သတင်းစာနှင့် ဂျာနယ်များကို အကြမ်းဖျင်း နှံ့စပ်အောင် ဖတ်ရှုပြီးမှ စင်ပေါ်တင်ထားလိုက်လေသည်။

နေ့လည်ဘက်အချိန်ရောက်တော့ အိမ်ရှေ့၌ မြင်းလှည်းတစ်စင်း ရပ်သံကြားရပြီး ဧည့်သည်တစ်ယောက် ရောက်လာလေတော့သည်။

ပုဆိုး၊ အင်္ကျီ၊ ခေါင်းပေါင်းတို့ကို သေသပ်စွာ ဝတ်ဆင်ထားပြီး လူကြီးလူကောင်းတစ်ယောက်အင်္ဂါနှင့် ညီညွတ်အောင် အကောင်းစားဆေးတံတစ်ချောင်းနှင့် ရွှေလက်ကိုင်ရိုး တပ်ထားသော တုတ်ကောက်တစ်ချောင်းပါ ကိုင်ဆောင်လာလေသည်။

ဧည့်ခြံဝရောက်တော့ ဒေါက်တာမင်းထင်ကျော်ကိုယ်တိုင် အပြင်ထွက်သွားပြီး အကျိုးအကြောင်း မေးရလေသည်။

"ဘာကိစ္စရှိလို့ပါလဲ"







www.burmeseclassic.com

www.burmeseclassic.com



“ဒီအိမ်က နိုင်ငံခြားကပြန်လာတဲ့ ဒေါက်တာမင်းထင်ကျော်နေတဲ့အိမ် ဟုတ်ပါသလား”

“ဟုတ်ပါတယ်၊ ကျွန်တော်က ဒေါက်တာမင်းထင်ကျော်ပါပဲ”

“တွေ့ရတာ ဝမ်းသာလှပါတယ် မောင်ရင်၊ ကျုပ်က မိုးကုတ်ကလာတဲ့ ကျောက်ကုန်သည် တစ်ဦးပါပဲ၊ နာမည်ကတော့ ဦးကျောက်လုံးပါတဲ့”

“အိမ်ထဲကို ကြွပါခင်ဗျာ၊ အခုလိုတွေ့ရတဲ့အတွက်လည်း ဝမ်းသာပါတယ်”

ဒေါက်တာမင်းထင်ကျော်က မျက်နှာစိမ်းဧည့်သည်ကို ဧည့်ခန်းသို့ခေါ်သွားပြီး လက်ဖက်ရည်ဖြင့် ဧည့်ခံကာ လာရင်းကိစ္စကို မေးရလေသည်။

“တကူးတက ရောက်လာတဲ့ ကိစ္စရှိရင်လည်း သိပါရစေ”

“တခြားတော့ မဟုတ်ပါဘူး မောင်ရယ်၊ နိုင်ငံခြားကတောင် တကူးတက ရှာဖွေလာတဲ့ မြတွေကို ကြည့်ချင်လို့ပါ၊ အပန်းမကြီးရင်တော့ တဆိတ်လောက် ကြည့်ရှုခွင့် ပေးစေချင်ပါတယ်”

“ကြည့်ရပါတယ် ခဏလေးတော့ စောင့်ပါ”

ဟုပြောပြီး အပေါ်ထပ်သို့ တက်သွားလေသည်။

ဧည့်ခန်းမှာ ကျန်နေသော ဦးကျောက်လုံးဆိုသော လူကြီးကတော့. . စားပွဲပေါ်တွင်ချထားသည့် ဂျာနယ်နှင့်





သတင်းစာတို့ကို ခပ်သွက်သွက်ပင် လှန်ကြည့်နေသည်။

ဒေါက်တာမင်းထင်ကျော် မှင်နီဖြင့် မျဉ်းသားထားသော သတင်းခေါင်းစဉ်များကို လိုက်လံကြည့်ရှုနေလေသည်။

ခဏကြာတော့ အပေါ်ထပ်မှ ဒေါက်တာမင်းထင်ကျော် ပြန်ဆင်းလာလေသည်။

ထိုသို့ဆင်းလာသည်ကို မြင်တော့မှ သတင်းစာများကို ပြန်ချထားပြီး ကော်ဖီပန်းကန်ကိုယူ၍ ဟန်မပျက်သောက်နေလေသည်။ ဒေါက်တာမင်းထင်ကျော်က နေရာတွင် ပြန်ထိုင်ပြီး ကတ္တီပါဗူးနှင့် ထည့်ထားသော မြတစ်လုံးကိုပြသည်။ မြမှာ အရည်အသွေးကောင်းလှပြီး အရွယ်အစားလည်း အတော်ပင်ကြီးသည်။ အပြင်ဘက်မှဝင်နေသော အလင်းရောင်ကြောင့် အစိမ်းရောင်များ တောက်ပနေသည်။

ဦးကျောက်လုံးဆိုသော လူကြီးက ဒေါက်တာမင်းထင်ကျော်ပြသော မြကျောက်ကို ဒီအတိုင်းမကိုင်ပဲ ပုဝါတစ်ထည်ဖြင့် ကိုင်တွယ်ကာ အသေအချာ ကြည့်ရှုလေသည်။

မြတင်းပေါက်မှဝင်နေသော နေရောင်ခြည်ဖြင့် ခံကြည့်သောအခါ အခန်းတွင်းမှာ အစိမ်းရောင်များက ပျံ့နှံ့သွားလေတော့သည်။

ဦးကျောက်လုံးက. . . မြကျောက်ကို စိတ်ကျေနပ်လောက်အောင် အသေအချာကြည့်ရှုပြီးမှ မူလနေရာဖြစ်သော ဗူးအတွင်းသို့ ပြန်ချထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အရှည်အသွေးကတော့ ဘာမှ ပြောစရာမရှိပါဘူး။ မသွေးမဖြတ်ခင် သဘာဝအတိုင်းမှာတောင် အရှည်အသွေး ကောင်းနေရင် တကယ်လို့များ သွေးဖြတ်ပုံဖော်ပြီးရင်တော့ တန်ဖိုးမဖြတ်နိုင်လောက်တဲ့ ကျောက်တစ်ပွင့် ဖြစ်မှာပါပဲ. .၊ ဒါထက် စကားမစပ် မေးရဦးမယ်၊ ခရီးသွားလာရင်းနဲ့ ဒီလို ကျောက်ကောင်းတွေ အတော်ရခဲ့တယ် ထင်ပါရဲ့"

"ဟုတ်ကဲ့ ရသင့်သလောက်တော့ ရခဲ့ပါတယ်"

"ဒါထက် တစ်မျိုးတော့ မထင်ပါနဲ့၊ ဒီကျောက်တွေကို သင့်မြတ်တဲ့ ဈေးများရရင် ရောင်းချဖို့ အစီအစဉ်များ ရှိပါသလားမောင်"

"မရှိပါဘူးဗျာ၊ ကျွန်တော်က ခရီးသွားလာရင်းနဲ့ ရခဲ့တဲ့ပစ္စည်းတွေကို အမှတ်တရအဖြစ် သိမ်းထားတာ များပါတယ်"

ထိုသို့ပြန်ပြောသဖြင့် ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေရင်းမှ ပြန်ထလေသည်။

"အခုလို စိတ်ရှည်လက်ရှည်ပြပေးတာ ကျေးဇူးတင်ပါတယ် မောင်ရင်၊ ပြန်လိုက်ပါဦးမယ်"

ဟု ပြောဆိုနှုတ်ဆက်ပြီး ပြန်သွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ကျေနပ်စွာ တစ်ချက်ပြုံးရင်း ထိုလူကြီး ကိုင်တွယ်ကြည့်သွားသော သတင်းစာနှင့် ဂျာနယ်များကို သီးခြားဖယ်ထားလိုက်သည်။

နောက်နှစ်ရက်ခန့် ကြာသောအခါမှာတော့ ဒေါက်





တာမင်းထင်ကျော် နေသောအိမ်သို့ အနုကြမ်းဝင်စီးခြင်း ခံရလေသည်။

ညဘက်လူခြေတိတ်သောအချိန်ရောက်မှ. . .ဝင်ရောက်လာကြခြင်း ဖြစ်သည်။ ဒေါက်တာမင်းထင်ကျော်နေသော ရွှေတောင်ကြား(ယခင်က ကုလားကုန်းဟုခေါ်သည်) ရပ်ကွက်မှာ သစ်ပင်ကြီးများ အုပ်ဆိုင်းနေပြီး လူနေအိမ်ခြေကျဲပါးလှသောကြောင့် ညအချိန်မဆိုထားနှင့် နေ့အချိန်မှာပင် လူသွားလူလာ မရှိသလောက် နည်းပါးလှသော နေရာမျိုးဖြစ်သည်။

ထိုအချိန်ရောက်မှ လူဆိုးများ ရောက်လာသည့်အခါ နံဘေးပတ်ဝန်းကျင်မှ အကူအညီ မရနိုင်လောက်သောကြောင့် လူကိုအန္တရာယ်မဖြစ်စေပဲ ၎င်းတို့အလိုရှိသည့်ပစ္စည်းကို ပေးရုံသာ ရှိပေတော့သည်။

ဝင်ရောက် အနုကြမ်း စီးကြသူများမှာ စုစုပေါင်း ငါးယောက်ဖြစ်သည်။ မျက်စိပေါက်သာပါသော ခေါင်းစွပ်များ စွပ်ထားသောကြောင့် ဘယ်သူဘယ်ဝါမှန်း မသိနိုင်ပေ။

လူငါးယောက်တွင် ခြောက်လုံးပြူး သေနတ်နှစ်ဘက်ပါလာလေသည်။

ခြံစောင့်များကို ကြိုးဖြင့်တုပ်ကာ ဖမ်းဆီးချုပ်နှောင်ပြီး တံခါးဖွင့်ဝိုင်း၍ အိမ်တွင်းသို့ ရောက်လာကြခြင်းဖြစ်သည်။ ၎င်းတို့ဝင်ရောက်လာသောအချိန်က ဒေါက်တာမင်းထင်ကျော်မှာ အပေါ်ထပ် စာကြည့်ခန်း၌ စာဖတ်နေသော အချိန်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

လူဆိုးများမှာ သုံးယောက်က အောက်ထပ်၌ စောင့်နေကြပြီး သေနတ်ကိုင်ထားသော နှစ်ယောက်က အပေါ်ထပ်သို့ တက်လာကြသည်။ ခြေသံကြားသဖြင့် အပြင်ထွက်ကြည့်တော့ မံနီးမဝေး ရောက်နေကြပြီး သေနတ်ဖြင့် ချိန်ထားကြသည်။

"နည်းနည်းမှ မလှုပ်ပါနဲ့"

"ဘာလိုချင်ကြလို့လဲ"

ဒေါက်တာမင်းထင်ကျော်က အေးအေးဆေးဆေးပင် ပြန်မေးလိုက်သည်။

"ထွေထွေထူးထူးလည်း ပြောမနေတော့ပါဘူး..။ သတင်းစာထဲမှာ ပါတဲ့အတိုင်း ခင်ဗျားရလာတဲ့ မြကျောက်တွေကို လိုချင်လို့ လာတာပဲ၊ အေးအေးဆေးဆေး ထုတ်ပေးမလား၊ ဒါမှမဟုတ် အသက်ကိုသတ်ပြီးမှ ကျုပ်တို့ဘာသာ ရှာယူရမှာလား"

"ရှာစရာမလိုပါဘူး..၊ ကျုပ်က ဒီပစ္စည်းတွေကို ဒီလောက်မက်မောနေတဲ့ လူတစ်ယောက်လည်း မဟုတ်ပါဘူး၊ ဟိုအိပ်ခန်းထဲက စားပွဲပေါ်မှာ ဗူးတွေနဲ့ထည့်ပြီး တင်ထားတယ်၊ လိုချင်တဲ့ပစ္စည်းသာ ယူသွားကြပေတော့"

ဟုပြန်ပြောသဖြင့် တစ်ယောက်က ဒေါက်တာမင်းထင်ကျော်အား သေနတ်ဖြင့်ချိန်ထားပြီး ကျန်တစ်ယောက်က စာကြည့်ခန်းနှင့် ကပ်ချက်၌ရှိသော အိပ်ခန်းတွင်းသို့ ဝင်ကြည့်





လေသည်။

ထွေထွေထူးထူး ရှာစရာမလိုပဲ စားပွဲပေါ်မှာ ကတ္တီပါဗူးများနှင့် ထည့်ထားသော မြကျောက်များကို တွေ့ရသဖြင့် အိတ်တစ်လုံးထဲသို့ အားလုံးကို ထည့်ယူလေတော့သည်။

လူဆိုးများမှာ ၎င်းတို့ ထင်ထားသလောက် ခက်ခက်ခဲခဲမရှိလှပဲ လိုချင်သောပစ္စည်းများကို အလွယ်တကူ ရကြသဖြင့်လည်း ကျေနပ်နေကြဟန် ရှိကြသည်။

နောက်တော့ ပြန်ထွက်သွားကြလေတော့သည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ပီရူးနိုင်ငံမှပင် တကူးတက သယ်ယူလာခဲ့သော မြကျောက်များကို လူဆိုးများလက်သို့ ပါသွားသော်လည်း ထူးထူးခြားခြားမဖြစ်လှပဲ ဆေးတံကိုပင် မီးညှိပြီးအေးအေးဆေးဆေး ဖွာနေလိုက်သေးသည်။

နောက်တစ်နေ့ရောက်တော့ ဗတန်းဂါတ်တဲမှ အမှုလိုက်စုံထောက်ကျော်စွာတစ်ယောက် လင့်ရှိဘာကားဖြင့် ရောက်လာလေတော့သည်။

ဧည့်ခန်းရောက်ပြီး ဒေါက်တာမင်းထင်ကျော်နှင့် တွေ့သောအခါ သူကမေးသည်။

"ဆရာ့အိမ်ကို ညက အနုကြမ်းဝင်စီးပြီလား"

မှဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြသည်။

"သိပ်တော့ မစောင့်လိုက်ရပါဘူး၊ သုံးရက်လောက်နဲ့ ရောက်လာကြတာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလို သေချာပေါက်လာမယ်မှန်းသိရက်နဲ့ ဆရာရယ် တစ်ခါတည်းစောင့်ဖမ်းရင် မဖြစ်ဘူးလား"

"ဒီလောက်လည်း မလောပါနဲ့ ကိုကျော်စွာရယ်၊ ဒီလောက်သိရပြီ ဆိုမှတော့ ဘယ်အချိန်မဆို ဖမ်းလို့ရနိုင်တာပဲ"

"ဒါဖြင့် ဘယ်သူဆိုတာရော စုံစမ်းလို့ သိရပြီလား ဆရာ"

"သိတန်သလောက်တော့ သိရပါပြီ"

"ဒါဖြင့် ဆရာ မြကျောက်တွေ ရလာတယ်ဆိုတာ သူတို့သိအောင် သတင်းထောက်တွေနဲ့တွေ့ပြီး တမင်ပြောပြလိုက်တာမဟုတ်လား"

ဒေါက်တာမင်းထင်ကျော်က ကော်ဖီသောက်ရင်း ခေါင်းညိတ်ပြလိုက်သည်။

"ကျွန်တော် နိုင်ငံခြားက ပြန်ရောက်လာတော့. . . ရန်ကုန်မြို့မှာ လူဆိုးဂိုဏ်းတစ်ဂိုဏ်း အတော်အတင့်ရဲနေတယ်လို့ ကိုကျော်စွာက ပြောပြခဲ့တာနဲ့ ငါးစာချပြလိုက်တဲ့သဘောပါပဲ၊ သတင်းစာမှာ သတင်းပါပြီးတာနဲ့ ချက်ချင်းရောက်လာပြီး အခြေအနေ လာကြည့်တော့တာပါပဲ"

"သူရောက်လာတော့ ဘယ်လိုသဲလွန်စတွေ ရလိုက်သလဲ"

"ကျွန်တော် အပေါ်တက်သွားပြီး တစ်နေရာကစောင့်ကြည့်တော့ စားပွဲပေါ် ချထားတဲ့ ဂျာနယ်နဲ့ သတင်းစာ

အောင်မြင်စာပေ



တွေကို ကပျာကယာ လှန်ကြည့်တယ်၊ ကျွန်တော်က အနုစွမ်းစီးတဲ့ သတင်းတွေကို မှန်နီနဲ့ မျဉ်းသားထားတာတွေကိုပဲ ကြည့်တယ်"

"နောက်တော့"

"ကျွန်တော်က သူပြခိုင်းတဲ့ မြကျောက်ကိုပြတော့ လက်ဗွေရာကျန်မှာစိုးလို့ ပုဝါနဲ့ကိုင်ကြည့်တယ်၊ ဒါပေမယ့် သတင်းစာတွေ ကြည့်တုန်းက ဒီအတိုင်း ကိုင်ကြည့်မိတာတော့ သတိမေ့နေတာဖြစ်မယ်"

"ကျားရှေ့မှောက်မှာမှ ခြေခေါက်လဲသလိုမျိုး ဖြစ်သွားတာပေါ့"

"သူကိုင်သွားတဲ့ သတင်းစာနဲ့ ဂျာနယ်တွေကို သပ်သပ်ဖယ်သိမ်းထားတယ်၊ အဲဒီမှာ သူ့ရဲ့လက်ဗွေရာ ရနိုင်တယ်"

"တော်ပါပေရဲ့ ဆရာရယ်၊ ဒါကြောင့် ကျွန်တော်တို့အဖွဲ့တွေက အရေးအကြောင်းရှိရင် ဆရာ့ကိုပဲ အားကိုးနေကြရတယ်၊ ဒါထက်. . ဆရာ တကူးတက ဆယ်ယူလာခဲ့တဲ့ မြကျောက်တွေကတော့ သူတို့နောက် ပါသွားပြီပေါ့နော်"

ဒေါက်တာမင်းထင်ကျော်က အသာအယာ ခေါင်းခါပြလိုက်သည်။

"ကျွန်တော်ယူလာတဲ့ မြကျောက်အစစ်တွေက လုံခြုံတဲ့နေရာမှာ သိမ်းထားပြီးသားပါ၊ သူတို့ဆီပါသွားတဲ့ကျောက်တွေက အားလုံးအတုတွေချည်းပါပဲ"

အောင်မြင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မြွေပွေး ပိုးထိတယ်ဆိုတာ ဒါမျိုးပဲ ဖြစ်မယ်ထင်ပါတယ်၊ ဒါထက် ဆရာ့ဆီရောက်လာတဲ့အဖွဲ့က အခုတလော ရန်ကုန်မြို့မှာပေါ်နေတဲ့ ဒုစရိုက်အဖွဲ့က လူတွေဖြစ်နိုင်သလား"

"ဖြစ်နိုင်ပါတယ်၊ သတင်းစာတွေပေါ်မှာ ကျန်ခဲ့တဲ့ လက်ဗွေရာတွေ စစ်ဆေးကြည့်ရင် အဖြေတစ်ခုတော့ သိရနိုင်ပါတယ်"

စုံထောက်ကျော်စွာက သောက်လက်စ လက်ဘက်ရည်ပန်းကန်ကို ပြန်ချထားလိုက်သည်။

"ဒီအဖွဲ့ကို မြန်မြန်ဖမ်းမိပြီး ဖော်ထုတ်နိုင်မှ ဖြစ်မယ် ဆရာ၊ သူတို့ကြောင့် ကျွန်တော်တို့ ပုလိပ်အဖွဲ့ပါ သိက္ခာကျနေရတယ်၊ အထက်လူကြီးတွေ ကြိမ်းမောင်းတာတွေ ခံရပါများလို့ ခေါင်းတွေလည်းပူ၊ နားတွေလည်း ပူလှပါပြီ"

"ဒီလိုပါပဲ၊ ရာထူးကြီးပြီး အပေါ်ရောက်လေလေ အလုပ်ထက် ပြောဖို့ပဲတာဝန်ရှိကြတော့ သူတို့တာဝန်က ပြောရမှာပဲ. . အလုပ်လုပ်တာကျတော့ အောက်ကလူတွေ လုပ်ကြပေါ့"

"အမှန်ပါပဲ ဆရာရယ်၊ ဒါထက် ကျွန်တော်တို့ နိုင်ငံမှာ လဲ အပြောင်းအလဲ ဖြစ်ကာစမို့လား မပြောတတ်ပါဘူး၊ ဒုစရိုက်မှုတွေ သိပ်များပြီးတော့ သောင်းကျန်းနေကြတယ် နော်"

"ဒါကတော့ မထူးဆန်းတော့ပါဘူး၊ ဒီမှာ အပြောင်း





အလဲကာလမို့ ဒုစရိုက်မှုတွေ များသလိုပါပဲ၊ ကမ္ဘာအရပ်ရပ်မှာရှိတဲ့ ဖွံ့ဖြိုးတိုးတက်ပြီးသား နိုင်ငံကြီးတွေမှာလည်း ကမ္ဘာကျော် ဒုစရိုက်ဂိုဏ်းကြီးတွေ ရှိနေကြတာပါပဲ ကိုကျော်စွာရယ်"

ဒေါက်တာမင်းထင်ကျော်က စီးကရက်သောက်ရင်း ကမ္ဘာပေါ်မှ ကမ္ဘာကျော် ဒုစရိုက်ဂိုဏ်းကြီးများ အကြောင်းကို ပြောပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com







အခန်း(၇)

# ကမ္ဘာကျော် ဒုစရိုက်ဂိုဏ်းကြီးများ

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစ ၁၉၄၈-နောက်ပိုင်းကာလများတွင် ဒုစရိုက်မှု အများဆုံး အချိန်ကာလများအဖြစ် သတ်မှတ်ရပေမည်။

အုပ်ချုပ်ရေးက မတည်မငြိမ် ပါတီအချင်းချင်းကမညီညွတ်၊ ထို့ပြင် ရောင်စုံသောင်းကျန်းသူတို့က နေရာအနှံ့တွင် အုံ့သီးသီးပေါ်ပေါက်ကာ ပြည်သူတို့မှာအားကိုးစရာမရှိသကဲ့သို့ဖြစ်ကာ များစွာဒုက္ခရောက်ကြရသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ရောင်စုံသောင်းကျန်းသူတို့ကလည်း ကျေးလက်တောရွာများသာမကပဲ မြို့များအထိ တက်ရောက်ကာ နှိပ်စက်ကြသည်။ ထိုကဲ့သို့ မငြိမ်မသက် ဖြစ်နေသောအချိန်တွင် ဓားပြဂိုဏ်းများကလည်း နေရာအနှံ့တွင် ပေါ်ပေါက်လာကြလေသည်။

၁၉၅၀-ခုနှစ် ဝန်းကျင်လောက်က ပဲခူးနယ်ဘက်တွင် နဂါးနက်ဂိုဏ်း ပေါ်ပေါက်ခဲ့သည်။ ထိုဂိုဏ်းမှာ သူပုန်ဂိုဏ်းမဟုတ်ပဲ ဓားပြဂိုဏ်းပင် ဖြစ်ပေသည်။

ထိုဂိုဏ်း ပြိုကွဲသွားပြီး နောက်ပိုင်းမှာလည်း တစ်ဗိုလ်ဆင်း တစ်ဗိုလ်တက် ဆိုသလို နောက်ထပ် ဓားပြဂိုဏ်းများ လူဆိုးဂိုဏ်းများ ပေါ်ပေါက်ခဲ့သည်။

ရန်ကုန်မြို့မှာလည်း လူမိုက်များအုပ်ချုပ်သော လူမိုက်ဂိုဏ်းများ ပေါ်ပေါက်ခဲ့ကြသည်။

ကုလားလူမိုက် ပတ်စတီးခန်း၊ သော်မဆင်ဘက်မှ မန်မဆာ၊ ဗိုလ်တစ်ထောင်ငမိုး၊ လမ်းမတော်ဖိုးတုတ်၊ ပုဇွန်တောင်ဘထွန်း စသောလူမိုက်ကြီးများမှာ နောက်ပါလူမိုက်များအား အုပ်ချုပ်ကာ ဂိုဏ်ထောင်ခဲ့ကြသည်။

ထို့အတူပင် ကမ္ဘာ့နေရာအနှံ့အပြားမှာလည်း ဂိုဏ်းထောင်ပြီး မကောင်းမှုလုပ်ကိုင်ကာ ကြီးပွားချမ်းသာကြသော လူဆိုးလူမိုက်ဂိုဏ်းကြီးများ ရှိခဲ့ကြသည်။

ကမ္ဘာကျော် ဒုစရိုက်ဂိုဏ်းကြီးများအကြောင်းကို အကျဉ်းမျှဖော်ပြပါမည်။





“ဂိုဏ်း”(Gang) ဆိုသည်မှာ လူတစ်ဦးထက်ပိုသော အဖွဲ့အစည်း အထူးသဖြင့် တရားမဝင် ရာဇဝတ်လုပ်ငန်းများကို အစုအဖွဲ့လိုက် ပူးပေါင်းလုပ်ကိုင်ကြသော သူများကိုခေါ်သည့် အသုံးအနှုန်းဖြစ်သည်။

ယနေ့ခေတ်တွင် ဒုစရိုက်ဂိုဏ်းသား (Gangster)ဆိုသော အသုံးအနှုန်းသည် လူငယ်များအကြား တွင်ကျယ်သောအသုံးအနှုန်းလည်း ဖြစ်သည်။

ကမ္ဘာ့နိုင်ငံ အသီးသီးတွင် ဒုစရိုက်ဂိုဏ်းကြီးများ အများအပြား ရှိပါသည်။

ထင်ရှားသော ဂိုဏ်းများမှာ ဂျပန်နိုင်ငံမှ ယာကူဆာ (Yakuza) အီတလီနှင့် ရုရှားနိုင်ငံများမှ မာဖီးယား(mafia) တရုတ်နိုင်ငံမှ ဟောင်ကောင်လူမိုက်ဂိုဏ်းများ(Chinese Triads)နှင့် မြွေခေါင်းဂိုဏ်း(Snakehead) အိန္ဒိယနိုင်ငံမှ လူမိုက်ဂိုဏ်းများ၊ (Indian Thugs)စကော့တလန်နိုင်ငံမှ ပဲနီလူဆိုးဂိုဏ်း(Penny Mobs)အင်္ဂလန်နိုင်ငံမှ အနူကြမ်းအဒမ်ဂိုဏ်း(Adam the Leper)၊ အမေရိကန်နိုင်ငံမှ ကောင်းဘွိုင်လူဆိုးဂိုဏ်း (Old West outlaw Gangs) စသည်တို့ဖြစ်ကြသည်။

အိန္ဒိယနိုင်ငံတွင် ၁၇၉၄နှင့် ၁၈၄၀-ခုနှစ်အကြား ဒုစရိုက်ဂိုဏ်းများကြောင့် သေဆုံးခဲ့ရသူ တစ်သန်းကျော် ရှိပေသည်။

၁၇-ရာစုတစ်ဝိုက်တွင် လန်ဒန်သည် ဒုစရိုက်ဂိုဏ်း



www.burmeseclassic.com

www.burmeseclassic.com



များကြီးစိုးရာမြို့ ဖြစ်ခဲ့သည်။

၁၉၂၀-ခန့်တွင် ချီကာဂိုမြို့မှာ ဒုစရိုက်ဂိုဏ်းပေါင်း (၁၀၀၀)ကျော်ရှိခဲ့သည်။

အဆိုပါဂိုဏ်းများမှ အများစုမှာ တရားမဝင် ဒုစရိုက်လုပ်ငန်းများနှင့် ဝင်ငွေရှာကြပြီး နောက်ပိုင်းကာလတွင် မူးယစ်ဆေးဝါးရောင်းဝယ်မှုသည် အဓိကဝင်ငွေရသည့် လမ်းဖြစ်လာသည်။

၂၀၁၃-ခုနှစ်တွင် အမေရိကန်နိုင်ငံမှာ ကောက်ယူခဲ့သော စစ်တမ်းတစ်ခုအရ တစ်နှစ်အတွင်း ကုတ်ကင်းရောင်းဝယ်မှုဖြင့် ဝင်ငွေသည် ဒေါ်လာ(၃၄)ဘီလျံဖိုးအထိ မြင့်တက်ခဲ့ပြီး အများစုသည် ဒုစရိုက်ဂိုဏ်းများ၏ လက်ချက်ဖြစ်သည်။

ထို့ပြင် လူကုန်ကူးခြင်း၊ အကြွပ်ကိုင် ငွေညှစ်ခြင်း စသောလုပ်ငန်းများမှရသော ဝင်ငွေမှာ မနည်းလှပေ။

ဒုစရိုက်ဂိုဏ်းအများစုသည် ဥပဒေကို လက်တစ်လုံးခြားသော်လည်းကောင်း ချိုးဖောက်ပြီး သာမန်ပြည်သူများ၏ ဘေးကင်းလုံခြုံမှုကို နည်းအမျိုးမျိုးနှင့် နှောက်ယှက်ဖျက်ဆီးနေကြသည်။

သို့ဖြစ်၍ လက်ရှိကမ္ဘာတစ်ဝှမ်းတွင် အကြီးဆုံး ဒုစရိုက်ဂိုဏ်းများ၊ ၎င်းတို့၏ ဝင်ငွေပမာဏနှင့် ငွေရှာသည့် နည်းလမ်းများကို အကျဉ်းမျှဖော်ပြပါမည်။

ကမ္ဘာ့အကြီးဆုံး ဒုစရိုက်ဂိုဏ်းကြီး (၅)ခုအကြောင်းကို ဖော်ပြပါမည်။





## ယာမာဂူချီဂူမိ (ဂျပန်နိုင်ငံ)

ယနေ့ ကမ္ဘာတွင် အကြီးဆုံး ဒုစရိုက်ဂိုဏ်းဟူ၍ လူသိများသည့် ဂိုဏ်းကြီးမှာ ဂျပန်နိုင်ငံမှ ယာမာဂူချီဂူမိယာကူဇာဂိုဏ်းဖြစ်သည်။

ထိုဂိုဏ်း၏ တစ်နှစ်ဝင်ငွေမှာ ဒေါ်လာဘီလျံ(၈၀)ဖြစ်သည်။ အဓိကဝင်ငွေသည် မူးယစ်ဆေးဝါး ရောင်းဝယ်မှုမှရခြင်း ဖြစ်သည်။

ထို့ပြင် လောင်းကစားနှင့် အကြွပ်ကိုင် ခြိမ်းခြောက်ငွေညှစ်မှုများမှလည်း ဝင်ငွေကောင်းသည်ဟု ဂျပန်ရဲချုပ်ဟောင်း ဟိရိုမစ်ဆုဂါနူမာက ရှင်းပြခဲ့သည်။

ယာကူဇာများ ဂျပန်နိုင်ငံတွင် ပေါ်ပေါက်ခဲ့သည်မှာ နှစ်ပေါင်းရာနှင့်ချီနေပြီဖြစ်သည်။ ၎င်းတို့သည် ဗဟိုချုပ်ကိုင်မှုအများဆုံး ဒုစရိုက်အဖွဲ့အစည်းအဖြစ် ရပ်တည်ကြသည်။

တရုတ်နှင့် အရှေ့အာရှနိုင်ငံများမှ လူမိုက်ဂိုဏ်းများသည် မိသားစုပုံစံ ဖွဲ့စည်းထားကြသည်။

သို့သော် ဂျပန်ယာကူဇာများကမူ သစ္စာတရားနှင့် အကြွင်းမဲ့အာဏာကို ထူထောင်ထားကြသည်။

လူတစ်ယောက်သည် ယာကူဇာဂိုဏ်းထဲ ဝင်လိုက်ပြီဆိုသည်နှင့် "ဂိုဏ်းအတွက်ဆိုပါက မည်သည့်အရာကိုမဆို စွန့်လွှတ်ပါမည်"ဟု သစ္စာဆိုထားရသည်။

နောက်ပိုင်းနှစ်များတွင် ဂျပန်အစိုးရသည် ယာကူဇာ



www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းများကို ပြင်းပြင်းထန်ထန် နှိမ်နင်းခဲ့သော်လည်း ဝင်ငွေကောင်းသောဂိုဏ်းကြီးများသည် အင်အားကြီးမားစွာ ရှင်သန်နေဆဲ ဖြစ်ပေသည်။

## ဆွန်(လ)ဆက်စကာယ်ဘရတ်ဗာ(ရုရှားနိုင်ငံ)

ဆွန်(လ)ဆက်စကာယ်သည် ရုရှား၏အကြီးဆုံး မာဖီးယားဂိုဏ်းကြီးဖြစ်သည်။ ၎င်းဂိုဏ်းသည် ယာကူဇာတို့နှင့် ဖွဲ့စည်းပုံချင်း ဆန့်ကျင်ဘက်ဖြစ်သည်။

အောက်စဖို့(ဒ)တက္ကသိုလ်က ဒုစရိုက်ဗေဒ ကျွမ်းကျင်ပညာရှင် ဖရက်ဒါရီကို ဗာရီစီ၏ ပြောကြားချက်အရ မာဖီးယားတို့သည် ဗဟိုချုပ်ကိုင်မှု အနည်းဆုံး အဖွဲ့အစည်းဟု သိရှိရပေသည်။

ဆွန်(လ)ဆက်စကာယ်ဂိုဏ်းမှ ဂိုဏ်းခွဲဆယ်ခုရှိပြီး ထိုဂိုဏ်းခွဲများသည် တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်းပူးပေါင်းဆောင်ရွက်ခြင်း မရှိလှပေ။

ဂိုဏ်းခွဲမှူးတစ်ဦးစီသည် ကိုယ့်ဂိုဏ်းခွဲကို လွတ်လပ်စွာ အုပ်ချုပ်ခွင့်ရပြီး ဝင်ငွေကို ဂိုဏ်းတစ်ခုလုံးနှင့် မျှ၍သုံးရသည်။ ထိုဂိုဏ်း၏ တစ်နှစ်ဝင်ငွေမှာ ဒေါ်လာ(၈.၅)ဘီလီယံ ဖြစ်သည်။

ဂိုဏ်းခွဲမှူးဆယ်ယောက်နှင့် ဂိုဏ်းချုပ်၊ ဒုဂိုဏ်းချုပ်တို့ပါဝင်သော (၁၂)ဦး ကော်မီတီသည် ပုံမှန်တွေ့ဆုံ အစည်းအ





ဝေးပြုလုပ်လေ့ရှိသည်။ ထိုအစည်းအဝေးများကို ကမ္ဘာ့နေရာအနှံ့တွင် ပြောင်းလဲကျင်းပလေ့ ရှိပေသည်။

အဆိုပါဂိုဏ်းတွင် ဂိုဏ်းဝင်ပေါင်း(၉၀၀၀)ခန့် ရှိသည်ဟု သိရပြီး မူးယစ်ဆေးဝါးရောင်းဝယ်မှု လူကုန်ကူးမှုများဖြင့် ဝင်ငွေရှာဖွေသည်။

## ကာမိုရာ(အီတလီနိုင်ငံ)

လက်ရှိ ဆယ်စုနှစ်များအတွင်းမှာ အီတလီနှင့် အမေရိကန် မာဖီးယားဂိုဏ်းများသည် တရားဥပဒေ စိုးမိုးရေးအတွက် နှိမ်နင်းခံခဲ့ရသဖြင့် အလွန်အင်အားနည်းသွားခဲ့သည်။

သို့သော် . . အီတလီမှ သက်တော်ရှည် မာဖီးယားဂိုဏ်းကြီးများသည် အားကောင်းနေဆဲ ဖြစ်သည်။

ကတ်တိုလီဂါတက္ကသိုလ်က (၂၀၁၃)တွင် ပြုလုပ်ခဲ့သော စစ်တမ်းတစ်ခုအရ မာဖီးယားတို့သည် ဒုစရိုက်လုပ်ငန်းများကြောင့် တစ်နှစ်ဝင်ငွေ ဒေါ်လာ(၃၃)ဘီလီယံရှိပြီး ထိုငွေများကို ဂိုဏ်းကြီးလေးခုက ခွဲဝေရရှိကြောင်း သိရှိရသည်။

၎င်းတို့အနက် အအောင်မြင်ဆုံးဂိုဏ်းမှာ ကာမိုရာဂိုဏ်း ဖြစ်သည်။ တစ်နှစ်ဝင်ငွေဒေါ်လာ (၄.၉)ဘီလီယံရှိသော ထိုဂိုဏ်းကြီးသည် လိင်ကျွန်ရောင်းဝယ်မှု၊ လက်နက်နှင့် မူးယစ်ဆေးဝါး ကုန်ကူးမှု၊ အတုပြုလုပ်မှု၊ လောင်းကစားမှု၊ လူသတ်မှု၊ ခြိမ်းခြောက်ငွေညှစ်မှုများကြောင့် ဝင်ငွေကောင်းနေ



www.burmeseclassic.com

www.burmeseclassic.com



ခြင်း ဖြစ်ပေသည်။

ထိုဂိုဏ်းကို နေပယ်မြို့တွင် (၁၉)ရာစုကတည်းက တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ မူလက ထောင်တွင်းဂိုဏ်းတစ်ဂိုဏ်း ဖြစ်ခဲ့သည်။ အဆိုပါဂိုဏ်းဝင်များ ထောင်ကလွတ်လာသည့်အချိန်မှာမူ ဒုစရိုက်ဂိုဏ်းတစ်ခုအနေဖြင့် ရပ်တည်ခဲ့သည်။

၁၈၀၀-ပြည့်နှစ်တစ်ဝိုက် အီတလီနိုင်ငံရေး အကျပ်အတည်းကာလတွင် ထိုဂိုဏ်းသည် နိုင်ငံရေးသမားများကို ငွေကြေးယူပြီး အကာအကွယ်ပေးသောအလုပ်ကို လုပ်ပေးခဲ့သည်။ ထိုနည်းတူစွာ နိုင်ငံရေးအဖွဲ့အစည်းတို့၏ လက်ကိုင်တုတ်လည်း ဖြစ်ခဲ့သည်။

## အန်ဒရန်းဂီတာ (အီတလီနိုင်ငံ)

အီတလီနိုင်ငံ ကာလာဘရီးယားဒေသမှာ အခြေစိုက်သည့် အန်ဒရန်းဂီတာဂိုဏ်းသည် အီတလီ၏ ဒုတိယအကြီးဆုံး မာဖီးယားဂိုဏ်းဖြစ်သည်။

ထိုဂိုဏ်း၏တစ်နှစ်ဝင်ငွေသည် ဒေါ်လာ(၄. ၅)ဘီလျံ ဖြစ်သည်။ အန်ဒရန်းဂီတာဂိုဏ်းသည် ကာမိုရာဂိုဏ်းကဲ့သို့သော နည်းလမ်းများဖြင့် ဝင်ငွေရှာသည့်အပြင် ဂိုဏ်း၏ ကျော်စောမှုကို ဥရောပတစ်ခွင် ဖြန့်ကျက်နိုင်သော အခြားအကြောင်းတစ်ခုလည်း ရှိပေသေးသည်။





ဂုဏ်းမှာ တောင်အမေရိကတိုက်မှ ကိုကင်းကုန်သည်များနှင့် နိုင်ငံတကာ ဆက်ဆံရေး တည်ဆောက်ပြီး ဥရောပမူးယစ်ဆေးဝါးဈေးကွက်ကြီး တစ်ခုလုံးကို ထိန်းချုပ်ထားခြင်း ဖြစ်ပေသည်။

ထိုဂိုဏ်းသည် အမေရိကန်နိုင်ငံလည်း ခြေဆန့်ထားပြီး နယူးယောက်က နာမည်ကြီး ဂိုဏ်းများဖြစ်သော ဂမ်ဘီနို၊ ဘွန်နာနို တို့နှင့် ပူးပေါင်းကာ မူးယစ်ကုန်ကူးမှု ပြုလုပ်သည်။

အီတလီနှင့် အမေရိကန်ရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ အန်ဒရန်းဂီတာနှင့် ဂမ်ဘီနိုဂိုဏ်းဝင် အများအပြားကို ဖမ်းဆီးခဲ့ပါသည်။

ဖမ်းဆီးရမိသူများကို မူးယစ်ကုန်ကူးမှုနှင့် တရားစွဲဆိုပြီး အရေးယူမှုများလည်း ပြုလုပ်ခဲ့သည်။

## ဆီနာလို အာဂဘာတယ်(မက္ကဆီကို)

ဆီနာလိုအာသည် မက္ကဆီကို၏ အကြီးဆုံး ဒုစရိုက်ဂိုဏ်းကြီးဖြစ်သည်။ ထိုဂိုဏ်း၏ တစ်နှစ်ဝင်ငွေသည် ဒေါ်လာ(၃. ၅)ဘီလျံဖြစ်သည်။

ဆီနာလိုအာ ဂိုဏ်းဝင်များသည် အခြားမက္ကဆီကိုဒုစရိုက်ဂိုဏ်းများကဲ့သို့ပင် ပြည်သူလူထုကို နှိပ်စက်ကလူပြုသည်။

ထို့ပြင်တောင်အမေရိကတိုက်က မူးယစ်ဆေးဝါး



www.burmeseclassic.com

www.burmeseclassic.com



စိုက်ပျိုးထုတ်လုပ်သူများနှင့် အမေရိကန် စျေးကွက်အကြား တွင် ကြားလူအဖြစ် ဆောင်ရွက်သည်။

အမေရိကန်အိမ်ဖြူတော်က မူးယစ်ဆေးဝါး ထိန်းချုပ်ရေး မူဝါဒအဖွဲ့၏ ထုတ်ပြန်ချက်အရ အမေရိကန်နိုင်ငံသည် နှစ်စဉ်မူးယစ်ဆေးဝါး ဒေါ်လာဘီလျံ(၁၀၀)ဖိုးခန့် တင်သွင်းခံနေရသည်။

ထိုငွေထဲမှ ဒေါ်လာ(၆. ၅)ဘီလျံဖိုးသည် မက္ကဆီကိုဒုစရိုက်ဂိုဏ်းများက တင်သွင်းခြင်းဖြစ်ကြောင်း သိရှိရသည်။ ထိုအထဲတွင် ဆီနာလိုအာဂိုဏ်းသည် စျေးကွက်ဝေစု (၆၀) ရာခိုင်နှုန်းလောက် ရရှိထားပေသည်။

သို့သော် ပြီးခဲ့သည့် နှစ်ဆန်းပိုင်းက ဆီနာလိုအာဂိုဏ်းချုပ်ကို ဖမ်းဆီးရမိခဲ့သောကြောင့် ၎င်းတို့ဂိုဏ်းသည် သွေးထွက်သံယိုဖြစ်မည့် ကိစ္စများကို ရှောင်ရှားပြီး ၎င်းတို့၏ ခေါင်းဆောင် ပြန်လွတ်လာမည့်အချိန်ကို လက်သည်းဖုတ်စောင့်နေကြသည်။

အထက်၌ဖော်ပြခဲ့သည့်အတိုင်း ကမ္ဘာပေါ်တွင် အထိကရ လူဆိုးဂိုဏ်းကြီးများ ရှိသလို မြန်မာနိုင်ငံမှာလည်း လူဆိုးလူမိုက်ဂိုဏ်းများရှိခဲ့သည်။

၁၉၄၈-ခု နောက်ပိုင်းမှစပြီး နှစ်ပေါင်း(၂၀)ကျော်ခန့် ပြည်သူများကို သတ်ဖြတ်၊ မုဒိန်းကျင့်၊ ရှိသမျှ ဆန်ရေစပါး ကျွဲနွားတို့ကို သိမ်းယူ၊ ရွာလုံးကျွတ် လူသတ်မီးရှို့၊ သဘော်များကို နှစ်မြုပ်ဖျက်ဆီးခဲ့ကြသော ရောင်စုံသောင်းကျန်းသူ





များသည် မြန်မာပြည်အတွက်တော့ အထိကရ လူဆိုးဂိုဏ်းများ ဖြစ်ခဲ့လေသည်။

ကျေးလက်နှင့် နယ်မြို့ကလေးများမှာ နေထိုင်ကြသူတို့မှာ ၎င်းတို့ နှိပ်စက်သောဒဏ်ကို နှိပ်စက်သမျှ မခံနိုင်သဖြင့် ရန်ကုန်မြို့သို့ ရွှေ့ပြောင်းလာကြပြန်တော့လည်း လူဆိုးလူမိုက်ဂိုဏ်းသားတို့ နှိပ်စက်မှုကို ခံကြရပြန်သည်။

ခါးပိုက်နှိုက်ခံရခြင်း၊ လုယက်ခံရခြင်း၊ ဓားပြတိုက်ခံရခြင်း၊ လူဆိုးလူမိုက်တို့ မိုက်ကြေးခွဲခြင်းကို ခံကြရခြင်း၊ လူမိုက်ခေါင်းဆောင်တို့ကို ဆက်ကြေးပေးရခြင်း စသော မတရားပြုလုပ်မှုများကို ဆက်ပြီးခံကြရသည်။

သို့ကြောင့် ဒေါက်တာမင်းထင်ကျော် ပြောပြသော ကမ္ဘာကျော်လူဆိုးဂိုဏ်းကြီးများအပြင် ထိုအချိန်အခါ မြို့ပေါ်မှာဝင် ပြောင်ပြောင်တင်းတင်း လုပ်ကိုင်စားသော လူမိုက်ကြီးများ အုပ်ချုပ်သည့် လူမိုက်ဂိုဏ်းများနှင့် အဖွဲ့လိုက် စုကာခိုးခြင်း၊ ဝှက်ခြင်း၊ တိုက်ခိုက်လုယက်ခြင်း ပြုလုပ်ကြသည့် လူဆိုးဂိုဏ်းများလည်း ရှိခဲ့ပါကြောင်း. . .။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၈)

# ဒုစရိုက်သမားတို့ နှင့် မာယာကွန်ယက်

ထိုအချိန်က ရန်ကုန်မြို့လည်တစ်ဝိုက်လောက်တွင် ထင်ရှားသောဘဏ်အချို့ ရှိခဲ့လေသည်။ ထိုဘဏ်များတွင် အစိုးရပိုင်သောဘဏ်များရှိသလို ပုဂ္ဂလိကကုန်သည် လုပ်ငန်းရှင်များ ပိုင်ဆိုင်သောဘဏ်များလည်း ပါဝင်လေသည်။ အချို့ဘဏ်ကြီးများမှ အင်္ဂလိပ်လက်အောက်မှာ ရှိစဉ်ကတည်းက ဖွင့်ခဲ့သောဘဏ်များလည်း ပါဝင်လေသည်။

၁၉၅၀-ပြည့်နှစ် ပေါ်ပေါက်ခဲ့သော(ရှိနေခဲ့သော)

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ဘဏ်စာရင်းအချို့ကို လက်လှမ်းမီသမျှဖော်ပြပေးပါမည်။

အမှတ်(၅၂၆) ကုန်သည်လမ်း၌ရှိသော ဧစကော့ ကုမ္ပဏီဘဏ်၊ အမှတ်(၅၃၉) ကုန်သည်လမ်း၌ရှိသော ဗမာ နေရှင်နယ်ဘဏ်၊ ပန်းဆိုးတန်းလမ်း၌ရှိသော 'ဘင့်အော့ချိုင်း နား ရန်းဒါးတိုက်ဘဏ်၊ အမှတ်(၈၄) ရွှေဘုံသာလမ်းတွင်ရှိ သော ဘင့်အော့ချပ်တင်နပ်ဘဏ်၊ အမှတ်(၆၆၆) ကုန်သည် လမ်း၌ရှိသော ဘင့်အော့ကော်မြူနီကေးရှင်းဘဏ်၊ အမှတ် (၆၅၄) ကုန်သည်လမ်း၌ရှိသော စန်ထရယ်ဘင့်အော့အင်ဒီ ရာဘဏ်၊ အမှတ်(၂၇) ပန်းဆိုးတန်းလမ်း၌ရှိသော ချာတာ ဘင့်အော့အင်ဒီးယား၊ ဩစတီးရား၊ အင်ဒိုချိုင်းနားဘဏ်၊ အမှတ်(၅၅) ပန်းဆိုးတန်းလမ်းမှာရှိသော ဒေါ်ဆင်ဘဏ်၊ အမှတ်(၅၄၇) ကုန်သည်လမ်း နှင့်ပန်းဆိုးတန်းလမ်းထောင့်၌ ရှိသော ဂရင်းဒလေဘဏ်၊ အမှတ်(၅၆၄) ကုန်သည်လမ်း၌ရှိ သော ဟောင်ကောင်နှင့် ရှန်ဟိုင်းဘင့်ကင်းဘဏ်၊ အမှတ်(၁) ဆူးလေဘုရားလမ်း၌ရှိသော အင်ရီရီရယ်ဘင့်အော့အင်ဒီ ယာဘဏ်၊ အမှတ်(၈၅) ရွှေဘုံသာလမ်း၌ရှိသော အင်ဒီးရမ်း အိုဘားစီးဘင့်လီမိတက်ဘဏ်၊ အမှတ်(၄၅) ပန်းဆိုးတန်း လမ်း၌ရှိသော လွိုက်ဘင့်ဘဏ်၊ အမှတ်(၅၅၄) မားချင်းလမ်း ၌ရှိသော ဗားကင်းတိုင်ဘင့်အင်ဒီး ယားအော့လီမိတက် ဘဏ်၊ အမှတ်(၂၆-၄၂)ပန်းဆိုးတန်းလမ်း၌ရှိသော နေရှင် နယ်ဘင့်အော့အင်ဒီးယားဘဏ်၊ အမှတ်(၆၂၅) ကုန်သည် လမ်း၌ရှိသော နားသားလင်းထရေးဒင်းစိုကရီတီဘဏ်၊ အ





မှတ်(၅၁-၅၃) လတ္တာလမ်း(ယခု လသာလမ်း)၌ရှိသော အို ဗာစီးချိုင်းနီးဘင့်ကော်ပိုရေးရှင်းဘဏ်၊ အမှတ်(၆၆၆) ကုန် သည်လမ်း၌ဖွင့်လှစ်ထားသော သောမတ်(စ်)ကွတ်အင်ဆန်း ဘဏ်၊ အမှတ်(၂၄) ဆူးလေဘုရားလမ်း၌ရှိသော ပြည် ထောင်စုဘဏ်၊ အမှတ်(၁) မောင်ထော်လေးလမ်း၌ရှိသော ယူနိုက်တက်ကော်မာရှယ်ဘင့်ဘဏ်. . .

စသည့်ဘဏ်များ ဖြစ်ကြလေသည်။

ထိုဘဏ်များတွင် တရုတ်သူဌေး၊ ကုလားသူဌေးတို့ ပိုင်သောဘဏ်များပါဝင်သလို စုပေါင်းပြီးဖွင့်ထားသောဘဏ် များလည်း ပါဝင်လေသည်။

အစိုးရနှင့်သက်ဆိုင်သော ဘဏ်များလည်း ရှိကြ လေသည်။ ထိုဘဏ်များထဲတွင် သက်တမ်းအရှည်ဆုံးနှင့် အကြီးဆုံးဘဏ်တစ်ခုရှိသည်။

ဂရင်းဒလေ(Gindlay Bank Ltd., P.B.Y 547. Marchant st. M 561) ဘဏ်ပင်ဖြစ်သည်။ ဂရင်းဒလေ (ဂရင်းလေးဟုလည်းခေါ်သည်) ဘဏ်သည် ကိုလိုနီခေတ်က တည်းက ထင်ရှားသောဘဏ်များထဲတွင် တစ်ခုအပါအဝင် ဖြစ်ပေသည်။

ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းမကြီးနှင့် ကုန်သည် လမ်းထောင့်၌ တည်ရှိလေသည်။ ၎င်းဘဏ်သည် ကိုလိုနီ ခေတ်ကာလကပင် ဂရင်းဒလေဘဏ်၏ ရန်ကုန်ဘဏ်ခွဲ ဖြစ် ခဲ့ပြီး မြန်မာအပါအဝင် ဗြိတိသျှအိန္ဒိယတို့တွင် အကြီးဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဘဏ်တစ်ခုလည်း ဖြစ်ခဲ့သည်။

ဘဏ်အဆောက်အဦး ပုံသဏ္ဌာန်မှာ ခန့်ညားထယ်ဝါမှုရှိသည်။ စက်ဝိုင်းခြမ်းပုံသဏ္ဌာန် ဆင်ဝင်ကြီးနှင့် ဟိုင်းဟောက်နေသော ခြင်္သေ့ဦးခေါင်းတို့ဖြင့် အလှဆင်ထားသည်။

ရွှေရောင်မီးခံ သံမဏိတံခါးပုံစံ တံခါးမကြီးကပင် ဘဏ်၏လုံခြုံရေးအတွက် စိတ်ချရသော အနေအထားမျိုးရှိသည်။ အဆောက်အဦးအတွင်းရှိ ခန်းမအဝိုင်းကြီးမှာလည်း ရှေးအခါကတော့ ငွေသွင်းငွေထုတ်သူတို့ဖြင့် စည်ကားသော နေရာတစ်နေရာ ဖြစ်ခဲ့ပေသည်။

တစ်နေ့သ၌ ဂရင်းဒလေဘဏ်ရှေ့သို့ အနက်ရောင် မော်တော်ကားတစ်စင်း ဆိုက်လာလေသည်။

၁၉၅၅-ခုနှစ် ဝန်းကျင်အချိန်လောက်က ရန်ကုန်မြို့ပေါ်တွင် ဘတ်စ်ကားအချို့သာ အသွားအလာရှိပြီး ကိုယ်ပိုင်ကားစီးနိုင်သူ အရေအတွက်က အတော်ပင်နည်းလေသည်။

ထိုကားပိုင်ရှင်မှာ သူဌေးကြီး ဦးဘရှင်ပိုင်သောကားပင် ဖြစ်ပေသည်။

ဦးဘရှင်မှာ ဆန်စက်လုပ်ငန်း၊ ပွဲရုံလုပ်ငန်းတို့ဖြင့် ချမ်းသာကြွယ်ဝနေသူဖြစ်သည်။

ကားပေါ်တွင် သူဌေးဦးဘရှင်နှင့်အတူ အခြားသူဌေးနှစ်ယောက်လည်း ပါကြသေးသည်။

ကုန်သည်ကြီး ဦးစံပေါ်နှင့် ရွှေအရောင်းအဝယ်လုပ်





ငန်းဖြင့် ကြီးပွားချမ်းသာနေသော သူဌေးဦးဘရွှေတို့ပင် ဖြစ်ကြလေသည်။

၎င်းတို့ သုံးယောက်စလုံးမှာ ကုန်သည်ပွဲစား သူဌေးလောကတွင် မသိသူမရှိသော ထိပ်တန်းစာရင်းဝင် သူဌေးများလည်း ဖြစ်ကြသည်။ ထို့ပြင် သူဌေး၊ ကုန်သည်၊ ပွဲစားများ စုပေါင်းဖွဲ့စည်းထားသော ကုန်သည်ကြီးများ အသင်း၏ နာယက ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတာဝန် ယူထားကြသူတို့လည်း ဖြစ်ကြလေသည်။

သူဌေး ဦးဘရှင်က နာယကကြီးဖြစ်ပြီး ဦးရွှေတုက ဥက္ကဋ္ဌတာဝန် ယူထားသည်။ ဦးစံပေါ်ကတော့ ထိုအသင်း၏ အတွင်းရေးမှူးတာဝန် ယူထားရလေသည်။

ကုန်သည်ကြီးများအသင်းတွင် ရန်ကုန်မြို့မှာရှိသော သူဌေး၊ ကုန်သည်ပွဲစားများ အသင်းဝင်ထားကြသည်။

သို့သော် သာမန်ငွေရှိရုံနှင့်တော့ ထိုအသင်းကို ဝင်ခွင့်မရနိုင်ပေ။ သူဌေးစာရင်းဝင်မှသာ အဖွဲ့ဝင်အဖြစ် လက်ခံစာရင်းသွင်းသည်။

ကုန်သည်ကြီးများ အသင်းတွင် ရံပုံငွေ အမြောက်အများရှိသဖြင့် ဂရင်းဒလေဘဏ်၌ အပ်နှံထားလေသည်။ အဖွဲ့အတွက် အသုံးပြုရန်ရှိလျှင်သော်လည်းကောင်း၊ သို့မဟုတ် အဖွဲ့ဝင်များထဲမှ ငွေအသုံးရှိပါက လိုပါက ထုတ်ယူသုံးစွဲခွင့်ရှိသည့် နာယက၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ထံတွင် အကျိုးအကြောင်း ပြောပြပါက ၎င်းတို့က ထုတ်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းကိစ္စပြီးလျှင်တော့ ထုတ်ယူသော ငွေအပြင် သင့်တော်သော အတိုးပါပေါင်းထည့်ပြီး ပြန်အပ်ပေးရသည်။

ကုန်သည်ပွဲစားများမှာ လုပ်ငန်းကြီးများ လုပ်ကိုင်နေကြရသဖြင့် တစ်ခါတစ်ရံ ငွေကြေးအကျပ်အတည်းနှင့် ကြုံတွေ့ရတတ်သည်။

ထိုအခါ အသင်းပိုင်ငွေများကို ထုတ်ယူသုံးစွဲကြရသည်။ အတိုးပေးရသည် ဆိုစေကာမူ သင့်တော်သလောက်သာ ပေးကြရသဖြင့် နှစ်ဦးနှစ်ဘက်၊ အဆင်ပြေသော ကိစ္စမျိုးလည်း ဖြစ်ပေသည်။

ယခုလည်း ဦးဘရှင် ဦးရွှေတူနှင့် ဦးစံပေါ်တို့ သုံးယောက်မှ ဂရင်းဒလေဘဏ်သို့ ငွေထုတ်ယူရန် ရောက်လာကြခြင်း ဖြစ်ပေလသည်။

ငွေအပ်ထားသောအမည်မှာ ၎င်းတို့သုံးယောက်အမည်ဖြင့် အပ်ထားခြင်း ဖြစ်သောကြောင့် သုံးယောက်စလုံး လာကြရခြင်း ဖြစ်လေသည်။ ထိုသို့လာရသော်လည်း ဦးစံပေါ်မှာ အအေးမိကာ နှာစေးချောင်းဆိုး ဖြစ်နေရင်းမှ လိုက်လာခဲ့ရခြင်း ဖြစ်၏။

ဘဏ်သို့ရောက်သောအခါ အပ်ထားသော ငွေများထဲမှ ငွေသုံးသိန်းထုတ်ယူကြလေသည်။

ထိုသို့ထုတ်ယူပြီးနောက် ငွေထုပ်ကို ကားပေါ်သို့ ဝင်ကာ ပြန်ထွက်ခဲ့ကြလေသည်။ ကားက ပန်းဆိုးတန်းမှ ကမ်းနားလမ်းဘက်သို့ ပြန်ထွက်ကာ မောင်းလာရင်းမှ လူပြတ်





သောနေရာသို့ရောက်တော့ ရပ်တံ့သွားလေသည်။

"ဘာဖြစ်တာလဲ မောင်ရွှေ"

ဦးဘရှင်က ကားဒရိုင်ဘာကို လှမ်းမေးလိုက်သည်။

"ကားစက်ချို့ယွင်းသွားလို့ပါ သူဌေးမင်း"

"တယ်လည်းပေါ့လျော့ပေတာပဲကိုး၊ မနက်ကတည်းက ကြိုတင်ပြင်ဆင်ထားမှပေါ့၊ အရေးကြီးပါတယ်ဆိုမှကွယ်"

ဟု မြည်တွန်တောက်တီးနေလေသည်။

ကားရပ်သွားသောနေရာမှာ ရထားသံလမ်းနှင့် ဂိုဒေါင်များသာရှိပြီး လူသွားလူလာ မရှိသလောက် ရှင်းသောနေရာလည်း ဖြစ်ပေသည်။ ထိုအခိုက်မှာပင် ၎င်းတို့ ကားရပ်ထားသောနေရာဘေးသို့ အခြားကားတစ်စင်း ရပ်လာပြီး ကားပေါ်မှ လူသုံးယောက် ဆင်းလာကြသည်။

ကားထဲမှာထိုင်နေသော သူဌေးသုံးဦးရှိသောနေရာ ရောက်သောအခါ ပါလာသော သေနတ်များဖြင့် ချိန်ထားလိုက်သည်။

"တစ်ယောက်မှ မလှုပ်နဲ့၊ အသံလည်း ထွက်မယ်မကြံနဲ့၊ အသံထွက်တာနဲ့ နေရာမှာတင် ပစ်သတ်လိုက်မယ်"

ဟုပြောကာ တံခါးများကို ပိတ်ထားလိုက်သည်။

ထို့နောက် ကားစက်ပြင်နေသော ဒရိုင်ဘာကိုပါ ကားနံဘေးမှာထိုင်ခိုင်းထားပြီး ကြိုးဖြင့် တုပ်ထားလိုက်လေသည်။

ပြီးမှ အတွင်းမှ ငွေထုပ်ကိုယူ၍ ၎င်းတို့ကားပေါ်သို့ ပြောင်းတင်လေသည်။ သူဌေးသုံးဦး ထိုင်နေသော ကားကို



www.burmeseclassic.com

www.burmeseclassic.com



လည်း လော့ချပြီးနောက် တံခါးများ ပိတ်ထားလိုက်သည်။ တံခါးမပိတ်ခင် ကားအတွင်းသို့ အခိုးအငွေ့တစ်ခု ဖျန်းထားပြီး ကားတံခါးများကို အလုံပိတ်ထားခဲ့ခြင်း ဖြစ်သည်။

ထို့နောက်မှာတော့ လူဆိုးများက ငွေထုပ်ကိုယူကာ ထိုနေရာမှ မောင်းထွက်သွားကြလေတော့သည်။

ဒရိုင်ဘာ မောင်ရွှေကလည်း ကြိုးတုပ်ခံထားသဖြင့် ဘာမှမတတ်နိုင်ပဲ ရှိလေသည်။

လူဆိုးများ ထွက်သွားပြီး အတော်ကြာတော့မှ ပတ်ဝန်းကျင်ကို အော်ဟစ်အကူအညီ တောင်းရလေသည်။

"ကယ်ကြပါဗျို့ ကယ်တော်မူကြပါ"

ထိုသို့အကူအညီတောင်းသဖြင့် မနီးမဝေးမှ ဖြတ်သွားသော လံချားတစ်စင်းက ကြားသဖြင့် လာရောက်ကြည့်ရှုကာ ရပ်ထားသော ကားတစ်စင်းနှင့် ကြိုးတုပ်ခံထားသော လူတစ်ယောက်ကို မြင်ရုံနှင့်ပင် လံချားဆွဲနေသော ကုလားက အနားရောက်အောင် မလာတော့ပဲ အဝေးမှ ထွက်ပြေးသွားလေတော့သည်။

ထို့နောက်တော့ ထိုနေရာသို့ ဘယ်သူမှ ရောက်မလာတော့ပေ။ နေ့လည်ပိုင်းရောက်တော့မှ ထိုနေရာသို့ လင့်ရှိဘာကားတစ်စင်း ရောက်လာလေသည်။

ကားပေါ်တွင် ဒေါက်တာမင်းထင်ကျော် စုံထောက်ကျော်စွာနှင့် ပုလိပ်အချို့ ပါလာလေသည်။

ရောက်သည်နှင့် ဒေါက်တာမင်းထင်ကျော်က ပတ်





ဝန်းကျင်အခြေအနေကို အကဲခတ်ကြည့်ရှုပြီး မောင်ရွှေကို ကြိုးဖြေပေးလိုက်သည်။

ထို့နောက် ၎င်းထံမှ ကားသော့ကိုယူ၍ ကားတံခါးချပ်များကို ဖွင့်ကြည့်လိုက်သောအခါ အတွင်းမှာ ထိုင်နေကြသော ဦးဘရှင် ဦးစံပေါ်နှင့် ဦးရွှေတူတို့ သုံးယောက်စလုံး သတိမေ့ကာ လဲကျနေသည်ကို တွေ့ကြရသည်။

"လေမွန်းပြီး အသက်ရှူကျပ်လို့ သတိမေ့သွားကြတာဖြစ်မယ်"

စုံထောက်ကျော်စွာက ပြောသည်။

"ဒါအပြင် ကားထဲမှာ ဆေးနံ့တစ်မျိုးရတယ်၊ မေ့ဆေးငွေ့တွေ ဖျန်းထားခဲ့လို့ သတိမေ့နေကြတာဖြစ်မယ်ထင်တယ်၊ သူတို့သုံးယောက်ကို ဆေးရုံပို့ပေးလိုက်ရင် ပိုကောင်းမယ်ထင်တယ်"

ဟု ပြောပြီး သတိမေ့နေသူ သုံးယောက်ကို လင့်ရှိဘာကားပေါ်သို့ ပြောင်းတင်ပြီး ရဲတပ်သားများကပင် ဆေးရုံကြီးသို့ ပို့ပေးကြလေသည်။

အခင်းဖြစ်သောနေရာမှာတော့ ဒေါက်တာမင်းထင်ကျော်၊ စုံထောက်ကျော်စွာနှင့် ဒရိုင်ဘာမောင်ရွှေတို့သာ ကျန်ခဲ့ကြသည်။

"ကဲ . . ဘယ်လိုဖြစ်တယ်ဆိုတာ ပြောပြပါဦး"

"ကားတစ်စင်းနဲ့ပါပဲ"

"ကားအမျိုးအစားနဲ့ ကားနံပါတ်ကို သတိထားမိ



www.burmeseclassic.com

www.burmeseclassic.com



လိုက်လား"

"ကားကတော့ နံဘေးမှာ တာရပတ်အပြာတွေတပ်ထားတဲ့ ဂျစ်ကားဟောင်းတစ်စင်းလို့ ထင်ပါတယ်၊ နံပါတ်ပြားတော့ သတိမထားလိုက်မိဘူး"

"ဒါထက် မင်းကားက ဒီနေရာမျိုးရောက်မှ ဘယ်လိုဖြစ်လို့ ရပ်သွားတာလဲ"

"မသိပါဘူး ဆရာရယ်၊ မောင်းနေရင်းနဲ့ တုံ့ခနဲ တုံ့ခနဲဖြစ်လာလို့ ထိုးရပ်လိုက်ရတာပါပဲ"

"မင်း ကားမောင်းတာ ဘယ်လောက်ကြာပြီလဲ. . ကားစက်အကြောင်းတော့ နည်းနည်းပါးပါး သိတယ်မဟုတ်လား"

"ဟုတ်. . ဟုတ်ကဲ့. . သိတန်သလောက်တော့ သိပါတယ်"

ထို့နောက် ဒေါက်တာမင်းထင်ကျော်က ဘော့နပ်ဖုံးဖွင့်ထားသော ရှေ့ဘက်သို့လျှောက်သွားပြီး စက်အခြေအနေကြည့်သည်။ ကားမောင်းနေရင်း တုံ့ခနဲ ဖြစ်သည်ဟု ပြောသည့်အတွက် ပလပ်များကို စစ်ကြည့်သည်။

ဆီစစ်ပူးကို စစ်ကြည့်သည်။

ဆီစစ်ပူးကို ကြည့်တော့မှ ဓာတ်ဆီထဲမှာ ရေအချို့ရောနေသည်ကို တွေ့ရသည်။

"ဒါထက် မနက်က အိမ်ကထွက်လာတော့ ဘာမှမဖြစ်သေးဘူး မဟုတ်လား"





"ဟုတ်. . ဟုတ်ပါတယ်"

"ဘဏ်ရောက်တဲ့အထိလည်း ကောင်းသေးတယ် မဟုတ်လား"

ခေါင်းညိတ်ပြသည်။

"ဘဏ်ကပြန်ထွက်တော့မှ ဖြစ်တာဆိုတော့ ဘဏ်မှာဘယ်လောက်ကြာသလဲ"

"တစ်နာရီလောက်တော့ ကြာမယ်ထင်တာပါပဲ"

ဒေါက်တာမင်းထင်ကျော်က စီးကရက်သောက်ရင်း လေးလေးနက်နက် စဉ်းစားနေလေသည်။

စုံထောက်ကျော်စွာကတော့ ရပ်ထားသော ကားအတွင်းသို့ ဝင်ရောက်ကာ စေ့စေ့စပ်စပ် ကြည့်ရှုစစ်ဆေးနေလေသည်။

ဒေါက်တာမင်းထင်ကျော်လည်း မောင်ရွှေအား ထပ်စစ်ဆေးမေးမြန်းပြီးနောက် ထိုနေရာမှ ပြန်ထွက်လာကြသည်။

သူဌေးသုံးဦးအား ဆေးရုံကြီး လိုက်ပို့ပေးသော ကားက ပြန်မရောက်လာသေးသောကြောင့် တစ်နေရာမှ ရပ်စောင့်ကြသည်။

"ဘာတွေ ထူးခြားသလဲ ကိုကျော်စွာ"

"ဆရာပြောသလိုပဲ ကားထဲမှာ မေ့ဆေးနံ့တွေ ရနေသေးတယ်၊ နောက်ပြီး ကားထဲက ဒီလက်ကိုင်ပုဝါ တစ်ထည်တွေ့လို့ ယူလာခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်က ထိုပုဝါကိုယူပြီး အိတ်ထဲထည့်ထားလိုက်သည်။

"ဆရာ ဘယ်လိုထင်သလဲ"

"ကြိုတင်ကြံစည်မှုတစ်ခု ဖြစ်ပုံရပါတယ်၊ သူဌေးသုံးယောက်နဲ့တွေ့ပြီး မေးစရာရှိတာ မေးကြည့်ရင်တော့ ကွင်းဆက်တွေ ပေါ်လာနိုင်ပါတယ်"

ထိုသို့ပြောဆိုနေစဉ် ဆေးရုံပို့လိုက်သောကားက ပြန်ရောက်လာသည်။ ရောက်သည်နှင့် ဆားပုလင်းမောင်မိုးက သတင်းပို့သည်။

"ဆေးရုံရောက်ပြီးခဏကြာတော့. . . သူဌေးသုံးယောက်စလုံး သတိပြန်ရလာတာနဲ့ သူတို့ အိမ်တွေအထိ လိုက်ပို့ပေးလိုက်တယ်"

"နေရာတွေတော့ မင်း မှတ်မိခဲ့တယ် မဟုတ်လား"

"အသေအချာ မှတ်ခဲ့ပါတယ်ဆရာ၊ သူဌေး ဦးဘရှင်က လမ်းမတော်တိုက်အမှတ်( . . . )မှာ နေတယ်၊ ရွှေသူဌေး ဦးဘတူက မဂိုလမ်းတိုက်အမှတ်( . . . )မှာနေတယ်"

"ဦးစံပေါ်က ဘယ်မှာနေတာလဲ"

"ဘုန်းကြီးလမ်းထောင့်က သုံးထပ်တိုက်မှာနေတယ်၊ အောက်ထပ်မှာ ပွဲရုံဖွင့်ထားတယ်"

"သူတို့ရော အခြေအနေ ကောင်းကြရဲ့လား"

"ခေါင်းမူးနေကြတာလောက်ပဲ ရှိကြပုံပါပဲ၊ တခြားဆိုးဆိုးဝါးဝါးတော့ မရှိကြပါဘူး"





ထို့နောက် ထိုကားနှင့်ပင် အိမ်သို့ ပြန်လာကြသည်။

နောက်တစ်နေ့ ရောက်တော့မှ ဒေါက်တာမင်းထင်ကျော်က လမ်းမတော်မှာနေသော သူဌေးဦးဘရှင်တိုက်သို့ ဦးစွာသွားလေသည်။ သူတို့ရောက်သွားတော့ တိုက်ရှေ့၌ ရပ်ထားသော ကားအနက်ကို ပြန်တွေ့ရသည်။

ဒရိုင်ဘာမောင်ရွှေတော့ မတွေ့ရပေ။

သူတို့ရောက်သွားတော့ ဦးဘရှင်ကိုယ်တိုင် အောက်ထပ်ဆင်းပြီး ဧည့်ခံစကားပြောသည်။

"ကျမ်းမာရေး ကောင်းသွားပြီလား သူဌေးမင်း"

"လူကတော့ ကောင်းသင့်သလောက် ကောင်းနေပါပြီ၊ စိတ်မကောင်းတာပဲ ကျန်ပါတော့တယ်"

"ဒါထက် သူဌေးရဲ့ ဒရိုင်ဘာလည်း မမြင်ပါလား"

"မောင်ရွှေကို ပြောတာလား၊ သူ့အကြောင်းကတော့ပြန်တောင် မပြောချင်လောက်အောင်ပါပဲ၊ သူ ပေါ့လျော့လို့ ဒီလိုဖြစ်ရတာ၊ ဒါကြောင့် ဒီကနေ့မနက်ပဲ လစာသုံးလခပေးပြီး အလုပ်က ထုတ်ပစ်လိုက်ပြီ"

တဲ့ ပြောပြသည်။

ထို့နောက် အမှုဖြစ်ပွားပုံ မေးမြန်းသောအခါ အဖွဲ့ဝင်တစ်ဦးကို ငွေထုပေးရန်အတွက် ဘဏ်မှ ငွေထုတ်ယူပြီး အပြန်တွင် ဓားပြတိုက်ခံရကြောင်း ပြောပြသည်။

"ဓားပြတွေရဲ့ မျက်နှာကိုရော မြင်လိုက်မိပါသလား"

"မျက်နှာဖုံးစွပ်တွေ တပ်ထားတယ် ထင်ပါရဲ့ သေ



www.burmeseclassic.com

www.burmeseclassic.com



သေချာချာတော့ မမြင်လိုက်မိပါဘူး မောင်ရယ်"

"ဒါထက် ကုန်သည်ကြီးများ အဖွဲ့ဝင်တွေက လူကို ငွေထုတ်ချေးဖို့ ထုတ်တယ်ဆိုတော့ ဘယ်အသင်းဝင်ဆိုတာ ပြောပြပေးစေချင်ပါတယ်"

ထိုစကားကြားသောအခါ ဦးဘရှင်မှာ များစွာ စိတ် မသက်မသာဖြစ်သွားဟန်ဖြင့် စားပွဲပေါ်ရှိ ဆေးလိပ်သေတ္တာ အတွင်းမှ လေယာဉ်ပျံတံဆိပ် အကောင်းစား ဆေးပြင်းလိပ် တစ်လိပ်ကိုယူ၍ မီးညှိကာ ဖွာနေသည်။

ပြီးမှ ပြန်ပြောသည်။

"ဒါတော့ မသင့်ဘူးထင်တယ်"

"ဘာကြောင့်ပါလဲ"

"ကျုပ်တို့အသင်းမှာ စည်းကမ်းချက်တစ်ခု ရှိပါတယ် ဒါက တခြားတော့ မဟုတ်ပါဘူး။ ငွေချေးယူတဲ့ အသင်းဝင်ကို ကျုပ်တို့မှလွဲပြီး တခြားအသင်းဝင် အသင်းသားတွေ မသိစေ ဖို့ လျှို့ဝှက်ထားပေးရပါတယ်"

ဒေါက်တာမင်းထင်ကျော်က သဘောပေါက်ဟန်ဖြင့် ခေါင်းတစ်ချက်ညိတ်ပြလိုက်ရသည်။

"သို့သော်လည်း ကျွန်တော်တို့က ဝတ္တရားရှိတဲ့အ တိုင်း ဆောင်ရွက်နေရတာ ဖြစ်ပါတယ်၊ ဒီအကြောင်းကို လူ မသိစေချင်ရင်လည်း လျှို့ဝှက်ထားပေးပါ့မယ်၊ အမှုမှန်အမြန် ဆုံး ပေါ်ဖို့အတွက် ကျွန်တော်တို့ကို အကူအညီပေးတဲ့အနေ နဲ့ ပြောပြပေးပါ"





ထိုအခါမှ သက်ပြင်းတစ်ချက်ချလိုက်ပြီး ပြောပြ သည်။

"တခြားသူမဟုတ်ပါဘူး၊ ဦးစံပေါ်ပါပဲ"

"မနေ့က ငွေထုတ်တော့ သူလည်း ပါတယ်မဟုတ် သား"

"ပါရတယ်လေ၊ သူက ကုန်သည်ကြီးများအသင်းရဲ့ အတွင်းရေးမှူးပဲ၊ ဘဏ်မှာ ငွေအပ်စဉ်ကလည်း ကျုပ်တို့သုံး ယောက်နာမည်နဲ့ဆိုတော့ သူပါ ပါရတယ်"

ဟု ပြောပြလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့ လည်း အခြားသိလိုသော အကြောင်းအရာတို့ကို ထပ်မံမေး မြန်းခဲ့ကြပြီး ထိုနေရာမှ ပြန်ထွက်လာကြလေသည်။

လမ်းရောက်တော့. . စုံထောက်ကျော်စွာကပြော သည်။

"ကျွန်တော် ဆားပုလင်းမောင်မိုးကို ဒရိုင်ဘာမောင် ရွှေနေရာမှာစောင့်ပြီး အခြေအနေကို အကဲခတ်ခိုင်းထား တယ်ဆရာ"

"မမှားပါဘူး. .၊ ဒီကိစ္စမှ ဒရိုင်ဘာမောင်ရွှေပါရင် တောင်မှ အဓိက တရားခံတော့ မဖြစ်နိုင်ဘူး၊ သူက သူများ ခိုင်းစေတဲ့အတိုင်း လုပ်ပေးရတဲ့ အဆင့်လောက်ပဲရှိမှာပါ၊ သူ့ကို အကဲခတ်ကြည့်ရင် သိနိုင်ပါတယ်"

"ကျွန်တော်လည်း ထင်ပါတယ်၊ အခု ဘယ်သူ့အိမ်



www.burmeseclassic.com

www.burmeseclassic.com



အရင်သွားကြမလဲ ဆရာ”

“မဂိုလမ်းက ဦးရွှေတူအိမ်သွားပြီး မေးမြန်းစုံစမ်းကြတာပေါ့၊ ဦးစံပေါ် အိမ်ကိုတော့ နောက်တစ်နေ့မှ အေးအေးဆေးဆေး တစ်ခေါက်သွားပြီး မေးမြန်းစုံစမ်းကြည့်ဖို့ စိတ်ကူးထားတယ်၊ ကိုကျော်စွာ လူတွေကိုတော့ သူဌေးသုံးဦး အခြေအနေနဲ့ ဒရိုင်ဘာမောင်ရွှေနေတဲ့ နေရာတစ်ဝိုက်မှာ မျက်ခြေမပြတ် စောင့်ကြည့်ထားခိုင်းပါ”

“စိတ်ချပါဆရာ၊ မနေ့ကတည်းက ကျွန်တော် စောင့်ကြည့်ဖို့ တာဝန်ပေးထားပါတယ်”

ထိုသို့ပြောပြီး မဂိုလမ်းသို့ လာကြလေသည်။ မဂိုလမ်း(ယခု ရွှေဘုံသာလမ်း)တစ်ဝိုက်မှာ ရွှေလုပ်ငန်းလုပ်ကြသော ကုလားလူမျိုး အများစုနေကြသော နေရာဖြစ်သည်။ ကိုလိုနီခေတ်က ထိုလမ်းကို ချစ်တီးတန်းဟုပင် ခေါ်ဝေါ်ခဲ့ကြသည်။

ထိုလမ်းရောက်တော့ ဦးရွှေတူကို အလွယ်တကူပင် မေးမြန်း၍ရသည်။ ရွှေသူဌေး ဦးရွှေတူဟု လူသိများသည်။ ၎င်းနေအိမ်ရောက်တော့ ဦးရွှေတူနှင့် တွေ့ရလေသည်။

၎င်းနှင့်တွေ့တော့. . .

“ဖြစ်တော့လည်း ဘာတတ်နိုင်တော့မလဲဗျာ၊ တကယ်လို့ အသင်းအဖွဲ့ဝင်တွေက ဒီငွေကို ပြန်လျှော်ပါဆိုရင်လည်း ကျုပ်တို့သုံးယောက်မှာပဲ တာဝန်ရှိလေတော့ ကျုပ်တို့ပဲ ပြန်ထည့်ရမှာပေါ့”





ဟု စိတ်မချမ်းသာသော အသံမျိုးဖြင့် ပြောသည်။

ဦးရွှေတူမှာ ကုလားသွေးပါသူတစ်ယောက် ဖြစ်သည်။

“ဦးရွှေတူကို တစ်ခုမေးပါရစေ၊ အရင်က ငွေထုတ်ဖို့သွားရင် ဦးဘရှင်ကားနဲ့ပဲ သွားကြတာပဲလား”

“ဒီလိုတော့ ပုံသေမရှိပါဘူး၊ ကျုပ်တို့ သုံးယောက်စလုံးမှာ ကားရှိကြပါတယ်၊ အဆင်ပြေတဲ့ကားနဲ့ သွားကြတာပါပဲ၊ ဦးဘရှင်ကတော့ သူ့ကားနဲ့သွားတော့မှ အခုလိုဖြစ်ရတယ်ဆိုပြီး အတော်ကို စိတ်မချမ်းမသာ ဖြစ်နေပုံရတယ်၊ ဒရိုင်ဘာတောင် အလုပ်က ထုတ်ပစ်လိုက်ပြီလို့ ပြောသံကြားတယ်၊ စိတ်မကောင်းစရာပါပဲဗျာ”

ဟု ပြောလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာတို့လည်း မေးသိသော အချက်အလက်များကို ထပ်မံမေးမြန်းပြီးနောက် ထိုအိမ်မှ ပြန်ထွက်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၉)

# မြသိရိနှင့် ပဟေဠိပုစ္ဆာများ

သူ ဌေးကြီး ဦးစံပေါ်နေသော နေရာမှာ ဘုန်းကြီးလမ်းနှင့် ကမ်းနားလမ်းထောင့်တွင်ဖြစ်ပြီး ကမ်းနားဘက်နှင့်နီးသည်။

မြစ်ဝကျွန်းပေါ်ဘက်မှလာသော လှေ၊ သမ္ဗာန်၊ ကုန်တင် သင်္ဘော၊ လူစီးသင်္ဘောများ ဆိုက်ကပ်သော ဆိပ်ကမ်းများနှင့်နီးသည်။ ကီလီဈေးနှင့် နီးသည်။ ညောင်ပင်လေးဈေး၊

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



သံချေးတို့နှင့်လည်း မဝေးလှပေ။

ထိုလမ်းထောင့်တွင် သုံးထပ်တိုက်ကြီးနှင့် ခန့်ခန့်ညား ညား နေထိုင်သူဖြစ်သည်။

မိသားစုမများလှသောကြောင့် အောက်ထပ်တွင် ပွဲရုံဖွင့်ထားပြီး အပေါ်ထပ်၌သာ လူနေကြသည်။

ဦးစံပေါ်က အသက်(၅၀)ကျော်သာရှိသေးပြီး ဇနီးဖြစ်သူ ဒေါ်နှင်းမေက(၅၀)ပင် မပြည့်သေးပဲ အရွယ်တင်လှသူဖြစ်သည်။ သူတို့နှစ်ယောက်မှာ ငယ်ပေါင်းကြီးဖက်တော့ မဟုတ်ကြပေ။ ဒေါ်နှင်းမေက မုဆိုးမတစ်ယောက်ဖြစ်ပြီး အရွယ်ရောက်နေသော သမီးတစ်ယောက်ပင် ရှိလေသည်။ နာမည်က မြသီရိဖြစ်ပြီး အသက်(၂၅)နှစ်ဝန်းကျင်ခန့်ရှိသည်။ ဖခင်ဖြစ်သူနှင့်အတူ ပွဲရုံလုပ်ငန်းများကို ဦးစီးလုပ်ကိုင်နေသူလည်း ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်တစ်ယောက်တည်း ရောက်သွားတော့ အောက်ထပ်မှာ ပွဲရုံအလုပ်သမားများ ရှိနေသဖြင့် ခေ့ခံမခံပဲ အပေါ်ထပ်သို့ခေါ်သွားပြီး ကော်ဖီစသည်တို့ဖြင့် ဧည့်ခံလေသည်။

ဦးစံပေါ် ဒေါ်နှင်းမေနှင့် မြသီရိတို့ သုံးယောက်စလုံးနှင့်ပင် စကားပြောခွင့်ရလေသည်။

"ကျွန်တော့်နာမည် ဒေါက်တာမင်းထင်ကျော်လို့ ခေါ်ပါတယ်၊ ဦးစံပေါ်ဆီက မေးစရာလေးတွေရှိလို့ လာခဲ့တာပါ"





"တွေ့ရတာ ဝမ်းသာပါတယ်"

"ဒါထက် တစ်ခုတော့ မေးပါရစေ၊ ကိုဝင်းထင်ကျော်က စုံထောက်တစ်ယောက်လား၊ ဒါမှမဟုတ် ဆရာဝန်တစ်ယောက်လား"

"ကျွန်တော်က ဆရာဝန်တစ်ယောက် မဟုတ်သလို စုံထောက်တစ်ယောက်လည်း မဟုတ်ပါဘူး၊ ဒါပေမယ့် အမှုကိစ္စတွေကိုတော့ အကူအညီပေးလေ့ရှိပါတယ်"

"ဒါထက် မေးပါရစေ၊ ဟိုတလောက သတင်းစာတစ်စောင်မှာ မောင်ရင့်နာမည်နဲ့တူတာ တွေ့လိုက်မိသလိုပဲ. . ၊ နိုင်ငံခြားက မြကျောက်တွေ ပါလာတယ်ဆိုတဲ့ ဒေါက်တာမင်းထင်ကျော်ဆိုတာ မောင်ရင်များလား"

"မှန်ပါတယ် ခင်ဗျာ"

"အင်း. . လူတစ်ယောက်မှာ ဝါသနာတစ်မျိုးစီပါတယ်ဆိုတာ တယ်လည်းမှန်တာပဲကိုး၊ မောင်ရင်ကတော့ ချမ်းချမ်းသာသာနဲ့ အေးအေးဆေးဆေး နေနိုင်ပါရက်နဲ့ အန္တရာယ်များတဲ့ အလုပ်တွေကို ကိုယ့်ထမင်း ကိုယ်စားပြီး လိုက်လုပ်နေတာပဲကိုး"

ထိုသို့ပြောသော်လည်း ဒေါက်တာမင်းထင်ကျော်က စိတ်မဆိုး ဒေါသမဖြစ်သည့်အပြင် သဘောကျစွာပင် ရယ်လိုက်သေးသည်။

"ကျွန်တော် ပိုက်ဆံမရပေမယ့် ဦးစံပေါ်တို့ ဆုံးရှုံးသွားတဲ့ငွေတွေ ပြန်ရမယ်ဆိုရင်တော့ ကျွန်တော် ကူညီပေးရ



www.burmeseclassic.com

www.burmeseclassic.com



ကျိုး နပ်ပါတယ်၊ ဒါထက် ဦးစံပေါ် နှာစေးနေတာ သက်သာသွားပြီလား"

ထိုသို့မေးသောအခါ ဦးစံပေါ်မှာ မျက်နှာပျက်သွားလေသည်။

"ကျုပ်နှာစေးနေတာကို မောင်က ဘယ်လိုသိတာလဲ"

"သေသေချာချာ သိလို့တော့ မဟုတ်ပါဘူး၊ ခန့်မှန်းကြည့်တာပါ၊ ဒါ ဦးစံပေါ် ကိုင်နေကျ လက်ကိုင်ပုဝါ ဖြစ်မယ်ထင်ပါတယ်"

ဟု ပြောဆိုကာ ကားထဲမှရသဖြင့် သိမ်းထားသော လက်ကိုင်ပုဝါကို ထုတ်ပေးလိုက်သည်။

"အော်. . ဟုတ်ပေသားပဲ၊ ဟိုတစ်နေ့က မော်တော်ကားထဲမှာကျခဲ့တာ ထင်ပါရဲ့"

ဟုပြောကာ ကပျာကယာယူကာ အိမ်ထဲသို့ ပြန်ထည့်လိုက်လေသည်။

"ဒါထက် ဟိုတစ်နေ့က ငွေတွေလာလုသွားတဲ့ သူတွေကိုမှတ်မိပါသလား"

"မမှတ်မိပါဘူးမောင်ရယ်၊ သေနတ်နဲ့ချိန်ထားလို့ ခေါင်းတောင် မဖော်ဝံ့ပါဘူး၊ နောက်ပြီး အသားကပ် မျက်နှာဖုံးတွေ စွပ်ထားကြတယ် ထင်ပါရဲ့"

"ခေါင်းမဖော်ပဲနဲ့ အသားကပ် မျက်နှာဖုံးတွေမှန်း ဘယ်လိုသိတာပါလဲ"





"ခန့်မှန်းပြီး ပြောကြည့်တာပါ၊ ဟုတ်ချင်လည်း ဟုတ်မှာပေါ့၊ ဒါပေမယ့် လူဆိုးတွေက အသက်ကို ရန်မရှာသွားကြတာကိုပဲ ကျေးဇူးတင်နေရတယ်၊ ငွေဆုံးတာကတော့ အရေးမကြီးပါဘူး"

"အခုလို အသင်းပိုင်ငွေတွေ ဆုံးရှုံးသွားတော့ ဦးစံပေါ်တို့သုံးယောက်မှာ တာဝန်ရှိပါသလား"

"စားပြတိုက်ခံရမှန်း အားလုံးအသိပဲဟာ၊ ဒါမှ ကျုပ်တို့အပေါ် ပုံချမယ်ဆိုရင်တော့လည်း သုံးယောက်စုပြီး လျော်ပေးရုံ ရှိပါတယ်၊ ကျုပ်က ငွေကုန်တာကို မနှမြောတတ်ပါဘူး၊ အခုလိုအိမ်မှာ အမှုလာပတ်နေမှာကိုပဲ စိတ်ညစ်တာပါ"

ထိုသို့ပြောပြီး. . ဒေါက်တာမင်းထင်ကျော်လည်း နောက်ထပ်မေးခွန်းအချို့လောက်သာ မေးမြန်းပြီး ထပြန်ရန်ပြင်သည်။

"တကယ်လို့ စုံစမ်းလို့ သတင်းထူးရင် ကျွန်တော် အကြောင်းကြားပေးပါ့မယ်"

"ပြန်ရဖို့ရော လမ်းစရှိသေးလို့လား"

"အစရှိရင် အဆုံးရှိပါတယ်၊ ကျွန်တော် ကိုင်တွယ်ပေးရတဲ့ အမှုကိစ္စတိုင်းကိုတော့ အဆုံးသတ်အောင် လုပ်ပေးလေ့ရှိပါတယ်၊ မကြာခင် သိရမှာပါ"

"တယ်လည်း ဖွဲကောင်းတဲ့လူပဲကိုး၊ ဒါထက်. . အကြောင်းကိစ္စရှိရင် ပြောဆိုဆက်သွယ်လို့ရအောင် မောင့်ရဲ့ တယ်လီဖုန်းနံပါတ်နဲ့ နေရပ်လိပ်စာလေး တဆိတ်လောက်



www.burmeseclassic.com

www.burmeseclassic.com



ရေးပေးထားခဲ့ပါ"

ဟုပြောသဖြင့် စာရွက်တစ်ရွက်ပေါ်မှာ ရေးကာပေးထားခဲ့လေသည်။ သူပြန်ထွက်လာတော့ မနီးမဝေးမှာ ရှိနေသော မြသီရိက အကဲခတ်သော အကြည့်မျိုးဖြင့် စူးစူးစိုက်စိုက် ကြည့်နေလေသည်ကို သတိပြုမိလေသည်။

အိမ်ပြန်ရောက်ပြီး ညနေပိုင်း အချိန်ရောက်တော့ တယ်လီဖုန်းသံ မြည်လာသဖြင့် ကောက်ကိုင်လိုက်သည်။

"ဟယ်လို"

တစ်ဖက်မှ အမျိုးသမီး တစ်ယောက်အသံ ကြားရသည်။

"မြသီရိ မဟုတ်လား"

"ကျွန်မအသံမှန်း ရှင် ဘယ်လိုသိနေတာလဲ"

မြသီရိကို ဖုန်းဆက်စေချင်လို့ ကျွန်တော် ဖုန်းနံပါတ်ကို တမင်ပေးထားခဲ့တာပါ"

"ကျွန်မ ရှင်နဲ့တွေ့ပြီး စကားပြောစရာလေးတွေ ရှိနေတယ်"

"ကျွန်တော်ကလည်း မြသီရိကို မေးစရာလေးတွေ ရှိနေပါတယ်၊ ဘယ်လိုတွေ့ရင် အဆင်ပြေမလဲ"

မြသီရိက နေရာတစ်ခုကို ပြောပြလေသည်။

"ကောင်းပါတယ်. .၊ ဘယ်အချိန်လောက် တွေ့နိုင်မလဲ"

"ညနေ(၄)နာရီလောက်ဆိုရင် ကိုမင်းထင်ကျော် အ





ဆင်ပြေမလား"

"ပြေပါတယ်၊ လေးနာရီထိုးတာနဲ့ ကျွန်တော် ရောက်ပါ့မယ်၊ ဒါထက် မြသီရိကို တစ်ခါပဲ တွေ့ဖူးခဲ့တာဆိုတော့ မြင်တာနဲ့ မှတ်မိပါ့မလား မသိဘူး"

"ကျွန်မကတော့ မြင်တာနဲ့ မှတ်မိပါတယ်"

"ကောင်းပါပြီ. . ကောင်းပါပြီ၊ ကျွန်တော် လာခဲ့ပါ့မယ်"

ထိုသို့ပြောပြီးနောက် တစ်ဖက်မှ တယ်လီဖုန်းချသွားလေသည်။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ မြသီရိနှင့် ယခု လိုတွေ့ခွင့်ရခြင်းမှာ အမှုနှင့်သက်ဆိုင်သော သဲလွန်စအချို့ ရနိုင်သည်ဟု စိတ်ထဲမှ တွေးမိသောကြောင့် ကျေနပ်နေမိလေသည်။

ညနေ(၃)နာရီခန့်မှာတော့ ရေချိုးအဝတ်အစားလဲတာ ကားဖြင့်ထွက်လာခဲ့လေသည်။

မြသီရိ ချိန်းထားသောနေရာမှ တရုတ်တန်း လမ်း(၂၀)တစ်ဝိုက်မှ စားသောက်ဆိုင်တစ်ဆိုင်ဖြစ်သည်။

တရုတ်တန်းမှာ ခေတ်အဆက်ဆက် အစားကောင်းအသောက်ကောင်းများ ရနိုင်သောနေရာအဖြစ် လူသိများလေသည်။

လသာလမ်းမှ လမ်းမတော်လမ်းအထိ ဒါလဟိုဇီလမ်း၊ (ယခု-မဟာဗန္ဓုလလမ်း)ဘေးတွင် ရောင်းချသော



www.burmeseclassic.com

www.burmeseclassic.com



တရုတ်အစား အစာ ရောင်းချသော ဆိုင်များ ရှိခဲ့သည်။

ယခင်ကာလကတော့ တရုတ်အစားအစာများသာ ဦးစားပေး ရောင်းချကြသော်လည်း ယခုကာလမှာတော့ ရှမ်းအစားအစာ၊ ကိုရီးယား၊ ဂျပန်အစားအသောက်များပါ ရောင်းချလာကြလေသည်။

သို့သော်လည်း ခေတ်အဆက်ဆက် ရောင်းချလာသော တရုတ်အစားအသောက်များကိုသာ ပိုမိုနှစ်သက်ကြလေသည်။

ဝက်သားကောက်ညှင်းထုပ်၊ ကြက်သားကောက်ညှင်းထုပ်၊ အော်ကွေ့ကြည်၊ ဆာတေး၊ အသားပေါင်း၊ ပေါက်စီ၊ ဝက်သားတုတ်ထိုး၊ ငါးရဲ့ဆန်ပြုတ်၊ ကြက်စွပ်ပြုတ်၊ ခေါက်ဆွဲကြော်၊ ကြာဆံကြော်၊ ကြက်သားပြုတ်ကြော်၊ ဝက်နံရိုးကြော်၊ ဝက်သားလိပ်၊ ဂဏန်းကြော်၊ သင်းပေါင်းပိုးကြော်၊ ကြေးအိုး၊ ဆီချက် စသော အစားအသောက်များမှာ တရုတ်လူမျိုးတို့ ပြုလုပ်ရောင်းချကြသော အစားအသောက်များ ဖြစ်ကြလေသည်။

ယခင်က ထိုအစားအသောက်များ စားသောက်လိုလျှင် အခြားနေရာများမှ မရနိုင်ပဲ တရုတ်တန်းသွားမှသာမှ စုံအောင် ဝယ်ယူရနိုင်ကြလေသည်။

ကိုလိုနီခေတ်ကာလက ထိုနေရာတစ်ဝိုက်တွင် ဘဏ်ခန်း၊ ဘိန်းခန်း လောင်းကစားဝိုင်းများနှင့် ပြည့်တန်ဆာခန်းစသည်တို့ အများအပြားရှိကာ စီးပွားရှာခဲ့ကြလေသည်။





ဂုင်းတို့သည် ဒေသပိုင်ပုလိပ်များ၊ အရာရှိများသာမက လမ်းမတော်ဖိုးတုတ်ကဲ့သို့ သက်ဆိုင်ရာနယ်မြေခံ လူမိုက်ကြီးများနှင့် အပေးအယူလုပ်ကာ စီးပွားရှာခဲ့ကြခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး နောက်ပိုင်းကာလတွင် အုပ်ချုပ်ရေးပြောင်းသွားသောကြောင့် ယခင်ကလောက် ပေါ်ပေါ်ထင်ထင် မလုပ်ဝံ့ကြတော့ပေ။

မည်သို့ပင်ရှိစေ၊ ခေတ်အဆက်ဆက် လူစည်ကားလှသော တရုတ်တန်းက အချိန်ကာလမရွေး နေ့ရောညပါ လူစည်ကားသော နေရာအဖြစ်နှင့်ပင် ရှိနေပေသည်။

ဒေါက်တာမင်းထင်ကျော် ရောက်သွားတော့ ချိန်းထားသောအချိန်ထက် အနည်းငယ် စောနေသေးသည်။ သို့ကြောင့် ကားကိုချိန်းထားသောဆိုင်နှင့် မနီးမဝေးနေရာ၌ ရပ်တန့်ကာ အခြေအနေ ကြည့်နေသည်။

မိမအတွက် သဲလွန်စ ရသည်မရသည်ထက် ကျော့ကွင်းအဆင်ခံရမည် စိုးသဖြင့် သတိထားပြီး သွားလာနေရခြင်း ဖြစ်ပေသည်။

မြသီရိချိန်းထားသောနေရာမှာ ဒါလပဟိုဇီ(မဟာဗန္ဓုလလမ်း)ပေါ်၌ရှိသော ဘုံဘေပျော်ပွဲစားရုံ၌ဖြစ်သည်။

(၄)နာရီထိုးတော့ ထိုနေရာသို့ မြသီရိရောက်လာပြီး ဆိုင်အတွင်းသို့ အိခြေရရဖြင့် ဝင်သွားသည်ကို မြင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်က ကားပေါ်မှ ချက်ချင်း ဆင်းမသွားသေးပဲ နောက်ဘက်မှ မသင်္ကာဘွယ်ရာ ပါလာ မပါလာကိုစောင့်ကြည့်ပြီး အခြေအနေရှင်းတော့မှ ကား ပေါ်မှဆင်းကာ ဆိုင်အတွင်းသို့ ဝင်လိုက်သွားလေသည်။

ညနေပိုင်းအချိန်ဖြစ်သော်လည်း အချိန်စောနေ သေးသောကြောင့် စားသောက်ဆိုင်အတွင်း၌ လူမများသေး ပေ၊ အတွင်းရောက်ပြီး ကြည့်လိုက်တော့ ပြတင်းပေါက်နှင့် နီးသောစားပွဲတွင် ထိုင်နေသော မြသီရိကို တွေ့ရသဖြင့် ထို နေရာသို့ လျှောက်သွားလေသည်။

အနားရောက်တော့ သူမနှင့် မျက်နှာချင်းဆိုင် ဝင် ထိုင်လိုက်သည်။ ထိုအခိုက်မှာပင် စားပွဲထိုး ရောက်လာသ ဖြင့် စားသောက်စရာအချို့ကို မှာလိုက်သည်။

"ကျွန်မက တကူးတက လှမ်းချိန်းလို့ အံ့သြနေသ လား၊ စိတ်ထဲမှာ တမျိုးရော မထင်မိဘူးလား"

"မထင်မိပါဘူး၊ ကျွန်တော်ကလည်း မြသီရိနဲ့ တွေ့ ချင်နေတာပါ"

"ဘယ်လိုကြောင့်လဲ"

"မေးစရာလေးတွေ ရှိနေလို့ပါ"

"ဒီလိုဆိုရင် ကျွန်မကပဲ အရင်စမေးပါရစေ၊ ကိုမင်း ထင်ကျော်က ကျွန်မဖေဖေအပေါ်မှာ မသင်္ကာဖြစ်နေပုံရ တယ်၊ ဘယ်လိုအကြောင်းကြောင့်လဲ"

"သူတစ်ယောက်တည်းကိုကွက်ပြီး မသင်္ကာ ဖြစ်နေ





တာ မဟုတ်ပါဘူး၊ ဒီကိစ္စနဲ့ ပတ်သက်နေတဲ့သူတွေ အားလုံး ကို ဒီလိုပဲ မေးမြန်းရတာပါပဲ"

"ကျွန်မက ဒါမျိုးတွေတော့ သိပ်နားမလည်ပါဘူး၊ ဒါပေမယ့် ရှင့်ကိုကြည့်ရတာ တစ်ခုခုသိထားပြီးသားပုံမျိုး ရှိ နေတာကို သတိပြုမိပါတယ်၊ ကျွန်မဖေဖေနဲ့ ပတ်သက်ပြီး တော့ ထူးခြားမှုရှိရင် ကျွန်မကို ပြောပြပေးစေချင်ပါတယ်၊ ဒါကလည်း မတောင်းဆိုသင့်တာကို တောင်းဆိုနေတာ မဟုတ်ပါဘူး၊ အကူအညီတောင်းနေတာပါ၊ ရှင့်ဆီက တစ် ခုခုသိရမှ. . ."

မြသီရိက စကားမဆက်တော့ပဲ ရပ်တံ့သွားသည်။

ထိုအချိန်မှာ. . စားပွဲထိုးက လာချသော အစားအ သောက်များ လာချပေးနေသဖြင့် စကားမဆက်ဖြစ်တော့ပေ။

စားပွဲထိုး ပြန်ထွက်သွားတော့မှ. . .

"စကားပြန်ဆက်ပါဦး"

ဟု ထောက်ပေးလိုက်သည်။

"ကျွန်မ စကားပြန်မဆက်ခင် ရှင်မေးချင်တာကို အ ရင်မေးပါ"

"တခြားတော့ မဟုတ်ပါဘူး၊ မြသီရိတို့ မိသားစုအ ကြောင်းကို ပြောပြပေးစေချင်ပါတယ်"

ဟု ပွင့်ပွင့်လင်းလင်း မေးလိုက်သည်။

"အမှုအကြောင်းနဲ့ ပတ်သက်ပြီး ဘယ်လိုများ ပတ် သက်နေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



“ဆက်စပ်မှု ရှိနိုင်မယ်ထင်လို့ မေးကြည့်တာပါ”

မြသီရိက သက်ပြင်းတစ်ချက်ချပြီးမှ သူတို့မိသားစု အကြောင်းကို ပြောသည်။

သူမဖခင် ဦးကျော်မောင် သေဆုံးသွားပြီးနောက်မှ မိခင်ဖြစ်သူ ဒေါ်နှင်းမေက ဦးစံပေါ်နှင့် လက်ထပ်ခဲ့ပုံများကို ပြောပြသည်။

“ဖေဖေဆုံးသွားတော့ ပွဲရုံလုပ်ငန်းတွေက ကျန်ခဲ့တယ်၊ ပထမတော့ မေမေတစ်ယောက်တည်း ဦးဆောင်ပြီး လုပ်နေသေးတယ်၊ နောက်တော့ မနိုင်မနင်း ဖြစ်လာတယ်၊ အဲဒီအချိန်ငွေကြေးကလည်း ရှိတယ်၊ ပွဲရုံလုပ်ငန်းတွေလည်း စိတ်ဝင်စားတဲ့ ဦးစံပေါ်နဲ့တွေ့ပြီး လက်ထပ်လိုက်တာပါပဲ”

“ဒါဖြင့် အရင်ကတည်းက သိကျွမ်းနေခဲ့လို့လား”

“အဲသည်လိုတော့ သိပုံမရပါဘူး”

“ဒါဖြင့် ဦးစံပေါ်ရဲ့ နောက်ကြောင်းရာဇဝင်တွေကို ရော ဘယ်လောက်သိထားသလဲ”

ဒေါက်တာမင်းထင်ကျော်စကားကြောင့် မြသီရိက တအံ့တဩ အမူအယာဖြင့် တစ်ချက်ကြည့်လိုက်သည်။

“အဲဒီလိုတော့ သိပုံမရပါဘူး၊ ဘာကြောင့်မေးတာ လဲ”

“နောက်ကြောင်းရာဇဝင် မသိတဲ့လူတစ်ယောက်ကို သမီးပျိုတစ်ယောက်ရှိတဲ့ ဒေါ်နှင်းမေက လက်ထပ်ဝံ့တာကို စိတ်ဝင်စားလို့ပါ”





“ဒါပေမယ့်. . သူက အခုအချိန်ထိတော့ ကျွန်မတို့ သားအမိအပေါ်မှာ ကောင်းပါတယ်၊ ဒါထက် ရှင်ကများ သူ့အကြောင်းတွေ သိနေလို့များလား”

ဒေါက်တာမင်းထင်ကျော်က ခေါင်းခါပြလိုက်သည်။

ထို့နောက် စားပွဲပေါ်သို့ လာချပေးထားသော အစားအသောက်များကို စားသောက်ကြသည်။ မြသီရိကတော့ အနည်းငယ်လောက်သာ စားသောက်လေသည်။

“ကျွန်တော်နဲ့ တွေ့ချင်တဲ့အကြောင်းလည်း ပြောပါဦး”

“တခြားတော့ မဟုတ်ပါဘူး၊ ကျွန်မအဖေနဲ့ ပတ်သက်တဲ့အကြောင်း တစ်ခုခုရှိနေပုံပဲ၊ မျက်စိမျက်နှာလည်း သိပ်မကောင်းလှဘူး”

“ငွေကြေးအခက်အခဲ ဖြစ်နေလို့လား”

“ဒီလိုတော့ ဟုတ်မယ်မထင်ပါဘူး၊ အိမ်မှာ ငွေပိုငွေလျှံရှိပါတယ်”

“ဒါပေမယ့် ဘဏ်မှာ ငွေသုံးသိန်းထုတ်တာ သူအသုံးလိုလို့ ထုတ်ကြတာလို့ ပြောကြတယ်”

“ဟင်. .”

ထိုစကားကြားသဖြင့် တအံ့တဩ ဖြစ်သွားဟန်ဖြင့် လက်ထဲမှ ကိုင်ထားသော ဇွန်းခရင်းကိုပင် ပန်းကန်ထဲ ပြန်ချလိုက်သည်။

“ကျွန်မ မသိသေးဘူး၊ အဲဒါ အမှန်ပဲလား”



www.burmeseclassic.com

www.burmeseclassic.com



"အမှန်ပါပဲ၊ သူနဲ့အတူ ငွေထုတ်ခဲ့ကြတဲ့ ဦးဘရှင်နဲ့ ဦးရွှေတူတို့က ပြောပြလိုက်တာပါ။ ထားပါလေ သူ့မှာလည်း တခြားအရေးကြီးတဲ့ အကြောင်းကိစ္စရှိတာ ဖြစ်မှာပေါ့။ ဒါ ထက် တခြားပြောစရာများ ရှိသေးလား"

သူမက ခေါင်းခါပြသည်။

"ဒါထက် မြသီရိတို့အိမ်မှာ အခုတလော ထူးခြားမှု တွေ့တွေ့ရင် ကျွန်တော့်ဆီကို ဖုန်းဆက်ပေးပါ"

"ရှင်ပြောမှ သတိရတော့တယ်၊ အခုတလော အိမ် မှာ ထူးခြားမှုတစ်ခုတော့ရှိတယ်"

"ဘယ်လိုထူးခြားမှုမျိုးလဲ"

"တရုတ်နှစ်သစ်ကူးချိန်နီးလာတော့ ကုန်သည်ကြီး များအသင်းက တရုတ်အသင်းဝင်တွေက ရုပ်တုတစ်ခု လက် ဆောင်ပို့ပေးတာရှိတယ်၊ ဒါပေမယ့် အဖေက အဲဒီရုပ်ထုကို အပြင်ဘက်မှာမထားပဲ သူနေတဲ့ အခန်းထဲမှာ ထည့်ထား တယ်"

"ဘယ်လို ရုပ်ထုမျိုးလဲ"

"တရုတ်နတ်သမီး ရုပ်တုမျိုးပဲ၊ ကွမ်ရင်မယ်တော် ရုပ်တုမျိုးနဲ့ ခပ်ဆင်ဆင်ပဲ"

"သူ နှစ်သက်သဘောကျလို့ အိပ်ခန်းထဲ ထည့်သွင်း ထားတာ ဖြစ်ချင်ဖြစ်မှာပါ၊ ကျွန်တော့်ကို ယုံယုံကြည်ကြည် လက်ခံတွေ့ဆုံပြီး ပြောသင့်တာတွေကို ပြောပြပေးတဲ့အ တွက် မြသီရိကို အများကြီး ကျေးဇူးတင်ပါတယ်၊ နောက်အ





ကြောင်းရှိရင်လည်း ကျွန်တော့်ဆီကို ဖုန်းဆက်အကူအညီ တောင်းနိုင်ပါတယ်၊ မြသီရိအနေနဲ့ အပန်းမကြီးရင် ဆက် သွယ်လို့ရမယ့် ဖုန်းနံပါတ်လည်း ပေးထားပါ"

သူမက စာရွက်တစ်ရွက် တောင်းယူပြီး ဖုန်းနံပါတ် ရေးပေးလေသည်။

အချိန်က ညနေစောင်းလာပြီမို့ စားသောက်ဆိုင်အ တွင်း၌ တဖြည်းဖြည်းနှင့် လူပြည့်လာပြီ ဖြစ်သောကြောင့် ကျသင့်ငွေကို ရှင်းပေးပြီး ပြန်ထွက်ခဲ့ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၀)

# သုသာန်မှ အန္တရာယ်များ

အချိန်က ညနေစောင်းအချိန် ရောက်လာချေပြီ။

ထိုအချိန်ရောက်လာလျှင် လမ်းကကာ အရပ်တကာလှည့်ကာ တောင်းနေကြသော သူတောင်းစားတို့အလုပ်စခန်းသိမ်းကြလေပြီ။ အထိုင်သမား(ထိုင်တောင်းသူ)လမ်းကြောင့်သမား (လှည့်လည်တောင်းသူ) ကလေးနှင့်တောင်းသူ၊ ဒုက္ခိတဟန်ဆောင်၍ တောင်းသူ၊ ရောဂါသည်ကဲ့သို့ဖြုလုပ်တောင်းသူ၊ အသက်အရွယ် အိုမင်းလှသူ၊ အရွယ်မ



www.burmeseclassic.com

www.burmeseclassic.com



ရောက်သေးသော ကလေးငယ်များပါမကျန် အလုပ်သိမ်းကြပြီး မိမိတို့စုရပ်သို့ ပြန်ကြရသည်။

နယ်မြေအသီးသီးတွင် ဒွန်းစဏ္ဍားများကို စီမံအုပ်ချုပ်နေကြသော ခေါင်းပေါင်းများရှိသည်။ ၎င်းတို့က သတ်မှတ်ထားသောနေရာများမှာ စောင့်နေကြသည်။

တောင်းရမ်းသူတို့က တစ်နေ့တာလုံး နည်းအမျိုးမျိုးဖြင့် တောင်းရမ်းရရှိသော ပိုက်ဆံတို့ကို ခေါင်းပေါင်းထံသို့ တစ်ပြားမကျန် ပြန်အပ်ကြရသည်။

ချန်ထား၍မရပေ။ ဝှက်ထား၍ မရပေ။

ထိုအကြောင်းကို ခေါင်းပေါင်းသိသွားပါက အနှိပ်စက်ခံကြရသည်။ နောက်ထပ် အပြစ်ပေးသည့် အနေဖြင့် ဘယ်နေရာမှ တောင်းရမ်းခွင့် မပေးတော့ပေ။

သို့ကြောင့် ဘယ်သူကမှ မလိမ်ဝံ့ကြပေ။

တောင်းရမ်းရသော ငွေအားလုံးတို့အား ခေါင်းပေါင်းလုပ်သူထံ အပ်ပေးလိုက်ကြရသည်။

ထိုအခါ ခေါင်းပေါင်းက ဝေစုခွဲတမ်းများကို ပြန်ပေးလေသည်။ နေရာကောင်းများတွင် တောင်းခွင့်ရသူတို့က များများရသည်။

နေရမကောင်းလျှင်တော့ နည်းနည်းသာရကြသည်။

အချို့က နေ့စားတောင်းသည်။ အချို့က ပုတ်ပြတ်စနစ် တောင်းရမ်းတာလည်းရှိသည်။ နေ့စားတောင်းရမ်းသူကတော့ တစ်နေ့တောင်းရမ်းခငွေသာရသည်။

ပုတ်ပြတ်ကတော့ ခေါင်းပေါင်းလုပ်သူက နေရာကောင်းတစ်ခု ဈေးဖြတ်ပြီး တောင်းခိုင်းသည်။ ပိုတာမှန်သမျှ အကုန်ယူ၊ လိုလျှင်တော့ စိုက်ထည့်ပေးရသည်။ အချို့ကတော့ အချိုးကျယူသည်။ လေးကျပ်ရလျှင် နှစ်ကျပ်ကို ခေါင်းပေါင်းပေး၊ နှစ်ကျပ်ကို သူယူသည်။ ခေါင်းပေါင်းကို တွက်ဝက်ပေးရခြင်းမှာ ပြဿနာများ ဖြစ်ပွားလာလျှင် ခေါင်းပေါင်းကပင် ဒိုင်ခံဖြေရှင်းပေးရသောကြောင့် ဖြစ်သည်။

နယ်မြေလုခြင်း အချင်းချင်းရန်ဖြစ်ခြင်း၊ လူမိုက်များ အရက်သမားများက တောင်းရမ်းရသောငွေကို လာရောက်လုယက်ခြင်း ပုလိပ်များ လာရောက်ဖမ်းဆီးခြင်း . . အစရှိသော ပြဿနာများကို ခေါင်းပေါင်းကပင် နောက်ကလိုက်ပြီး ဒိုင်ခံဖြေရှင်းပေးရသည်။

လူမိုက်လာလျှင် လူမိုက်ချင်း ရှင်းရသည်။ ပုလိပ်လာလျှင် ငွေပေးပြီးပြေလည်အောင် လုပ်ပေးရသည်။

လာရောက်ဖမ်းဆီးသူက "အဆင်ပြေအောင် လုပ်ပေးပါ့မယ်"ဟုပြောလျှင် သင့်တော်သလောက် ငွေကြေးပေးမှ အဆင်ပြေသည်။

မပေးလျှင် အဆင်မပြေပေ။

ခေါင်းပေါင်းလုပ်သူတာဝန်က ထိုကဲ့သို့သော ကိစ္စမျိုးတို့ကို ဖြေရှင်းပေးရသည်သာမက တောင်းရမ်းသူတို့အတွက် လိုအပ်တာများလည်း စီစဉ်ပေးရသေးသည်။

ကလေးပြုပြီး တောင်းမည့်မိန်းမများကို ကလေးမရှိ





www.burmeseclassic.com

www.burmeseclassic.com



လျှင် ကလေးဌားပေးရသည်။ ကလေးရှင်ကို နေ့တွက်ခ ပေးရသည်။ နို့ဗူးနှင့်ကလေးက အမြဲအိပ်နေစေရန် အိပ်ဆေးပြား စီစဉ်ပေးရသည်။

ခြေတု၊ လက်တု၊ အနာအတုများအတွက်လည်း ထိုကိစ္စအတွက် ကျွမ်းကျင်သူများကို အခငွေကြေးပေးခေါ်ကာ လုပ်ခိုင်းရသည်။

လူနာအတု၊ သက်ကြီးရွယ်အိုအတု၊ ရောဂါသည်အတု၊ ဘုန်းကြီးအတု၊ သီလရှင်အတု၊ ဘိုးတော်မယ်တော်အတုများ ပြုလုပ်ပြီး နည်းအမျိုးမျိုးနှင့် တောင်းနိုင်အောင် စီစဉ်ပေးရသည်။

ထိုအထဲတွင် အလှူခံအတုများလည်းပါသေးသည်။

ဘုရားတည်ရန် ကျောင်းဆောက်သိမ်ဆောက်ရန် ရေတွင်းတူးရန် ဆွမ်းလောင်းရန် စသည့် အကြောင်းအရာတို့ဖြင့် လှည့်လည်အလှူခံပြီး ရသမျှခွဲဝေယူကြသည်မျိုးလည်း ရှိကြသေးသည်။

မြန်မာနိုင်ငံအတွင်း နေထိုင်ကြသူ အများစုမှာ ဘာသာတရားကို လေးစားသည်။ သနားကြင်နာတတ်ကြသည်။

ငွေကြေးတောင်းရမ်းသူတို့က (အချို့အလှူခံခြင်း)ထိုအချက်တို့ကို ခုတုံးလုပ်တာ နည်းအမျိုးမျိုးဖြင့် ငွေရအောင် တောင်းယူကြခြင်း ဖြစ်ပေသည်။

အထက်ပါ အချက်များကြောင့် ဒွန်းစဏ္ဍားလောကတွင် တောင်းရမ်းပေးသူများရှိမှ ဖြစ်သလို အစစအရာရာ





စီမံဆောင်ရွက်ပေးကြသော ခေါင်းပေါင်းများ၏ အခန်းကဏ္ဍကလည်း ပါဝင်နေရခြင်း ဖြစ်ပေသည်။

ခေါင်းပေါင်းများမှာ သူ့နေရာနှင့်သူ နေရာသတ်မှတ်ထားကြရာ ပုဇွန်တောင် ကြက်တန်းတစ်ဝိုက်နှင့် ရေကျော်တစ်ဝိုက်မှာတော့ ဒွန်းစဏ္ဍားခေါင်းပေါင်း ဦးစံနက်ကျော်က တာဝန်ယူ အုပ်ချုပ်နေလေသည်။

စံနက်ကျော်မှာ ခေါင်းပေါင်းလုပ်နေသဖြင့် "ဦး"တပ်ခေါ်နေကြသော်လည်း အသက်(၃၀)ဝန်းကျင်သာ ရှိပေသေးသည်။ သို့သော်လည်း အနေအထိုင်က တည်ပါသည်။

ဌင်းနေထိုင်သောအိမ်မှာ ကုလားတစ်ယောက်ထံမှ အပိုင်စီးထားသော အိမ်ကြီးတစ်လုံး၌ ဖြစ်သည်။

တောင်းရမ်းသူတို့ထံမှ ရသောငွေများကို ပျံကျဈေးသည်များ အရောင်းအဝယ် ပြုသူတို့အား နေ့ပြန်တိုး ပြန်ပေးနိုင်သေးသည်။ တစ်ဖက်က ဒွန်းစဏ္ဍားတို့၏ ခေါင်းပေါင်းဖြစ်သလို တစ်ဖက်ကလည်း ငွေတိုးကြေးတိုးပေးနေသော လူကြီးလူကောင်းတစ်ယောက်အသွင် ရှိပေသည်။

အချိန်က ညနေစောင်းအချိန်ဖြစ်သောကြောင့် ပုဇွန်တောင် နံဘေးရှိ သီးခြားဆောက်ထားသော တဲကြီးတစ်လုံးအတွင်းသို့ ဦးစံနက်ကျော် ရောက်နေသည်။

နေရာအနှံ့သို့ လှည့်လည်တောင်းနေကြသော ဒွန်းစဏ္ဍားများလည်း သူရှိသောနေရာသို့ ရောက်လာကြပြီး တောင်းရမ်းရသောငွေများကို လာရောက်အပ်နှံကြလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဦးစံနက်ကျော်ကလည်း ထိုငွေများကို သင့်တော်သလို စီမံခန့်ခွဲပြီး တောင်းရမ်းသူများကို ပြန်ပေးလေသည်။

ထိုကိစ္စများပြီးတော့မှ ညဦးပိုင်းအချိန်ရောက်သောအခါ သူနေသောအိမ်သို့ပြန်ကာ ညဦးပိုင်း ရောက်လာကြမည့် ငွေတိုး ကြေးတိုးချေးငှားသူ ပြန်ဆပ်သူတို့ဖြင့် ထပ်မံတွေ့ရပေဦးမည်။

ညနေစောင်းတော့. . . တောင်းရမ်းသူတို့ ကုန်သလောက် နည်းသွားကြလေသည်။

ထိုအချိန်မှာပင် သူရှိနေသော တဲကြီးအတွင်းသို့ လူနှစ်ယောက် ရောက်လာကြသည်။ ၎င်းတို့နှစ်ယောက်၏ ပုံပန်းသဏ္ဌာန် မြင်ရုံနှင့်ပင် ဦးစံနက်ကျော်မှာ မျက်နှာတစ်ချက် ပျက်သွားလေသည်။

"ဘာကိစ္စရှိကြလို့လဲ"

"ဦးစံနက်ကျော်နဲ့ တွေ့ချင်လို့ပါ"

"စံနက်ကျော်ဆိုတာ ကျုပ်ပဲ၊ ခင်ဗျားတို့က ဘယ်သူတွေလဲ"

"ကျွန်တော့်နာမည်က ဒေါက်တာမင်းထင်ကျော်၊ သူက စံထောက်ကျော်စွာပါ"

"ဘာကိစ္စ လာကြတာလဲ"

"မေးစရာရှိလို့ လာကြတာပါ"

"ဘာမေးမှာလဲ"





ခင်ဗျားက သူတောင်းစားတွေကို ခေါင်းဆောင်နေတဲ့သူဆိုတော့ ရန်ကုန်မြို့ထဲက သတင်းအတော်များများကို သိနိုင်တယ် မဟုတ်လား"

"ခင်ဗျားတို့က ဘာသိချင်ကြလို့လဲ"

"တခြားတော့ မဟုတ်ပါဘူး၊ တစ်လောက ဂရင်းဒလေဘဏ်က ငွေထုတ်သွားတဲ့ သူဌေးသုံးဦး ဓားပြတိုက် ခံလိုက်ရတယ်၊ နေ့ခင်းကြောင်တောင် မြို့လည်ခေါင်မှာ တိုက်သွားတာ ဆိုပါတော့ အဲဒီကိစ္စနဲ့ပတ်သက်လို့ သဲလွန်စလေးသာလေး ရမလားလို့ လာမေးတာပါ"

"ဘာမှမသိဘူး. .၊ သူဌေးတွေ သဘော်ပျက်တာကို စိတ်မဝင်စားဘူး၊ ကျုပ်ဆီမှာ အလုပ်လုပ်ပေးနေတဲ့ သူတောင်းစားတွေ ခွက်မပျောက်ဖို့ပဲ အရေးကြီးတယ်"

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်က သဘောကျစွာဖြင့် တစ်ချက်ပြုံးလိုက်သည်။

"သူဌေးတွေ အဆင်ပြေမှ တောင်းရမ်းစားသောက်တဲ့သူတွေလည်း အဆင်ပြေမှာပေါ့ဗျာ. .၊ တောင်းရမ်းစားသောက်တဲ့သူတွေ အဆင်ပြေမှ ခင်ဗျားတို့ ခေါင်းပေါင်းတွေလည်း အဆင်ပြေကြမှာပေါ့၊ သူဌေးသဘော်မှောက်မှတော့ တောင်းစားတဲ့သူတွေလည်း ခွက်ပျောက်တာထက် ပိုဆိုးမှာပဲ"

ဒေါက်တာမင်းထင်ကျော် စကားကြောင့် ဦးစံနက်ကျော်မျက်နှာမှာ မသိမသာ ရှုံ့မဲ့သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ်ပေါ့၊ ခင်ဗျားတို့ လာမေးတဲ့ ကိစ္စတွေကိုတော့ ကျုပ်ဘာမှမသိပါဘူး"

ဦးစံနက်ကျော်က စကားကို အပြတ်ပြောပြီး နေရာမှ ထရန် ဟန်ပြင်နေသော်လည်း ဒေါက်တာမင်းထင်ကျော်က မှည်သည့်ကိစ္စမဆို လွယ်လွယ်နှင့် လက်လျှော့မပေးတတ်သူမို့ စီးကရက်သောက်ရင်း ထိုင်မြဲထိုင်နေလေသည်။

သို့ကြောင့် ဦးစံနက်ကျော်မှာ ထိုင်ရအခက် ထရအခက် ဖြစ်သွားဟန် ရှိနေသည်။

"ခင်ဗျားကို ပြောရဦးမယ်ဗျ၊ အနုကြမ်းစီးသွားတဲ့ ဓားပြဂိုဏ်းက သာမညတော့ မဟုတ်ဘူး၊ အရင်က ဒါမျိုးတွေကို မကြာခဏ လုပ်ခဲ့ကြဖူးတဲ့ လက်ရာမျိုးတွေပေါ့ဗျာ ဘာနဲ့တူသလဲဆိုတော့ ဥပမာပြောရရင် လွန်ခဲ့တဲ့ ငါးနှစ်ခြောက်နှစ်လောက်က ပဲခူးနယ်ဘက်မှာ နာမည်ကြီးခဲ့တဲ့ နဂါးနက်ဓားပြဂိုဏ်းနဲ့ တူသလိုပဲဗျ"

ထိုစကားကြားသောအခါ ဦးစံနက်ကျော်က ဆေးပြင်းလိပ်ကြီးကို မီးညှိဖွာရင်း မျက်နှာလွှဲထားလေသည်။

ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက် ရောက်လာကတည်းက သံပချိုင်နှင့် သန်းရွှေအပါအဝင် လူမိုက်များထမနီးမဝေးမှရပ်ကာ အခြေအနေလာကြည့်နေကြလေသည်။

သူတို့ အမူအယာများက ရောက်နေသူနှစ်ယောက်ကို အစိမ်းလိုက် ဝါးစားချင်သော အမူအယာမျိုး ရှိနေကြသည်။





နောက်တော့ တဲအတွင်းမှ အလျှိုအလျှို ပြန်ထွက်သွားကြလေရာ တဲအတွင်း၌ ဦးစံနက်ကျော်တစ်ယောက်နှင့် ဒေါက်တာမင်းထင်ကျော်တို့သာ ကျန်ခဲ့တော့သည်။

ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာ တို့နှစ်ယောက်ကလည်း ပတ်ဝန်းကျင်အခြေအနေကို အကဲခတ်မိကြသော်လည်း မသိကျိုးကျွံပြုနေကြသည်။

နေဝင်ကာနီးတော့မှ နှစ်ယောက်သား တဲအတွင်းမှ ပြန်ထွက်ခဲ့ကြသည်။ ပတ်ဝန်းကျင်မှာတော့ အမှောင်ရိပ်များ သန်းစပြုနေချေပြီ။

ထိုခေတ်အချိန်က ပုဇွန်တောင်ချောင်းတစ်လျှောက်မှာ လူနေထိုင်မှု မများသေးပေ။

အုတ်၊ သဲ၊ ကျောက် အရောင်းအဝယ် လုပ်သူအချို့နှင့် ဓနိ သစ်ဝါး အရောင်းအဝယ် ပြုသူတို့သာ အချို့ရှိကြသည်။

အရှေ့ဘက်ပိုင်းမှာတော့ ဆိပ်ကမ်းတစ်လျှောက် လူမရှိတော့ပဲ တောင်းရမ်းစားသောက်သူများနေသော တဲများသာ ရှိကြတော့သည်။

ထို့ပြင် ကမ်းစပ်နှင့်နီးသော လတာပြင်စပ်၌ ခရာဆူးတောများရှိပြီး ကုန်းဘက်မှာတော့ သစ်ပင်ကြီးငယ်တို့နှင့် ချုံနွယ် ပိတ်ပေါင်းများသာ ရှိသည်။ ကမ်းခြေနှင့် နီးသော နေရာဘက်မှာတော့ လူသွားလမ်းတစ်လမ်း ဖောက်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုလမ်းက "တောင်းရမ်းစားသောက်သူတို့ သွားသောလမ်းဖြစ်ပြီး အရှေ့ဘက် ဆက်သွားလျှင် သုသာန်သာ ရှိတော့သည်။

ထိုသုသာန်စောင့်မှာ ပေတလူဖြစ်ပြီး ကုလားလူမျိုးများသေလျှင် မြှုပ်နှံသောနေရာနှင့် ဗမာလူမျိုးတို့သေလျှင် မြှုပ်နှံသော နေရာနှစ်နေရာရှိသည်။

အလယ်မှ ခြံစည်းရိုးခြားထားပြီး မြေကတော့ တစ်ဆက်တည်းသာ ဖြစ်သည်။ ပတ်ဝန်းကျင်မှာ နေသူများသေလျှင် ကြံတောသုသာန် တာမွေသုသာန် စသော နေရာများအထိ မသယ်တော့ပဲ ထိုနေရာတစ်ဝိုက်မှာရှိသော သုသာန်သို့လာ ရောက်မြှုပ်နှံကြသည်။

နီးစပ်သူများကတော့ ကုလားသင်္ချိုင်း၊ ဗမာသင်္ချိုင်းဟုပင် အလွယ်ခေါ်ဝေါ်ကြသည်။

ပတ်ဝန်းကျင်မှာ အလင်းရောင် မပျောက်သေးသောကြောင့် ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့သည် သုသာန်ရှိသော နေရာဘက်သို့ ဆက်လျှောက်လာကြလေသည်။

သုသာန်ဘက်သို့ သွားသောလမ်းမှာ အတော်ပင်ကျယ်အောင် ဖောက်ထားလေသည်။ ဘေးတစ်ဖက်တစ်ချက်တွင် ချုံများရှိသော်လည်း လူသုံးလေးယောက် သွားလာအောင် ဖောက်ထားသော လမ်းမျိုးဖြစ်သည်။ ရာသီမရွေး သွားလာရစေရန် အုတ်ခဲများ ခင်းထားသည်။





သူတောင်းစားများနေသော နေရာမှသွားလျှင် သုသာန်ရှိသောနေရာမှာ မဝေးလှပေ။

အချိန်ကလည်း နေဝင်ကာနီးပြီမို့ အလင်းရောင် သိပ်မရှိတော့ပေ။ သုသာန်တစ်ဝိုက်မှာတော့ သစ်ပင်ကြီးများ၊ ကုက္ကိုလ်ပင်ကြီးများ ရှိနေသောကြောင့် အမှောင်ရိပ် ပိုများနေသည်။ သုသာန်အတွင်းမှာတော့ မြေကျင်းတူး မြှုပ်ထားပြီး အမည်မှတ်တိုင် စိုက်ထားသော နေရာများရှိသလို အုတ်ဂူ ပြုလုပ်ထား ခြင်းများလည်း ရှိပေသည်။

အုတ်ဂူများမှာ သူ့နေရာနှင့်သူ တန်းစီပြီး ပြုလုပ်ထားခြင်းမျိုးမဟုတ်ပဲ မြေနေရာကျန်သော နေရာများတွင် အဆင်ပြေသလို ပြုလုပ်ထားသောကြောင့် ဟိုနေရာတစ်ကွက် ဒီနေရာတစ်ကွက် ရှိနေကြသည်။

အချို့ထုံးများ ဆေးများသုတ်ထားသောကြောင့် အရောင်ရှိသော်လည်း အချို့လည်း လာရောက်မကြည့်ရှုနိုင်ကြသဖြင့် ရေညှိများ တက်နေကြသည်။

ဒေါက်တာမင်းထင်ကျော်တို့ ရောက်သွားတော့ အုတ်ဂူတစ်လုံးပေါ်တွင် အကျအနထိုင်နေကာ ဆေးပေါ့လိပ်ဖွာနေသော လူတစ်ယောက်ကို တွေ့ရသည်။

ကျိုးတို့ကျဲတဲ ဆံပင်များ၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများရှိပြီး ဘောင်းဘီကြမ်း၊ ပြဲနေသော အင်္ကျီဟောင်းတစ်ထည်ကို ဝတ်ထားသောကြောင့် မြင်ရုံနှင့် သုသာန်စောင့်မှန်း သိနိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကိုမြင်တော့ နေရာမှထလာသည်။

"ဘာကိစ္စ ရှိကြလို့လဲ၊ မြေကျင်းတူးဖို့လား၊ အုတ်ဂူလုပ်ချင်လို့လား"

ဟု မေးသည်။

"ခင်ဗျားက ဘယ်သူလဲ"

"သုသာန်စောင့် ပေတလူ"

"ဒီသုသာန်မှာ အုတ်ဂူ ဘယ်နှစ်လုံးရှိသလဲ"

"သုံးဆယ်ကျော်လောက်တော့ ရှိမယ်ထင်တာပဲ၊ အတိအကျတော့ ဘယ်သိပါ့မလဲ"

"သုသာန်စောင့် လုပ်နေပြီး ကိုယ်နေတဲ့ သုသာန်မှာ အုတ်ဂူဘယ်နှစ်လုံး မြေပုံဘယ်နှပုံရှိမှန်းတောင် မသိတဲ့ သုဘရာဇာပဲကိုး"

ထိုစကားကြောင့် ပေတလူမှာ ရှုံ့ရှုံ့ရှားရှား ဖြစ်သွားလေသည်။ သို့သော် ဒေါက်တာမင်းထင်ကျော်တို့ ဟန်အမူအယာကြည့်ပြီး ရန်မမူဝံ့ပေ။

"ဒါထက် အကြာဆုံး အုတ်ဂူတွေက ဘယ်ဘက်မှာရှိသလဲ"

"ဒါတော့ မသိဘူး၊ ကျုပ်က ဒီသုသာန်ရောက်တာ မကြာသေးဘူး"

ဟု စကားဖြတ်ကာ ထိုနေရာမှ ပြန်လှည့်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာတို့လည်း သုသာန်ထဲမှာရှိသော အုတ်ဂူများကို လိုက်ကြည့်ကြသေးသည်။





သို့သော် အလင်းရောင် မရှိတော့သဖြင့် ကောင်းစွာမမြင်ရတော့ပေ။

"ပြန်ကြရအောင် ကိုကျော်စွာ၊ နေ့ဘက် လူသူရှင်းတော့မှ တစ်ခေါက်လာကြည့်ကြတာပေါ့"

ဟု ပြောပြီး သုသာန်တွင်းမှ ပြန်ထွက်လာကြသည်။

သူတို့နှစ်ယောက် ပြန်ထွက်လာတော့ ပေတလူကို မတွေ့ရတော့ပေ။

နှစ်ယောက်သား ပြန်ထွက်လာတော့ ဘေးတစ်ဖက်တစ်ချက်တွင် ချုံများဖုံးနေသော လူသွားလမ်းပေါ်မှ အလင်းရောင်မရှိတော့ပေ။

သုသာန်နှင့် ဝေးလာပြီး တစ်နေရာ ရောက်သောအခါမှာတော့ သူတို့ ပြန်အလာကို စောင့်နေကြသူများက ချုံများ သစ်ပင်များနောက်တွင် ပုန်းအောင်းနေကြရာမှ ထွက်လာကြသည်။

စုစုပေါင်း(၅)ယောက်ဖြစ်ပြီး မျက်နှာကို မမှတ်မိစေရန် အဝတ်များ စည်းထားသည်။ လက်ထဲမှာလည်း တုတ်၊ ဓားများ ကိုင်ထားကြသည်။ အခြေအနေကို မြင်ရုံနှင့်ပင် ဓါတ်ဆွေဖွဲ့လိုသူများ မဟုတ်ကြောင်း သိကြလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့တွင် သေနတ်တစ်လက်စီ ပါလာကြသည်။

သို့သော် ဒီလူလောက်ကိုဖြင့် သေနတ်သုံးရန် မလို



www.burmeseclassic.com

www.burmeseclassic.com



သေးကြောင်း နှစ်ယောက်စလုံးက သဘောပေါက်ကြလေသည်။

ရန်သူများက သူတို့နှစ်ယောက်ကို ပတ်ဝိုင်းပြီး ဝင်ရောက်တိုက်ခိုက်ကြတော့သည်။

ဒေါက်တာမင်းထင်ကျော်က နောက်မှဝင်လာသော တုတ်ချက်ကို လွတ်အောင်ရှောင်ပြီး နောက်သို့ ဆုတ်ကာ ရန်သူ၏ မျက်နှာကို တတောင်ဖြင့်တွက်ရာ မရှုမလှ ဖြစ်သွားသောအသံမျိုး ကြားလိုက်ရသည်။

ထိုအခြေအနေမှာပင် ရန်သူ့လက်မှတုတ်ကို လုလိုက်သည်။

နောက်တစ်ယောက် ဘေးမှ ဓားဖြင့်ဝင်ခုတ်သည်။

လက်ရဲဇက်ရဲ ခုတ်ခြင်းမျိုးမဟုတ်ဘဲ. . ကြောက်ကြောက်ရွံ့ရွံ့နှင့် မျက်စိမှိတ်ကာ လက်လှမ်းမီရာကို ဝင်ခုတ်ခြင်းဖြစ်သောကြောင့် အလွယ်တကူပင် ရှောင်တိမ်း၍ ဓားကိုင်ထားသောလက်ဆစ်ကို ရိုက်ချလိုက်ရာ ကျိုးပြီး ဓားပါလွတ်ကျသွားလေတော့သည်။

စုံထောက်ကျော်စွာကလည်း. . . အတိုက်အခိုက်ကောင်းသူဖြစ်သောကြောင့် ရန်သူနှစ်ယောက်လောက်ကို မြေပေါ်၌ မထနိုင်လောက်အောင် တိုက်ခိုက်ထားသည်။

ရန်သူငါးယောက်မှာ လေးယောက်လဲနေပြီ ဖြစ်သောကြောင့် တစ်ယောက်သာ ကျန်တော့သည်။

ထိုတစ်ယောက်မှာလည်း လက်နက်မရှိတော့ပေ။





ဒေါက်တာမင်းထင်ကျော်က ဝိုင်းများတော့. . . ကြောက်ရွံ့နေလေသည်။

“မင်းတို့က ဘယ်သူခိုင်းတာလဲ”

ပထမတော့ မပြောပေ။

ဒေါက်တာမင်းထင်ကျော်က ဓားဦးချွန်ဖြင့် လည်ပင်းကို ထိုးလိုက်တော့မှ ကြောက်ကြောက်လန့်လန့်ဖြင့် ပြောသည်။

“ခေါင်းပေါင်းခိုင်းလို့ လုပ်ရတာပါ”

ဒေါက်တာမင်းထင်ကျော်က လိုချင်သော အဖြေသိရသဖြင့် ထိုသူကို ဘာမှဆက်မလုပ်တော့ပဲ ပြန်လွှတ်လိုက်ပြီးမှ နှစ်ယောက်သား ထိုနေရာမှ ထွက်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၁)

# နှစ်ပင်လိမ်ကျော့ကွင်း

တစ်နေ့သ၌ နံနက်(၁၀)နာရီ အချိန်ခန့်တွင် ဒေါက်တာမင်းထင်ကျော် နေသောအိမ်သို့ စုံထောက်ကျော်စွာတစ်ယောက် ကားဖြင့်ရောက်လာလေသည်။ ထိုအချိန်တွင် ဒေါက်တာမင်းထင်ကျော်က အိပ်ယာမှထပြီးစအချိန်ပင်ဖြစ်သည်။

ကြိုတင်ချိန်းထားခြင်းမဟုတ်ပဲ ရောက်လာခြင်း ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် တစ်စုံတစ်ခု အရေးပေါ် ကိစ္စ ရှိသောကြောင့် ရောက်လာခြင်းဖြစ်ကြောင်း ခန့်မှန်းမိလေသည်။

"ဘယ်လိုလည်း ကိုကျော်စွာ၊ ဆိုင်းမဆင့် ဗုံမဆင့်နဲ့ ရောက်လာပုံထောက်တော့ အရေးကြီးတဲ့ကိစ္စမျိုး ပေါ်နေပြီ ထင်ပါရဲ့"

"အရေးကြီးတာတော့ မပြောပါနဲ့ ဆရာရယ်၊ ဒီတစ်ခါက လူသတ်မှုဖြစ်တာ"

"ဘယ်နေရာမှာလဲ"

"ဦးစံပေါ် တို့ အိမ်မှာဖြစ်တာဗျ"

"ဟင်. . ဦးစံပေါ် အသတ်ခံရပြီ ထင်တယ်"

"သေသေချာချာတော့ မသိရသေးဘူး။ ဦးစံပေါ် တို့ အမှုတွဲကို ကျွန်တော်တို့ကိုင်တော့ လမ်းမတော်ဂါတ်တဲက ဖုန်းဆက်ပြောတော့မှ သိရတာ၊ ကျွန်တော်တို့ သွားကြည့်မလို့ ဆရာ့ကိုပါ ဝင်ခေါ်တာ"

ဟု ပြောသဖြင့် ထွေထွေထူးထူး မေးမြန်းမနေတော့ဘဲ အဝတ်အစား လဲလှယ်ပြီး စုံထောက်ကျော်စွာတို့ ကားနှင့်ပင် လိုက်လာလေသည်။ ကားပေါ်၌ ဆားပုလင်းမောင်မိုးအပါအဝင် ပုလိပ်သုံးယောက်လည်း ပါလာသေးသည်။

ဘုန်းကြီးလမ်း၌ရှိသော ဦးစံပေါ် တို့တိုက်ရှေ့ရောက်တော့ အားလုံး ကားပေါ်မှဆင်းကြသည်။

သူတို့ရောက်သွားတော့. . လမ်းမတော်ဂါတ်တဲမှ ရောက်နေသော ပုလိပ်အချို့ကို တွေ့ရသည်။





စုံထောက်ကျော်စွာရောက်လာတော့ သူတို့တွေ့သမျှ အခြေအနေအားလုံးကို ပြောပြသည်။

ဒေါက်တာမင်းထင်ကျော်က အိမ်ထဲဝင်လာသောအခါ ညေ့ခန်းတွင်ထိုင်နေကြသော ဦးစံပေါ်၊ ဒေါ်နှင်းမေနှင့် မြသီရိတို့ သုံးယောက်ကို တွေ့ကြရသည်။

"ဘယ်လိုဖြစ်တာလဲ"

"ကျုပ်အိမ်မှာ ခိုင်းစေထားတဲ့ အလုပ်သမားတစ်ယောက် အသတ်ခံလိုက်ရတယ်"

ဦးစံပေါ် က ကတုန်ကယင် ဖြစ်နေသော အသံမျိုးဖြင့် ပြောပြသည်။

"ဘယ်နေရာမှာဖြစ်တာပါလဲ"

"အပေါ် ထပ်က ကျုပ်နေတဲ့ အခန်းထဲမှာပါ"

ထိုသို့ ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က ဦးစံပေါ် ကိုပါ တစ်ပါတည်းခေါ်၍ အပေါ် ထပ်သို့ တက်လာလေသည်။

တိုက်ကြီးမှာ ရှေးဟောင်းတိုက် ဖြစ်သောကြောင့် ကြီးမားသော လှေခါးကြီးမှ နှစ်ဆင့်ချိုးတက်မှ အလယ်ထပ်သို့ ရောက်လေသည်။

အလယ်ထပ်မှာတော့ အိပ်ခန်းဖွဲ့ထားသော အခန်းအချို့သာ တွေ့ရလေသည်။

ဦးစံပေါ် နေသော အခန်းမှာ ခေါင်းရင်းဘက် ထပ်ဆုံးအခန်း၌ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအပေါ်ထပ်မှာ ဘယ်သူတွေနေသေးလဲ"

"ကျုပ်မိန်းမတစ်ခန်း၊ ကျုပ်သမီးတစ်ခန်း ဒါပဲရှိပါတယ်၊ အိမ်စေတွေနဲ့ အလုပ်သမားတချို့ကတော့ အောက်ထပ်မှာ နေကြပါတယ်"

ထိုသို့ပြောရင်းနှင့် လျှောက်လာရာ ဦးစံပေါ်နေသော အခန်းရှေ့သို့ ရောက်လာကြသည်။ အခန်းပေါက်ဝတွင် လမ်းမတော်ဂါတ်တဲမှ ပုလိပ်တစ်ယောက်ကို တွေ့ရသည်။ ၎င်းက ဒေါက်တာမင်းထင်ကျော်ကို သိနေသဖြင့် တွေ့သည်နှင့် အရိုအသေပေးကာ စစ်ဆေးတွေ့သမျှ အကြောင်းတို့ကို ပြောပြသည်။

"အလောင်းက အခန်းထဲမှာ ရှိပါတယ်၊ လူသတ်မှုပါပဲ၊ ရင်ဝကို သံချွန်တစ်ခုခုနဲ့ တစ်ချက်တည်း ထိုးသတ်သွားတာ"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်ပြီး စေ့ထားသော တံခါးချပ်ကို တွန်းဖွင့်လိုက်သည်။

မြင်ကွင်းက မကောင်းလှပေ။

အခန်းတွင်းမှာရှိသော ကြေးကုတင်ကြီး တစ်လုံးနှင့် မနီးမဝေး ကြမ်းပြင်ပေါ်တွင် ပက်လက်အနေအထားဖြင့် လဲကျသေဆုံးနေသော အမျိုးသမီးတစ်ယောက်ကိုတွေ့ရသည်။

ထိုအခန်းမှာ အိပ်ခန်းဟု ခေါ်သော်လည်း အတော်ပင် ကျယ်ဝန်းသော အခန်းမျိုး ဖြစ်သည်။ ကြေးကုတင်တစ်လုံး၊ ဗီရိုတစ်လုံး ကုတင်ခုံဘေးတွင် စာရေးစားပွဲနှင့် ကုလား





ထိုင်ရှိသည်။ ထို့ပြင် အခန်းတွင်းမှာ ရုပ်တုသုံးလေးခုလည်း တွေ့ရလေသည်။

အရုပ်များမှာ သေးသေးငယ်ငယ် အရုပ်များ မဟုတ်ကြပေ။ လူတစ်ကိုယ်စာလောက်ကြီးသော အရုပ်များပင် ဖြစ်၏။ လက်ချောင်းပေါင်းများစွာပါသော ကာလီနတ်ဘုရားရုပ်တုလည်း ရှိသည်။ လက်ချောင်းများတွင် ဓားကောက်၊ ခက်ရင်း၊ မြှိန်း၊ လှံတံ၊ စသော ချွန်ထက်သော လက်နက်ကိရိယာများ ကိုင်ထားသည်။

နောက်တစ်ရုပ်က တရုတ်နတ်စစ်သူကြီး ရုပ်တုဖြစ်သည်။ လက်တစ်ဖက်က ဓားကိုကိုင်ထားပြီး ကျန်တစ်ဖက်က လှံချွန် ကိုင်ထားသည်။

တိုက်ခေါင်းရင်းဘက်တွင် မှန်ချပ်များ ကပ်ထားရာ နေရောင်ခြည်က ထိုမှန်ချပ်များမှတစ်ဆင့် အခန်းတွင်းသို့ ဝင်ရောက်နေလေသည်။ အစိမ်းရောင် မှန်ချပ်များမှ ဖြတ်သန်း ဝင်ရောက်လာသော နေရောင်ခြည်က ထိုရုပ်တုကြီးပေါ်သို့ တည့်တည့်ကျနေရာ ဆလိုက်ဖြင့် ထိုးထားသကဲ့သို့ ရှိလေသည်။

ရုပ်တုကြီးတွင် သလင်းကျောက်မျက်လုံးများ ထည့်ထားသောကြောင့် နေရောင်ခြည်နှင့် ထိသောအခါ အလင်းရောင်များ ထွက်နေပြီး အခန်းထဲမှ လူများကို လိုက်ကြည့်နေသကဲ့သို့ ရှိလေသည်။

နောက်နှစ်ရုပ်ကတော့ ဗီးနပ်ရုပ်တုနှင့် တရုတ်နတ်



www.burmeseclassic.com

www.burmeseclassic.com



သမီး ရုပ်တုပင်ဖြစ်သည်။ ဗီးနပ်ရုပ်ကတော့ ပလာစတာဖြင့် သွန်းလုပ်ထားသော ရုပ်တုဖြစ်သဖြင့် မထူးခြားပေ။

တရုတ်နတ်သမီးကတော့ ထူးခြားသည်။

ပလာစတာဖြင့် ပုံသွင်းထားသည် ဖြစ်သော်လည်း ပြုလုပ်ထားပုံက လက်ရာမြောက်လှသည်။ လက်ထဲမှာ ကြာပန်းများ ပွေ့ပိုက်ထားပြီး မတ်တပ်ရပ်နေသော ပုံသဏ္ဌာန်ဖြစ်လေသည်။

မြသီရိနှင့် စားသောက်ဆိုင်မှာ တွေ့စဉ်က 'ကွမ်ရင်မယ်တော်ရုပ်တု'နှင့် ပုံသဏ္ဌာန်တူသည်ဟု သူမက ပြောသွားလေသည်။ သို့သော် မဟုတ်ပေ။

တရုတ်ရှေးဟောင်း ရာဇဝင် ကျမ်းစာများ၌ပါသော မယ်တော် ရှီဝမ်းမူ ပုံပင်ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က ရုပ်တုများကို ခြုံကြည့်ပြီးမှ လဲကျနေသော အလောင်းအနီးသို့သွားကာ စစ်ဆေးကြည့်ရှုလေသည်။

ကြမ်းပြင်ပေါ်တွင် လဲကျသေဆုံးနေသူမှာ အမျိုးသမီးတစ်ယောက်ဖြစ်ပြီး အသက်(၃၀)အရွယ် ဝန်းကျင်လောက်သာရှိသေးသည်။ ကိုယ်လုံးကိုယ်ထည် ပြည့်ပြည့်နှင့် ရုပ်ရည်က သနားကမားရှိသူဖြစ်သည်။

သာမန်အဝတ်များ ဝတ်ဆင်ထားလေသည်။

သူမ လဲကျနေသောနေရာမှာ ကာလီနတ်ဘုရားမရုပ်တုရှိသော နေရာတည့်တည့်လောက်တွင် အပေါက်တစ်ပေါက်ဖြစ်နေသော ဒဏ်ရာကိုတွေ့ရပြီး ထိုနေရာမှ သွေးများထွက်နေသည်။





ထိုသွေးများက ကိုယ်ပေါ်မှတစ်ဆင့် ကြမ်းပြင်ပေါ်သို့ စီးကျနေရာ အလောင်းအောက်တွင် သွေးများအိုင်နေသည်။

ဒေါက်တာမင်းထင်ကျော်က သေဆုံးနေသော အမျိုးသမီး အလောင်းနားမှာထိုင်ပြီး လည်ပင်းနှင့် လက်ကောက်ဝတ်နေရာများသို့ စမ်းကြည့်သည်။

"အသက်မရှိတော့ပါဘူး၊ ချွန်ထက်လုံးဝန်းတဲ့ သံချွန်သိုက်ရိယာနဲ့ နှလုံးရှိတဲ့နေရာကို ထိုးစိုက်ခံရလို့ တစ်ချက်တည်းနဲ့ အသက်ထွက်သွားတာ ဖြစ်ပုံရပါတယ်"

နံဘေးမှာပါလာသော ဦးစံပေါ်ကတော့ မျက်လုံးပြူးကြီးဖြင့်ကြည့်ကာ အံ့သြနေဟန် ရှိလေသည်။

ဒေါက်တာမင်းထင်ကျော်က စကားမဆက်တော့ပဲ အလောင်းကို သေသေချာချာ စစ်ဆေးကြည့်သည်။

ဝတ်ထားသော အင်္ကျီ၊ လုံချည်တို့ ချို့ယွင်းမှု မတွေ့ရပေ။

မျက်နှာကတော့ အသတ်မခံရခင်မှာ ထိတ်လန့်ထျာက်ချွံ့စရာ တစ်ခုကို တွေ့မြင်ရဟန်ဖြင့် တအံ့တသြဖြစ်နေသော အမူအရာမျိုး တွေ့ရပြီး မျက်လုံးပြူးကာ ပါးစပ်က ဟလျက်သားပင် ရှိသေးသည်။ လက်တစ်ဖက်တွင် ဖုံသတ်သော အဝတ်ဟောင်းတစ်ခုကို ကိုင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်က သူမ လက်နှစ်ဖက်စလုံးကို ယူကြည့်တော့ လက်နှစ်ဖက်စလုံးတွင် ရွှေမှုန့် ငွေမှုန့်များ ကပ်နေသည်ကို တွေ့ရသည်။

ထို့ကြောင့် နေရာမှပြန်ထပြီး အခန်းတွင်းမှာရှိသော ရုပ်တုများကို လိုက်ကြည့်ရာ ရုပ်တုလေးခုစလုံးတွင် အချို့နေရာများတွင် ရွှေရောင်ငွေရောင်များ သုတ်ချယ်ထားသည်ကို တွေ့ရသည်။ ရွှေရောင်၊ ငွေရောင် အများဆုံးရုပ်တုကတော့ ကာလီ နတ်ဘုရားမရုပ်တုနှင့် မယ်တော် ရှီဝမ်းမူရုပ်တုတို့ပင် ဖြစ်၏။

ဒေါက်တာမင်းထင်ကျော်က အခန်းတွင်းမှာရှိသော ရုပ်တုများကို စေ့စေ့စပ်စပ် လိုက်လံကြည့်နေလေသည်။

ဦးနပ်ရုပ်တုကတော့ လက်ထဲမှာ ဘာမှကိုင်မထားပေ။ မယ်တော် ရှီဝမ်းမူ ရုပ်တုကတော့ လက်ထဲမှာ ကြာပန်းများသာ ကိုင်ထားလေသည်။

ထိုရုပ်တုနှစ်ခုကတော့ မည်သည့်အန္တရာယ်မှ မပေးနိုင်ကြပေ။ ကျန်နှစ်ရုပ်ကတော့ မြင်ရုံနှင့်ပင် ကြောက်စရာကောင်းနေသည်။

တရုတ်စစ်သူကြီး ရုပ်တုလက်ထဲတွင် ဓားနှင့် လှံချွန်ကိုင်ထားသည်။ ၎င်းကိုင်ထားသော လှံက အသွားက အဖြူဖြစ်သောကြောင့် ဒဏ်ရာနှင့် သိပ်တော့မကိုက်ပေ။

နောက်တစ်ရုပ်က ကာလီနတ်ဘုရားမ ရုပ်တုဖြစ်သည်။





ထိုရုပ်တုကတော့ ဒေါက်တာမင်းထင်ကျော်အတွက် မြင်ရုံနှင့်ပင် စိတ်ဝင်စားစရာ ကောင်းနေသည်။

ထုလုပ်ထားပုံက အနက်ရောင်သစ်သား၊ (ဆေးအနက်ရောင် သုတ်ထားသည်လည်း ဖြစ်နိုင်စရာရှိသည်) ရုပ်တုမှာ လူတစ်ယောက်ကိုယ်ခန္ဓာနှင့် မတိမ်းမယိမ်း အရွယ်အစားရှိသည်။ ထုလုပ်ထားပုံမှာ လက်ရာမြောက်လှသဖြင့် အသက်ရှိလူတစ်ယောက်ကဲ့သို့ပင် အသက်ဝင်နေလေသည်။

ထို့ပြင် လက်ထဲတွင် ကိုင်ထားသော သံချွန်၊ မှိန်း၊ ဓား၊ လှံ စသော လက်နက်တို့မှာလည်း သေစေနိုင်လောက်သော လက်နက်များချည်း ဖြစ်ကြသည်။

ဒေါက်တာမင်းထင်ကျော်က ရုပ်တုအနားသို့ တိုးကပ်ပြီး လက်နက်များကို တစ်ခုချင်း လိုက်ကြည့်သော်လည်း သွေးစသွေးနကဲ့သို့ စွန်းပေနေသော အရာမျိုးတော့ မတွေ့ရပေ။

နောက်တော့ ပုလိပ်များကိုခေါ်ပြီး အလောင်းကို ဆေးရုံကြီးသို့ သယ်ယူသွားခိုင်းလိုက်သည်။

စုံထောက်ကျော်စွာကတော့ အောက်ထပ်မှာ ရှိနေကြသော ဒေါ်နှင်းမေ၊ မြသီရိတို့ အပါအဝင် ထိုအိမ်မှာ ရှိနေသူများကို တစ်ယောက်ချင်းတွေ့ကာ စစ်ချက်များ ယူနေလေသည်။

ပုလိပ်များ ဆင်းသွားတော့ အပေါ်ထပ် အခန်းထဲတွင် ဒေါက်တာမင်းထင်ကျော်နှင့် ဦးစံပေါ်တို့ နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



သာ ကျန်ခဲ့တော့သည်။

"သေတဲ့သူရဲ့ နာမည်က ဘယ်သူလဲ"

"မေသန်းလို့ ခေါ်ပါတယ်"

"ဒီအိမ်မှာ အလုပ်လုပ်နေတာ အတော်ကြာပြီလား"

"လေးငါးနှစ်လောက်တော့ ရှိပြီထင်ပါရဲ့၊ မနှင်းမေတို့ ခေါ်ထားတာပါ"

"အသက်ဘယ်လောက် ရှိပြီလဲ၊ နောက်ပြီး သူ့မှာ အိမ်ထောင် ရှိသလား"

"အိမ်ထောင် မရှိပါဘူး၊ အသက်က (၃၀)လောက်ပဲ ရှိဦးမယ်ထင်ပါတယ်၊ သေသေချာချာတော့ မသိပါဘူး"

"သူက ဘယ်အရပ်က လာလုပ်နေတာလဲ"

"တွံတေးဘက်ကလို့တော့ ပြောသံကြားတယ်"

"ဒါထက် ဒီအခန်းက ဦးစံပေါ် နေတဲ့အခန်း မဟုတ်လား"

"ဟုတ်ပါတယ်၊ သူက တစ်ပတ်တစ်ခါလာပြီး အခန်းသန့်ရှင်းရေးနဲ့ အခန်းထဲမှာရှိတဲ့ ကျုပ်ရဲ့အရုပ်တွေကို သန့်ရှင်းရေး လုပ်ပေးရပါတယ်၊ မနက်ကလည်း ထုံးစံအတိုင်း အခန်းသန့်ရှင်းရေးလုပ်ဖို့ ရောက်လာတာပါပဲ"

"သူရောက်လာတော့ ဦးစံပေါ်က ဘယ်မှာ ရှိနေသလဲ"

"ခေါင်းရင်းဘက်က ဘုရားခန်းမှာ ရှိနေတာပါ

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်





သည်။

"ဆက်ပြောပါဦး"

"ဘုရားဝတ်ပြုရင်းနဲ့ 'အောင်မယ်လေး သေပါပြီ' ဆိုတဲ့အသံ ကြားလိုက်ရတယ်၊ နောက်တော့ ကြမ်းပြင်ပေါ်ကို 'ဝုန်း'ခနဲ လဲကျသွားသံ ကြားတာနဲ့ ကပျာကယာထလာပြီး ကြည့်လိုက်တော့ စောစောက မြင်ရတဲ့မြင်ရတဲ့အတိုင်း လဲကျနေတာ တွေ့ရတော့တာပါပဲ"

"အခုလို ဖြစ်သွားတာ စိတ်မကောင်းပါဘူး၊ ဒါထက် အခင်းဖြစ်ပွားတဲ့အချိန်က အပေါ်ထပ်မှာ ဘယ်သူများ ရှိနေသေးသလဲ"

ဦးစံပေါ်က မျက်လုံးအပြူးသားဖြင့် ခေါင်းခါပြသည်။

"ဒီအပေါ်ထပ်မှာ နှစ်ယောက်တည်း ရှိနေတဲ့ အချိန်မှာ တစ်ယောက်က သေသွားတယ်ဆိုတော့ ဦးစံပေါ် အနေနဲ့ ဘယ်လိုများ ထင်မိပါသလဲ"

"ကျုပ်လည်း မထင်တတ်အောင် ဖြစ်နေပါပြီဗျာ၊ စိတ်မကောင်းလည်း ဖြစ်မိတယ်၊ စိတ်ထဲမှာလည်း အုံ့သြနေတယ်၊ အိမ်ပေါ်မှာနေရင်း ဂြိုဟ်ဆိုးဝင်နေတာ ထင်ပါရဲ့၊ တစ်လောက မားပြတိုက် ခံခဲ့ရတယ်၊ အခု အိမ်ပေါ်မှာနေရင်း လူသတ်မှု ဖြစ်ရပြန်တယ်"

"ဒီလိုပဲ ဖြစ်တတ်ပါတယ်၊ ကောင်းတာတစ်ခုခုရဖို့ မလွယ်ပေမယ့် မကောင်းတာကျတော့ တစ်ခုလာပြီဆိုရင် နောက်က အဖော်အပေါင်းတွေနဲ့ တပြုံတမကြီး ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



တတ်ပါတယ်၊ တကယ်လို့ ဦးစံပေါ် အနေနဲ့ အပြစ်မရှိရင် ဘာမှစိုးရိမ်စရာ မရှိပါဘူး"

"အားကိုးပါရစေဗျာ၊ အရင်တစ်ခေါက် တွေ့တုန်းက မောက်မောက်မာမာ ပြောခဲ့မိတာတွေလည်း သည်းခံပေးပါ"

"ကျွန်တော် ဘယ်လိုမှ သဘောမထားပါဘူး၊ အမှန်တရား ပေါ်တဲ့အထိ ကျွန်တော်တို့ ကြိုးစားပေးမှာပါ၊ ဒါထက် ဒီလောက်ကြီးတဲ့ ရုပ်တုကြီးတွေကို ဘယ်လိုစုဆောင်းထားတယ်ဆိုတာ ပြောပြပေးပါ"

"ကျုပ်က အခုလို ရုပ်တုတွေ စုဆောင်းတာ ဝါသနာပါပါတယ်၊ ဒီရုပ်တုတွေအပြင် အပေါ်ထပ်မှာလည်း အချို့ ရှိပါသေးတယ်၊ ကျုပ်က ဒီလိုရုပ်တုမျိုးတွေ စုဆောင်းတာ ဝါသနာပါမှန်းသိတော့ မိတ်ဆွေအပေါင်းအသင်းတွေက လက်ဆောင်ပေးထားကြတာပါ"

ဒေါက်တာမင်းထင်ကျော်က ကပ္ပိတန် စီးကရက်တစ်လိပ်ကို အေးအေးဆေးဆေးဖွာရင်း ခေါင်းညိတ်ပြလိုက်သည်။

"ကျုပ်တို့ ကုန်သည်ကြီးများအသင်းမှာ အသင်းဝင်ထားတဲ့ လူတွေထဲမှာ တရုတ်၊ ကုလား၊ ဗမာ၊ အင်္ဂလိပ် အစုံပါကြတယ်၊ ဒီတော့ ရုပ်တုတွေကိုလည်း သူတို့ ဘာသာရေးနဲ့သက်ဆိုင်တဲ့ ရုပ်တုတွေကို ပေးလေ့ရှိကြတယ်၊ ဒါကြောင့် ကာလီနတ်ဘုရားမရုပ်တု၊ တရုတ်စစ်သူကြီးရုပ်တုတွေ ပါတာပေါ့၊ တချို့ကဆိုရင် နိုင်ငံခြားသွားရင်းနဲ့ ပြန်လာ





တော့ လက်ဆောင်ပေးဖို့ တကူးတက ဝယ်လာကြတယ်"

"ဒါထက် ဒီရုပ်တုတွေကို မမေစန်းက သန့်ရှင်းရေး လုပ်ပေးရသလား"

"တစ်ပါတ်တစ်ခါတော့ အပေါ်ထပ်တက်လာပြီး ဖုံသုတ်ပေးရပါတယ်"

"ဒီအခန်းထဲမှာရှိတဲ့ ရုပ်တုတွေမှာ ဘယ်ရုပ်ထုက နောက်ဆုံးမှ ရောက်လာတာလဲ"

"ဟို တရုတ်မယ်တော် ရုပ်တုပါ"

ဦးစံပေါ်က မနီးမဝေးမှာရှိသော မယ်တော် ရှီဝမ်းမူ ရုပ်တုကို လက်ညှိုးထိုးပြသည်။

"ဘယ်လောက်ကြာပြီလဲ"

"သိပ်မကြာသေးပါဘူး၊ တစ်ပတ်တောင် မပြည့်သေးပါဘူး၊ ကျုပ်မိတ်ဆွေ ဆန်စက်သူဌေး ဦးဘရှင်က လက်ဆောင်ပေးထားတဲ့ အရုပ်ပါ"

"သူဌေး ဦးဘရှင်ဆိုတာ တစ်လောက စားပြတိုက်ခံရတဲ့အထဲမှာ ပါတယ်မဟုတ်လား"

ဦးစံပေါ်က ခေါင်းညိတ်ပြသည်။

ဒေါက်တာမင်းထင်ကျော်က နောက်ထပ်တစ်ကြိမ် အခန်းတွင်းသို့ လှည့်လည်ကြည့်ပြီးနောက် ဦးစံပေါ်ကိုပါခေါ်ပြီး အောက်ထပ်သို့ ပြန်ဆင်းလာကြသည်။

အမှုအခင်းဖြစ်သောအခန်းကို သော့ချပြီး တံခါးပိတ်ထားလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ်ရောက်တော့ စုံထောက်ကျော်စွာနှင့် ပုလိပ်များက ဦးစံပေါ်အား စခန်းသို့ခေါ်သွားရန် ပြင်နေကြသည်။ ထိုအခြေအနေကြောင့် ဒေါ်နှင်းမေကတော့ မျက်ရည်သုပ်ကာ ငိုကြွေးနေလေသည်။

မြသီရိကတော့ ဒေါက်တာမင်းထင်ကျော်အနီးသို့ လာပြီး အခြေအနေမေးသည်။

"ဘယ်လိုအခြေအနေမျိုး ရှိသလဲဟင်"

"လောလောဆယ်တော့ သူ့ကို စခန်းကိုခေါ်သွားပြီး စစ်မေးကြဦးမှာပါ။ သူ့အခန်းထဲမှာ ဖြစ်တာဆိုတော့ သူ့အပေါ်မှာ တာဝန်ရှိနေလို့ပါ"

"ကျွန်မ သဘောပေါက်ပါတယ်"

"ဖြစ်နိုင်ရင် အပြင်ကနေ အမှုရင်ဆိုင်လို့ရအောင် ကျွန်တော် ကြိုးစားပေးပါ့မယ်"

"အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ်ရှင်"

"ဒါထက် မြသီရိကို မေးစရာလေးတွေ ရှိနေသေးလို့ ကျွန်တော် တစ်ခေါက်လာခဲ့ပါဦးမယ်"

"အချိန်မရွေးသာလာခဲ့ပါ. . .၊ ကျွန်မသိတာတွေကိုတော့ ပြောပြပေးပါ့မယ်"

ထို့နောက် မြသီရိကိုနှုတ်ဆက်ပြီး အပြင်သို့ ထွက်လာကြလေသည်။

အပြင်ရောက်တော့ ဆားပုလင်းမောင်မိုးတို့က ဦးစံ





ပေါ်အား ကားတစ်စင်းဖြင့် ခေါ်သွားကြပြီး ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့က ကားတစ်စင်းဖြင့် နောက်မှလိုက်သွားကြလေသည်။

"အောက်ထပ်မှာ စစ်ဆေးတော့ ဘာတွေထူးခြားမှုတွေ တွေ့ခဲ့ရသလဲ ကိုကျော်စွာ"

"ထွေထွေထူးထူးတော့ သိပ်မရခဲ့ပါဘူး၊ ကျွန်တော်အထင် ပြောရရင်တော့ သေသွားတဲ့အမျိုးသမီးက ဒီအိမ်မှာ နေတာကြာပြီဆိုတော့ အတွင်းလူလို ဖြစ်နေတယ်၊ ဦးစံပေါ်ရဲ့ လျှို့ဝှက်ချက်တွေကိုလည်း သိတန်သလောက် သိထားပုံရတယ်၊ ဒါကြောင့်များ နှုတ်ပိတ်တဲ့အနေနဲ့ သတ်လိုက်တာ ဖြစ်ပုံရတယ်"

စုံထောက်ကျော်စွာ မှတ်ချက်ချပုံမှာ ဖြစ်နိုင်ခြေရှိသောကြောင့် ဒေါက်တာမင်းထင်ကျော်က ဘာမှပြန်မပြောပဲ လေးလေးနက်နက် စဉ်းစားနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၂)

# အပမှီနေသောရုပ်တု

ဘုန်းကြီးလမ်း၌ဖြစ်ပွားသော လူသတ်မှုသတင်းက နောက်တစ်ရက်ထုတ် သတင်းစာနှင့် ဂျာနယ်များတွင် မျက်နှာဖုံးသတင်းအဖြစ် ဓာတ်ပုံများနှင့်တကွ ဖော်ပြကြလေတော့သည်။

**"အိမ်တော်ကို ခြိမ်းသတ်ခဲ့သော ရုပ်ရွှေအမင်းအကြောင်း"**

ဟူသော ခေါင်းစဉ်ဖြင့်သော်လည်းကောင်း၊

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းကြီးလမ်းမှ လူသတ်မှုအကြောင်း"

ဟူသည့် ခေါင်းစဉ်တပ်၍သော်လည်းကောင်း၊ လူသတ်မှုအကြောင်းကို ရေးသားကြသည်။

လူသတ်တရားခံ မပေါ်သေးသော်လည်း ဦးစံပေါ်မှ လွဲပြီး အခြားသူမဖြစ်နိုင်ကြောင်း ရေးသားဖော်ပြကြလေသည်။

မြသီရိတို့မှာလည်း တစ်ပူပေါ် နှစ်ပူဆင့်ဆိုသလို ဓားပြမှုဖြစ်ပြီး၍မှ မကြာသေးခင်မှာ အိမ်ပေါ်၌ လူသတ်မှု ထပ်ပေါ်ပြန်သဖြင့် ပွဲရုံလုပ်ငန်းများပင် ဆက်မလုပ်နိုင်တော့သဖြင့် ပိတ်ထားရလေသည်။

ဦးစံပေါ် ကိုလည်း မေးမြန်းစစ်ဆေးမှုများ မပြီးသေးသောကြောင့် လမ်းမတော်ဂါတ်မှာပင် ထားလေသည်။

နောက်တစ်နေ့ ညနေပိုင်းအချိန်မှာတော့ ဒေါက်တာမင်းထင်ကျော်တစ်ယောက်တည်း ဦးစံပေါ်တို့တိုက်သို့ သွားလေသည်။ မြသီရိထံ ကြိုတင်ဖုန်းဆက်ထားသောကြောင့် သူရောက်သွားသောအချိန်တွင် သူမနှင့် အဆင်သင့်ပင် တွေ့ရလေသည်။

"အခုလို အားငယ်နေတဲ့ အချိန်မျိုးမှာ ရှင်ရောက်လာတာ ကျွန်မဖြင့် သိပ်အားရှိတာပဲ၊ ဒီကနေ့ထုတ် သတင်းစာနဲ့ဂျာနယ်တွေမှာ သတင်းတွေပါလာတာ တွေ့ပြီးပြီမဟုတ်လား"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်





သည်။

"အဖြေတောင် မထွက်သေးဘူး၊ သူတို့ထင်တာတွေ ရေးကြတော့ ကျွန်မတော့ အပြင်တောင် မထွက်ဝံ့သလောက် ဖြစ်နေပြီ၊ သူတို့ရေးတဲ့ပုံစံက ဖေဖေနဲ့ အိမ်ဖော်အမျိုးသမီးက ဘာလိုလို ဖြစ်နေကြတဲ့အတိုင်းပဲ"

"အဖြေမပေါ် မချင်းတော့ အခိုက်အတန့်ကာလမှာ ဒီလိုပဲခံကြရတာပါပဲ၊ ကိုယ်မဟုတ်ဖို့ပဲ အရေးကြီးတာပါ၊ ဒါထက် ကျွန်တော်လာတာ တခြားကြောင့် မဟုတ်ပါဘူး၊ မြသီရိကို မေးစရာလေးတွေ ရှိလို့ပါ"

"မေးပါ ကိုမင်းထင်ကျော် ကျွန်မသိတာတော့ အားလုံးပြောပြပါ့မယ်"

"တခြားတော့ မဟုတ်ပါဘူး. .၊ အပေါ် ထပ်မှာ တင်ထားတဲ့ ရုပ်တုတွေအကြောင်း သိသလောက် ပြောပြပေးပါ"

ထိုသို့မေးသောအခါ မြသီရိက အတော်ကြာအောင် စဉ်းစားနေပြီးမှ ပြောပြသည်။

"ဖေဖေက အဲဒီလို ရုပ်တုမျိုးတွေ စုဆောင်းတာ ဝါသနာပါတယ်၊ ဂုဏ်ယူပုံလည်းရတယ်၊ မိတ်ဆွေအပေါင်းအသင်းတွေရောက်လာရင် သူ့ ရုပ်တုတွေကို ဖော်ပြလေ့ရှိတယ်"

"ထူးခြားမှုတွေဘာတွေ မရှိဘူးလား"

"တစ်ခါကတော့ မေဆန်းအိမ်ပေါ် တက်ပြီး သန့်ရှင်းရေးလုပ်နေတုန်း ခြေသံကြားလို့ လှည့်ကြည့်လိုက်တော့ သူနဲ့



www.burmeseclassic.com

www.burmeseclassic.com



မနီးမဝေးရောက်နေတဲ့ ရုပ်တုတစ်ခုတွေ့လို့ ပြန်ဆင်းပြေး လာတယ်၊ ကျွန်မတို့ တက်ကြည့်တော့ မတွေ့ရတော့ဘူး ကျန်တဲ့အလုပ်သမားတွေက သူ့ကိုအရူးလို့ ဝိုင်းပြောကြသေး တယ်"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက် သည်။

"ကျွန်မ သတိထားမိတာကတော့ ဖေဖေ အပြင် သွားနေတဲ့အချိန်တွေမှာ အပေါ်ထပ်က ခြေသံတွေ ကြား ရတယ်၊ တစ်ခါကတော့ ဖေဖေ့အခန်းထဲက စကားပြောသံ လိုလို ကြားရတယ်"

"သူတစ်ယောက်တည်း ရှိနေတာလား"

"ဟုတ်တယ်"

"ဘယ်လိုစကားသံမျိုးလဲ"

"ဒေါသနဲ့ ပြောဆိုနေတဲ့ အသံမျိုးတွေပဲ၊ ကျွန်မတို့ လည်း သူ့အတွက် စိတ်ပူလို့ အပေါ်တက်ကြည့်တော့ အခန်း ထဲမှာ ရုပ်တုတွေနဲ့ သူတစ်ယောက်ထဲပဲ တွေ့ခဲ့ရတယ်"

ထိုသို့ပြောသောအခါ ဒေါက်တာမင်းထင်ကျော်က အတော်ကြာသည်အထိ လေးလေးနက်နက် စဉ်းစားနေပြီးမှ

"ဒါထက် မြသီရိတို့ အပေါ်ထပ်ရောက်သေးလား"

ဟု မေးလိုက်သည်။

"ဖေဖေမရှိတော့ မတက်ဝံ့တာနဲ့ မတက်တော့ဘူး"

"ကျွန်တော်တက်ပြီး ကြည့်ချင်တယ်"





"ကြည့်လေ ကျွန်မ လိုက်ခဲ့ရမလား"

"လိုက်ခဲ့ရင်တော့ ပိုကောင်းတာပေါ့၊ နေရာတွေပြော ပြပေးလို့ ရတာပေါ့"

ဟု ပြောပြီး အပေါ်ထပ်သို့ တက်ကြသည်။

ဦးစွာ . . တတိယထပ်သို့ရောက်အောင် တက်ကြ သည်။ အပေါ်ဆုံးထပ်မှာလည်း အခန်းဖွဲ့ထားသည်။ မြသီရိ တံခါးဖွင့်ပြသဖြင့် ကြည့်သောအခါ အတွင်း၌ ရုပ်တုအချို့ ရှိနေသည်ကို တွေ့ရသည်။ အပေါ်ထပ် အခန်းထဲတွင်ရှိ သော ရုပ်တုများမှာ သာမန်ရုပ်တုများပင် ဖြစ်ကြသည်။

ဒေါက်တာမင်းထင်ကျော်က တစ်ခန်းဝင် တစ်ခန်း ထွက် စိတ်ကျေနပ်လောက်အောင် လိုက်ကြည့်ပြီးတော့မှ ဒုတိယထပ်သို့ ပြန်ဆင်းကြသည်။ ဒုတိယထပ်ရောက်တော့ တခြားအခန်းများကို မကြည့်တော့ပဲ အမှုဖြစ်သောအခန်းသို့ သွားကြသည်။ အပေါ်ထပ်တွင် မီးဖွင့်ထားသော်လည်း အ လင်းရောင်က သိပ်မများလှပေ။

ထိုအခန်းရှေ့ရောက်တော့ မြသီရိမှာ တွန့်ဆုတ်တွန့် ဆုတ် ဖြစ်နေသည်ကို သတိပြုမိသဖြင့် . . .

"မြသီရိ ကြောက်တတ်ရင် အောက်ထပ်ပြန်ဆင်းနေ ပါ"

ဟု ပြောလိုက်သည်။

"ရပါတယ်၊ ကိုမင်းထင်ကျော် ရှိနေသားပဲ"

"တစ်ခုတော့ မှာထားပါရစေ၊ အခန်းထဲရောက်ရင်



www.burmeseclassic.com

www.burmeseclassic.com



ရုပ်တုတွေကို မကိုင်မိပါစေနဲ့”

“ရှင် ဘယ်လိုဖြစ်လို့လဲ”

“မတော်တဆ အန္တရာယ်ဖြစ်မှာ စိုးလို့ပါ”

ဒေါက်တာမင်းထင်ကျော်စကားကြောင့် ပိုပြီး ထိတ်လန့်သွားရလေသည်။

ဒေါက်တာမင်းထင်ကျော်က စေ့ထားသော တံခါးချပ်ကို တွန်းဖွင့်လိုက်သည်။ တံခါးပွင့်သွားသော ပတ္တာမြည်သံက တိတ်ဆိတ်နေသော အပေါ်ထပ်တွင် ခြောက်ခြားဖွယ်ရာဖြစ်သည်။ အထဲတွင် မီးရောင်မရှိသောကြောင့် မှောင်နေသည်။ သို့ကြောင့် . . အပေါက်ဝမှာ တပ်ဆင်ထားသော မီးခလုတ်ကို ဖွင့်လိုက်တော့မှ အလင်းရောင်ရလာသည်။

အတွင်းမှာတော့ ဘာမှ ပြောင်းလဲမှု မရှိလှပေ။

ကြမ်းပြင်ပေါ်တွင် စွန်းပေနေသော သွေးကွက်များပင် သွေ့ခြောက်စ ပြုနေလေသည်။

လူမဝင်တာ တစ်ရက်ကျော်လောက် ကြာပြီမို့ . .

အခန်းထဲတွင် ဖုံတက်စ ပြုနေပြီ။

ဒေါက်တာမင်းထင်ကျော်က မီးခလုတ်ကို ပြန်ပိတ်လိုက်တော့ ပြန်မှောင်သွားသည်။ ထိုအခါ လက်နှိပ်မီးဖြင့် ကြမ်းပြင်ပေါ်သို့ ရှပ်ထိုးလိုက်သည်။ ဖုံတက်နေသော ခြေရာများမှလွဲပြီး ထူးထူးခြားခြားတော့ မတွေ့ရပေ။

သို့ကြောင့် မီးပြန်ဖွင့်လိုက်ပြီး အခန်းတွင်း၌ရှိသော ရုပ်တုများကို တစ်ရုပ်ချင်း လိုက်ကြည့်လေသည်။





ဦးစွာ ဗီးနပ်စ်ရုပ်တုကို အရင်ကြည့်သည်။ ပလာစတာလောင်းကာ ကြွေရည်လောင်းထားပြီး ထုလုပ်ထားပုံကသည်း အချိုးအဆစ်ကျသည်။ ဒေါက်တာမင်းထင်ကျော်တစ်နေရာပြီး တစ်နေရာ စေ့စေ့စပ်စပ် လိုက်ကြည့်သော်သည်း ထူးထူးခြားခြားတော့ မတွေ့ရပေ။

နောက်တစ်ရုပ်က တရုတ်စစ်သူကြီး ရုပ်တုဖြစ်၏။ ဓားနှင့်လှံကို ကိုင်ထားသော်လည်း သေဆုံးသူကိုယ်ပေါ်မှ ဒဏ်ရာမျိုး ရစေလောက်သည့် လက်နက်မျိုးတော့ မတွေ့ရသော။

မယ်တော် ရှီဝမ်းမူရုပ်တုကတော့ ရှင်းသည်။ အဖြူရောင်ကြွေသားဖြင့် သွန်းလုပ်ထားခြင်းဖြစ်ပြီး လက်ထဲမှာကြာပန်းများ ပွေ့ပိုက်ထားသည်။ မည်သည့်လက်နက်မှ ကိုင်ဆောင်ထားခြင်း မရှိပေ။

ဝတ်ဆင်ထားသော ဝတ်ရုံပေါ်တွင် ရွှေရည်ငွေရည်များ သုတ်ထားသည်။ ထုလုပ်ထားပုံ လက်ရာမြောက်လှသောကြောင့် လက်ရှိလူတစ်ယောက်ပမာ ချောမောလှပလသည်။

နောက် ရုပ်တုကတော့ ကာလီနတ်ဘုရားရုပ်တုပင်ဖြစ်လေသည်။

ကာလီနတ်ဘုရားမ (ကာလီမာ)ရုပ်တုအတော်များများမှာ ကြောက်မက်ဖွယ်ရာ ရုပ်တုသွင်ပြင်မျိုးသာ တွေ့ဖူးသော်လည်း ယခု အခန်းထဲမှာ ရောက်နေသော ရုပ်တုက



www.burmeseclassic.com

www.burmeseclassic.com



တော့ ထိုသို့မဟုတ်ပေ။ လက်ချောင်းများသည်မှအပ မျက်နှာနှင့် ကိုယ်လုံးကိုယ်ထည်က ချောမောပြေပြစ် လှပအောင် ထုလုပ်ထားသည်။ အနက်ရောင် သစ်သားတစ်မျိုးဖြင့် ထုလုပ်ထားရာ လက်ရာကောင်းလှသဖြင့် အရောင်လက်နေလေသည်။ ထိုရုပ်တုတွင် စိတ်ဝင်စားဖို့ ကောင်းသောအချက်က တပ်ဆင်ထားသော လက်နက်များပင်ဖြစ်၏။

မိုန်း၊ လှံ၊ ခက်ရင်း၊ ဓားကောက် စသော လက်နက်တို့မှာ သစ်သားဖြင့် ထုလုပ်ထားခြင်းမဟုတ်ပဲ သံအစစ်ဖြင့် ပြုလုပ်တပ်ဆင်ထားသော လက်နက်များဖြစ်၏။

ဒေါက်တာမင်းထင်ကျော်က အနားကပ်ပြီး ထိုလက်နက်များကို မီးရောင်ဖြင့်ထိုးကာ သေသေချာချာ ကြည့်နေလေသည်။

သေဆုံးသွားသော မေထန်းရင်ဘတ်၌ တွေ့ရသော အပေါက်ဒဏ်ရာမှာ ဓားလှံတို့ဖြင့် ထိုးသွင်းထားသော ဒဏ်ရာမျိုး မဟုတ်ပေ။ တစ်လုံးထိုးမိုန်း၊ ဆန်ထိုးပိုက် ကဲ့သို့ လုံးဝန်းသော အချွန်တစ်ခုဖြင့် ထိုးသွင်းသွားသော ဒဏ်ရာမျိုးဖြစ်သည်။

ကာလီနတ်ဘုရားမ လက်ထဲတွင် ချွန်ထက်သော တစ်လုံးထိုး မိုန်းတစ်ချောင်း ကိုင်ထားသည်။ တစ်စုံတစ်ယောက်က ထိုမိုန်းကိုယူ၍ သတ်ဖြတ်သွားသည် အထင်ဖြင့် မီးရောင်ဖြင့် ထိုးပြီး အသေအချာ ကြည့်နေလေသည်။

သို့သော် သွေးစွန်းနေခြင်းမျိုးကဲ့သို့ သဲလွန်စမျိုးတော့





မတွေ့ရပေ။

ထိုသို့ကြည့်နေစဉ် နောက်ဘက်နားမှာ ရပ်နေသော မြသီရိက ကတုန်ကရင် အသံမျိုးဖြင့် ခေါ်လိုက်သည်။

"ကိုမင်းထင်ကျော်"

"ဟင်... ဘာလဲ"

"စောစောက အဲဒီရုပ်တုက ကိုမင်းထင်ကျော်ကို စိတ်ကြည့်ပြီး တစ်ချက်ရယ်လိုက်တာ မြင်လိုက်တယ်"

ထိုသို့ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က မော့ကြည့်လိုက်သည်။ စောစောက လက်နက်များကို အာရုံစိုက်ပြီး ကြည့်နေသောကြောင့် မျက်နှာကိုတော့ မကြည့်မိပေ။

ယခု ကြည့်လိုက်တော့မှ မျက်နှာသွင်ပြင် ပြောင်းလဲနေသည်ကို သတိပြုမိပေတော့သည်။

အမှောင်ရိပ်သန်းနေသော အခန်းထဲတွင် ကာလီနတ်ဘုရားမ မျက်နှာက အမျိုးမျိုး ပြောင်းလဲနေသည်။

မူလမျက်နှာဖြစ်လိုက်၊ သေဆုံးသွားသော မေသန်းမျက်နှာ ပေါ်လာလိုက် ဖြစ်နေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ထိုအခြေအနေကို မြင်သည်နှင့် ချက်ချင်းသဘောပေါက်သွားသဖြင့်. . .

"ဒီအခန်းထဲက မြန်မြန်ထွက်ကြမှ ဖြစ်မယ်"

ဟုပြောပြီး ထိတ်လန့်တုန်လှုပ်နေသော မြသီရိ လက်တစ်ဖက်ကိုဆွဲပြီး အခန်းအပြင်သို့ ခပ်သွက်သွက်ပြန်ထွက်လာ အခန်းတံခါးကို ပြန်ပိတ်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . ဘာဖြစ်တာလဲဟင်"

"ဒါ အပမှီတယ်လို့ ခေါ်တယ်"

"အပမှီတယ်ဆိုတာ ဘယ်လိုမျိုးလဲဟင်"

"အပမှီတယ်ဆိုတာ နတ်ဝင်တယ်လို့ ခေါ်တယ်"

"ဟင်. ."

မြသီရိမှာ ပိုပြီးထိတ်လန့်သွားလေသည်။

"ဖုတ်ဝင်လာရင် သေပြီးသား လူကလည်း ပြန်ထ လာနိုင်တယ်၊ အသက်မရှိတဲ့ ရုပ်တုတွေကလည်း အခုလို အသက်ဝင်လာနိုင်တယ်"

"ဒီလိုဝင်လာပြီးရင် ဘာဖြစ်မလဲဟင်"

"အများအားဖြင့်တော့. . လူတွေကို အန္တရာယ်ပေး တတ်ပါတယ်"

ထိုသို့ပြောပြီး နားစွင့်ကြည့်လိုက်တော့ အခန်းတွင်း၌ တရှုပ်ရှုပ်နှင့် သွားလာနေသော ခြေသံကို ကြားကြရသည်။

သို့ကြောင့် အခန်းတံခါးကို သော့ခတ်ထားလိုက်ကာ နှစ်ယောက်သား အောက်ထပ်သို့ ပြန်ဆင်းလာကြသည်။

"ကျွန်မတော့ ဒီရုပ်တုတွေကို အိမ်မှာမထားချင် တော့ဘူး၊ သူတို့ ဒီမှာရှိနေရင် ကျွန်မတို့ ဒီမှာဆက်နေလို့ ဖြစ်ပါ့မလားဟင်"

"ဖြစ်ပါတယ်၊ အောက်ထပ်မှာ အလုပ်သမားတွေ၊ အိမ်ဖော်တွေ ရှိနေတာပဲ၊ မြသီရိတို့ ကြောက်တတ်ရင် အောက်ထပ်မှာ ဆင်းနေပါ၊ အခု တံခါးပိတ်ထားတဲ့ အခန်း





ကိုတော့ မဖွင့်ပါနဲ့"

"မဖွင့်ဝံ့ပါဘူး၊ မေသန်းသေပြီးကတည်းက ကြောက် နေကြတော့ စောစောကမြင်ကွင်းကို မြင်တော့မှ ပိုတောင် ဆိုးသွားသေးတယ်"

သူတို့ ပြန်ဆင်းလာတော့ အောက်ထပ်၌ ဒေါ်နှင်း မေနှင့် တွေ့ရသည်။ လုပ်ငန်းရှင်တစ်ဦးဖြစ်သဖြင့် နာမည် ရှေ့မှ 'ဒေါ်'တပ်ခေါ်နေရသော်လည်း အသက်(၄၀)ကျော် အရွယ်ခန့်သာ ရှိသေးပြီး အရွယ်တင်နေဆဲပင် ရှိသေး၏။

တရုတ်သွေးပါသူဖြစ်သဖြင့် အသားဖြူဖြူနှင့် ရုပ် ရည်က တင့်တယ်မှုရှိသည်။ သို့သော် ယခုရက်ပိုင်းအတွင်း သောကများနှင့် ပတ်သက်သည့် အမှုကိစ္စများ တစ်ခုပြီးတစ်ခု တစ်မျိုးပြီးတစ်မျိုး ဖြစ်နေပေရာ စိတ်ဖိစီးမှုကြောင့် အနည်း ငယ်တော့ ညှိုးနွမ်းနေသော အမူအယာ ဖြစ်နေလေသည်။

ဒေါက်တာမင်းထင်ကျော်က ဒေါ်နှင်းမေရှေ့၌ ရမ် ဘာ အားပေးစကား ဆိုသောအခါ သူမက ခေါင်းညိတ်ပြ သည်။

"ကျွန်မတို့ကို အခုလိုလာပြီး အကူအညီပေးနေတာ အားရှုတင်ပါတယ်ရှင်"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက် သည်။

"ဒါထက် ကိုစံပေါ်ရဲ့ အခြေအနေကော ဘယ်လို ရှိပါသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မကြာခင် အာမခံနဲ့နေနိုင်အောင် ကျွန်တော် စီစဉ်ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်ရှင်၊ သူက လူတစ်ယောက်ကို အခုလို ရက်ရက်စက်စက် သတ်မယ့်သူ မဟုတ်တာတော့ သေချာပါတယ်၊ ဒါပေမယ့်. . ."

"စိတ်မပူပါနဲ့၊ တကယ်လို့ သူမဟုတ်ရင် ဘာမှ စိတ်ပူစရာ မရှိပါဘူး၊ မကြာခင် အချုပ်ကလွတ်အောင် ကျွန်တော် ဆောင်ရွက်ပေးပါ့မယ်၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

ထိုသို့ပြောပြီး ဒေါက်တာမင်းထင်ကျော်က ထိုအိမ်မှ ပြန်ထွက်လာခဲ့လေသည်။

နောက်တစ်ရက်မှာတော့ စုံထောက်ကျော်စွာနှင့် တိုင်ပင်ပြီး ဦးစံပေါ် အား အချုပ်မှ ပြန်လွှတ်ပေးလိုက်လေသည်။

သို့သော်လည်း ဒီအတိုင်းလွှတ်ထားခြင်းမျိုး မဟုတ်ဘဲ စုံထောက်တစ်ယောက်ကို စောင့်ကြည့်ခိုင်းထားသည်။

ထိုသို့စောင့်ကြည့်နေရင်းမှ သုံးရက်ခန့်ကြာသော် ဦးစံပေါ်တစ်ယောက် ထူးထူးဆန်းဆန်း ပျောက်သွားလေတော့ သည်။

ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့ လိုက်လံစုံစမ်းကြည့်သော်လည်း သတင်းမကြားရတော့ချေ။

"ဘယ်လိုလည်း ဆရာ၊ ဒီတစ်ခါတော့ သူတို့က ခြေတစ်လှမ်းသာသွားတဲ့ သဘောမျိုးလား"





"ဒီလိုပေါ့ ကိုကျော်စွာရယ်၊ စုံထောက်နဲ့ လူဆိုးဆိုတာ ဉာဏ်ချင်းပြိုင်ကြရတယ်ဆိုတော့ သူတစ်လှည့် ကိုယ်တစ်လှည့် ဖြစ်မှာပေါ့၊ အဆုံးသတ်ကောင်းဖို့သာ ကျွန်တော့်ဘက်က ပြင်ဆင်ထားရမှာပေါ့၊ စိတ်မပူပါနဲ့. . လမ်းဆုံးကနီးပါပြီ၊ လမ်းဆုံးရင် ရွာတွေ့တော့မှာပါ"

ဟု အေးအေးဆေးဆေးပင် ပြန်ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၃)

# သုသာန်အတွင်းမှ သွေးစုတ်ဖုတ်ကောင်

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီးနောက် တစ်ပတ်ခန့် ကြာသောအခါမှာတော့ ထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းသော သတင်းတစ်ပုဒ်၊ သတင်းနှင့် ဂျာနယ်များတွင် ထပ်မံပါလာပြန်လေသည်။

"ထူးထူးဆန်းဆန်း မြေဘုတ်ဘီလူး တွေ့ရသည်ဆိုသောသတင်း"

ပုဇွန်တောင်ချောင်းနှင့် မဝေးလှသောနေရာ၌. . .

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

လူဆိုးများမှာ သုံးယောက်က အောက်ထပ်၌ စောင့်နေကြပြီး သေနတ်ကိုင်ထားသော နှစ်ယောက်က အပေါ်ထပ်သို့ တက်လာကြသည်။ ခြေသံကြားသဖြင့် အပြင်ထွက်ကြည့်တော့ မဲနီးမဝေး ရောက်နေကြပြီး သေနတ်ဖြင့် ချိန်ထားကြသည်။

"နည်းနည်းမှ မလှုပ်ပါနဲ့"

"ဘာလိုချင်ကြလို့လဲ"

ဒေါက်တာမင်းထင်ကျော်က အေးအေးဆေးဆေးပင် ပြန်မေးလိုက်သည်။

"ထွေထွေထူးထူးလည်း ပြောမနေတော့ပါဘူး..။ သတင်းစာထဲမှာ ပါတဲ့အတိုင်း ခင်ဗျားရလာတဲ့ မြကျောက်တွေကို လိုချင်လို့ လာတာပဲ၊ အေးအေးဆေးဆေး ထုတ်ပေးမလား၊ ဒါမှမဟုတ် အသက်ကိုသတ်ပြီးမှ ကျုပ်တို့ဘာသာရှာယူရမှာလား"

"ရှာစရာမလိုပါဘူး..၊ ကျုပ်က ဒီပစ္စည်းတွေကို ဒီလောက်မက်မောနေတဲ့ လူတစ်ယောက်လည်း မဟုတ်ပါဘူး၊ ဟိုအိပ်ခန်းထဲက စားပွဲပေါ်မှာ ဗူးတွေနဲ့ထည့်ပြီး တင်ထားတယ်၊ လိုချင်တဲ့ပစ္စည်းသာ ယူသွားကြပေတော့"

ဟုပြန်ပြောသဖြင့် တစ်ယောက်က ဒေါက်တာမင်းထင်ကျော်အား သေနတ်ဖြင့်ချိန်ထားပြီး ကျန်တစ်ယောက်က စာကြည့်ခန်းနှင့် ကပ်ချက်၌ရှိသော အိပ်ခန်းတွင်းသို့ ဝင်ကြည့်လေသည်။

ထွေထွေထူးထူး ရှာစရာမလိုပဲ စားပွဲပေါ်မှာ ကတ္တီပါဗူးများနှင့် ထည့်ထားသော မြကျောက်များကို တွေ့ရသဖြင့် အိတ်တစ်လုံးထဲသို့ အားလုံးကို ထည့်ယူလေတော့သည်။

လူဆိုးများမှာ ၎င်းတို့ ထင်ထားသလောက် ခက်ခက်ခဲခဲမရှိလှပဲ လိုချင်သောပစ္စည်းများကို အလွယ်တကူ ရကြသဖြင့်လည်း ကျေနပ်နေကြဟန် ရှိကြသည်။

နောက်တော့ ပြန်ထွက်သွားကြလေတော့သည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ပီရူးနိုင်ငံမှပင် တကူးတက သယ်ယူလာခဲ့သော မြကျောက်များကို လူဆိုးများလက်သို့ ပါသွားသော်လည်း ထူးထူးခြားခြားမဖြစ်လှပဲ ဒီကရက်တစ်လိပ်ကို မီးညှိပြီးအေးအေးဆေးဆေး ဖွာနေလိုက်သေးသည်။

နောက်တစ်နေ့ရောက်တော့ ဗတန်းဂါတ်တဲမှ အမှုလိုက်စုံထောက်ကျော်စွာတစ်ယောက် လင့်ရှိဘာကားဖြင့် ရောက်လာလေတော့သည်။

ညှိခန်းရောက်ပြီး ဒေါက်တာမင်းထင်ကျော်နှင့် တွေ့သောအခါ သူကမေးသည်။

"ဆရာ့အိမ်ကို ညက အနှောက်အယှက်ဝင်စီးပြီလား"

မှဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြသည်။

"သိပ်တော့ မစောင့်လိုက်ရပါဘူး၊ သုံးရက်လောက်နဲ့ ရောက်လာကြတာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလို သေချာပေါက်လာမယ်မှန်းသိရက်နဲ့ ဆရာရယ် တစ်ခါတည်းစောင့်ဖမ်းရင် မဖြစ်ဘူးလား"

"ဒီလောက်လည်း မလောပါနဲ့ ကိုကျော်စွာရယ်၊ ဒီလောက်သိရပြီ ဆိုမှတော့ ဘယ်အချိန်မဆို ဖမ်းလို့ရနိုင်တာပဲ"

"ဒါဖြင့် ဘယ်သူဆိုတာရော စုံစမ်းလို့ သိရပြီလား ဆရာ"

"သိတန်သလောက်တော့ သိရပါပြီ"

"ဒါဖြင့် ဆရာ မြကျောက်တွေ ရလာတယ်ဆိုတာ သူတို့သိအောင် သတင်းထောက်တွေနဲ့တွေ့ပြီး တမင်ပြောပြလိုက်တာမဟုတ်လား"

ဒေါက်တာမင်းထင်ကျော်က ကော်ဖီသောက်ရင်း ခေါင်းညိတ်ပြလိုက်သည်။

"ကျွန်တော် နိုင်ငံခြားက ပြန်ရောက်လာတော့. . . ရန်ကုန်မြို့မှာ လူဆိုးဂိုဏ်းတစ်ဂိုဏ်း အတော်အတင့်ရဲနေတယ်လို့ ကိုကျော်စွာက ပြောပြခဲ့တာနဲ့ ငါးစာချပြလိုက်တဲ့ သဘောပါပဲ၊ သတင်းစာမှာ သတင်းပါပြီးတာနဲ့ ချက်ချင်း ရောက်လာပြီး အခြေအနေ လာကြည့်တော့တာပါပဲ"

"သူရောက်လာတော့ ဘယ်လိုသဲလွန်စတွေ ရလိုက်သလဲ"

"ကျွန်တော် အပေါ်တက်သွားပြီး တစ်နေရာက စောင့်ကြည့်တော့ စားပွဲပေါ် ချထားတဲ့ ဂျာနယ်နဲ့ သတင်းစာ





တွေကို ကပျာကယာ လှန်ကြည့်တယ်၊ ကျွန်တော်က အနုစွမ်းစီးတဲ့ သတင်းတွေကို မှင်နီနဲ့ မျဉ်းသားထားတာတွေကိုပဲ ကြည့်တယ်"

"နောက်တော့"

"ကျွန်တော်က သူပြခိုင်းတဲ့ မြကျောက်ကိုပြတော့ လက်ဗွေရာကျန်မှာစိုးလို့ ပုဝါနဲ့ကိုင်ကြည့်တယ်၊ ဒါပေမယ့် သတင်းစာတွေ ကြည့်တုန်းက ဒီအတိုင်း ကိုင်ကြည့်မိတာတော့ သတိမေ့နေတာဖြစ်မယ်"

"ကျားရှေ့မှောက်မှာမှ ခြေခေါက်လဲသလိုမျိုး ဖြစ်သွားတာပေါ့"

"သူကိုင်သွားတဲ့ သတင်းစာနဲ့ ဂျာနယ်တွေကို သပ်သပ်ဖယ်သိမ်းထားတယ်၊ အဲဒီမှာ သူ့ရဲ့လက်ဗွေရာ ရနိုင်တယ်"

"တော်ပါပေရဲ့ ဆရာရယ်၊ ဒါကြောင့် ကျွန်တော်တို့အဖွဲ့တွေက အရေးအကြောင်းရှိရင် ဆရာ့ကိုပဲ အားကိုးနေကြရတယ်၊ ဒါထက်. . ဆရာ တကူးတက သယ်ယူလာခဲ့တဲ့ မြကျောက်တွေကတော့ သူတို့နောက် ပါသွားပြီပေါ့နော်"

ဒေါက်တာမင်းထင်ကျော်က အသာအယာ ခေါင်းခါပြလိုက်သည်။

"ကျွန်တော်ယူလာတဲ့ မြကျောက်အစစ်တွေက လုံခြုံတဲ့နေရာမှာ သိမ်းထားပြီးသားပါ၊ သူတို့ဆီပါသွားတဲ့ကျောက်တွေက အားလုံးအတုတွေချည်းပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မြွေပွေး ပိုးထိတယ်ဆိုတာ ဒါမျိုးပဲ ဖြစ်မယ်ထင်ပါတယ်၊ ဒါထက် ဆရာ့ဆီရောက်လာတဲ့အဖွဲ့က အခုတလော ရန်ကုန်မြို့မှာပေါ်နေတဲ့ ဒုစရိုက်အဖွဲ့က လူတွေဖြစ်နိုင်သလား"

"ဖြစ်နိုင်ပါတယ်၊ သတင်းစာတွေပေါ်မှာ ကျန်ခဲ့တဲ့ လက်ဗွေရာတွေ စစ်ဆေးကြည့်ရင် အဖြေတစ်ခုတော့ သိရနိုင်ပါတယ်"

စုံထောက်ကျော်စွာက သောက်လက်စ လက်ဘက်ရည်ပန်းကန်ကို ပြန်ချထားလိုက်သည်။

"ဒီအဖွဲ့ကို မြန်မြန်ဖမ်းမိပြီး ဖော်ထုတ်နိုင်မှ ဖြစ်မယ် ဆရာ၊ သူတို့ကြောင့် ကျွန်တော်တို့ ပုလိပ်အဖွဲ့ပါ သိက္ခာကျနေရတယ်၊ အထက်လူကြီးတွေ ကြိမ်းမောင်းတာတွေ ခံရပါများလို့ ခေါင်းတွေလည်းပူ၊ နားတွေလည်း ပူလှပါပြီ"

"ဒီလိုပါပဲ၊ ရာထူးကြီးပြီး အပေါ်ရောက်လေလေ အလုပ်ထက် ပြောဖို့ပဲတာဝန်ရှိကြတော့ သူတို့တာဝန်က ပြောရမှာပဲ. . အလုပ်လုပ်တာကျတော့ အောက်ကလူတွေ လုပ်ကြပေါ့"

"အမှန်ပါပဲ ဆရာရယ်၊ ဒါထက် ကျွန်တော်တို့ နိုင်ငံမှာ လဲ အပြောင်းအလဲ ဖြစ်ကာစမို့လား မပြောတတ်ပါဘူး၊ ဒုစရိုက်မှုတွေ သိပ်များပြီးတော့ သောင်းကျန်းနေကြတယ် နော်"

"ဒါကတော့ မထူးဆန်းတော့ပါဘူး၊ ဒီမှာ အပြောင်း





အလဲကာလမို့ ဒုစရိုက်မှုတွေ များသလိုပါပဲ၊ ကမ္ဘာအရပ်ရပ်မှာရှိတဲ့ ဖွံ့ဖြိုးတိုးတက်ပြီးသား နိုင်ငံကြီးတွေမှာလည်း ကမ္ဘာကျော် ဒုစရိုက်ဂိုဏ်းကြီးတွေ ရှိနေကြတာပါပဲ ကိုကျော်စွာရယ်"

ဒေါက်တာမင်းထင်ကျော်က စီးကရက်သောက်ရင်း ကမ္ဘာပေါ်မှ ကမ္ဘာကျော် ဒုစရိုက်ဂိုဏ်းကြီးများ အကြောင်းကို ပြောပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၇)

# ကမ္ဘာကျော် ဒုစရိုက်ဂိုဏ်းကြီးများ

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစ ၁၉၄၈-နောက်ပိုင်းကာလများတွင် ဒုစရိုက်မှု အများဆုံး အချိန်ကာလများအဖြစ် သတ်မှတ်ရပေမည်။

အုပ်ချုပ်ရေးက မတည်မငြိမ် ပါတီအချင်းချင်းက မညီညွတ်၊ ထို့ပြင် ရောင်စုံသောင်းကျန်းသူတို့က နေရာအနှံ့တွင် [illegible]အသီးသီးပေါ်ပေါက်ကာ ပြည်သူတို့မှာအားကိုးစရာမရှိသကဲ့သို့ဖြစ်ကာ များစွာဒုက္ခရောက်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရောင်စုံသောင်းကျန်းသူတို့ကလည်း ကျေးလက်တောရွာများသာမကပဲ မြို့များအထိ တက်ရောက်ကာ နှိပ်စက်ကြသည်။ ထိုကဲ့သို့ မငြိမ်မသက် ဖြစ်နေသောအချိန်တွင် ဓားပြဂိုဏ်းများကလည်း နေရာအနှံ့တွင် ပေါ်ပေါက်လာကြလေသည်။

၁၉၅၀-ခုနှစ် ဝန်းကျင်လောက်က ပဲခူးနယ်ဘက်တွင် နဂါးနက်ဂိုဏ်း ပေါ်ပေါက်ခဲ့သည်။ ထိုဂိုဏ်းမှာ သူပုန်ဂိုဏ်းမဟုတ်ပဲ ဓားပြဂိုဏ်းပင် ဖြစ်ပေသည်။

ထိုဂိုဏ်း ပြိုကွဲသွားပြီး နောက်ပိုင်းမှာလည်း တစ်ဗိုလ်ဆင်း တစ်ဗိုလ်တက် ဆိုသလို နောက်ထပ် ဓားပြဂိုဏ်းများ လူဆိုးဂိုဏ်းများ ပေါ်ပေါက်ခဲ့သည်။

ရန်ကုန်မြို့မှာလည်း လူမိုက်များအုပ်ချုပ်သော လူမိုက်ဂိုဏ်းများ ပေါ်ပေါက်ခဲ့ကြသည်။

ကုလားလူမိုက် ပတ်စတီးခန်း၊ သော်မဆင်ဘက်မှ မန်မဆာ၊ ဗိုလ်တစ်ထောင်ငမိုး၊ လမ်းမတော်ဖိုးတုတ်၊ ပုဇွန်တောင်ဘထွန်း စသောလူမိုက်ကြီးများမှာ နောက်ပါလူမိုက်များအား အုပ်ချုပ်ကာ ဂိုဏ်ထောင်ခဲ့ကြသည်။

ထို့အတူပင် ကမ္ဘာ့နေရာအနှံ့အပြားမှာလည်း ဂိုဏ်းထောင်ပြီး မကောင်းမှုလုပ်ကိုင်ကာ ကြီးပွားချမ်းသာကြသော လူဆိုးလူမိုက်ဂိုဏ်းကြီးများ ရှိခဲ့ကြသည်။

ကမ္ဘာကျော် ဒုစရိုက်ဂိုဏ်းကြီးများအကြောင်းကို အကျဉ်းမျှဖော်ပြပါမည်။





“ဂိုဏ်း”(Gang) ဆိုသည်မှာ လူတစ်ဦးထက်ပိုသောအဖွဲ့အစည်း အထူးသဖြင့် တရားမဝင် ရာဇဝတ်လုပ်ငန်းများကို အစုအဖွဲ့လိုက် ပူးပေါင်းလုပ်ကိုင်ကြသော သူများကိုခေါ်သည့် အသုံးအနှုန်းဖြစ်သည်။

ယနေ့ခေတ်တွင် ဒုစရိုက်ဂိုဏ်းသား (Gangster)ဆိုသော အသုံးအနှုန်းသည် လူငယ်များအကြား တွင်ကျယ်သောအသုံးအနှုန်းလည်း ဖြစ်သည်။

ကမ္ဘာ့နိုင်ငံ အသီးသီးတွင် ဒုစရိုက်ဂိုဏ်းကြီးများ အများအပြား ရှိပါသည်။

ထင်ရှားသော ဂိုဏ်းများမှာ ဂျပန်နိုင်ငံမှ ယာကူဆာ (Yakuza) အီတလီနှင့် ရုရှားနိုင်ငံများမှ မာဖီးယား(mafia) တရုတ်နိုင်ငံမှ ဟောင့်ကောင်လူမိုက်ဂိုဏ်းများ(Chinese Triads)နှင့် မြွေခေါင်းဂိုဏ်း(Snakehead) အိန္ဒိယနိုင်ငံမှ လူမိုက်ဂိုဏ်းများ၊ (Indian Thugs)စကော့တလန်နိုင်ငံမှ ပဲနီလူဆိုးဂိုဏ်း(Penny Mobs)အင်္ဂလန်နိုင်ငံမှ အနူကြမ်းအဒမ်ဂိုဏ်း(Adam the Leper)၊ အမေရိကန်နိုင်ငံမှ ကောင်းဘွိုင်လူဆိုးဂိုဏ်း (Old West outlaw Gangs) စသည်တို့ဖြစ်ကြသည်။

အိန္ဒိယနိုင်ငံတွင် ၁၇၉၄နှင့် ၁၈၄၀-ခုနှစ်အကြား ဒုစရိုက်ဂိုဏ်းများကြောင့် သေဆုံးခဲ့ရသူ တစ်သန်းကျော်ရှိပေသည်။

၁၇-ရာစုတစ်ပိုက်တွင် လန်ဒန်သည် ဒုစရိုက်ဂိုဏ်း



www.burmeseclassic.com

www.burmeseclassic.com



များကြီးစိုးရာမြို့ ဖြစ်ခဲ့သည်။

၁၉၂၀-ခုနှစ်တွင် ချီကာဂိုမြို့မှာ ဒုစရိုက်ဂိုဏ်းပေါင်း (၁၀၀၀)ကျော်ရှိခဲ့သည်။

အဆိုပါဂိုဏ်းများမှ အများစုမှာ တရားမဝင် ဒုစရိုက်လုပ်ငန်းများနှင့် ဝင်ငွေရှာကြပြီး နောက်ပိုင်းကာလတွင် မူးယစ်ဆေးဝါးရောင်းဝယ်မှုသည် အဓိကဝင်ငွေရသည့် လမ်းဖြစ်လာသည်။

၂၀၁၃-ခုနှစ်တွင် အမေရိကန်နိုင်ငံမှာ ကောက်ယူခဲ့သော စစ်တမ်းတစ်ခုအရ တစ်နှစ်အတွင်း ကုတ်ကင်းရောင်းဝယ်မှုဖြင့် ဝင်ငွေသည် ဒေါ်လာ(၃၄)ဘီလျံဖိုးအထိ မြင့်တက်ခဲ့ပြီး အများစုသည် ဒုစရိုက်ဂိုဏ်းများ၏ လက်ချက်ဖြစ်သည်။

ထို့ပြင် လူကုန်ကူးခြင်း၊ အကြွပ်ကိုင် ငွေညှစ်ခြင်း စသောလုပ်ငန်းများမှရသော ဝင်ငွေမှာ မနည်းလှပေ။

ဒုစရိုက်ဂိုဏ်းအများစုသည် ဥပဒေကို လက်တစ်လုံးခြားသော်လည်းကောင်း ချိုးဖောက်ပြီး သာမန်ပြည်သူများ၏ ဘေးကင်းလုံခြုံမှုကို နည်းအမျိုးမျိုးနှင့် နှောက်ယှက်ဖျက်ဆီးနေကြသည်။

သို့ဖြစ်၍ လက်ရှိကမ္ဘာတစ်ဝှမ်းတွင် အကြီးဆုံး ဒုစရိုက်ဂိုဏ်းများ၊ ၎င်းတို့၏ ဝင်ငွေပမာဏနှင့် ငွေရှာသည့် နည်းလမ်းများကို အကျဉ်းမျှဖော်ပြပါမည်။

ကမ္ဘာ့အကြီးဆုံး ဒုစရိုက်ဂိုဏ်းကြီး (၅)ခုအကြောင်းကို ဖော်ပြပါမည်။





## ယာမာဂူချိဂူမိ(ဂျပန်နိုင်ငံ)

ယနေ့ ကမ္ဘာတွင် အကြီးဆုံး ဒုစရိုက်ဂိုဏ်းဟူ၍ လူသိများသည့် ဂိုဏ်းကြီးမှာ ဂျပန်နိုင်ငံမှ ယာမာဂူချိဂူမိယာကူဇာဂိုဏ်းဖြစ်သည်။

ထိုဂိုဏ်း၏ တစ်နှစ်ဝင်ငွေမှာ ဒေါ်လာဘီလျံ(၈၀)ဖြစ်သည်။ အဓိကဝင်ငွေသည် မူးယစ်ဆေးဝါး ရောင်းဝယ်မှုမှရခြင်း ဖြစ်သည်။

ထို့ပြင် လောင်းကစားနှင့် အကြွပ်ကိုင် ခြိမ်းခြောက်ငွေညှစ်မှုများမှလည်း ဝင်ငွေကောင်းသည်ဟု ဂျပန်ရဲချုပ်ဟောင်း ဟိရိုမစ်ဆုဂါနူမာက ရှင်းပြခဲ့သည်။

ယာကူဇာများ ဂျပန်နိုင်ငံတွင် ပေါ်ပေါက်ခဲ့သည်မှာ နှစ်ပေါင်းရာနှင့်ချီနေပြီဖြစ်သည်။ ၎င်းတို့သည် ဗဟိုချုပ်ကိုင်မှုအများဆုံး ဒုစရိုက်အဖွဲ့အစည်းအဖြစ် ရပ်တည်ကြသည်။

တရုတ်နှင့် အရှေ့အာရှနိုင်ငံများမှ လူမိုက်ဂိုဏ်းများသည် မိသားစုပုံစံ ဖွဲ့စည်းထားကြသည်။

သို့သော် ဂျပန်ယာကူဇာများကမူ သစ္စာတရားနှင့် အကြွင်းမဲ့အာဏာကို ထူထောင်ထားကြသည်။

လူတစ်ယောက်သည် ယာကူဇာဂိုဏ်းထဲ ဝင်လိုက်ပြီဆိုသည်နှင့် "ဂိုဏ်းအတွက်ဆိုပါက မည်သည့်အရာကိုမဆို စွန့်လွှတ်ပါမည်"ဟု သစ္စာဆိုထားရသည်။

နောက်ပိုင်းနှစ်များတွင် ဂျပန်အစိုးရသည် ယာကူဇာ



www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းများကို ပြင်းပြင်းထန်ထန် နှိမ်နင်းခဲ့သော်လည်း ဝင်ငွေကောင်းသောဂိုဏ်းကြီးများသည် အင်အားကြီးမားစွာ ရှင်သန်နေဆဲ ဖြစ်ပေသည်။

## ဆွန်(လ)ဆက်စကယ်ဘရတ်ဗာ(ရုရှားနိုင်ငံ)

ဆွန်(လ)ဆက်စကယ်သည် ရုရှား၏အကြီးဆုံး မာဖီးယားဂိုဏ်းကြီးဖြစ်သည်။ ၎င်းဂိုဏ်းသည် ယာကူဇာတို့နှင့် ဖွဲ့စည်းပုံချင်း ဆန့်ကျင်ဘက်ဖြစ်သည်။

အောက်စဖို့(ဒ)တက္ကသိုလ်က ဒုစရိုက်ဗေဒ ကျွမ်းကျင်ပညာရှင် ဖရက်ဒါရီကို ဗာရီစီ၏ ပြောကြားချက်အရ မာဖီးယားတို့သည် ဗဟိုချုပ်ကိုင်မှု အနည်းဆုံး အဖွဲ့အစည်းဟု သိရှိရပေသည်။

ဆွန်(လ)ဆက်စကယ်ဂိုဏ်းမှ ဂိုဏ်းခွဲဆယ်ခုရှိပြီး ထိုဂိုဏ်းခွဲများသည် တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်းပူးပေါင်းဆောင်ရွက်ခြင်း မရှိလှပေ။

ဂိုဏ်းခွဲမှူးတစ်ဦးစီသည် ကိုယ့်ဂိုဏ်းခွဲကို လွတ်လပ်စွာ အုပ်ချုပ်ခွင့်ရပြီး ဝင်ငွေကို ဂိုဏ်းတစ်ခုလုံးနှင့် မျှ၍သုံးရသည်။ ထိုဂိုဏ်း၏ တစ်နှစ်ဝင်ငွေမှာ ဒေါ်လာ(၈. ၅)ဘီလျံဖြစ်သည်။

ဂိုဏ်းခွဲမှူးဆယ်ယောက်နှင့် ဂိုဏ်းချုပ်၊ ဒုဂိုဏ်းချုပ်တို့ပါဝင်သော (၁၂)ဦး ကော်မီတီသည် ပုံမှန်တွေ့ဆုံ အစည်းအ





ဝေးပြုလုပ်လေ့ရှိသည်။ ထိုအစည်းအဝေးများကို ကမ္ဘာ့နေရာအနှံ့တွင် ပြောင်းလဲကျင်းပလေ့ ရှိပေသည်။

အဆိုပါဂိုဏ်းတွင် ဂိုဏ်းဝင်ပေါင်း(၉၀၀၀)ခန့် ရှိသည်ဟု သိရပြီး မူးယစ်ဆေးဝါးရောင်းဝယ်မှု လူကုန်ကူးမှုများဖြင့် ဝင်ငွေရှာဖွေသည်။

## ကာမိုရာ(အီတလီနိုင်ငံ)

လက်ရှိ ဆယ်စုနှစ်များအတွင်းမှာ အီတလီနှင့် အမေရိကန် မာဖီးယားဂိုဏ်းများသည် တရားဥပဒေ စိုးမိုးရေးအတွက် နှိမ်နင်းခံခဲ့ရသဖြင့် အလွန်အင်အားနည်းသွားခဲ့သည်။

သို့သော် . . အီတလီမှ သက်တော်ရှည် မာဖီးယားဂိုဏ်းကြီးများသည် အားကောင်းနေဆဲ ဖြစ်သည်။

ကတ်တိုလီဂါတက္ကသိုလ်က (၂၀၁၃)တွင် ပြုလုပ်ခဲ့သော စစ်တမ်းတစ်ခုအရ မာဖီးယားတို့သည် ဒုစရိုက်လုပ်ငန်းများကြောင့် တစ်နှစ်ဝင်ငွေ ဒေါ်လာ(၃၃)ဘီလျံရှိပြီး ထိုငွေများကို ဂိုဏ်းကြီးလေးခုက ခွဲဝေရရှိကြောင်း သိရှိရသည်။

၎င်းတို့အနက် အအောင်မြင်ဆုံးဂိုဏ်းမှာ ကာမိုရာဂိုဏ်း ဖြစ်သည်။ တစ်နှစ်ဝင်ငွေဒေါ်လာ (၄. ၉)ဘီလျံရှိသော ထိုဂိုဏ်းကြီးသည် လိင်ကျွန်ရောင်းဝယ်မှု၊ လက်နက်နှင့် မူးယစ်ဆေးဝါး ကုန်ကူးမှု၊ အတုပြုလုပ်မှု၊ လောင်းကစားမှု၊ လူသတ်မှု၊ ခြိမ်းခြောက်ငွေညှစ်မှုများကြောင့် ဝင်ငွေကောင်းနေ



www.burmeseclassic.com

www.burmeseclassic.com



ခြင်း ဖြစ်ပေသည်။

ထိုဂိုဏ်းကို နေပယ်မြို့တွင် (၁၉)ရာစုကတည်းက တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ မူလက ထောင်တွင်းဂိုဏ်းတစ်ဂိုဏ်း ဖြစ်ခဲ့သည်။ အဆိုပါဂိုဏ်းဝင်များ ထောင်ကလွတ်လာသည့်အချိန်မှာမူ ဒုစရိုက်ဂိုဏ်းတစ်ခုအနေဖြင့် ရပ်တည်ခဲ့သည်။

၁၈၀၀-ပြည့်နှစ်တစ်ဝိုက် အီတလီနိုင်ငံရေး အကျပ်အတည်းကာလတွင် ထိုဂိုဏ်းသည် နိုင်ငံရေးသမားများကို ငွေကြေးယူပြီး အကာအကွယ်ပေးသောအလုပ်ကို လုပ်ပေးခဲ့သည်။ ထိုနည်းတူစွာ နိုင်ငံရေးအဖွဲ့အစည်းတို့၏ လက်ကိုင်တုတ်လည်း ဖြစ်ခဲ့သည်။

## အန်ဒရန်းဂီတာ (အီတလီနိုင်ငံ)

အီတလီနိုင်ငံ ကာလာဘရီးယားဒေသမှာ အခြေစိုက်သည့် အန်ဒရန်းဂီတာဂိုဏ်းသည် အီတလီ၏ ဒုတိယအကြီးဆုံး မာဖီးယားဂိုဏ်းဖြစ်သည်။

ထိုဂိုဏ်း၏တစ်နှစ်ဝင်ငွေသည် ဒေါ်လာ(၄. ၅)ဘီလျံဖြစ်သည်။ အန်ဒရန်းဂီတာဂိုဏ်းသည် ကာမိုရာဂိုဏ်းကဲ့သို့သော နည်းလမ်းများဖြင့် ဝင်ငွေရှာသည့်အပြင် ဂိုဏ်း၏ ကျော်စောမှုကို ဥရောပတစ်ခွင် ဖြန့်ကျက်နိုင်သော အခြားအကြောင်းတစ်ခုလည်း ရှိပေသေးသည်။





၎င်းမှာ တောင်အမေရိကတိုက်မှ ကိုကင်းကုန်သည်များနှင့် နိုင်ငံတကာ ဆက်ဆံရေး တည်ဆောက်ပြီး ဥရောပ မူးယစ်ဆေးဝါးဈေးကွက်ကြီး တစ်ခုလုံးကို ထိန်းချုပ်ထားခြင်း ဖြစ်ပေသည်။

ထိုဂိုဏ်းသည် အမေရိကန်နိုင်ငံလည်း ခြေဆန့်ထားပြီး နယူးယောက်က နာမည်ကြီး ဂိုဏ်းများဖြစ်သော ဂမ်ဘီနို၊ ဘွန်နာနို တို့နှင့် ပူးပေါင်းကာ မူးယစ်ကုန်ကူးမှု ပြုလုပ်သည်။

အီတလီနှင့် အမေရိကန်ရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ အန်ဒရန်းဂီတာနှင့် ဂမ်ဘီနိုဂိုဏ်းဝင် အများအပြားကို ဖမ်းဆီးခဲ့ပါသည်။

ဖမ်းဆီးရမိသူများကို မူးယစ်ကုန်ကူးမှုနှင့် တရားစွဲဆိုပြီး အရေးယူမှုများလည်း ပြုလုပ်ခဲ့သည်။

## ဆီနာလိုအာ ကာတယ် (မက္ကဆီကို)

ဆီနာလိုအာသည် မက္ကဆီကို၏ အကြီးဆုံး ဒုစရိုက်ဂိုဏ်းကြီးဖြစ်သည်။ ထိုဂိုဏ်း၏ တစ်နှစ်ဝင်ငွေသည် ဒေါ်လာ (၃. ၅)ဘီလျံဖြစ်သည်။

ဆီနာလိုအာ ဂိုဏ်းဝင်များသည် အခြားမက္ကဆီကို ဒုစရိုက်ဂိုဏ်းများကဲ့သို့ပင် ပြည်သူလူထုကို နှိပ်စက်ကလူပြုသည်။

ထိုပြင်တောင်အမေရိကတိုက်က မူးယစ်ဆေးဝါး



www.burmeseclassic.com

www.burmeseclassic.com



စိုက်ပျိုးထုတ်လုပ်သူများနှင့် အမေရိကန် ဈေးကွက်အကြားတွင် ကြားလူအဖြစ် ဆောင်ရွက်သည်။

အမေရိကန်အိမ်ဖြူတော်က မူးယစ်ဆေးဝါး ထိန်းချုပ်ရေး မူဝါဒအဖွဲ့၏ ထုတ်ပြန်ချက်အရ အမေရိကန်နိုင်ငံသည် နှစ်စဉ်မူးယစ်ဆေးဝါး ဒေါ်လာဘီလျံ(၁၀၀)ဖိုးခန့် တင်သွင်းခံနေရသည်။

ထိုငွေထဲမှ ဒေါ်လာ(၆. ၅)ဘီလျံဖိုးသည် မက္ကဆီကို ဒုစရိုက်ဂိုဏ်းများက တင်သွင်းခြင်းဖြစ်ကြောင်း သိရှိရသည်။ ထိုအထဲတွင် ဆီနာလိုအာဂိုဏ်းသည် ဈေးကွက်ဝေစု (၆၀) ရာခိုင်နှုန်းလောက် ရရှိထားပေသည်။

သို့သော် ပြီးခဲ့သည့် နှစ်ဆန်းပိုင်းက ဆီနာလိုအာဂိုဏ်းချုပ်ကို ဖမ်းဆီးရမိခဲ့သောကြောင့် ၎င်းတို့ဂိုဏ်းသည် သွေးထွက်သံယိုဖြစ်မည့် ကိစ္စများကို ရှောင်ရှားပြီး ၎င်းတို့၏ ခေါင်းဆောင် ပြန်လွတ်လာမည့်အချိန်ကို လက်သည်းဖုတ် စောင့်နေကြသည်။

အထက်၌ဖော်ပြခဲ့သည့်အတိုင်း ကမ္ဘာပေါ်တွင် အထိကရ လူဆိုးဂိုဏ်းကြီးများ ရှိသလို မြန်မာနိုင်ငံမှာလည်း လူဆိုးလူမိုက်ဂိုဏ်းများရှိခဲ့သည်။

၁၉၄၈-ခု နောက်ပိုင်းမှစပြီး နှစ်ပေါင်း(၂၀)ကျော်ခန့် ပြည်သူများကို သတ်ဖြတ်၊ မုဒိမ်းကျင့်၊ ရှိသမျှ ဆန်ရေစပါး ကျွဲနွားတို့ကို သိမ်းယူ၊ ရွာလုံးကျွတ် လူသတ်မီးရှို့၊ သဘော များကို နှစ်မြုပ်ဖျက်ဆီးခဲ့ကြသော ရောင်စုံသောင်းကျန်းသူ





များသည် မြန်မာပြည်အတွက်တော့ အထိကရ လူဆိုးဂိုဏ်းများ ဖြစ်ခဲ့လေသည်။

ကျေးလက်နှင့် နယ်မြို့ကလေးများမှာ နေထိုင်ကြသူတို့မှာ ၎င်းတို့ နှိပ်စက်သောဒဏ်ကို နှိပ်စက်သမျှ မခံနိုင်သဖြင့် ရန်ကုန်မြို့သို့ ရွှေ့ပြောင်းလာကြပြန်တော့လည်း လူဆိုးလူမိုက်ဂိုဏ်းသားတို့ နှိပ်စက်မှုကို ခံကြရပြန်သည်။

ခါးပိုက်နှိုက်ခံရခြင်း၊ လုယက်ခံရခြင်း၊ ဓားပြတိုက်ခံရခြင်း၊ လူဆိုးလူမိုက်တို့ မိုက်ကြေးခွဲခြင်းကို ခံကြရခြင်း၊ လူမိုက်ခေါင်းဆောင်တို့ကို ဆက်ကြေးပေးရခြင်း စသော မတရားပြုလုပ်မှုများကို ဆက်ပြီးခံကြရသည်။

သို့ကြောင့် ဒေါက်တာမင်းထင်ကျော် ပြောပြသော ကမ္ဘာကျော်လူဆိုးဂိုဏ်းကြီးများအပြင် ထိုအချိန်အခါ မြို့ပေါ်မှာဝင် ပြောင်ပြောင်တင်းတင်း လုပ်ကိုင်စားသော လူမိုက်ကြီးများ အုပ်ချုပ်သည့် လူမိုက်ဂိုဏ်းများနှင့် အဖွဲ့လိုက် စုကာခိုးခြင်း၊ ဝှက်ခြင်း၊ တိုက်ခိုက်လုယက်ခြင်း ပြုလုပ်ကြသည့် လူဆိုးဂိုဏ်းများလည်း ရှိခဲ့ပါကြောင်း. . .။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၈)

# ဒုစရိုက်သမားတို့နှင့် မာယာကွန်ယက်

ထို အချိန်က ရန်ကုန်မြို့လည်တစ်ဝိုက်လောကတွင် ထင်ရှားသောဘဏ်အချို့ ရှိခဲ့လေသည်။ ထိုဘဏ်များတွင် အစိုးရပိုင်သောဘဏ်များရှိသလို ပုဂ္ဂလိကကုန်သည် လုပ်ငန်းရှင်များ ပိုင်ဆိုင်သောဘဏ်များလည်း ပါဝင်လေသည်။ အချို့ဘဏ်ကြီးများမှ အင်္ဂလိပ်လက်အောက်မှာ ရှိစဉ်ကတည်းက ဖွင့်ခဲ့သောဘဏ်များလည်း ပါဝင်လေသည်။

၁၉၅၀-ပြည့်နှစ် ပေါ်ပေါက်ခဲ့သော(ရှိနေခဲ့သော)

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ဘဏ်စာရင်းအချို့ကို လက်လှမ်းမီသမျှဖော်ပြပေးပါမည်။

အမှတ်(၅၂၆) ကုန်သည်လမ်း၌ရှိသော ဧစကော့ကုမ္ပဏီဘဏ်၊ အမှတ်(၅၃၉) ကုန်သည်လမ်း၌ရှိသော ဗမာနေရှင်နယ်ဘဏ်၊ ပန်းဆိုးတန်းလမ်း၌ရှိသော 'ဘင့်အော့ချိုင်းနား'ရန်းဒါးတိုက်ဘဏ်၊ အမှတ်(၈၄) ရွှေဘုံသာလမ်းတွင်ရှိသော ဘင့်အော့ချပ်တင်နပ်ဘဏ်၊ အမှတ်(၆၆၆) ကုန်သည်လမ်း၌ရှိသော ဘင့်အော့ကော်မြူနီကေးရှင်းဘဏ်၊ အမှတ်(၆၅၄) ကုန်သည်လမ်း၌ရှိသော စန်ထရယ်ဘင့်အော့အင်ဒီရာဘဏ်၊ အမှတ်(၂၇) ပန်းဆိုးတန်းလမ်း၌ရှိသော ချာတာဘင့်အော့အင်ဒီးယား၊ ဩစတီးရား၊ အင်ဒိုချိုင်းနားဘဏ်၊ အမှတ်(၅၅) ပန်းဆိုးတန်းလမ်းမှာရှိသော ဒေါ်ဆင်ဘဏ်၊ အမှတ်(၅၄၇) ကုန်သည်လမ်း နှင့်ပန်းဆိုးတန်းလမ်းထောင့်၌ရှိသော ဂရင်းဒလေဘဏ်၊ အမှတ်(၅၆၄) ကုန်သည်လမ်း၌ရှိသော ဟောင်ကောင်နှင့် ရှန်ဟိုင်းဘင့်ကင်းဘဏ်၊ အမှတ်(၁) ဆူးလေဘုရားလမ်း၌ရှိသော အင်ပီရီရယ်ဘင့်အော့အင်ဒီယာဘဏ်၊ အမှတ်(၈၅) ရွှေဘုံသာလမ်း၌ရှိသော အင်ဒီးရမ်းအိုဘားစီးဘင့်လီမိတက်ဘဏ်၊ အမှတ်(၄၅) ပန်းဆိုးတန်းလမ်း၌ရှိသော လွိုက်ဘင့်ဘဏ်၊ အမှတ်(၅၅၄) မားချင်းလမ်း၌ရှိသော ဗားကင်းတိုင်ဘင့်အင်ဒီး ယားအော့လီမိတက်ဘဏ်၊ အမှတ်(၂၆-၄၂)ပန်းဆိုးတန်းလမ်း၌ရှိသော နေရှင်နယ်ဘင့်အော့အင်ဒီးယားဘဏ်၊ အမှတ်(၆၂၅) ကုန်သည်လမ်း၌ရှိသော နားသားလင်းထရေးဒင်းစိုကရီတီဘဏ်၊ အမှတ်(၅၁-၅၃) လတ္တာလမ်း(ယခု လသာလမ်း)၌ရှိသော အိုဗာစီးချိုင်းနီးဘင့်ကော်ပိုရေးရှင်းဘဏ်၊ အမှတ်(၆၆၆) ကုန်သည်လမ်း၌ဖွင့်လှစ်ထားသော သောမတ်(စ်)ကွတ်အင်ဆန်းဘဏ်၊ အမှတ်(၂၄) ဆူးလေဘုရားလမ်း၌ရှိသော ပြည်ထောင်စုဘဏ်၊ အမှတ်(၁) မောင်ထော်လေးလမ်း၌ရှိသော ယူနိုက်တက်ကော်မာရှယ်ဘင့်ဘဏ်. . .





စသည့်ဘဏ်များ ဖြစ်ကြလေသည်။

ထိုဘဏ်များတွင် တရုတ်သူဌေး၊ ကုလားသူဌေးတို့ ပိုင်သောဘဏ်များပါဝင်သလို စုပေါင်းပြီးဖွင့်ထားသောဘဏ်များလည်း ပါဝင်လေသည်။

အစိုးရနှင့်သက်ဆိုင်သော ဘဏ်များလည်း ရှိကြလေသည်။ ထိုဘဏ်များထဲတွင် သက်တမ်းအရှည်ဆုံးနှင့် အကြီးဆုံးဘဏ်တစ်ခုရှိသည်။

ဂရင်းဒလေ(Gindlay Bank Ltd., P.B.Y 547. Marchant st. M 561) ဘဏ်ပင်ဖြစ်သည်။ ဂရင်းဒလေ (ဂရင်းလေးဟုလည်းခေါ်သည်) ဘဏ်သည် ကိုလိုနီခေတ်ကတည်းက ထင်ရှားသောဘဏ်များထဲတွင် တစ်ခုအပါအဝင် ဖြစ်ပေသည်။

ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းမကြီးနှင့် ကုန်သည်လမ်းထောင့်၌ တည်ရှိလေသည်။ ၎င်းဘဏ်သည် ကိုလိုနီခေတ်ကာလကပင် ဂရင်းဒလေဘဏ်၏ ရန်ကုန်ဘဏ်ခွဲ ဖြစ်ခဲ့ပြီး မြန်မာအပါအဝင် ဗြိတိသျှအိန္ဒိယတို့တွင် အကြီးဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဘဏ်တစ်ခုလည်း ဖြစ်ခဲ့သည်။

ဘဏ်အဆောက်အဦး ပုံသဏ္ဍာန်မှာ ခန့်ညားထယ်ဝါမှုရှိသည်။ စက်ဝိုင်းခြမ်းပုံသဏ္ဍာန် ဆင်ဝင်ကြီးနှင့် ဟိန်းဟောက်နေသော ခြင်္သေ့ဦးခေါင်းတို့ဖြင့် အလှဆင်ထားသည်။

ရွှေရောင်မီးခံ သံမဏိတံခါးပုံစံ တံခါးမကြီးကပင် ဘဏ်၏လုံခြုံရေးအတွက် စိတ်ချရသော အနေအထားမျိုးရှိသည်။ အဆောက်အဦးအတွင်းရှိ ခန်းမအဝိုင်းကြီးမှာလည်း ရှေးအခါကတော့ ငွေသွင်းငွေထုတ်သူတို့ဖြင့် စည်ကားသောနေရာတစ်နေရာ ဖြစ်ခဲ့ပေသည်။

တစ်နေ့သ၌ ဂရင်းဒလေဘဏ်ရှေ့သို့ အနက်ရောင်မော်တော်ကားတစ်စင်း ဆိုက်လာလေသည်။

၁၉၅၅-ခုနှစ် ဝန်းကျင်အချိန်လောက်က ရန်ကုန်မြို့ပေါ်တွင် ဘတ်စ်ကားအချို့သာ အသွားအလာရှိပြီး ကိုယ်ပိုင်ကားစီးနိုင်သူ အရေအတွက်က အတော်ပင်နည်းလေသည်။

ထိုကားပိုင်ရှင်မှာ သူဌေးကြီး ဦးဘရှင်ပိုင်သောကားပင် ဖြစ်ပေသည်။

ဦးဘရှင်မှာ ဆန်စက်လုပ်ငန်း၊ ပွဲရုံလုပ်ငန်းတို့ဖြင့် ချမ်းသာကြွယ်ဝနေသူဖြစ်သည်။

ကားပေါ်တွင် သူဌေးဦးဘရှင်နှင့်အတူ အခြားသူဌေးနှစ်ယောက်လည်း ပါကြသေးသည်။

ကုန်သည်ကြီး ဦးစံပေါ်နှင့် ရွှေအရောင်းအဝယ်လုပ်





ငန်းဖြင့် ကြီးပွားချမ်းသာနေသော သူဌေးဦးဘရွှေတို့ပင် ဖြစ်ကြလေသည်။

၎င်းတို့ သုံးယောက်စလုံးမှာ ကုန်သည်ပွဲစား သူဌေးလောကတွင် မသိသူမရှိသော ထိပ်တန်းစာရင်းဝင် သူဌေးများလည်း ဖြစ်ကြသည်။ ထို့ပြင် သူဌေး၊ ကုန်သည်၊ ပွဲစားများ စုပေါင်းဖွဲ့စည်းထားသော ကုန်သည်ကြီးများ အသင်း၏ နာယက ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတာဝန် ယူထားကြသူတို့လည်း ဖြစ်ကြလေသည်။

သူဌေး ဦးဘရှင်က နာယကကြီးဖြစ်ပြီး ဦးရွှေတူက ဥက္ကဋ္ဌတာဝန် ယူထားသည်။ ဦးစံပေါ်ကတော့ ထိုအသင်း၏ အတွင်းရေးမှူးတာဝန် ယူထားရလေသည်။

ကုန်သည်ကြီးများအသင်းတွင် ရန်ကုန်မြို့မှာရှိသော သူဌေး၊ ကုန်သည်ပွဲစားများ အသင်းဝင်ထားကြသည်။

သို့သော် သာမန်ငွေရှိရုံနှင့်တော့ ထိုအသင်းကို ဝင်ခွင့်မရနိုင်ပေ။ သူဌေးစာရင်းဝင်မှသာ အဖွဲ့ဝင်အဖြစ် လက်ခံစာရင်းသွင်းသည်။

ကုန်သည်ကြီးများ အသင်းတွင် ရံပုံငွေ အမြောက်အများရှိသဖြင့် ဂရင်းဒလေဘဏ်၌ အပ်နှံထားလေသည်။ အဖွဲ့အတွက် အသုံးပြုရန်ရှိလျှင်သော်လည်းကောင်း၊ သို့မဟုတ် အဖွဲ့ဝင်များထဲမှ ငွေအသုံးရှိပါက လိုပါက ထုတ်ယူသုံးစွဲခွင့်ရှိသည့် နာယက၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ထံတွင် အကျိုးအကြောင်း ပြောပြပါက ၎င်းတို့က ထုတ်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းကိစ္စပြီးလျှင်တော့ ထုတ်ယူသော ငွေအပြင် သင့်တော်သော အတိုးပါပေါင်းထည့်ပြီး ပြန်အပ်ပေးရသည်။

ကုန်သည်ပွဲစားများမှာ လုပ်ငန်းကြီးများ လုပ်ကိုင်နေကြရသဖြင့် တစ်ခါတစ်ရံ ငွေကြေးအကျပ်အတည်းနှင့် ကြုံတွေ့ရတတ်သည်။

ထိုအခါ အသင်းပိုင်ငွေများကို ထုတ်ယူသုံးစွဲကြရသည်။ အတိုးပေးရသည် ဆိုစေကာမူ သင့်တော်သလောက်သာ ပေးကြရသဖြင့် နှစ်ဦးနှစ်ဘက် အဆင်ပြေသော ကိစ္စမျိုးလည်း ဖြစ်ပေသည်။

ယခုလည်း ဦးဘရှင် ဦးရွှေတူနှင့် ဦးစံပေါ်တို့ သုံးယောက်မှ ဂရင်းဒလေဘဏ်သို့ ငွေထုတ်ယူရန် ရောက်လာကြခြင်း ဖြစ်၍လေသည်။

ငွေအပ်ထားသောအမည်မှာ ၎င်းတို့သုံးယောက်အမည်ဖြင့် အပ်ထားခြင်း ဖြစ်သောကြောင့် သုံးယောက်စလုံးလာကြရခြင်း ဖြစ်လေသည်။ ထိုသို့လာရသော်လည်း ဦးစံပေါ်မှာ အအေးမိကာ နှာစေးချောင်းဆိုး ဖြစ်နေရင်းမှ လိုက်လာခဲ့ရခြင်း ဖြစ်၏။

ဘဏ်သို့ရောက်သောအခါ အပ်ထားသော ငွေများထဲမှ ငွေသုံးသိန်းထုတ်ယူကြလေသည်။

ထိုသို့ထုတ်ယူပြီးနောက် ငွေထုပ်ကို ကားပေါ်သို့ ဝင်ကာ ပြန်ထွက်ခဲ့ကြလေသည်။ ကားက ပန်းဆိုးတန်းမှ ကမ်းနားလမ်းဘက်သို့ ပြန်ထွက်ကာ မောင်းလာရင်းမှ လူပြတ်သောနေရာသို့ရောက်တော့ ရပ်တန့်သွားလေသည်။

"ဘာဖြစ်တာလဲ မောင်ရွှေ"

ဦးဘရှင်က ကားဒရိုင်ဘာကို လှမ်းမေးလိုက်သည်။

"ကားစက်ချို့ယွင်းသွားလို့ပါ သူဌေးမင်း"

"တယ်လည်းပေါ့လျော့ပေတာပဲကိုး၊ မနက်ကတည်းက ကြိုတင်ပြင်ဆင်ထားမှပေါ့၊ အရေးကြီးပါတယ်ဆိုမှကွယ်"

ဟု မြည်တွန်တောက်တီးနေလေသည်။

ကားရပ်သွားသောနေရာမှာ ရထားသံလမ်းနှင့် ဂိုဒေါင်များသာရှိပြီး လူသွားလူလာ မရှိသလောက် ရှင်းသောနေရာလည်း ဖြစ်ပေသည်။ ထိုအခိုက်မှာပင် ၎င်းတို့ ကားရပ်ထားသောနေရာဘေးသို့ အခြားကားတစ်စင်း ရပ်လာပြီး ကားပေါ်မှ လူသုံးယောက် ဆင်းလာကြသည်။

ကားထဲမှာထိုင်နေသော သူဌေးသုံးဦးရှိသောနေရာ ရောက်သောအခါ ပါလာသော သေနတ်များဖြင့် ချိန်ထားလိုက်သည်။

"တစ်ယောက်မှ မလှုပ်နဲ့၊ အသံလည်း ထွက်မယ်မကြံနဲ့၊ အသံထွက်တာနဲ့ နေရာမှာတင် ပစ်သတ်လိုက်မယ်"

ဟုပြောကာ တံခါးများကို ပိတ်ထားလိုက်သည်။

ထို့နောက် ကားစက်ပြင်နေသော ဒရိုင်ဘာကိုပါ ကားနံဘေးမှာထိုင်ခိုင်းထားပြီး ကြိုးဖြင့် တုပ်ထားလိုက်လေသည်။

ပြီးမှ အတွင်းမှ ငွေထုပ်ကိုယူ၍ ၎င်းတို့ကားပေါ်သို့ ပြောင်းတင်လေသည်။ သူဌေးသုံးဦး ထိုင်နေသော ကားကို





☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



လည်း လော့ချပြီးနောက် တံခါးများ ပိတ်ထားလိုက်သည်။ တံခါးမပိတ်ခင် ကားအတွင်းသို့ အခိုးအငွေ့တစ်ခု ဖျန်းထားပြီး ကားတံခါးများကို အလုံပိတ်ထားခဲ့ခြင်း ဖြစ်သည်။

ထို့နောက်မှာတော့ လူဆိုးများက ငွေထုပ်ကိုယူကာ ထိုနေရာမှ မောင်းထွက်သွားကြလေတော့သည်။

ဒရိုင်ဘာ မောင်ရွှေကလည်း ကြိုးတုပ်ခံထားသဖြင့် ဘာမှမတတ်နိုင်ပဲ ရှိလေသည်။

လူဆိုးများ ထွက်သွားပြီး အတော်ကြာတော့မှ ပတ်ဝန်းကျင်ကို အော်ဟစ်အကူအညီ တောင်းရလေသည်။

"ကယ်ကြပါဗျို့ ကယ်တော်မူကြပါ"

ထိုသို့အကူအညီတောင်းသဖြင့် မနီးမဝေးမှ ဖြတ်သွားသော လံချားတစ်စင်းက ကြားသဖြင့် လာရောက်ကြည့်ရှုကာ ရပ်ထားသော ကားတစ်စင်းနှင့် ကြိုးတုပ်ခံထားသော လူတစ်ယောက်ကို မြင်ရုံနှင့်ပင် လံချားဆွဲနေသော ကုလားက အနားရောက်အောင် မလာတော့ပဲ အဝေးမှ ထွက်ပြေးသွားလေတော့သည်။

ထို့နောက်တော့ ထိုနေရာသို့ ဘယ်သူမှ ရောက်မလာတော့ပေ။ နေ့လည်ပိုင်းရောက်တော့မှ ထိုနေရာသို့ လင့်ရှိဘာကားတစ်စင်း ရောက်လာလေသည်။

ကားပေါ်တွင် ဒေါက်တာမင်းထင်ကျော် စုံထောက်ကျော်စွာနှင့် ပုလိပ်အချို့ ပါလာလေသည်။

ရောက်သည်နှင့် ဒေါက်တာမင်းထင်ကျော်က ပတ်





ဝန်းကျင်အခြေအနေကို အကဲခတ်ကြည့်ရှုပြီး မောင်ရွှေကို ကြိုးဖြေပေးလိုက်သည်။

ထို့နောက် ၎င်းထံမှ ကားသော့ကိုယူ၍ ကားတံခါးချပ်များကို ဖွင့်ကြည့်လိုက်သောအခါ အတွင်းမှာ ထိုင်နေကြသော ဦးဘရှင် ဦးစံပေါ်နှင့် ဦးရွှေတူတို့ သုံးယောက်စလုံး သတိမေ့ကာ လဲကျနေသည်ကို တွေ့ကြရသည်။

"လေမွန်းပြီး အသက်ရှူကျပ်လို့ သတိမေ့သွားကြတာဖြစ်မယ်"

စုံထောက်ကျော်စွာက ပြောသည်။

"ဒါအပြင် ကားထဲမှာ ဆေးနံ့တစ်မျိုးရတယ်၊ မေ့ဆေးငွေ့တွေ ဖျန်းထားခဲ့လို့ သတိမေ့နေကြတာဖြစ်မယ်ထင်တယ်၊ သူတို့သုံးယောက်ကို ဆေးရုံပို့ပေးလိုက်ရင် ပိုကောင်းမယ်ထင်တယ်"

ဟု ပြောပြီး သတိမေ့နေသူ သုံးယောက်ကို လင့်ရိုဗာကားပေါ်သို့ ပြောင်းတင်ပြီး ရဲတပ်သားများကပင် ဆေးရုံကြီးသို့ ပို့ပေးကြလေသည်။

အခင်းဖြစ်သောနေရာမှာတော့ ဒေါက်တာမင်းထင်ကျော်၊ စုံထောက်ကျော်စွာနှင့် ဒရိုင်ဘာမောင်ရွှေတို့သာ ကျန်ခဲ့ကြသည်။

"ကဲ . ဘယ်လိုဖြစ်တယ်ဆိုတာ ပြောပြပါဦး"

"ကားတစ်စင်းနဲ့ပါပဲ"

"ကားအမျိုးအစားနဲ့ ကားနံပါတ်ကို သတိထားမိ



www.burmeseclassic.com

www.burmeseclassic.com



လိုက်လား"

"ကားကတော့ နံဘေးမှာ တာရပတ်အပြာတွေတင်ထားတဲ့ ဂျစ်ကားဟောင်းတစ်စင်းလို့ ထင်ပါတယ်၊ နံပါတ်ပြားတော့ သတိမထားလိုက်မိဘူး"

"ဒါထက် မင်းကားက ဒီနေရာမျိုးရောကင်မှ ဘယ်လိုဖြစ်လို့ ရပ်သွားတာလဲ"

"မသိပါဘူး ဆရာရယ်၊ မောင်းနေရင်းနဲ့ တုံ့ခနဲ တုံ့ခနဲဖြစ်လာလို့ ထိုးရပ်လိုက်ရတာပါပဲ"

"မင်း ကားမောင်းတာ ဘယ်လောက်ကြာပြီလဲ . . ကားစက်အကြောင်းတော့ နည်းနည်းပါးပါး သိတယ်မဟုတ်လား"

"ဟုတ် . . ဟုတ်ကဲ့ . . သိတန်သလောက်တော့ သိပါတယ်"

ထို့နောက် ဒေါက်တာမင်းထင်ကျော်က ဘော့နပ်ဖုံးဖွင့်ထားသော ရှေ့ဘက်သို့လျှောက်သွားပြီး စက်အခြေအနေကြည့်သည်။ ကားမောင်းနေရင်း တုံ့ခနဲ ဖြစ်သည်ဟု ပြောသည့်အတွက် ပလပ်များကို စစ်ကြည့်သည်။

ဆီစစ်ပူးကို စစ်ကြည့်သည်။

ဆီစစ်ပူးကို ကြည့်တော့မှ ဓာတ်ဆီထဲမှာ ရေအချို့ရောနေသည်ကို တွေ့ရသည်။

"ဒါထက် မနက်က အိမ်ကထွက်လာတော့ ဘာမှမဖြစ်သေးဘူး မဟုတ်လား"





"ဟုတ် . . ဟုတ်ပါတယ်"

"ဘဏ်ရောက်တဲ့အထိလည်း ကောင်းသေးတယ် မဟုတ်လား"

ခေါင်းညိတ်ပြသည်။

"ဘဏ်ကပြန်ထွက်တော့မှ ဖြစ်တာဆိုတော့ ဘဏ်မှာဘယ်လောက်ကြာသလဲ"

"တစ်နာရီလောက်တော့ ကြာမယ်ထင်တာပါပဲ"

ဒေါက်တာမင်းထင်ကျော်က စီးကရက်သောက်ရင်းသေးလေးနက်နက် စဉ်းစားနေလေသည်။

စုံထောက်ကျော်စွာကတော့ ရပ်ထားသော ကားအတွင်းသို့ ဝင်ရောက်ကာ စေ့စေ့စပ်စပ် ကြည့်ရှုစစ်ဆေးနေလေသည်။

ဒေါက်တာမင်းထင်ကျော်လည်း မောင်ရွှေအား ထပ်မံစစ်ဆေးမေးမြန်းပြီးနောက် ထိုနေရာမှ ပြန်ထွက်လာကြသည်။

သူဌေးသုံးဦးအား ဆေးရုံကြီး လိုက်ပို့ပေးသော ကားဘ ပြန်မရောက်လာသေးသောကြောင့် တစ်နေရာမှ ရပ်စောင့်ကြသည်။

"ဘာတွေ ထူးခြားသလဲ ကိုကျော်စွာ"

"ဆရာပြောသလိုပဲ ကားထဲမှာ မေ့ဆေးနံ့တွေ ရနေသေးတယ်၊ နောက်ပြီး ကားထဲက ဒီလက်ကိုင်ပုဝါ တစ်ထည်တွေ့လို့ ယူလာခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်က ထိုပုဝါကိုယူပြီး အိတ်ထဲထည့်ထားလိုက်သည်။

"ဆရာ ဘယ်လိုထင်သလဲ"

"ကြိုတင်ကြံစည်မှုတစ်ခု ဖြစ်ပုံရပါတယ်၊ သူဌေးသုံးယောက်နဲ့တွေ့ပြီး မေးစရာရှိတာ မေးကြည့်ရင်တော့ ကွင်းဆက်တွေ ပေါ်လာနိုင်ပါတယ်"

ထိုသို့ပြောဆိုနေစဉ် ဆေးရုံပို့လိုက်သောကားက ပြန်ရောက်လာသည်။ ရောက်သည်နှင့် ဆားပုလင်းမောင်မိုးက သတင်းပို့သည်။

"ဆေးရုံရောက်ပြီးခဏကြာတော့. . . သူဌေးသုံးယောက်စလုံး သတိပြန်ရလာတာနဲ့ သူတို့ အိမ်တွေအထိ လိုက်ပို့ပေးလိုက်တယ်"

"နေရာတွေတော့ မင်း မှတ်မိခဲ့တယ် မဟုတ်လား"

"အသေအချာ မှတ်ခဲ့ပါတယ်ဆရာ၊ သူဌေး ဦးဘရှင်က လမ်းမတော်တိုက်အမှတ်(. . .)မှာ နေတယ်၊ ရွှေသူဌေး ဦးဘတူက မဂိုလမ်းတိုက်အမှတ်(. . .)မှာနေတယ်"

"ဦးစံပေါ်က ဘယ်မှာနေတာလဲ"

"ဘုန်းကြီးလမ်းထောင့်က သုံးထပ်တိုက်မှာနေတယ်၊ အောက်ထပ်မှာ ပွဲရုံဖွင့်ထားတယ်"

"သူတို့ရော အခြေအနေ ကောင်းကြရဲ့လား"

"ခေါင်းမူးနေကြတာလောက်ပဲ ရှိကြပုံပါပဲ၊ တခြားဆိုးဆိုးဝါးဝါးတော့ မရှိကြပါဘူး"





ထို့နောက် ထိုကားနှင့်ပင် အိမ်သို့ ပြန်လာကြသည်။

နောက်တစ်နေ့ ရောက်တော့မှ ဒေါက်တာမင်းထင်ကျော်က လမ်းမတော်မှာနေသော သူဌေးဦးဘရှင်တိုက်သို့ ဦးစွာသွားလေသည်။ သူတို့ရောက်သွားတော့ တိုက်ရှေ့၌ ရပ်ထားသော ကားအနက်ကို ပြန်တွေ့ရသည်။

ဒရိုင်ဘာမောင်ရွှေတော့ မတွေ့ရပေ။

သူတို့ရောက်သွားတော့ ဦးဘရှင်ကိုယ်တိုင် အောက်ထပ်ဆင်းပြီး ဧည့်ခံစကားပြောသည်။

"ကျမ်းမာရေး ကောင်းသွားပြီလား သူဌေးမင်း"

"လူကတော့ ကောင်းသင့်သလောက် ကောင်းနေပါပြီ၊ စိတ်မကောင်းတာပဲ ကျန်ပါတော့တယ်"

"ဒါထက် သူဌေးရဲ့ ဒရိုင်ဘာလည်း မမြင်ပါလား"

"မောင်ရွှေကို ပြောတာလား၊ သူ့အကြောင်းကတော့ပြန်တောင် မပြောချင်လောက်အောင်ပါပဲ၊ သူ ပေါ့လျော့လို့ ဒီလိုဖြစ်ရတာ၊ ဒါကြောင့် ဒီကနေ့မနက်ပဲ လစာသုံးလခပေးပြီး အလုပ်က ထုတ်ပစ်လိုက်ပြီ"

ဟု ပြောပြသည်။

ထို့နောက် အမှုဖြစ်ပွားပုံ မေးမြန်းသောအခါ အဖွဲ့ဝင်တစ်ဦးကို ငွေထုပေးရန်အတွက် ဘဏ်မှ ငွေထုတ်ယူပြီး အပြန်တွင် ဓားပြတိုက်ခံရကြောင်း ပြောပြသည်။

"ဓားပြတွေရဲ့ မျက်နှာကိုရော မြင်လိုက်မိပါသလား"

"မျက်နှာဖုံးစွပ်တွေ တပ်ထားတယ် ထင်ပါရဲ့၊ သေ



www.burmeseclassic.com

www.burmeseclassic.com



သေချာချာတော့ မမြင်လိုက်မိပါဘူး မောင်ရယ်"

"ဒါထက် ကုန်သည်ကြီးများ အဖွဲ့ဝင်တွေက လူကို ငွေထုတ်ချေးဖို့ ထုတ်တယ်ဆိုတော့ ဘယ်အသင်းဝင်ဆိုတာ ပြောပြပေးစေချင်ပါတယ်"

ထိုစကားကြားသောအခါ ဦးဘရှင်မှာ များစွာ စိတ်မသက်မသာဖြစ်သွားဟန်ဖြင့် စားပွဲပေါ်ရှိ ဆေးလိပ်သေတ္တာအတွင်းမှ လေယာဉ်ပျံတံဆိပ် အကောင်းစား ဆေးပြင်းလိပ်တစ်လိပ်ကိုယူ၍ မီးညှိကာ ဖွာနေသည်။

ပြီးမှ ပြန်ပြောသည်။

"ဒါတော့ မသင့်ဘူးထင်တယ်"

"ဘာကြောင့်ပါလဲ"

"ကျုပ်တို့အသင်းမှာ စည်းကမ်းချက်တစ်ခု ရှိပါတယ်၊ ဒါက တခြားတော့ မဟုတ်ပါဘူး။ ငွေချေးယူတဲ့ အသင်းဝင်ကို ကျုပ်တို့မှလွဲပြီး တခြားအသင်းဝင် အသင်းသားတွေ မသိစေဖို့ လျှို့ဝှက်ထားပေးရပါတယ်"

ဒေါက်တာမင်းထင်ကျော်က သဘောပေါက်ဟန်ဖြင့် ခေါင်းတစ်ချက်ညိတ်ပြလိုက်ရသည်။

"သို့သော်လည်း ကျွန်တော်တို့က ဝတ္တရားရှိတဲ့အတိုင်း ဆောင်ရွက်နေရတာ ဖြစ်ပါတယ်၊ ဒီအကြောင်းကို လူမသိစေချင်ရင်လည်း လျှို့ဝှက်ထားပေးပါ့မယ်၊ အမှုမှန်အမြန်ဆုံး ပေါ်ဖို့အတွက် ကျွန်တော်တို့ကို အကူအညီပေးတဲ့အနေနဲ့ ပြောပြပေးပါ"





ထိုအခါမှ သက်ပြင်းတစ်ချက်ချလိုက်ပြီး ပြောပြသည်။

"တခြားသူမဟုတ်ပါဘူး၊ ဦးစံပေါ်ပါပဲ"

"မနေ့က ငွေထုတ်တော့ သူလည်း ပါတယ်မဟုတ်လား"

"ပါရတယ်လေ၊ သူက ကုန်သည်ကြီးများအသင်းရဲ့အတွင်းရေးမှူးပဲ၊ ဘဏ်မှာ ငွေအပ်စဉ်ကလည်း ကျုပ်တို့သုံးယောက်နာမည်နဲ့ဆိုတော့ သူပါ ပါရတယ်"

ဟု ပြောပြလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့လည်း အခြားသိလိုသော အကြောင်းအရာတို့ကို ထပ်မံမေးမြန်းခဲ့ကြပြီး ထိုနေရာမှ ပြန်ထွက်လာကြလေသည်။

လမ်းရောက်တော့. . စုံထောက်ကျော်စွာကပြောသည်။

"ကျွန်တော် ဆားပုလင်းမောင်မိုးကို ဒရိုင်ဘာမောင်ရွှေနေရာမှာစောင့်ပြီး အခြေအနေကို အကဲခတ်ခိုင်းထားတယ်ဆရာ"

"မမှားပါဘူး. .၊ ဒီကိစ္စမှ ဒရိုင်ဘာမောင်ရွှေပါရင်တောင်မှ အစိက တရားခံတော့ မဖြစ်နိုင်ဘူး၊ သူက သူများခိုင်းစေတဲ့အတိုင်း လုပ်ပေးရတဲ့ အဆင့်လောက်ပဲရှိမှာပါ၊ သူ့ကို အကဲခတ်ကြည့်ရင် သိနိုင်ပါတယ်"

"ကျွန်တော်လည်း ထင်ပါတယ်၊ အခု ဘယ်သူ့အိမ်



www.burmeseclassic.com

www.burmeseclassic.com



အရင်သွားကြမလဲ ဆရာ"

"မဂိုလမ်းက ဦးရွှေတူအိမ်သွားပြီး မေးမြန်းစုံစမ်းကြတာပေါ့၊ ဦးစံပေါ် အိမ်ကိုတော့ နောက်တစ်နေ့မှ အေးအေးဆေးဆေး တစ်ခေါက်သွားပြီး မေးမြန်းစုံစမ်းကြည့်ဖို့ စိတ်ကူးထားတယ်၊ ကိုကျော်စွာ လူတွေကိုတော့ သူ့ဌေးသုံးဦး အခြေအနေနဲ့ ဒရိုင်ဘာမောင်ရွှေနေတဲ့ နေရာတစ်ဝိုက်မှာ မျက်ခြေမပြတ် စောင့်ကြည့်ထားခိုင်းပါ"

"စိတ်ချပါဆရာ၊ မနေ့ကတည်းက ကျွန်တော် စောင့်ကြည့်ဖို့ တာဝန်ပေးထားပါတယ်"

ထိုသို့ပြောပြီး မဂိုလမ်းသို့ လာကြလေသည်။ မဂိုလမ်း(ယခု ရွှေဘုံသာလမ်း)တစ်ဝိုက်မှာ ရွှေလုပ်ငန်းလုပ်ကြသော ကုလားလူမျိုး အများစုနေကြသော နေရာဖြစ်သည်။ ကိုလိုနီခေတ်က ထိုလမ်းကို ချစ်တီးတန်းဟုပင် ခေါ်ဝေါ်ခဲ့ကြသည်။

ထိုလမ်းရောက်တော့ ဦးရွှေတူကို အလွယ်တကူပင် မေးမြန်း၍ရသည်။ ရွှေသူဌေး ဦးရွှေတူဟု လူသိများသည်။ ၎င်းနေအိမ်ရောက်တော့ ဦးရွှေတူနှင့် တွေ့ရလေသည်။

၎င်းနှင့်တွေ့တော့...

"ဖြစ်တော့လည်း ဘာတတ်နိုင်တော့မလဲဗျာ၊ တကယ်လို့ အသင်းအဖွဲ့ဝင်တွေက ဒီငွေကို ပြန်လျှော်ပါဆိုရင်လည်း ကျုပ်တို့သုံးယောက်မှာပဲ တာဝန်ရှိလေတော့ ကျုပ်တို့ပဲ ပြန်ထည့်ရမှာပေါ့"





ဟု စိတ်မချမ်းသာသော အသံမျိုးဖြင့် ပြောသည်။

ဦးရွှေတူမှာ ကုလားသွေးပါသူတစ်ယောက် ဖြစ်သည်။

"ဦးရွှေတူကို တစ်ခုမေးပါရစေ၊ အရင်က ငွေထုတ်ဖို့ သွားရင် ဦးဘရှင်ကားနဲ့ပဲ သွားကြတာပဲလား"

"ဒီလိုတော့ ပုံသေမရှိပါဘူး၊ ကျုပ်တို့ သုံးယောက်စလုံးမှာ ကားရှိကြပါတယ်၊ အဆင်ပြေတဲ့ကားနဲ့ သွားကြတာပါပဲ၊ ဦးဘရှင်ကတော့ သူ့ကားနဲ့သွားတော့မှ အခုလိုဖြစ်ရတယ်ဆိုပြီး အတော်ကို စိတ်မချမ်းမသာ ဖြစ်နေပုံရတယ်၊ ဒရိုင်ဘာတောင် အလုပ်က ထုတ်ပစ်လိုက်ပြီလို့ ပြောသံကြားတယ်၊ စိတ်မကောင်းစရာပါပဲဗျာ"

ဟု ပြောလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာတို့လည်း မေးသိသော အချက်အလက်များကို ထပ်မံမေးမြန်းပြီးနောက် ထိုအိမ်မှ ပြန်ထွက်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၉)

# မြသီရိနှင့် ပဟေဠိပဉ္စာများ

သူ ဌေးကြီး ဦးစံပေါ် နေသော နေရာမှာ ဘုန်းကြီးလမ်းနှင့် ကမ်းနားလမ်းထောင့်တွင်ဖြစ်ပြီး ကမ်းနားဘက်နှင့် နီးသည်။

မြစ်ဝကျွန်းပေါ် ဘက်မှလာသော လှေ၊ သမ္ဗာန်၊ ကုန်တင် သင်္ဘော၊ လူစီးသင်္ဘောများ ဆိုက်ကပ်သော ဆိပ်ကမ်းများနှင့်နီးသည်။ ကီလီဈေးနှင့် နီးသည်။ ညောင်ပင်လေးဈေး၊

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



သံချေးတို့နှင့်လည်း မဝေးလှပေ။

ထိုလမ်းထောင့်တွင် သုံးထပ်တိုက်ကြီးနှင့် ခန့်ခန့်ညားညား နေထိုင်သူဖြစ်သည်။

မိသားစုမများလှသောကြောင့် အောက်ထပ်တွင် ပွဲရုံဖွင့်ထားပြီး အပေါ်ထပ်၌သာ လူနေကြသည်။

ဦးစံပေါ်က အသက်(၅၀)ကျော်သာရှိသေးပြီး ဇနီးဖြစ်သူ ဒေါ်နှင်းမေက(၅၀)ပင် မပြည့်သေးပဲ အရွယ်တင်လှသူဖြစ်သည်။ သူတို့နှစ်ယောက်မှာ ငယ်ပေါင်းကြီးဖက်တော့ မဟုတ်ကြပေ။ ဒေါ်နှင်းမေက မုဆိုးမတစ်ယောက်ဖြစ်ပြီး အရွယ်ရောက်နေသော သမီးတစ်ယောက်ပင် ရှိလေသည်။ နာမည်က မြသီရိဖြစ်ပြီး အသက်(၂၅)နှစ်ဝန်းကျင်ခန့်ရှိသည်။ ဖခင်ဖြစ်သူနှင့်အတူ ပွဲရုံလုပ်ငန်းများကို ဦးစီးလုပ်ကိုင်နေသူလည်း ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်တစ်ယောက်တည်း ရောက်သွားတော့ အောက်ထပ်မှာ ပွဲရုံအလုပ်သမားများ ရှိနေသဖြင့် ညှော်မခံပဲ အပေါ်ထပ်သို့ခေါ်သွားပြီး ကော်ဖီစသည်တို့ဖြင့် ဧည့်ခံလေသည်။

ဦးစံပေါ် ဒေါ်နှင်းမေနှင့် မြသီရိတို့ သုံးယောက်စလုံးနှင့်ပင် စကားပြောခွင့်ရလေသည်။

"ကျွန်တော့်နာမည် ဒေါက်တာမင်းထင်ကျော်လို့ခေါ်ပါတယ်၊ ဦးစံပေါ်ဆီက မေးစရာလေးတွေရှိလို့ လာခဲ့တာပါ"





"တွေ့ရတာ ဝမ်းသာပါတယ်"

"ဒါထက် တစ်ခုတော့ မေးပါရစေ၊ ကိုဝင်းထင်ကျော်က စုံထောက်တစ်ယောက်လား၊ ဒါမှမဟုတ် ဆရာဝန်တစ်ယောက်လား"

"ကျွန်တော်က ဆရာဝန်တစ်ယောက် မဟုတ်သလို စုံထောက်တစ်ယောက်လည်း မဟုတ်ပါဘူး၊ ဒါပေမယ့် အမှုကိစ္စတွေကိုတော့ အကူအညီပေးလေ့ရှိပါတယ်"

"ဒါထက် မေးပါရစေ၊ ဟိုတလောက သတင်းစာတစ်စောင်မှာ မောင်ရင့်နာမည်နဲ့တူတာ တွေ့လိုက်မိသလိုပဲ. . ၊ နိုင်ငံခြားက မြကျောက်တွေ ပါလာတယ်ဆိုတဲ့ ဒေါက်တာမင်းထင်ကျော်ဆိုတာ မောင်ရင်များလား"

"မှန်ပါတယ် ခင်ဗျာ"

"အင်း. . လူတစ်ယောက်မှာ ဝါသနာတစ်မျိုးစီပါတယ်ဆိုတာ တယ်လည်းမှန်တာပဲကိုး၊ မောင်ရင်ကတော့ ချမ်းချမ်းသာသာနဲ့ အေးအေးဆေးဆေး နေနိုင်ပါရက်နဲ့ အန္တရာယ်များတဲ့ အလုပ်တွေကို ကိုယ့်ထမင်း ကိုယ်စားပြီး လိုက်လုပ်နေတာပဲကိုး"

ထိုသို့ပြောသော်လည်း ဒေါက်တာမင်းထင်ကျော်က စိတ်မဆိုး ဒေါသမဖြစ်သည့်အပြင် သဘောကျစွာပင် ရယ်လိုက်သေးသည်။

"ကျွန်တော် ပိုက်ဆံမရပေမယ့် ဦးစံပေါ်တို့ ဆုံးရှုံးသွားတဲ့ငွေတွေ ပြန်ရမယ်ဆိုရင်တော့ ကျွန်တော် ကူညီပေးရ



www.burmeseclassic.com

www.burmeseclassic.com



ကျိုး နပ်ပါတယ်၊ ဒါထက် ဦးစံပေါ် နှာစေးနေတာ သက်သာသွားပြီလား"

ထိုသို့မေးသောအခါ ဦးစံပေါ်မှာ မျက်နှာပျက်သွားလေသည်။

"ကျုပ်နှာစေးနေတာကို မောင်က ဘယ်လိုသိတာလဲ"

"သေသေချာချာ သိလို့တော့ မဟုတ်ပါဘူး၊ ခန့်မှန်းကြည့်တာပါ၊ ဒါ ဦးစံပေါ် ကိုင်နေကျ လက်ကိုင်ပုဝါ ဖြစ်မယ် ထင်ပါတယ်"

ဟု ပြောဆိုကာ ကားထဲမှရသဖြင့် သိမ်းထားသော လက်ကိုင်ပုဝါကို ထုတ်ပေးလိုက်သည်။

"အော်. . ဟုတ်ပေသားပဲ၊ ဟိုတစ်နေ့က မော်တော်ကားထဲမှာကျခဲ့တာ ထင်ပါရဲ့"

ဟုပြောကာ ကပျာကယာယူကာ အိမ်ထဲသို့ ပြန်ထည့်လိုက်လေသည်။

"ဒါထက် ဟိုတစ်နေ့က ငွေတွေလာလုသွားတဲ့ သူတွေကိုမှတ်မိပါသလား"

"မမှတ်မိပါဘူးမောင်ရယ်၊ သေနတ်နဲ့ချိန်ထားလို့ ခေါင်းတောင် မဖော်ဝံ့ပါဘူး၊ နောက်ပြီး အသားကပ် မျက်နှာဖုံးတွေ စွပ်ထားကြတယ် ထင်ပါရဲ့"

"ခေါင်းမဖော်ပဲနဲ့ အသားကပ် မျက်နှာဖုံးတွေမှန်း ဘယ်လိုသိတာပါလဲ"





"ခန့်မှန်းပြီး ပြောကြည့်တာပါ၊ ဟုတ်ချင်လည်း ဟုတ်မှာပေါ့၊ ဒါပေမယ့် လူဆိုးတွေက အသက်ကို ရန်မရှာသွားကြတာကိုပဲ ကျေးဇူးတင်နေရတယ်၊ ငွေဆုံးတာကတော့ အရေးမကြီးပါဘူး"

"အခုလို အသင်းပိုင်ငွေတွေ ဆုံးရှုံးသွားတော့ ဦးစံပေါ်တို့သုံးယောက်မှာ တာဝန်ရှိပါသလား"

"ဓားပြတိုက်ခံရမှန်း အားလုံးအသိပဲဟာ၊ ဒါမှ ကျုပ်တို့အပေါ် ပုံချမယ်ဆိုရင်တော့လည်း သုံးယောက်စုပြီး လျော်ပေးရုံ ရှိပါတယ်၊ ကျုပ်က ငွေကုန်တာကို မနှမြောတတ်ပါဘူး၊ အခုလိုအိမ်မှာ အမှုလာပတ်နေမှာကိုပဲ စိတ်ညစ်တာပါ"

ထိုသို့ပြောပြီး. . ဒေါက်တာမင်းထင်ကျော်လည်း နောက်ထပ်မေးခွန်းအချို့လောက်သာ မေးမြန်းပြီး ထပြန်ရန် ဖြင့်သည်။

"တကယ်လို့ စုံစမ်းလို့ သတင်းထူးရင် ကျွန်တော် အကြောင်းကြားပေးပါ့မယ်"

"ပြန်ရဖို့ရော လမ်းစရှိသေးလို့လား"

"အစရှိရင် အဆုံးရှိပါတယ်၊ ကျွန်တော် ကိုင်တွယ်ပေးရတဲ့ အမှုကိစ္စတိုင်းကိုတော့ အဆုံးသတ်အောင် လုပ်ပေးလေ့ရှိပါတယ်၊ မကြာခင် သိရမှာပါ"

"တယ်လည်း ဇွဲကောင်းတဲ့လူပဲကိုး၊ ဒါထက်. . အကြောင်းကိစ္စရှိရင် ပြောဆိုဆက်သွယ်လို့ရအောင် မောင့်ရဲ့ တယ်လီဖုန်းနံပါတ်နဲ့ နေရပ်လိပ်စာလေး တဆိတ်လောက်



www.burmeseclassic.com

www.burmeseclassic.com



ရေးပေးထားခဲ့ပါ”

ဟုပြောသဖြင့် စာရွက်တစ်ရွက်ပေါ်မှာ ရေးကာပေး ထားခဲ့လေသည်။ သူပြန်ထွက်လာတော့ မနီးမဝေးမှာ ရှိနေသော မြသီရိက အကဲခတ်သော အကြည့်မျိုးဖြင့် စူးစူးစိုက်စိုက် ကြည့်နေလေသည်ကို သတိပြုမိလေသည်။

အိမ်ပြန်ရောက်ပြီး ညနေပိုင်း အချိန်ရောက်တော့ တယ်လီဖုန်းသံ မြည်လာသဖြင့် ကောက်ကိုင်လိုက်သည်။

“ဟယ်လို”

တစ်ဖက်မှ အမျိုးသမီး တစ်ယောက်အသံ ကြားရသည်။

“မြသီရိ မဟုတ်လား”

“ကျွန်မအသံမှန်း ရှင် ဘယ်လိုသိနေတာလဲ”

မြသီရိကို ဖုန်းဆက်စေချင်လို့ ကျွန်တော် ဖုန်းနံပါတ်ကို တမင်ပေးထားခဲ့တာပါ”

“ကျွန်မ ရှင်နဲ့တွေ့ပြီး စကားပြောစရာလေးတွေ ရှိနေတယ်”

“ကျွန်တော်ကလည်း မြသီရိကို မေးစရာလေးတွေ ရှိနေပါတယ်၊ ဘယ်လိုတွေ့ရင် အဆင်ပြေမလဲ”

မြသီရိက နေရာတစ်ခုကို ပြောပြလေသည်။

“ကောင်းပါတယ်. . ၊ ဘယ်အချိန်လောက် တွေ့နိုင်မလဲ”

“ညနေ(၄)နာရီလောက်ဆိုရင် ကိုမင်းထင်ကျော် အဆင်ပြေမလား”

“ပြေပါတယ်၊ လေးနာရီထိုးတာနဲ့ ကျွန်တော် ရောက်ပါ့မယ်၊ ဒါထက် မြသီရိကို တစ်ခါပဲ တွေ့ဖူးခဲ့တာဆိုတော့ မြင်တာနဲ့ မှတ်မိပါ့မလား မသိဘူး”

“ကျွန်မကတော့ မြင်တာနဲ့ မှတ်မိပါတယ်”

“ကောင်းပါပြီ. . ကောင်းပါပြီ၊ ကျွန်တော် လာခဲ့ပါ့မယ်”

ထိုသို့ပြောပြီးနောက် တစ်ဖက်မှ တယ်လီဖုန်းချသွားလေသည်။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ မြသီရိနှင့် ယခု လိုတွေ့ခွင့်ရခြင်းမှာ အမှုနှင့်သက်ဆိုင်သော သဲလွန်စအချို့ ရနိုင်သည်ဟု စိတ်ထဲမှ တွေးမိသောကြောင့် ကျေနပ်နေမိလေသည်။

ညနေ(၃)နာရီခန့်မှာတော့ ရေချိုးအဝတ်အစားလဲတာ ကားဖြင့်ထွက်လာခဲ့လေသည်။

မြသီရိ ချိန်းထားသောနေရာမှ တရုတ်တန်း လမ်း(၂၀)တစ်ဝိုက်မှ စားသောက်ဆိုင်တစ်ဆိုင်ဖြစ်သည်။

တရုတ်တန်းမှာ ခေတ်အဆက်ဆက် အစားကောင်း အသောက်ကောင်းများ ရနိုင်သောနေရာအဖြစ် လူသိများလေသည်။

လသာလမ်းမှ လမ်းမတော်လမ်းအထိ ဒါလဟိုဇီလမ်း၊ (ယခု-မဟာဗန္ဓုလလမ်း)ဘေးတွင် ရောင်းချသော




www.burmeseclassic.com

www.burmeseclassic.com



တရုတ်အစား အစာ ရောင်းချသော ဆိုင်များ ရှိခဲ့သည်။

ယခင်ကာလကတော့ တရုတ်အစားအစာများသာ ဦးစားပေး ရောင်းချကြသော်လည်း ယခုကာလမှာတော့ ရှမ်းအစားအစာ၊ ကိုရီးယား၊ ဂျပန်အစားအသောက်များပါ ရောင်းချလာကြလေသည်။

သို့သော်လည်း ခေတ်အဆက်ဆက် ရောင်းချလာသော တရုတ်အစားအသောက်များကိုသာ ပိုမိုနှစ်သက်ကြလေသည်။

ဝက်သားကောက်ညှင်းထုပ်၊ ကြက်သားကောက်ညှင်းထုပ်၊ အော်ကွေ့ကြည်၊ ဆာတေး၊ အသားပေါင်း၊ ပေါက်စီ၊ ဝက်သားတုတ်ထိုး၊ ငါးရဲ့ဆန်ပြုတ်၊ ကြက်စွပ်ပြုတ်၊ ခေါက်ဆွဲကြော်၊ ကြာဆံကြော်၊ ကြက်သားပြုတ်ကြော်၊ ဝက်နံရိုးကြော်၊ ဝက်သားလိပ်၊ ဂဏန်းကြော်၊ သင်းပေါင်းပိုးကြော်၊ ကြေးအိုး၊ ဆီချက် စသော အစားအသောက်များမှာ တရုတ်လူမျိုးတို့ ပြုလုပ်ရောင်းချကြသော အစားအသောက်များ ဖြစ်ကြလေသည်။

ယခင်က ထိုအစားအသောက်များ စားသောက်လိုလျှင် အခြားနေရာများမှ မရနိုင်ပဲ တရုတ်တန်းသွားမှသာမျှစုံအောင် ဝယ်ယူရနိုင်ကြလေသည်။

ကိုလိုနီခေတ်ကာလက ထိုနေရာတစ်ဝိုက်တွင် ဘဏ်ခန်း၊ ဘိန်းခန်း လောင်းကစားဝိုင်းများနှင့် ပြည့်တန်ဆာခန်းစသည်တို့ အများအပြားရှိကာ စီးပွားရှာခဲ့ကြလေသည်။





၎င်းတို့သည် ဒေသပိုင်ပုလိပ်များ၊ အရာရှိများသာမက လမ်းမတော်ဖိုးတုတ်ကဲ့သို့ သက်ဆိုင်ရာနယ်မြေခံ လူမိုက်ကြီးများနှင့် အပေးအယူလုပ်ကာ စီးပွားရှာခဲ့ကြခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး နောက်ပိုင်းကာလတွင် အုပ်ချုပ်ရေးပြောင်းသွားသောကြောင့် ယခင်ကလောက် ပေါ်ပေါ်ထင်ထင် မလုပ်ဝံ့ကြတော့ပေ။

မည်သို့ပင်ရှိစေ၊ ခေတ်အဆက်ဆက် လူစည်ကားလှသော တရုတ်တန်းက အချိန်ကာလမရွေး နေ့ရောညပါ လူစည်ကားသော နေရာအဖြစ်နှင့်ပင် ရှိနေပေသည်။

ဒေါက်တာမင်းထင်ကျော် ရောက်သွားတော့ ချိန်းထားသောအချိန်ထက် အနည်းငယ် စောနေသေးသည်။ သို့ကြောင့် ကားကိုချိန်းထားသောဆိုင်နှင့် မနီးမဝေးနေရာ၌ ရပ်တန့်ကာ အခြေအနေ ကြည့်နေသည်။

မိမအတွက် သဲလွန်စ ရသည်မရသည်ထက် ကျော့ကွင်းအဆင်ခံရမည် စိုးသဖြင့် သတိထားပြီး သွားလာနေရခြင်း ဖြစ်ပေသည်။

မြသီရိချိန်းထားသောနေရာမှာ ဒါလဟိုဇီ(မဟာဗန္ဓုလလမ်း)ပေါ်၌ရှိသော ဘုံဘေပျော်ပွဲစားရုံ၌ဖြစ်သည်။

(၄)နာရီထိုးတော့ ထိုနေရာသို့ မြသီရိရောက်လာပြီး ဆိုင်အတွင်းသို့ အိန္ဒြေရရဖြင့် ဝင်သွားသည်ကို မြင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်က ကားပေါ်မှ ချက်ချင်းဆင်းမသွားသေးပဲ နောက်ဘက်မှ မသက်ဘွယ်ရာ ပါလာမပါလာကိုစောင့်ကြည့်ပြီး အခြေအနေရှင်းတော့မှ ကားပေါ်မှဆင်းကာ ဆိုင်အတွင်းသို့ ဝင်လိုက်သွားလေသည်။

ညနေပိုင်းအချိန်ဖြစ်သော်လည်း အချိန်စောနေသေးသောကြောင့် စားသောက်ဆိုင်အတွင်း၌ လူမများသေးပေ၊ အတွင်းရောက်ပြီး ကြည့်လိုက်တော့ ပြတင်းပေါက်နှင့်နီးသောစားပွဲတွင် ထိုင်နေသော မြသီရိကို တွေ့ရသဖြင့် ထိုနေရာသို့ လျှောက်သွားလေသည်။

အနားရောက်တော့ သူမနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်သည်။ ထိုအခိုက်မှာပင် စားပွဲထိုး ရောက်လာသဖြင့် စားသောက်စရာအချို့ကို မှာလိုက်သည်။

"ကျွန်မက တကူးတက လှမ်းချိန်းလို့ အံ့ဩနေသလား၊ စိတ်ထဲမှာ တမျိုးရော မထင်မိဘူးလား"

"မထင်မိပါဘူး၊ ကျွန်တော်ကလည်း မြသီရိနဲ့ တွေ့ချင်နေတာပါ"

"ဘယ်လိုကြောင့်လဲ"

"မေးစရာလေးတွေ ရှိနေလို့ပါ"

"ဒီလိုဆိုရင် ကျွန်မကပဲ အရင်စမေးပါရစေ၊ ကိုမင်းထင်ကျော်က ကျွန်မဖေဖေအပေါ်မှာ မသင်္ကာဖြစ်နေပုံရတယ်၊ ဘယ်လိုအကြောင်းကြောင့်လဲ"

"သူတစ်ယောက်တည်းကိုကွက်ပြီး မသင်္ကာ ဖြစ်နေ





ဘာ မဟုတ်ပါဘူး၊ ဒီကိစ္စနဲ့ ပတ်သက်နေတဲ့သူတွေ အားလုံးတို့ ဒီလိုပဲ မေးမြန်းရတာပါပဲ"

"ကျွန်မက ဒါမျိုးတွေတော့ သိပ်နားမလည်ပါဘူး၊ ဒါပေမယ့် ရှင့်ကိုကြည့်ရတာ တစ်ခုခုသိထားပြီးသားပုံမျိုး ရှိနေတာကို သတိပြုမိပါတယ်၊ ကျွန်မဖေဖေနဲ့ ပတ်သက်ပြီးတော့ ထူးခြားမှုရှိရင် ကျွန်မကို ပြောပြပေးစေချင်ပါတယ်၊ ဒါလည်း မတောင်းဆိုသင့်တာကို တောင်းဆိုနေတာမဟုတ်ပါဘူး၊ အကူအညီတောင်းနေတာပါ၊ ရှင့်ဆီက တစ်ခုခုသိရမှ. . ."

မြသီရိက စကားမဆက်တော့ပဲ ရပ်တံ့သွားသည်။

ထိုအချိန်မှာ. . စားပွဲထိုးက လာချသော အစားအသောက်များ လာချပေးနေသဖြင့် စကားမဆက်ဖြစ်တော့ပေ။

စားပွဲထိုး ပြန်ထွက်သွားတော့မှ. . .

"စကားပြန်ဆက်ပါဦး"

ဟု ထောက်ပေးလိုက်သည်။

"ကျွန်မ စကားပြန်မဆက်ခင် ရှင်မေးချင်တာကို အ...မေးပါ"

"တခြားတော့ မဟုတ်ပါဘူး၊ မြသီရိတို့ မိသားစုအကြောင်းကို ပြောပြပေးစေချင်ပါတယ်"

ဟု ပွင့်ပွင့်လင်းလင်း မေးလိုက်သည်။

"အမှုအကြောင်းနဲ့ ပတ်သက်ပြီး ဘယ်လိုများ ပ...နေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆက်စပ်မှု ရှိနိုင်မယ်ထင်လို့ မေးကြည့်တာပါ"

မြသီရိက သက်ပြင်းတစ်ချက်ချပြီးမှ သူတို့မိသားစု အကြောင်းကို ပြောသည်။

သူမဖခင် ဦးကျော်မောင် သေဆုံးသွားပြီးနောက်မှ မိခင်ဖြစ်သူ ဒေါ်နှင်းမေက ဦးစံပေါ်နှင့် လက်ထပ်ခဲ့ပုံများကို ပြောပြသည်။

"ဖေဖေဆုံးသွားတော့ ပွဲရုံလုပ်ငန်းတွေက ကျန်ခဲ့တယ်၊ ပထမတော့ မေမေတစ်ယောက်တည်း ဦးဆောင်ပြီး လုပ်နေသေးတယ်၊ နောက်တော့ မနိုင်မနင်း ဖြစ်လာတယ် အဲဒီအချိန်ငွေကြေးကလည်း ရှိတယ်၊ ပွဲရုံလုပ်ငန်းတွေလည်း စိတ်ဝင်စားတဲ့ ဦးစံပေါ်နဲ့တွေ့ပြီး လက်ထပ်လိုက်တာပါပဲ"

"ဒါဖြင့် အရင်ကတည်းက သိကျွမ်းနေခဲ့လို့လား"

"အဲသည်လိုတော့ သိပုံမရပါဘူး"

"ဒါဖြင့် ဦးစံပေါ်ရဲ့ နောက်ကြောင်းရာဇဝင်တွေထဲ ရေ ဘယ်လောက်သိထားသလဲ"

ဒေါက်တာမင်းထင်ကျော်စကားကြောင့် မြသီရိက တအံ့တသြ အမူအယာဖြင့် တစ်ချက်ကြည့်လိုက်သည်။

"အဲဒီလိုတော့ သိပုံမရပါဘူး၊ ဘာကြောင့်မေးတာ လဲ"

"နောက်ကြောင်းရာဇဝင် မသိတဲ့လူတစ်ယောက်နဲ့ သမီးပျိုတစ်ယောက်ရှိတဲ့ ဒေါ်နှင်းမေက လက်ထပ်ဝံ့တာ စိတ်ဝင်စားလို့ပါ"





"ဒါပေမယ့်. . သူက အခုအချိန်ထိတော့ ကျွန်မတို့ သားအမိအပေါ်မှာ ကောင်းပါတယ်၊ ဒါထက် ရှင်ကများ သူ့အကြောင်းတွေ သိနေလို့များလား"

ဒေါက်တာမင်းထင်ကျော်က ခေါင်းခါပြလိုက်သည်။

ထို့နောက် စားပွဲပေါ်သို့ လာချပေးထားသော အစား အသောက်များကို စားသောက်ကြသည်။ မြသီရိကတော့ အနည်းငယ်လောက်သာ စားသောက်လေသည်။

"ကျွန်တော်နဲ့ တွေ့ချင်တဲ့အကြောင်းလည်း ပြောပါဦး"

"တခြားတော့ မဟုတ်ပါဘူး၊ ကျွန်မအဖေနဲ့ ပတ်သက်တဲ့အကြောင်း တစ်ခုခုရှိနေပုံပဲ၊ မျက်စိမျက်နှာလည်း သိပ်မကောင်းလှဘူး"

"ငွေကြေးအခက်အခဲ ဖြစ်နေလို့လား"

"ဒီလိုတော့ ဟုတ်မယ်မထင်ပါဘူး၊ အိမ်မှာ ငွေပိုငွေ လျှံရှိပါတယ်"

"ဒါပေမယ့် ဘဏ်မှာ ငွေသုံးသိန်းထုတ်တာ သူအ သုံးလိုလို့ ထုတ်ကြတာလို့ ပြောကြတယ်"

"ဟင်. ."

ထိုစကားကြားသဖြင့် တအံ့တသြ ဖြစ်သွားဟန်ဖြင့် လက်ထဲမှ ကိုင်ထားသော ဇွန်းခရင်းကိုပင် ပန်းကန်ထဲ ပြန်ချ လိုက်သည်။

"ကျွန်မ မသိသေးဘူး၊ အဲဒါ အမှန်ပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"အမှန်ပါပဲ၊ သူနဲ့အတူ ငွေထုတ်ခဲ့ကြတဲ့ ဦးဘရှင်နဲ့ ဦးရွှေတူတို့က ပြောပြလိုက်တာပါ။ ထားပါလေ သူ့မှာလည်း တခြားအရေးကြီးတဲ့ အကြောင်းကိစ္စရှိတာ ဖြစ်မှာပေါ့။ ဒါ ထက် တခြားပြောစရာများ ရှိသေးလား"

သူမက ခေါင်းခါပြသည်။

"ဒါထက် မြသီရိတို့အိမ်မှာ အခုတလော ထူးခြားမှု တွေ့တွေ့ရင် ကျွန်တော့်ဆီကို ဖုန်းဆက်ပေးပါ"

"ရှင်ပြောမှ သတိရတော့တယ်၊ အခုတလော အိမ် မှာ ထူးခြားမှုတစ်ခုတော့ရှိတယ်"

"ဘယ်လိုထူးခြားမှုမျိုးလဲ"

"တရုတ်နှစ်သစ်ကူးချိန်နီးလာတော့ ကုန်သည်ကြီး များအသင်းက တရုတ်အသင်းဝင်တွေက ရုပ်တုတစ်ခု လက် ဆောင်ပို့ပေးတာရှိတယ်၊ ဒါပေမယ့် အဖေက အဲဒီရုပ်ထုကို အပြင်ဘက်မှာမထားပဲ သူနေတဲ့ အခန်းထဲမှာ ထည့်ထား တယ်"

"ဘယ်လို ရုပ်ထုမျိုးလဲ"

"တရုတ်နတ်သမီး ရုပ်တုမျိုးပဲ၊ ကွမ်ရင်မယ်တော် ရုပ်တုမျိုးနဲ့ ခပ်ဆင်ဆင်ပဲ"

"သူ နှစ်သက်သဘောကျလို့ အိပ်ခန်းထဲ ထည့်သွင်း ထားတာ ဖြစ်ချင်ဖြစ်မှာပါ။ ကျွန်တော့်ကို ယုံယုံကြည်ကြည် လက်ခံတွေ့ဆုံပြီး ပြောသင့်တာတွေကို ပြောပြပေးတဲ့အ တွက် မြသီရိကို အများကြီး ကျေးဇူးတင်ပါတယ်၊ နောက်အ





ကြောင်းရှိရင်လည်း ကျွန်တော့်ဆီကို ဖုန်းဆက်အကူအညီ တောင်းနိုင်ပါတယ်၊ မြသီရိအနေနဲ့ အပန်းမကြီးရင် ဆက် သွယ်လို့ရမယ့် ဖုန်းနံပါတ်လည်း ပေးထားပါ"

သူမက စာရွက်တစ်ရွက် တောင်းယူပြီး ဖုန်းနံပါတ် ရေးပေးလေသည်။

အချိန်က ညနေစောင်းလာပြီမို့ စားသောက်ဆိုင်အ တွင်း၌ တဖြည်းဖြည်းနှင့် လူပြည့်လာပြီ ဖြစ်သောကြောင့် ကျသင့်ငွေကို ရှင်းပေးပြီး ပြန်ထွက်ခဲ့ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၀)

# သုသာန်မှ အန္တရာယ်များ

အချိန်က ညနေစောင်းအချိန် ရောက်လာချေပြီ။

ထိုအချိန်ရောက်လာလျှင် လမ်းကကာ အရပ်တကာလှည့်ကာ တောင်းနေကြသော သူတောင်းစားတို့အလုပ်စခန်းသိမ်းကြလေပြီ။ အထိုင်သမား(ထိုင်တောင်းသူ)လမ်းကြောင့်သမား (လှည့်လည်တောင်းသူ) ကလေးနှင့်တောင်းသူ၊ ဒုက္ခိတဟန်ဆောင်၍ တောင်းသူ၊ ရောဂါသည်ကဲ့သို့ဖြုလုပ်တောင်းသူ၊ အသက်အရွယ် အိုမင်းလှသူ၊ အရွယ်မ



www.burmeseclassic.com

www.burmeseclassic.com



ရောက်သေးသော ကလေးငယ်များပါမကျန် အလုပ်သိမ်းကြပြီး မိမိတို့စုရပ်သို့ ပြန်ကြရသည်။

နယ်မြေအသီးသီးတွင် ဒွန်းစဏ္ဍားများကို စီမံအုပ်ချုပ်နေကြသော ခေါင်းပေါင်းများရှိသည်။ ၎င်းတို့က သတ်မှတ်ထားသောနေရာများမှာ စောင့်နေကြသည်။

တောင်းရမ်းသူတို့က တစ်နေ့တာလုံး နည်းအမျိုးမျိုးဖြင့် တောင်းရမ်းရရှိသော ပိုက်ဆံတို့ကို ခေါင်းပေါင်းထံသို့ တစ်ပြားမကျန် ပြန်အပ်ကြရသည်။

ချန်ထား၍မရပေ။ ဝှက်ထား၍ မရပေ။

ထိုအကြောင်းကို ခေါင်းပေါင်းသိသွားပါက အနှိပ်စက်ခံကြရသည်။ နောက်ထပ် အပြစ်ပေးသည့် အနေဖြင့် ဘယ်နေရာမှ တောင်းရမ်းခွင့် မပေးတော့ပေ။

သို့ကြောင့် ဘယ်သူကမှ မလိမ်ဝံ့ကြပေ။

တောင်းရမ်းရသော ငွေအားလုံးတို့အား ခေါင်းပေါင်းလုပ်သူထံ အပ်ပေးလိုက်ကြရသည်။

ထိုအခါ ခေါင်းပေါင်းက ဝေစုခွဲတမ်းများကို ပြန်ပေးလေသည်။ နေရာကောင်းများတွင် တောင်းခွင့်ရသူတို့က များများရသည်။

နေရာမကောင်းလျှင်တော့ နည်းနည်းသာရကြသည်။

အချို့က နေ့စားတောင်းသည်။ အချို့က ပုတ်ပြတ်စနစ်တောင်းရမ်းတာလည်းရှိသည်။ နေ့စားတောင်းရမ်းသူကတော့ တစ်နေ့တောင်းရမ်းခငွေသာရသည်။





ပုတ်ပြတ်ကတော့ ခေါင်းပေါင်းလုပ်သူက နေရာကောင်းတစ်ခု ဈေးဖြတ်ပြီး တောင်းခိုင်းသည်။ ပိုတာမှန်သမျှ အကုန်ယူ၊ လိုလျှင်တော့ စိုက်ထည့်ပေးရသည်။ အချို့ကတော့ အချိုးကျယူသည်။ လေးကျပ်ရလျှင် နှစ်ကျပ်ကို ခေါင်းပေါင်းပေး၊ နှစ်ကျပ်ကို သူယူသည်။ ခေါင်းပေါင်းကို တစ်ဝက်ပေးရခြင်းမှာ ပြဿနာများ ဖြစ်ပွားလာလျှင် ခေါင်းပေါင်းကပင် ဒိုင်ခံဖြေရှင်းပေးရသောကြောင့် ဖြစ်သည်။

နယ်မြေလုခြင်း အချင်းချင်းရန်ဖြစ်ခြင်း၊ လူမိုက်များ အရက်သမားများက တောင်းရမ်းရသောငွေကို လာရောက်လုယက်ခြင်း ပုလိပ်များ လာရောက်ဖမ်းဆီးခြင်း . . အစရှိသော ပြဿနာများကို ခေါင်းပေါင်းကပင် နောက်ကလိုက်ပြီး ဒိုင်ခံဖြေရှင်းပေးရသည်။

လူမိုက်လာလျှင် လူမိုက်ချင်း ရှင်းရသည်။ ပုလိပ်လာလျှင် ငွေပေးပြီးပြေလည်အောင် လုပ်ပေးရသည်။

လာရောက်ဖမ်းဆီးသူက "အဆင်ပြေအောင် လုပ်ပေးပါ့မယ်"ဟုပြောလျှင် သင့်တော်သလောက် ငွေကြေးပေးမှ အဆင်ပြေသည်။

မပေးလျှင် အဆင်မပြေပေ။

ခေါင်းပေါင်းလုပ်သူတာဝန်က ထိုကဲ့သို့သော ကိစ္စမျိုးတို့ကို ဖြေရှင်းပေးရသည်သာမက တောင်းရမ်းသူတို့အတွက် လိုအပ်တာများလည်း စီစဉ်ပေးရသေးသည်။

ကလေးပြုပြီး တောင်းမည့်မိန်းမများကို ကလေးမရှိ



www.burmeseclassic.com

www.burmeseclassic.com



လျင် ကလေးဌားပေးရသည်။ ကလေးရှင်ကို နေ့တွက်ခ ပေးရသည်။ နို့ဗူးနှင့်ကလေးက အမြဲအိပ်နေစေရန် အိပ်ဆေးပြား စီစဉ်ပေးရသည်။

ခြေတု၊ လက်တု၊ အနာအတုများအတွက်လည်း ထိုကိစ္စအတွက် ကျွမ်းကျင်သူများကို အခငွေကြေးပေးခေါ်ကာ လုပ်ခိုင်းရသည်။

လူနာအတု၊ သက်ကြီးရွယ်အိုအတု၊ ရောဂါသည်အတု၊ ဘုန်းကြီးအတု၊ သီလရှင်အတု၊ ဘိုးတော်မယ်တော်အတုများ ပြုလုပ်ပြီး နည်းအမျိုးမျိုးနှင့် တောင်းနိုင်အောင် စီစဉ်ပေးရသည်။

ထိုအထဲတွင် အလှူခံအတုများလည်းပါသေးသည်။

ဘုရားတည်ရန် ကျောင်းဆောက်သိမ်ဆောက်ရန် ရေတွင်းတူးရန် ဆွမ်းလောင်းရန် စသည့် အကြောင်းအရာတို့ဖြင့် လှည့်လည်အလှူခံပြီး ရသမျှခွဲဝေယူကြသည်မျိုးလည်း ရှိကြသေးသည်။

မြန်မာနိုင်ငံအတွင်း နေထိုင်ကြသူ အများစုမှာ ဘာသာတရားကို လေးစားသည်။ သနားကြင်နာတတ်ကြသည်။

ငွေကြေးတောင်းရမ်းသူတို့က (အချို့အလှူခံခြင်း)ထိုအချက်တို့ကို ခုတုံးလုပ်ကာ နည်းအမျိုးမျိုးဖြင့် ငွေရအောင် တောင်းယူကြခြင်း ဖြစ်ပေသည်။

အထက်ပါ အချက်များကြောင့် ဒွန်းစဏ္ဍားလောကတွင် တောင်းရမ်းပေးသူများရှိမှ ဖြစ်သလို အစစအရာရာ





စီမံဆောင်ရွက်ပေးကြသော ခေါင်းပေါင်းများ၏ အခန်းကဏ္ဍကလည်း ပါဝင်နေရခြင်း ဖြစ်ပေသည်။

ခေါင်းပေါင်းများမှာ သူ့နေရာနှင့်သူ နေရာသတ်မှတ်ထားကြရာ ပုဇွန်တောင် ကြက်တန်းတစ်ဝိုက်နှင့် ရေကျော်တစ်ဝိုက်မှာတော့ ဒွန်းစဏ္ဍားခေါင်းပေါင်း ဦးစံနက်ကျော်က တာဝန်ယူ အုပ်ချုပ်နေလေသည်။

စံနက်ကျော်မှာ ခေါင်းပေါင်းလုပ်နေသဖြင့် "ဦး"တပ်ခေါ်နေကြသော်လည်း အသက်(၅၀)ဝန်းကျင်သာ ရှိပေသေးသည်။ သို့သော်လည်း အနေအထိုင်က တည်ပါသည်။

၎င်းနေထိုင်သောအိမ်မှာ ကုလားတစ်ယောက်ထံမှ အပိုင်စီးထားသော အိမ်ကြီးတစ်လုံး၌ ဖြစ်သည်။

တောင်းရမ်းသူတို့ထံမှ ရသောငွေများကို ဖျံကျဈေးသည်များ အရောင်းအဝယ် ပြုသူတို့အား နေ့ပြန်တိုး ပြန်ပေးနိုင်သေးသည်။ တစ်ဖက်က ဒွန်းစဏ္ဍားတို့၏ ခေါင်းပေါင်းဖြစ်သလို တစ်ဖက်ကလည်း ငွေတိုးကြေးတိုးပေးနေသော လူကြီးလူကောင်းတစ်ယောက်အသွင် ရှိပေသည်။

အချိန်က ညနေစောင်းအချိန်ဖြစ်သောကြောင့် ပုဇွန်တောင် နံဘေးရှိ သီးခြားဆောက်ထားသော တဲကြီးတစ်လုံးအတွင်းသို့ ဦးစံနက်ကျော် ရောက်နေသည်။

နေရာအနှံ့သို့ လှည့်လည်တောင်းနေကြသော ဒွန်းစဏ္ဍားများလည်း သူရှိသောနေရာသို့ ရောက်လာကြပြီး တောင်းရမ်းရသောငွေများကို လာရောက်အပ်နှံကြလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဦးစံနက်ကျော်ကလည်း ထိုငွေများကို သင့်တော်သလို စီမံခန့်ခွဲပြီး တောင်းရမ်းသူများကို ပြန်ပေးလေသည်။

ထိုကိစ္စများပြီးတော့မှ ညဦးပိုင်းအချိန်ရောက်သောအခါ သူနေသောအိမ်သို့ပြန်ကာ ညဦးပိုင်း ရောက်လာကြမည့် ငွေတိုး ကြေးတိုးချေးငှားသူ ပြန်ဆပ်သူတို့ဖြင့် ထပ်မံတွေ့ရပေဦးမည်။

ညနေစောင်းတော့. . . တောင်းရမ်းသူတို့ ကုန်သလောက် နည်းသွားကြလေသည်။

ထိုအချိန်မှာပင် သူရှိနေသော တဲကြီးအတွင်းသို့ လူနှစ်ယောက် ရောက်လာကြသည်။ ၎င်းတို့နှစ်ယောက်၏ ပုံပန်းသဏ္ဍာန် မြင်ရုံနှင့်ပင် ဦးစံနက်ကျော်မှာ မျက်နှာတစ်ချက် ဖျက်သွားလေသည်။

"ဘာကိစ္စရှိကြလို့လဲ"

"ဦးစံနက်ကျော်နဲ့ တွေ့ချင်လို့ပါ"

"စံနက်ကျော်ဆိုတာ ကျုပ်ပဲ၊ ခင်ဗျားတို့က ဘယ်သူတွေလဲ"

"ကျွန်တော့်နာမည်က ဒေါက်တာမင်းထင်ကျော်၊ သူက စိုးထောက်ကျော်စွာပါ"

"ဘာကိစ္စ လာကြတာလဲ"

"မေးစရာရှိလို့ လာကြတာပါ"

"ဘာမေးမှာလဲ"





ခင်ဗျားက သူတောင်းစားတွေကို ခေါင်းဆောင်နေတဲ့သူဆိုတော့ ရန်ကုန်မြို့ထဲက သတင်းအတော်များများကို သိနိုင်တယ် မဟုတ်လား"

"ခင်ဗျားတို့က ဘာသိချင်ကြလို့လဲ"

"တခြားတော့ မဟုတ်ပါဘူး၊ တစ်လောက ဂရင်းဒလေဘဏ်က ငွေထုတ်သွားတဲ့ သူဌေးသုံးဦး ဓားပြတိုက် ခံလိုက်ရတယ်၊ နေ့ခင်းကြောင်တောင် မြို့လည်ခေါင်မှာ တိုက်သွားတာ ဆိုပါတော့ အဲဒီကိစ္စနဲ့ပတ်သက်လို့ သဲလွန်စလေး ဘာလေး ရမလားလို့ လာမေးတာပါ"

"ဘာမှမသိဘူး. . ၊ သူဌေးတွေ သဘော်ပျက်တာကို စိတ်မဝင်စားဘူး၊ ကျုပ်ဆီမှာ အလုပ်လုပ်ပေးနေတဲ့ သူတောင်းစားတွေ ခွက်မပျောက်ဖို့ပဲ အရေးကြီးတယ်"

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်က သဘောကျစွာဖြင့် တစ်ချက်ပြုံးလိုက်သည်။

"သူဌေးတွေ အဆင်ပြေမှ တောင်းရမ်းစားသောက်တဲ့သူတွေလည်း အဆင်ပြေမှာပေါ့ဗျာ. . ၊ တောင်းရမ်းစားသောက်တဲ့သူတွေ အဆင်ပြေမှ ခင်ဗျားတို့ ခေါင်းပေါင်းတွေလည်း အဆင်ပြေကြမှာပေါ့၊ သူဌေးသဘော်မှောက်မှတော့ တောင်းစားတဲ့သူတွေလည်း ခွက်ပျောက်တာထက် ပိုဆိုးမှာပေါ့"

ဒေါက်တာမင်းထင်ကျော် စကားကြောင့် ဦးစံနက်ကျော်မျက်နှာမှာ မသိမသာ ရှုံ့မဲ့သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ်ပေါ့၊ ခင်ဗျားတို့ လာမေးတဲ့ ကိစ္စတွေကိုတော့ ကျုပ်ဘာမှမသိပါဘူး"

ဦးစံနက်ကျော်က စကားကို အပြတ်ပြောပြီး နေရာမှ ထရန် ဟန်ပြင်နေသော်လည်း ဒေါက်တာမင်းထင်ကျော်က မှည်သည့်ကိစ္စမဆို လွယ်လွယ်နှင့် လက်လျှော့မပေးတတ်သူမို့ စီးကရက်သောက်ရင်း ထိုင်မြဲထိုင်နေလေသည်။

သို့ကြောင့် ဦးစံနက်ကျော်မှာ ထိုင်ရအခက် ထရအခက် ဖြစ်သွားဟန် ရှိနေသည်။

"ခင်ဗျားကို ပြောရဦးမယ်ဗျ၊ အနုကြမ်းစီးသွားတဲ့ ဓားပြဂိုဏ်းက သာမညတော့ မဟုတ်ဘူး၊ အရင်က ဒါမျိုးတွေကို မကြာခဏ လုပ်ခဲ့ကြဖူးတဲ့ လက်ရာမျိုးတွေပေါ့ဗျာ ဘာနဲ့တူသလဲဆိုတော့ ဥပမာပြောရရင် လွန်ခဲ့တဲ့ ငါးနှစ်ခြောက်နှစ်လောက်က ပဲခူးနယ်ဘက်မှာ နာမည်ကြီးခဲ့တဲ့ နဂါးနက်ဓားပြဂိုဏ်းနဲ့ တူသလိုပဲဗျ"

ထိုစကားကြားသောအခါ ဦးစံနက်ကျော်က ဆေးပြင်းလိပ်ကြီးကို မီးညှိဖွာရင်း မျက်နှာလွှဲထားလေသည်။

ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက် ရောက်လာကတည်းက သံပချိုင်နှင့် သန်းရွှေအပါအဝင် လူမိုက်များက မနီးမဝေးမှရပ်ကာ အခြေအနေလာကြည့်နေကြလေသည်။

သူတို့ အမူအယာများက ရောက်နေသူနှစ်ယောက်ကို အစိမ်းလိုက် ဝါးစားချင်သော အမူအယာမျိုး ရှိနေကြသည်။





နောက်တော့ တဲအတွင်းမှ အလျှိုအလျှို ပြန်ထွက်သွားကြလေရာ တဲအတွင်း၌ ဦးစံနက်ကျော်တစ်ယောက်နှင့် ဒေါက်တာမင်းထင်ကျော်တို့သာ ကျန်ခဲ့တော့သည်။

ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာ တို့နှစ်ယောက်ကလည်း ပတ်ဝန်းကျင်အခြေအနေကို အကဲခတ်မိကြသော်လည်း မသိကျိုးကျွံပြုနေကြသည်။

နေဝင်ကာနီးတော့မှ နှစ်ယောက်သား တဲအတွင်းမှ ပြန်ထွက်ခဲ့ကြသည်။ ပတ်ဝန်းကျင်မှာတော့ အမှောင်ရိပ်များ သန်းစပြုနေချေပြီ။

ထိုခေတ်အချိန်က ပုဇွန်တောင်ချောင်းတစ်လျှောက်မှာ လူနေထိုင်မှု မများသေးပေ။

အုတ်၊ သဲ၊ ကျောက် အရောင်းအဝယ် လုပ်သူအချို့နှင့် ဓနို သစ်ဝါး အရောင်းအဝယ် ပြုသူတို့သာ အချို့ရှိကြသည်။

အရှေ့ဘက်ပိုင်းမှာတော့ ဆိပ်ကမ်းတစ်လျှောက် လူမရှိတော့ပဲ တောင်းရမ်းစားသောက်သူများနေသော တဲများသာ ရှိကြတော့သည်။

ထို့ပြင် ကမ်းစပ်နှင့်နီးသော လတာပြင်စပ်၌ ခရာဆူးတောများရှိပြီး ကုန်းဘက်မှာတော့ သစ်ပင်ကြီးငယ်တို့နှင့် ချုံနွယ် ပိတ်ပေါင်းများသာ ရှိသည်။ ကမ်းခြေနှင့် နီးသော နေရာဘက်မှာတော့ လူသွားလမ်းတစ်လမ်း ဖောက်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုလမ်းက "တောင်းရမ်းစားသောက်သူတို့ သွားသောလမ်းဖြစ်ပြီး အရှေ့ဘက် ဆက်သွားလျှင် သုသာန်သာ ရှိတော့သည်။

ထိုသုသာန်စောင့်မှာ ပေတလူဖြစ်ပြီး ကုလားလူမျိုးများသေလျှင် မြှုပ်နှံသောနေရာနှင့် ဗမာလူမျိုးတို့သေလျှင် မြှုပ်နှံသော နေရာနှစ်နေရာရှိသည်။

အလယ်မှ ခြံစည်းရိုးခြားထားပြီး မြေကတော့ တစ်ဆက်တည်းသာ ဖြစ်သည်။ ပတ်ဝန်းကျင်မှာ နေသူများသေလျှင် ကြံတောသုသာန် တာမွေသုသာန် စသော နေရာများအထိ မသယ်တော့ပဲ ထိုနေရာတစ်ဝိုက်မှာရှိသော သုသာန်သာလာ ရောက်မြှုပ်နှံကြသည်။

နီးစပ်သူများကတော့ ကုလားသင်္ချိုင်း၊ ဗမာသင်္ချိုင်း ဟုပင် အလွယ်ခေါ်ဝေါ်ကြသည်။

ပတ်ဝန်းကျင်မှာ အလင်းရောင် မပျောက်သေးသောကြောင့် ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့သည် သုသာန်ရှိသော နေရာဘက်သို့ ဆက်လျှောက်လာကြလေသည်။

သုသာန်ဘက်သို့ သွားသောလမ်းမှာ အတော်ပင်ကျယ်အောင် ဖောက်ထားလေသည်။ ဘေးတစ်ဖက်တစ်ချက်တွင် ချုံများရှိသော်လည်း လူသုံးလေးယောက် သွားလာအောင် ဖောက်ထားသော လမ်းမျိုးဖြစ်သည်။ ရာသီမရွေး သွားလာရစေရန် အုတ်ခဲများ ခင်းထားသည်။





သူတောင်းစားများနေသော နေရာမှသွားလျှင် သုသာန်ရှိသောနေရာမှာ မဝေးလှပေ။

အချိန်ကလည်း နေဝင်ကာနီးပြီမို့ အလင်းရောင် သိပ်မရှိတော့ပေ။ သုသာန်တစ်ဝိုက်မှာတော့ သစ်ပင်ကြီးများ၊ ဘူတ္တိုလ်ပင်ကြီးများ ရှိနေသောကြောင့် အမှောင်ဆိုင်ပိုများနေသည်။ သုသာန်အတွင်းမှာတော့ မြေကျင်းတူး မြှုပ်ထားပြီး အမည်မှတ်တိုင် စိုက်ထားသော နေရာများရှိသလို အုတ်ရှုမြုလုပ်ထား ခြင်းများလည်း ရှိပေသည်။

အုတ်ဂူများမှာ သူ့နေရာနှင့်သူ တန်းစီပြီး ပြုလုပ်ထားခြင်းမျိုးမဟုတ်ပဲ မြေနေရာကျန်သော နေရာများတွင် အဆင်ပြေသလို ပြုလုပ်ထားသောကြောင့် ဟိုနေရာတစ်ကွက် ဒီနေရာတစ်ကွက် ရှိနေကြသည်။

အချို့ထုံးများ ဆေးများသုတ်ထားသောကြောင့် အရောင်ရှိသော်လည်း အချို့လည်း လာရောက်မကြည့်ရှုနိုင်ကြသဖြင့် ရေညှိများ တက်နေကြသည်။

ဒေါက်တာမင်းထင်ကျော်တို့ ရောက်သွားတော့ အုတ်ဂူတစ်လုံးပေါ်တွင် အကျအနထိုင်နေကာ ဆေးပေါ့လိပ်ဖွာနေသော လူတစ်ယောက်ကို တွေ့ရသည်။

ကျိုးတို့ကျဲတဲ ဆံပင်များ၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများရှိပြီး နွမ်းဘောင်းဘီကြမ်း၊ ပြဲနေသော အင်္ကျီဟောင်းတစ်ထည်ကို ဝတ်ထားသောကြောင့် မြင်ရုံနှင့် သုသာန်စောင့်မှန်းသိနိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကိုမြင်တော့ နေရာမှထလာသည်။

"ဘာကိစ္စ ရှိကြလို့လဲ၊ မြေကျင်းတူးဖို့လား၊ အုတ်ဂူလုပ်ချင်လို့လား"

ဟု မေးသည်။

"ခင်ဗျားက ဘယ်သူလဲ"

"သုသာန်စောင့် ပေတလူ"

"ဒီသုသာန်မှာ အုတ်ဂူ ဘယ်နှစ်လုံးရှိသလဲ"

"သုံးဆယ်ကျော်လောက်တော့ ရှိမယ်ထင်တာပဲ၊ အတိအကျတော့ ဘယ်သိပါ့မလဲ"

"သုသာန်စောင့် လုပ်နေပြီး ကိုယ်နေတဲ့ သုသာန်မှာ အုတ်ဂူဘယ်နှစ်လုံး မြေပုံဘယ်နှပုံရှိမှန်းတောင် မသိတဲ့ သုဘရာဇာပဲကိုး"

ထိုစကားကြောင့် ပေတလူမှာ ရှုံ့ရှုံ့ရှားရှား ဖြစ်သွားလေသည်။ သို့သော် ဒေါက်တာမင်းထင်ကျော်တို့ ဟန်အမူအယာကြည့်ပြီး ရန်မမူဝံ့ပေ။

"ဒါထက် အကြာဆုံး အုတ်ဂူတွေက ဘယ်ဘက်မှာရှိသလဲ"

"ဒါတော့ မသိဘူး၊ ကျုပ်က ဒီသုသာန်ရောက်တာ မကြာသေးဘူး"

ဟု စကားဖြတ်ကာ ထိုနေရာမှ ပြန်လှည့်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာတို့လည်း သုသာန်ထဲမှာရှိသော အုတ်ဂူများကို လိုက်ကြည့်ကြသေးသည်။

သို့သော် အလင်းရောင် မရှိတော့သဖြင့် ကောင်းစွာ မမြင်ရတော့ပေ။

"ပြန်ကြရအောင် ကိုကျော်စွာ၊ နေ့ဘက် လူသူရှင်းတော့မှ တစ်ခေါက်လာကြည့်ကြတာပေါ့"

ဟု ပြောပြီး သုသာန်တွင်းမှ ပြန်ထွက်လာကြသည်။

သူတို့နှစ်ယောက် ပြန်ထွက်လာတော့ ပေတလူကို မတွေ့ရတော့ပေ။

နှစ်ယောက်သား ပြန်ထွက်လာတော့ ဘေးတစ်ဖက်တစ်ချက်တွင် ချုံများဖုံးနေသော လူသွားလမ်းပေါ်မှ အလင်းရောင်မရှိတော့ပေ။

သုသာန်နှင့် ဝေးလာပြီး တစ်နေရာ ရောက်သောအခါမှာတော့ သူတို့ ပြန်အလာကို စောင့်နေကြသူများက ချုံများ သစ်ပင်များနောက်တွင် ပုန်းအောင်းနေကြရာမှ ထွက်လာကြသည်။

စုစုပေါင်း(၅)ယောက်ဖြစ်ပြီး မျက်နှာကို မမှတ်မိစေရန် အဝတ်များ စည်းထားသည်။ လက်ထဲမှာလည်း တုတ်၊ ဓားများ ကိုင်ထားကြသည်။ အခြေအနေကို မြင်ရုံနှင့်ပင် မိတ်ဆွေဖွဲ့လိုသူများ မဟုတ်ကြောင်း သိကြလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့တွင် သေနတ်တစ်လက်စီ ပါလာကြသည်။

သို့သော် ဒီလူလောက်ကိုဖြင့် သေနတ်သုံးရန် မလို







www.burmeseclassic.com

www.burmeseclassic.com



သေးကြောင်း နှစ်ယောက်စလုံးက သဘောပေါက်ကြလေသည်။

ရန်သူများက သူတို့နှစ်ယောက်ကို ပတ်ဝိုင်းပြီး ဝင်ရောက်တိုက်ခိုက်ကြတော့သည်။

ဒေါက်တာမင်းထင်ကျော်က နောက်မှဝင်လာသောတုတ်ချက်ကို လွတ်အောင်ရှောင်ပြီး နောက်သို့ ဆုတ်ကာ ရန်သူ၏ မျက်နှာကို တတောင်ဖြင့်တွက်ရာ မရှုမလှ ဖြစ်သွားသောအသံမျိုး ကြားလိုက်ရသည်။

ထိုအခြေအနေမှာပင် ရန်သူ့လက်မှတုတ်ကို ယူလိုက်သည်။

နောက်တစ်ယောက် ဘေးမှ ဓားဖြင့်ဝင်ခုတ်သည်။

လက်ရဲဇက်ရဲ ခုတ်ခြင်းမျိုးမဟုတ်ဘဲ. . ကြောက်ကြောက်ရွံ့ရွံ့နှင့် မျက်စိမှိတ်ကာ လက်လှမ်းမီရာကို ဝင်ခုတ်ခြင်းဖြစ်သောကြောင့် အလွယ်တကူပင် ရှောင်တိမ်း၍ ဓားကိုင်ထားသောလက်ဆစ်ကို ရိုက်ချလိုက်ရာ ကျိုးပြီး ဓားပါလွတ်ကျသွားလေတော့သည်။

စုံထောက်ကျော်စွာကလည်း. . . အတိုက်အခိုက်ကောင်းသူဖြစ်သောကြောင့် ရန်သူနှစ်ယောက်လောက်ကို မြေပေါ်၌ မထနိုင်လောက်အောင် တိုက်ခိုက်ထားသည်။

ရန်သူငါးယောက်မှာ လေးယောက်လဲနေပြီ ဖြစ်သောကြောင့် တစ်ယောက်သာ ကျန်တော့သည်။

ထိုတစ်ယောက်မှာလည်း လက်နက်မရှိတော့ပေ။





ဒေါက်တာမင်းထင်ကျော်က ဝိုင်းသွားတော့. . . ကြောက်ရွံ့နေလေသည်။

"မင်းတို့က ဘယ်သူခိုင်းတာလဲ"

ပထမတော့ မပြောပေ။

ဒေါက်တာမင်းထင်ကျော်က ဓားဦးချွန်ဖြင့် လည်ပင်းကို ထိုးလိုက်တော့မှ ကြောက်ကြောက်လန့်လန့်ဖြင့် ပြောသည်။

"ခေါင်းပေါင်းခိုင်းလို့ လုပ်ရတာပါ"

ဒေါက်တာမင်းထင်ကျော်က လိုချင်သော အဖြေသိရသဖြင့် ထိုသူကို ဘာမှဆက်မလုပ်တော့ပဲ ပြန်လွှတ်လိုက်ပြီးမှ နှစ်ယောက်သား ထိုနေရာမှ ထွက်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၁)

# နှစ်ပင်လိမ်ကျော့ကွင်း

တစ်နေ့သ၌ နံနက်(၁၀)နာရီ အချိန်ခန့်တွင် ဒေါက်တာမင်းထင်ကျော် နေသောအိမ်သို့ စုံထောက်ကျော်စွာတစ်ယောက် ကားဖြင့်ရောက်လာလေသည်။ ထိုအချိန်တွင် ဒေါက်တာမင်းထင်ကျော်က အိပ်ယာမှထပြီးစအချိန်ပင်ဖြစ်သည်။

ကြိုတင်ချိန်းထားခြင်းမဟုတ်ပဲ ရောက်လာခြင်း ဖြစ်

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် တစ်စုံတစ်ခု အရေးပေါ်ကိစ္စ ရှိသောကြောင့် ရောက်လာခြင်းဖြစ်ကြောင်း ခန့်မှန်းမိလေသည်။

"ဘယ်လိုလည်း ကိုကျော်စွာ၊ ဆိုင်းမဆင့် ဗုံမဆင့်နဲ့ ရောက်လာပုံထောက်တော့ အရေးကြီးတဲ့ကိစ္စမျိုး ပေါ်နေပြီ ထင်ပါရဲ့"

"အရေးကြီးတာတော့ မပြောပါနဲ့ ဆရာရယ်၊ ဒီတစ်ခါက လူသတ်မှုဖြစ်တာ"

"ဘယ်နေရာမှာလဲ"

"ဦးစံပေါ်တို့ အိမ်မှာဖြစ်တာဗျ"

"ဟင်. . ဦးစံပေါ် အသတ်ခံရပြီ ထင်တယ်"

"သေသေချာချာတော့ မသိရသေးဘူး ဦးစံပေါ်တို့ အမှုတွဲကို ကျွန်တော်တို့ကိုင်တော့ လမ်းမတော်ဂါတ်တဲက ဖုန်းဆက်ပြောတော့မှ သိရတာ၊ ကျွန်တော်တို့ သွားကြည့်မလို့ ဆရာ့ကိုပါ ဝင်ခေါ်တာ"

ဟု ပြောသဖြင့် ထွေထွေထူးထူး မေးမြန်းမနေတော့ဘဲ အဝတ်အစား လဲလှယ်ပြီး စုံထောက်ကျော်စွာတို့ ကားနှင့်ပင် လိုက်လာလေသည်။ ကားပေါ်၌ ဆားပုလင်းမောင်မိုးအပါ အဝင် ပုလိပ်သုံးယောက်လည်း ပါလာသေးသည်။

ဘုန်းကြီးလမ်း၌ရှိသော ဦးစံပေါ်တို့တိုက်ရှေ့ရောက်တော့ အားလုံး ကားပေါ်မှဆင်းကြသည်။

သူတို့ရောက်သွားတော့. . လမ်းမတော်ဂါတ်တဲမှ ရောက်နေသော ပုလိပ်အချို့ကို တွေ့ရသည်။





စုံထောက်ကျော်စွာရောက်လာတော့ သူတို့တွေ့သမျှ အခြေအနေအားလုံးကို ပြောပြသည်။

ဒေါက်တာမင်းထင်ကျော်က အိမ်ထဲဝင်လာသောအခါ ညှိခန်းတွင်ထိုင်နေကြသော ဦးစံပေါ်၊ ဒေါ်နှင်းမေနှင့် မြသီရိတို့ သုံးယောက်ကို တွေ့ကြရသည်။

"ဘယ်လိုဖြစ်တာလဲ"

"ကျုပ်အိမ်မှာ ခိုင်းစေထားတဲ့ အလုပ်သမားတစ်ယောက် အသတ်ခံလိုက်ရတယ်"

ဦးစံပေါ်က ကတုန်ကယင် ဖြစ်နေသော အသံမျိုးဖြင့် ပြောပြသည်။

"ဘယ်နေရာမှာဖြစ်တာပါလဲ"

"အပေါ်ထပ်က ကျုပ်နေတဲ့ အခန်းထဲမှာပါ"

ထိုသို့ ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က ဦးစံပေါ်ကိုပါ တစ်ပါတည်းခေါ်၍ အပေါ်ထပ်သို့ တက်လာလေသည်။

တိုက်ကြီးမှာ ရှေးဟောင်းတိုက် ဖြစ်သောကြောင့် ကြီးမားသော လှေခါးကြီးမှ နှစ်ဆင့်ချိုးတက်မှ အလယ်ထပ်သို့ ရောက်လေသည်။

အလယ်ထပ်မှာတော့ အိပ်ခန်းဖွဲ့ထားသော အခန်းအချို့သာ တွေ့ရလေသည်။

ဦးစံပေါ်နေသော အခန်းမှာ ခေါင်းရင်းဘက် ထပ်ဆုံး အခန်း၌ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအပေါ်ထပ်မှာ ဘယ်သူတွေနေသေးလဲ"

"ကျုပ်မိန်းမတစ်ခန်း၊ ကျုပ်သမီးတစ်ခန်း ဒါပဲရှိပါတယ်၊ အိမ်စေတွေနဲ့ အလုပ်သမားတချို့ကတော့ အောက်ထပ်မှာ နေကြပါတယ်"

ထိုသို့ပြောရင်းနှင့် လျှောက်လာရာ ဦးစံပေါ်နေသော အခန်းရှေ့သို့ ရောက်လာကြသည်။ အခန်းပေါက်ဝတွင် လမ်းမတော်ဂါတ်တဲမှ ပုလိပ်တစ်ယောက်ကို တွေ့ရသည်။ ၎င်းက ဒေါက်တာမင်းထင်ကျော်ကို သိနေသဖြင့် တွေ့သည်နှင့် အရိုအသေပေးကာ စစ်ဆေးတွေ့သမျှ အကြောင်းတို့ကို ပြောပြသည်။

"အလောင်းက အခန်းထဲမှာ ရှိပါတယ်၊ လူသတ်မှုပါပဲ၊ ရင်ဝကို သံချွန်တစ်ခုခုနဲ့ တစ်ချက်တည်း ထိုးသတ်သွားတာ"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်ပြီး စေ့ထားသော တံခါးချပ်ကို တွန်းဖွင့်လိုက်သည်။

မြင်ကွင်းက မကောင်းလှပေ။

အခန်းတွင်းမှာရှိသော ကြေးကုတင်ကြီး တစ်လုံးနှင့် မနီးမဝေး ကြမ်းပြင်ပေါ်တွင် ပက်လက်အနေအထားဖြင့် လဲကျသေဆုံးနေသော အမျိုးသမီးတစ်ယောက်ကိုတွေ့ရသည်။

ထိုအခန်းမှာ အိပ်ခန်းဟု ခေါ်သော်လည်း အတော်ပင် ကျယ်ဝန်းသော အခန်းမျိုး ဖြစ်သည်။ ကြေးကုတင်တစ်လုံး၊ ဗီရိုတစ်လုံး ကုတင်ခုံဘေးတွင် စာရေးစားပွဲနှင့် ကုလား





ထိုင်ရှိသည်။ ထို့ပြင် အခန်းတွင်းမှာ ရုပ်တုသုံးလေးခုလည်း တွေ့ရလေသည်။

အရုပ်များမှာ သေးသေးငယ်ငယ် အရုပ်များ မဟုတ်ကြပေ။ လူတစ်ကိုယ်စာလောက်ကြီးသော အရုပ်များပင် ဖြစ်၏။ လက်ချောင်းပေါင်းများစွာပါသော ကာလီနတ်ဘုရားရုပ်တုလည်း ရှိသည်။ လက်ချောင်းများတွင် ဓားကောက်၊ ခက်ရင်း၊ မှိန်း၊ လှံတံ၊ စသော ချွန်ထက်သော လက်နက်ကိရိယာများ ကိုင်ထားသည်။

နောက်တစ်ရုပ်က တရုတ်နတ်စစ်သူကြီး ရုပ်တုဖြစ်သည်။ လက်တစ်ဖက်က ဓားကိုကိုင်ထားပြီး ကျန်တစ်ဖက်က လှံချွန်ကိုင်ထားသည်။

တိုက်ခေါင်းရင်းဘက်တွင် မှန်ချပ်များ ကပ်ထားရာ နေရောင်ခြည်က ထိုမှန်ချပ်များမှတစ်ဆင့် အခန်းတွင်းသို့ ဝင်ရောက်နေလေသည်။ အစိမ်းရောင် မှန်ချပ်များမှ ဖြတ်သန်း ဝင်ရောက်လာသော နေရောင်ခြည်က ထိုရုပ်တုကြီးပေါ်သို့ တည့်တည့်ကျနေရာ ဆလိုက်ဖြင့် ထိုးထားသကဲ့သို့ ရှိလေသည်။

ရုပ်တုကြီးတွင် သလင်းကျောက်မျက်လုံးများ ထည့်ထားသောကြောင့် နေရောင်ခြည်နှင့် ထိသောအခါ အလင်းရောင်များ ထွက်နေပြီး အခန်းထဲမှ လူများကို လိုက်ကြည့်နေသကဲ့သို့ ရှိလေသည်။

နောက်နှစ်ရုပ်ကတော့ ဗီးနပ်ရုပ်တုနှင့် တရုတ်နတ်



www.burmeseclassic.com

www.burmeseclassic.com



သမီး ရုပ်တုပင်ဖြစ်သည်။ ဗီးနပ်ရုပ်ကတော့ ပလာစတာဖြင့် သွန်းလုပ်ထားသော ရုပ်တုဖြစ်သဖြင့် မထူးခြားပေ။

တရုတ်နတ်သမီးကတော့ ထူးခြားသည်။

ပလာစတာဖြင့် ပုံသွင်းထားသည် ဖြစ်သော်လည်း ပြုလုပ်ထားပုံက လက်ရာမြောက်လှသည်။ လက်ထဲမှာ ကြာပန်းများ ပွေ့ပိုက်ထားပြီး မတ်တပ်ရပ်နေသော ပုံသဏ္ဍာန်ဖြစ်လေသည်။

မြသီရိနှင့် စားသောက်ဆိုင်မှာ တွေ့စဉ်က 'ကွမ်ရင်မယ်တော်ရုပ်တု'နှင့် ပုံသဏ္ဍာန်တူသည်ဟု သူမက ပြောသွားလေသည်။ သို့သော် မဟုတ်ပေ။

တရုတ်ရှေးဟောင်း ရာဇဝင် ကျမ်းစာများ၌ပါသော မယ်တော် ရှီဝမ်းမူ ပုံပင်ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က ရုပ်တုများကို ခြုံကြည့်ပြီးမှ လဲကျနေသော အလောင်းအနီးသို့သွားကာ စစ်ဆေးကြည့်ရှုလေသည်။

ကြမ်းပြင်ပေါ်တွင် လဲကျသေဆုံးနေသူမှာ အမျိုးသမီးတစ်ယောက်ဖြစ်ပြီး အသက်(၃၀)အရွယ် ဝန်းကျင်လောက်သာရှိသေးသည်။ ကိုယ်လုံးကိုယ်ထည် ပြည့်ပြည့်နှင့် ရုပ်ရည်က သနားကမားရှိသူဖြစ်သည်။

သာမန်အဝတ်များ ဝတ်ဆင်ထားလေသည်။

သူမ လဲကျနေသောနေရာမှာ ကာလီနတ်ဘုရားမရုပ်တုရှိသော နေရာတည့်တည့်လောက်တွင် အပေါက်တစ်





ပေါက်ဖြစ်နေသော ဒဏ်ရာကိုတွေ့ရပြီး ထိုနေရာမှ သွေးများထွက်နေသည်။

ထိုသွေးများက ကိုယ်ပေါ်မှတစ်ဆင့် ကြမ်းပြင်ပေါ်သို့ စီးကျနေရာ အလောင်းအောက်တွင် သွေးများအိုင်နေသည်။

ဒေါက်တာမင်းထင်ကျော်က သေဆုံးနေသော အမျိုးသမီး အလောင်းနားမှာထိုင်ပြီး လည်ပင်းနှင့် လက်ကောက်ဝတ်နေရာများသို့ စမ်းကြည့်သည်။

"အသက်မရှိတော့ပါဘူး၊ ချွန်ထက်လုံးဝန်းတဲ့ သံချွန်သိုက်ရိယာနဲ့ နှလုံးရှိတဲ့နေရာကို ထိုးစိုက်ခံရလို့ တစ်ချက်တည်းနဲ့ အသက်ထွက်သွားတာ ဖြစ်ပုံရပါတယ်"

နံဘေးမှာပါလာသော ဦးစံပေါ်ကတော့ မျက်လုံးပြူးကြီးဖြင့်ကြည့်ကာ အံ့သြနေဟန် ရှိလေသည်။

ဒေါက်တာမင်းထင်ကျော်က စကားမဆက်တော့ပဲ အလောင်းကို သေသေချာချာ စစ်ဆေးကြည့်သည်။

ဝတ်ထားသော အင်္ကျီ၊ လုံချည်တို့ ချို့ယွင်းမှု မတွေ့ရပေ။

မျက်နှာကတော့ အသတ်မခံရခင်မှာ ထိတ်လန့်ထိတ်လန့်စရာ တစ်ခုကို တွေ့မြင်ရဟန်ဖြင့် တအံ့တသြဖြစ်နေသော အမူအရာမျိုး တွေ့ရပြီး မျက်လုံးပြူးကာ ပါးစပ်အ ဟလျက်သားပင် ရှိသေးသည်။ လက်တစ်ဖက်တွင် ဖုံ့သတ်သော အဝတ်ဟောင်းတစ်ခုကို ကိုင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်က သူမ လက်နှစ်ဖက်စလုံးကို ယူကြည့်တော့ လက်နှစ်ဖက်စလုံးတွင် ရွှေမှုန့် ငွေမှုန့်များ ကပ်နေသည်ကို တွေ့ရသည်။

ထို့ကြောင့် နေရာမှပြန်ထပြီး အခန်းတွင်းမှာရှိသော ရုပ်တုများကို လိုက်ကြည့်ရာ ရုပ်တုလေးခုစလုံးတွင် အချို့နေရာများတွင် ရွှေရောင်ငွေရောင်များ သုတ်ချယ်ထားသည်ကို တွေ့ရသည်။ ရွှေရောင်၊ ငွေရောင် အများဆုံးရုပ်တုကတော့ ကာလီ နတ်ဘုရားမရုပ်တုနှင့် မယ်တော် ရှီဝမ်းမူရုပ်တုတို့ပင် ဖြစ်၏။

ဒေါက်တာမင်းထင်ကျော်က အခန်းတွင်းမှာရှိသော ရုပ်တုများကို စေ့စေ့စပ်စပ် လိုက်လံကြည့်နေလေသည်။

ဦးနပ်ရုပ်တုကတော့ လက်ထဲမှာ ဘာမှကိုင်မထားပေ။ မယ်တော် ရှီဝမ်းမူ ရုပ်တုကတော့ လက်ထဲမှာ ကြာပန်းများသာ ကိုင်ထားလေသည်။

ထိုရုပ်တုနှစ်ခုကတော့ မည်သည့်အန္တရာယ်မှ မပေးနိုင်ကြပေ။ ကျန်နှစ်ရုပ်ကတော့ မြင်ရုံနှင့်ပင် ကြောက်စရာကောင်းနေသည်။

တရုတ်စစ်သူကြီး ရုပ်တုလက်ထဲတွင် ဓားနှင့် လှံချွန်ကိုင်ထားသည်။ ၎င်းကိုင်ထားသော လှံက အသွားက အဖြူးဖြစ်သောကြောင့် ဒဏ်ရာနှင့် သိပ်တော့မကိုက်ပေ။

နောက်တစ်ရုပ်က ကာလီနတ်ဘုရားမ ရုပ်တုဖြစ်သည်။





ထိုရုပ်တုကတော့ ဒေါက်တာမင်းထင်ကျော်အတွက် မြင်ရုံနှင့်ပင် စိတ်ဝင်စားစရာ ကောင်းနေသည်။

ထုလုပ်ထားပုံက အနက်ရောင်သစ်သား၊ (ဆေးအနက်ရောင် သုတ်ထားသည်လည်း ဖြစ်နိုင်စရာရှိသည်) ရုပ်တုမှာ လူတစ်ယောက်ကိုယ်ခန္ဓာနှင့် မတိမ်းမယိမ်း အရွယ်အစားရှိသည်။ ထုလုပ်ထားပုံမှာ လက်ရာမြောက်လှသဖြင့် သက်ရှိလူတစ်ယောက်ကဲ့သို့ပင် အသက်ဝင်နေလေသည်။

ထို့ပြင် လက်ထဲတွင် ကိုင်ထားသော သံချွန်၊ မိုန်း၊ ဓား၊ လှံ စသော လက်နက်တို့မှာလည်း သေစေနိုင်လောက်သော လက်နက်များချည်း ဖြစ်ကြသည်။

ဒေါက်တာမင်းထင်ကျော်က ရုပ်တုအနားသို့ တိုးကပ်ပြီး လက်နက်များကို တစ်ခုချင်း လိုက်ကြည့်သော်လည်း သွေးစသွေးနကဲ့သို့ စွန်းပေနေသော အရာမျိုးတော့ မတွေ့ရပေ။

နောက်တော့ ပုလိပ်များကိုခေါ်ပြီး အလောင်းကို ဆေးရုံကြီးသို့ သယ်ယူသွားခိုင်းလိုက်သည်။

စုံထောက်ကျော်စွာကတော့ အောက်ထပ်မှာ ရှိနေကြသော ဒေါ်နှင်းမေ၊ မြသီရိတို့ အပါအဝင် ထိုအိမ်မှာ ရှိနေသူများကို တစ်ယောက်ချင်းတွေ့ကာ စစ်ချက်များ ယူနေလေသည်။

ပုလိပ်များ ဆင်းသွားတော့ အပေါ်ထပ် အခန်းထဲတွင် ဒေါက်တာမင်းထင်ကျော်နှင့် ဦးစံပေါ် တို့ နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



သော ကျန်ခဲ့တော့သည်။

"သေတဲ့သူရဲ့ နာမည်က ဘယ်သူလဲ"

"မေသန်းလို့ ခေါ်ပါတယ်"

"ဒီအိမ်မှာ အလုပ်လုပ်နေတာ အတော်ကြာပြီလား"

"လေးငါးနှစ်လောက်တော့ ရှိပြီထင်ပါရဲ့၊ မနှင်းမေတို့ ခေါ်ထားတာပါ"

"အသက်ဘယ်လောက် ရှိပြီလဲ၊ နောက်ပြီး သူ့မှာ အိမ်ထောင် ရှိသလား"

"အိမ်ထောင် မရှိပါဘူး၊ အသက်က (၃၀)လောက်ပဲ ရှိဦးမယ်ထင်ပါတယ်၊ သေသေချာချာတော့ မသိပါဘူး"

"သူက ဘယ်အရပ်က လာလုပ်နေတာလဲ"

"တွံတေးဘက်ကလို့တော့ ပြောသံကြားတယ်"

"ဒါထက် ဒီအခန်းက ဦးစံပေါ် နေတဲ့အခန်း မဟုတ်လား"

"ဟုတ်ပါတယ်၊ သူက တစ်ပတ်တစ်ခါလာပြီး အခန်းသန့်ရှင်းရေးနဲ့ အခန်းထဲမှာရှိတဲ့ ကျုပ်ရဲ့အရုပ်တွေကို သန့်ရှင်းရေး လုပ်ပေးရပါတယ်၊ မနက်ကလည်း ထုံးစံအတိုင်း အခန်းသန့်ရှင်းရေးလုပ်ဖို့ ရောက်လာတာပါပဲ"

"သူရောက်လာတော့ ဦးစံပေါ်က ဘယ်မှာ ရှိနေသလဲ"

"ခေါင်းရင်းဘက်က ဘုရားခန်းမှာ ရှိနေတာပါ

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်





သည်။

"ဆက်ပြောပါဦး"

"ဘုရားဝတ်ပြုရင်းနဲ့ 'အောင်မယ်လေး သေပါပြီ' ဆိုတဲ့အသံ ကြားလိုက်ရတယ်၊ နောက်တော့ ကြမ်းပြင်ပေါ်ကို 'ဝုန်း'ခနဲ လဲကျသွားသံ ကြားတာနဲ့ ကပျာကယာထလာပြီး ကြည့်လိုက်တော့ စောစောက မြင်ရတဲ့မြင်ရတဲ့အတိုင်း လဲကျနေတာ တွေ့ရတော့တာပါပဲ"

"အခုလို ဖြစ်သွားတာ စိတ်မကောင်းပါဘူး၊ ဒါထက် အခင်းဖြစ်ပွားတဲ့အချိန်က အပေါ်ထပ်မှာ ဘယ်သူများ ရှိနေသေးသလဲ"

ဦးစံပေါ်က မျက်လုံးအပြူးသားဖြင့် ခေါင်းခါပြသည်။

"ဒီအပေါ်ထပ်မှာ နှစ်ယောက်တည်း ရှိနေတဲ့ အချိန်မှာ တစ်ယောက်က သေသွားတယ်ဆိုတော့ ဦးစံပေါ် အနေနဲ့ ဘယ်လိုများ ထင်မိပါသလဲ"

"ကျုပ်လည်း မထင်တတ်အောင် ဖြစ်နေပါပြီဗျာ၊ စိတ်မကောင်းလည်း ဖြစ်မိတယ်၊ စိတ်ထဲမှာလည်း အုံ့သြနေမိတယ်၊ အိမ်ပေါ်မှာနေရင်း ဂြိုဟ်ဆိုးဝင်နေတာ ထင်ပါရဲ့၊ တစ်လောက မားပြတိုက် ခံခဲ့ရတယ်၊ အခု အိမ်ပေါ်မှာနေရင်း လူသတ်မှု ဖြစ်ရပြန်တယ်"

"ဒီလိုပဲ ဖြစ်တတ်ပါတယ်၊ ကောင်းတာတစ်ခုခုရဖို့ မလွယ်ပေမယ့် မကောင်းတာကျတော့ တစ်ခုလာပြီဆိုရင် နောက်က အဖော်အပေါင်းတွေနဲ့ တပြုံတမကြီး ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



တတ်ပါတယ်၊ တကယ်လို့ ဦးစံပေါ် အနေနဲ့ အပြစ်မရှိရင် ဘာမှစိုးရိမ်စရာ မရှိပါဘူး"

"အားကိုးပါရစေဗျာ၊ အရင်တစ်ခေါက် တွေ့တုန်းက မောက်မောက်မာမာ ပြောခဲ့မိတာတွေလည်း သည်းခံပေးပါ"

"ကျွန်တော် ဘယ်လိုမှ သဘောမထားပါဘူး၊ အမှန်တရား ပေါ်တဲ့အထိ ကျွန်တော်တို့ ကြိုးစားပေးမှာပါ၊ ဒါထက် ဒီလောက်ကြီးတဲ့ ရုပ်တုကြီးတွေကို ဘယ်လိုစုဆောင်းထားတယ်ဆိုတာ ပြောပြပေးပါ"

"ကျုပ်က အခုလို ရုပ်တုတွေ စုဆောင်းတာ ဝါသနာပါပါတယ်၊ ဒီရုပ်တုတွေအပြင် အပေါ်ထပ်မှာလည်း အချို့ရှိပါသေးတယ်၊ ကျုပ်က ဒီလိုရုပ်တုမျိုးတွေ စုဆောင်းတာ ဝါသနာပါမှန်းသိတော့ မိတ်ဆွေအပေါင်းအသင်းတွေက လက်ဆောင်ပေးထားကြတာပါ"

ဒေါက်တာမင်းထင်ကျော်က ကပ္ပိတန် စီးကရက်တစ်လိပ်ကို အေးအေးဆေးဆေးဖွာရင်း ခေါင်းညိတ်ပြလိုက်သည်။

"ကျုပ်တို့ ကုန်သည်ကြီးများအသင်းမှာ အသင်းဝင်ထားတဲ့ လူတွေထဲမှာ တရုတ်၊ ကုလား၊ ဗမာ၊ အင်္ဂလိပ် အစုံပါကြတယ်၊ ဒီတော့ ရုပ်တုတွေကိုလည်း သူတို့ဘာသာရေးနဲ့သက်ဆိုင်တဲ့ ရုပ်တုတွေကို ပေးလေ့ရှိကြတယ်၊ ဒါကြောင့် ကာလီနတ်ဘုရားမရုပ်တု၊ တရုတ်စစ်သူကြီးရုပ်တုတွေ ပါတာပေါ့၊ တချို့ကဆိုရင် နိုင်ငံခြားသွားရင်းနဲ့ ပြန်လာတော့ လက်ဆောင်ပေးဖို့ တကူးတက ဝယ်လာကြတယ်"

"ဒါထက် ဒီရုပ်တုတွေကို မမေစန်းက သန့်ရှင်းရေး လုပ်ပေးရသလား"

"တစ်ပါတ်တစ်ခါတော့ အပေါ်ထပ်တက်လာပြီး ဖုံသုတ်ပေးရပါတယ်"

"ဒီအခန်းထဲမှာရှိတဲ့ ရုပ်တုတွေမှာ ဘယ်ရုပ်ထုက နောက်ဆုံးမှ ရောက်လာတာလဲ"

"ဟို တရုတ်မယ်တော် ရုပ်တုပါ"

ဦးစံပေါ်က မနီးမဝေးမှာရှိသော မယ်တော် ရှိဝမ်းမူ ရုပ်တုကို လက်ညှိုးထိုးပြသည်။

"ဘယ်လောက်ကြာပြီလဲ"

"သိပ်မကြာသေးပါဘူး၊ တစ်ပတ်တောင် မပြည့်သေးပါဘူး၊ ကျုပ်မိတ်ဆွေ ဆန်စက်သူဌေး ဦးဘရှင်က လက်ဆောင်ပေးထားတဲ့ အရုပ်ပါ"

"သူဌေး ဦးဘရှင်ဆိုတာ တစ်လောက မားပြတိုက်ခံရတဲ့အထဲမှာ ပါတယ်မဟုတ်လား"

ဦးစံပေါ်က ခေါင်းညိတ်ပြသည်။

ဒေါက်တာမင်းထင်ကျော်က နောက်ထပ်တစ်ကြိမ် အခန်းတွင်းသို့ လှည့်လည်ကြည့်ပြီးနောက် ဦးစံပေါ်ကိုပါခေါ်ပြီး အောက်ထပ်သို့ ပြန်ဆင်းလာကြသည်။

အမှုအခင်းဖြစ်သောအခန်းကို သော့ချပြီး တံခါးပိတ်ထားလိုက်လေသည်။





☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ်ရောက်တော့ စုံထောက်ကျော်စွာနှင့် ပုလိပ်များက ဦးစံပေါ်အား စခန်းသို့ခေါ်သွားရန် ပြင်နေကြသည်။ ထိုအခြေအနေကြောင့် ဒေါ်နှင်းမေကတော့ မျက်ရည်သုပ်ကာ ငိုကြွေးနေလေသည်။

မြသီရိကတော့ ဒေါက်တာမင်းထင်ကျော်အနီးသို့ လာပြီး အခြေအနေမေးသည်။

"ဘယ်လိုအခြေအနေမျိုး ရှိသလဲဟင်"

"လောလောဆယ်တော့ သူ့ကို စခန်းကိုခေါ်သွားပြီး စစ်မေးကြဦးမှာပါ။ သူ့အခန်းထဲမှာ ဖြစ်တာဆိုတော့ သူ့အပေါ်မှာ တာဝန်ရှိနေလို့ပါ"

"ကျွန်မ သဘောပေါက်ပါတယ်"

"ဖြစ်နိုင်ရင် အပြင်ကနေ အမှုရင်ဆိုင်လို့ရအောင် ကျွန်တော် ကြိုးစားပေးပါ့မယ်"

"အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ်ရှင်"

"ဒါထက် မြသီရိကို မေးစရာလေးတွေ ရှိနေသေးလို့ ကျွန်တော် တစ်ခေါက်လာခဲ့ပါဦးမယ်"

"အချိန်မရွေးသာလာခဲ့ပါ. .။ ကျွန်မသိတာတွေကိုတော့ ပြောပြပေးပါ့မယ်"

ထို့နောက် မြသီရိကိုနှုတ်ဆက်ပြီး အပြင်သို့ ထွက်လာကြလေသည်။

အပြင်ရောက်တော့ ဆားပုလင်းမောင်မိုးတို့က ဦးစံပေါ်အား ကားတစ်စင်းဖြင့် ခေါ်သွားကြပြီး ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့က ကားတစ်စင်းဖြင့် နောက်မှလိုက်သွားကြလေသည်။

"အောက်ထပ်မှာ စစ်ဆေးတော့ ဘာတွေထူးခြားမှုတွေ တွေ့ခဲ့ရသလဲ ကိုကျော်စွာ"

"ထွေထွေထူးထူးတော့ သိပ်မရခဲ့ပါဘူး၊ ကျွန်တော်အထင် ပြောရရင်တော့ သေသွားတဲ့အမျိုးသမီးက ဒီအိမ်မှာနေတာကြာပြီဆိုတော့ အတွင်းလူလို ဖြစ်နေတယ်၊ ဦးစံပေါ်ရဲ့ လျှို့ဝှက်ချက်တွေကိုလည်း သိတန်သလောက် သိထားပုံရတယ်၊ ဒါကြောင့်များ နှုတ်ပိတ်တဲ့အနေနဲ့ သတ်လိုက်တာဖြစ်ပုံရတယ်"

စုံထောက်ကျော်စွာ မှတ်ချက်ချပုံမှာ ဖြစ်နိုင်ခြေရှိသောကြောင့် ဒေါက်တာမင်းထင်ကျော်က ဘာမှပြန်မပြောပဲ လေးလေးနက်နက် စဉ်းစားနေတော့သည်။







www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၂)

# အပမှီနေသောရုပ်တု

ဘုန်းကြီးလမ်း၌ဖြစ်ပွားသော လူသတ်မှုသတင်းက နောက်တစ်ရက်ထုတ် သတင်းစာနှင့် ဂျာနယ်များတွင် မျက်နှာဖုံးသတင်းအဖြစ် ဓာတ်ပုံများနှင့်တကွ ဖော်ပြကြလေတော့သည်။

**"ထိပ်တော်ကို ဖြန့်သတ်ခဲ့သော ရုပ္ပရွှေမင်းအကြောင်း"**

ဟူသော ခေါင်းစဉ်ဖြင့်သော်လည်းကောင်း၊

☺ အောင်မြင့်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းကြီးလမ်းမှ လူသတ်မှုအကြောင်း"

ဟူသည့် ခေါင်းစဉ်တပ်၍သော်လည်းကောင်း၊ လူသတ်မှုအကြောင်းကို ရေးသားကြသည်။

လူသတ်တရားခံ မပေါ်သေးသော်လည်း ဦးစံပေါ်မှ လွဲပြီး အခြားသူမဖြစ်နိုင်ကြောင်း ရေးသားဖော်ပြကြလေသည်။

မြသီရိတို့မှာလည်း တစ်ပူပေါ် နှစ်ပူဆင့်ဆိုသလို ဓား ပြမှုဖြစ်ပြီး၍မှ မကြာသေးခင်မှာ အိမ်ပေါ်၌ လူသတ်မှု ထပ် ပေါ်ပြန်သဖြင့် ပွဲရုံလုပ်ငန်းများပင် ဆက်မလုပ်နိုင်တော့သဖြင့် ပိတ်ထားရလေသည်။

ဦးစံပေါ်ကိုလည်း မေးမြန်းစစ်ဆေးမှုများ မပြီးသေးသောကြောင့် လမ်းမတော်ဂါတ်မှာပင် ထားလေသည်။

နောက်တစ်နေ့ ညနေပိုင်းအချိန်မှာတော့ ဒေါက်တာ မင်းထင်ကျော်တစ်ယောက်တည်း ဦးစံပေါ်တို့တိုက်သို့ သွား လေသည်။ မြသီရိထံ ကြိုတင်ဖုန်းဆက်ထားသောကြောင့် သူရောက်သွားသောအချိန်တွင် သူမနှင့် အဆင်သင့်ပင် တွေ့ ရလေသည်။

"အခုလို အားငယ်နေတဲ့ အချိန်မျိုးမှာ ရှင်ရောက် လာတာ ကျွန်မဖြင့် အိပ်အားရှိတာပဲ၊ ဒီကနေ့ထုတ် သတင်း စာနဲ့ဂျာနယ်တွေမှာ သတင်းတွေပါလာတာ တွေ့ပြီးပြီမဟုတ် လား"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်





သည်။

"အဖြေတောင် မထွက်သေးဘူး၊ သူတို့ထင်တာတွေ ရေးကြတော့ ကျွန်မတော့ အပြင်တောင် မထွက်ဝံ့သလောက် ဖြစ်နေပြီ၊ သူတို့ရေးတဲ့ပုံစံက ဖေဖေနဲ့ အိမ်ဖော်အမျိုးသမီးက ဘာလိုလို ဖြစ်နေကြတဲ့အတိုင်းပဲ"

"အဖြေမပေါ်မချင်းတော့ အခိုက်အတန့်ကာလမှာ ဒီလိုပဲခံကြရတာပါပဲ၊ ကိုယ်မဟုတ်ဖို့ပဲ အရေးကြီးတာပါ၊ ဒါထက် ကျွန်တော်လာတာ တခြားကြောင့် မဟုတ်ပါဘူး၊ မြသီရိကို မေးစရာလေးတွေ ရှိလို့ပါ"

"မေးပါ ကိုမင်းထင်ကျော် ကျွန်မသိတာတော့ အား လုံးပြောပြပါ့မယ်"

"တခြားတော့ မဟုတ်ပါဘူး. . ၊ အပေါ်ထပ်မှာ တင် ထားတဲ့ ရုပ်တုတွေအကြောင်း သိသလောက် ပြောပြပေးပါ"

ထိုသို့မေးသောအခါ မြသီရိက အတော်ကြာအောင် စဉ်းစားနေပြီးမှ ပြောပြသည်။

"ဖေဖေက အဲဒီလို ရုပ်တုမျိုးတွေ စုဆောင်းတာ ဝါ သနာပါတယ်၊ ဂုဏ်ယူပုံလည်းရတယ်၊ မိတ်ဆွေအပေါင်း အသင်းတွေရောက်လာရင် သူ့ ရုပ်တုတွေကို ဖော်ပြလေ့ရှိ တယ်"

"ထူးခြားမှုတွေဘာတွေ မရှိဘူးလား"

"တစ်ခါကတော့ မေဆန်းအိမ်ပေါ်တက်ပြီး သန့်ရှင်း ရေးလုပ်နေတုန်း ခြေသံကြားလို့ လှည့်ကြည့်လိုက်တော့ သူနဲ့



www.burmeseclassic.com

www.burmeseclassic.com



မနီးမဝေးရောက်နေတဲ့ ရုပ်တုတစ်ခုတွေ့လို့ ပြန်ဆင်းပြေး လာတယ်၊ ကျွန်မတို့ တက်ကြည့်တော့ မတွေ့ရတော့ဘူး ကျန်တဲ့အလုပ်သမားတွေက သူ့ကိုအရူးလို့ ဝိုင်းပြောကြသေး တယ်"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက် သည်။

"ကျွန်မ သတိထားမိတာကတော့ ဖေဖေ အပြင် သွားနေတဲ့အချိန်တွေမှာ အပေါ်ထပ်က ခြေသံတွေ ကြား ရတယ်၊ တစ်ခါကတော့ ဖေဖေ့အခန်းထဲက စကားပြောသံ လိုလို ကြားရတယ်"

"သူတစ်ယောက်တည်း ရှိနေတာလား"

"ဟုတ်တယ်"

"ဘယ်လိုစကားသံမျိုးလဲ"

"ဒေါသနဲ့ ပြောဆိုနေတဲ့ အသံမျိုးတွေပဲ၊ ကျွန်မတို့ လည်း သူ့အတွက် စိတ်ပူလို့ အပေါ်တက်ကြည့်တော့ အခန်း ထဲမှာ ရုပ်တုတွေနဲ့ သူတစ်ယောက်ထဲပဲ တွေ့ခဲ့ရတယ်"

ထိုသို့ပြောသောအခါ ဒေါက်တာမင်းထင်ကျော်က အတော်ကြာသည်အထိ လေးလေးနက်နက် စဉ်းစားနေပြီးမှ

"ဒါထက် မြသီရိတို့ အပေါ်ထပ်ရောက်သေးလား"

ဟု မေးလိုက်သည်။

"ဖေဖေမရှိတော့ မတက်ဝံ့တာနဲ့ မတက်တော့ဘူး"

"ကျွန်တော်တက်ပြီး ကြည့်ချင်တယ်"





"ကြည့်လေ ကျွန်မ လိုက်ခဲ့ရမလား"

"လိုက်ခဲ့ရင်တော့ ပိုကောင်းတာပေါ့၊ နေရာတွေပြော ပြပေးလို့ ရတာပေါ့"

ဟု ပြောပြီး အပေါ်ထပ်သို့ တက်ကြသည်။

ဦးစွာ . . တတိယထပ်သို့ရောက်အောင် တက်ကြ သည်။ အပေါ်ဆုံးထပ်မှာလည်း အခန်းဖွဲ့ထားသည်။ မြသီရိ တံခါးဖွင့်ပြသဖြင့် ကြည့်သောအခါ အတွင်း၌ ရုပ်တုအချို့ ရှိနေသည်ကို တွေ့ရသည်။ အပေါ်ထပ် အခန်းထဲတွင်ရှိ သော ရုပ်တုများမှာ သာမန်ရုပ်တုများပင် ဖြစ်ကြသည်။

ဒေါက်တာမင်းထင်ကျော်က တစ်ခန်းဝင် တစ်ခန်း ထွက် စိတ်ကျေနပ်လောက်အောင် လိုက်ကြည့်ပြီးတော့မှ ဒုတိယထပ်သို့ ပြန်ဆင်းကြသည်။ ဒုတိယထပ်ရောက်တော့ တခြားအခန်းများကို မကြည့်တော့ပဲ အမှုဖြစ်သောအခန်းသို့ သွားကြသည်။ အပေါ်ထပ်တွင် မီးဖွင့်ထားသော်လည်း အ လင်းရောင်က သိပ်မများလှပေ။

ထိုအခန်းရှေ့ရောက်တော့ မြသီရိမှာ တွန့်ဆုတ်တွန့် ဆုတ် ဖြစ်နေသည်ကို သတိပြုမိသဖြင့် . . .

"မြသီရိ ကြောက်တတ်ရင် အောက်ထပ်ပြန်ဆင်းနေ ပါ"

ဟု ပြောလိုက်သည်။

"ရပါတယ်၊ ကိုမင်းထင်ကျော် ရှိနေသားပဲ"

"တစ်ခုတော့ မှာထားပါရစေ၊ အခန်းထဲရောက်ရင်



www.burmeseclassic.com

www.burmeseclassic.com



ရုပ်တုတွေကို မကိုင်မိပါစေနဲ့"

"ရှင် ဘယ်လိုဖြစ်လို့လဲ"

"မတော်တဆ အန္တရာယ်ဖြစ်မှာ စိုးလို့ပါ"

ဒေါက်တာမင်းထင်ကျော်စကားကြောင့် ပိုပြီး ထိတ်လန့်သွားရလေသည်။

ဒေါက်တာမင်းထင်ကျော်က စေ့ထားသော တံခါးချပ်ကို တွန်းဖွင့်လိုက်သည်။ တံခါးပွင့်သွားသော ပတ္တာမြည်သံက တိတ်ဆိတ်နေသော အပေါ်ထပ်တွင် ခြောက်ခြားဖွယ်ရာဖြစ်သည်။ အထဲတွင် မီးရောင်မရှိသောကြောင့် မှောင်နေသည်။ သို့ကြောင့်.. အပေါက်ဝမှာ တပ်ဆင်ထားသော မီးခလုတ်ကို ဖွင့်လိုက်တော့မှ အလင်းရောင်ရလာသည်။

အတွင်းမှာတော့ ဘာမှ ပြောင်းလဲမှု မရှိလှပေ။

ကြမ်းပြင်ပေါ်တွင် စွန်းပေနေသော သွေးကွက်များပင် သွေ့ခြောက်စ ပြုနေလေသည်။

လူမဝင်တာ တစ်ရက်ကျော်လောက် ကြာပြီမို့..

အခန်းထဲတွင် ဖုံတက်စ ပြုနေပြီ။

ဒေါက်တာမင်းထင်ကျော်က မီးခလုတ်ကို ပြန်ပိတ်လိုက်တော့ ပြန်မှောင်သွားသည်။ ထိုအခါ လက်နှိပ်မီးဖြင့် ကြမ်းပြင်ပေါ်သို့ ရှပ်ထိုးလိုက်သည်။ ဖုံတက်နေသော ခြေရာများမှလွဲပြီး ထူးထူးခြားခြားတော့ မတွေ့ရပေ။

သို့ကြောင့် မီးပြန်ဖွင့်လိုက်ပြီး အခန်းတွင်း၌ရှိသော ရုပ်တုများကို တစ်ရုပ်ချင်း လိုက်ကြည့်လေသည်။





ဦးစွာ ဗီးနပ်စ်ရုပ်တုကို အရင်ကြည့်သည်။ ပလာစတာလောင်းကာ ကြွေရည်လောင်းထားပြီး ထုလုပ်ထားပုံကလည်း အချိုးအဆစ်ကျသည်။ ဒေါက်တာမင်းထင်ကျော်တစ်နေရာပြီး တစ်နေရာ စေ့စေ့စပ်စပ် လိုက်ကြည့်သော်လည်း ထူးထူးခြားခြားတော့ မတွေ့ရပေ။

နောက်တစ်ရုပ်က တရုတ်စစ်သူကြီး ရုပ်တုဖြစ်၏။ ဓားနှင့်လှံကို ကိုင်ထားသော်လည်း သေဆုံးသူကိုယ်ပေါ်မှ ဒဏ်ရာမျိုး ရစေလောက်သည့် လက်နက်မျိုးတော့ မတွေ့ရပေ။

မယ်တော် ရှိဝမ်းမူရုပ်တုကတော့ ရှင်းသည်။ အဖြူရောင်ကြွေသားဖြင့် သွန်းလုပ်ထားခြင်းဖြစ်ပြီး လက်ထဲမှာ ကြာပန်းများ ပွေ့ပိုက်ထားသည်။ မည်သည့်လက်နက်မှ ကိုင်ဆောင်ထားခြင်း မရှိပေ။

ဝတ်ဆင်ထားသော ဝတ်ရုံပေါ်တွင် ရွှေရည်ငွေရည်များ သုတ်ထားသည်။ ထုလုပ်ထားပုံ လက်ရာမြောက်လှသောကြောင့် လက်ရှိလူတစ်ယောက်ပမာ ချောမောလှပလာသည်။

နောက် ရုပ်တုကတော့ ကာ့လီနတ်ဘုရားရုပ်တုပင်ဖြစ်လေသည်။

ကွာလီနတ်ဘုရားမ (ကာလီမာ)ရုပ်တုအတော်များများမှာ ကြောက်မက်ဖွယ်ရာ ရုပ်တုသွင်ပြင်မျိုးသာ တွေ့ဖူးသော်လည်း ယခု အခန်းထဲမှာ ရောက်နေသော ရုပ်တုက



www.burmeseclassic.com

www.burmeseclassic.com



တော့ ထိုသို့မဟုတ်ပေ။ လက်ချောင်းများသည်မှအပ မျက်နှာနှင့် ကိုယ်လုံးကိုယ်ထည်က ချောမောပြေပြစ် လှပအောင် ထုလုပ်ထားသည်။ အနက်ရောင် သစ်သားတစ်မျိုးဖြင့် ထုလုပ်ထားရာ လက်ရာကောင်းလှသဖြင့် အရောင်လက်နေလေသည်။ ထိုရုပ်တုတွင် စိတ်ဝင်စားဖို့ ကောင်းသောအချက်က တပ်ဆင်ထားသော လက်နက်များပင်ဖြစ်၏။

မှိန်း၊ လှံ၊ ခက်ရင်း၊ ဓားကောက် စသော လက်နက်တို့မှာ သစ်သားဖြင့် ထုလုပ်ထားခြင်းမဟုတ်ပဲ သံအစစ်ဖြင့် ပြုလုပ်တပ်ဆင်ထားသော လက်နက်များဖြစ်၏။

ဒေါက်တာမင်းထင်ကျော်က အနားကပ်ပြီး ထိုလက်နက်များကို မီးရောင်ဖြင့်ထိုးကာ သေသေချာချာ ကြည့်နေလေသည်။

သေဆုံးသွားသော မေထန်းရင်ဘတ်၌ တွေ့ရသော အပေါက်ဒဏ်ရာမှာ ဓားလှံတို့ဖြင့် ထိုးသွင်းထားသော ဒဏ်ရာမျိုး မဟုတ်ပေ။ တစ်လုံးထိုးမှိန်း၊ ဆန်ထိုးပိုက် ကဲ့သို့ လုံးဝန်းသော အချွန်တစ်ခုဖြင့် ထိုးသွင်းသွားသော ဒဏ်ရာမျိုး ဖြစ်သည်။

ကာလီနတ်ဘုရားမ လက်ထဲတွင် ချွန်ထက်သော တစ်လုံးထိုး မှိန်းတစ်ချောင်း ကိုင်ထားသည်။ တစ်စုံတစ်ယောက်က ထိုမှိန်းကိုယူ၍ သတ်ဖြတ်သွားသည် အထင်ဖြင့် မီးရောင်ဖြင့် ထိုးပြီး အသေအချာ ကြည့်နေလေသည်။

သို့သော် သွေးစွန်းနေခြင်းမျိုးကဲ့သို့ သဲလွန်စမျိုးတော့





မတွေ့ရပေ။

ထိုသို့ကြည့်နေစဉ် နောက်ဘက်နားမှာ ရပ်နေသော မြသီရိက ကတုံကဲရင် အသံမျိုးဖြင့် ခေါ်လိုက်သည်။

"ကိုမင်းထင်ကျော်"

"ဟင်.. ဘာလဲ"

"စောစောက အဲဒီရုပ်တုက ကိုမင်းထင်ကျော်ကို စိတ်ကြည့်ပြီး တစ်ချက်ရယ်လိုက်တာ မြင်လိုက်တယ်"

ထိုသို့ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က မော့ကြည့်လိုက်သည်။ စောစောက လက်နက်များကို အာရုံစိုက်ပြီး ကြည့်နေသောကြောင့် မျက်နှာကိုတော့ မကြည့်မိပေ။

ယခု ကြည့်လိုက်တော့မှ မျက်နှာသွင်ပြင် ပြောင်းလဲနေသည်ကို သတိပြုမိပေတော့သည်။

အမှောင်ရိပ်သန်းနေသော အခန်းထဲတွင် ကာလီနတ်ဘုရားမ မျက်နှာက အမျိုးမျိုး ပြောင်းလဲနေသည်။

မူလမျက်နှာဖြစ်လိုက်၊ သေဆုံးသွားသော မေသန်း၏မျက်နှာ ပေါ်လာလိုက် ဖြစ်နေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ထိုအခြေအနေကို မြင်သည်နှင့် ချက်ချင်းသဘောပေါက်သွားသဖြင့်. . .

"ဒီအခန်းထဲက မြန်မြန်ထွက်ကြမှ ဖြစ်မယ်"

ဟုပြောပြီး ထိတ်လန့်တုန်လှုပ်နေသော မြသီရိ လက်သင်မှုကိုဆွဲပြီး အခန်းအပြင်သို့ ခပ်သွက်သွက်ပြန်ထွက်ခဲ့သော အခန်းတံခါးကို ပြန်ပိတ်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . ဘာဖြစ်တာလဲဟင်"

"ဒါ အပမှီတယ်လို့ ခေါ်တယ်"

"အပမှီတယ်ဆိုတာ ဘယ်လိုမျိုးလဲဟင်"

"အပမှီတယ်ဆိုတာ နတ်ဝင်တယ်လို့ ခေါ်တယ်"

"ဟင်. ."

မြသီရိမှာ ပိုပြီးထိတ်လန့်သွားလေသည်။

"ဖုတ်ဝင်လာရင် သေပြီးသား လူကလည်း ပြန်ထ လာနိုင်တယ်၊ အသက်မရှိတဲ့ ရုပ်တုတွေကလည်း အခုလို အသက်ဝင်လာနိုင်တယ်"

"ဒီလိုဝင်လာပြီးရင် ဘာဖြစ်မလဲဟင်"

"အများအားဖြင့်တော့. . လူတွေကို အန္တရာယ်ပေး တတ်ပါတယ်"

ထိုသို့ပြောပြီး နားစွင့်ကြည့်လိုက်တော့ အခန်းတွင်း၌ တရှပ်ရှပ်နှင့် သွားလာနေသော ခြေသံကို ကြားကြရသည်။

သို့ကြောင့် အခန်းတံခါးကို သော့ခတ်ထားလိုက်ကာ နှစ်ယောက်သား အောက်ထပ်သို့ ပြန်ဆင်းလာကြသည်။

"ကျွန်မတော့ ဒီရုပ်တုတွေကို အိမ်မှာမထားချင် တော့ဘူး၊ သူတို့ ဒီမှာရှိနေရင် ကျွန်မတို့ ဒီမှာဆက်နေလို့ ဖြစ်ပါ့မလားဟင်"

"ဖြစ်ပါတယ်၊ အောက်ထပ်မှာ အလုပ်သမားတွေ အိမ်ဖော်တွေ ရှိနေတာပဲ၊ မြသီရိတို့ ကြောက်တတ်ရင် အောက်ထပ်မှာ ဆင်းနေပါ၊ အခု တံခါးပိတ်ထားတဲ့ အခန်း





ကိုတော့ မဖွင့်ပါနဲ့"

"မဖွင့်ဝံ့ပါဘူး၊ မေသန်းသေပြီးကတည်းက ကြောက် နေကြတော့ စောစောကမြင်ကွင်းကို မြင်တော့မှ ပိုတောင် ဆိုးသွားသေးတယ်"

သူတို့ ပြန်ဆင်းလာတော့ အောက်ထပ်၌ ဒေါ်နှင်း မေနှင့် တွေ့ရသည်။ လုပ်ငန်းရှင်တစ်ဦးဖြစ်သဖြင့် နာမည် ရှေ့မှ 'ဒေါ်'တပ်ခေါ်နေရသော်လည်း အသက်(၄၀)ကျော် အရွယ်ခန့်သာ ရှိသေးပြီး အရွယ်တင်နေဆဲပင် ရှိသေး၏။

တရုတ်သွေးပါသူဖြစ်သဖြင့် အသားဖြူဖြူနှင့် ရုပ် ရည်က တင့်တယ်မှုရှိသည်။ သို့သော် ယခုရက်ပိုင်းအတွင်း ဆက်ကျားနှင့် ပတ်သက်သည့် အမှုကိစ္စများ တစ်ခုပြီးတစ်ခု တစ်မျိုးပြီးတစ်မျိုး ဖြစ်နေပေရာ စိတ်ဖိစီးမှုကြောင့် အနည်း ငယ်တော့ ညှိုးနွမ်းနေသော အမူအယာ ဖြစ်နေလေသည်။

ဒေါက်တာမင်းထင်ကျော်က ဒေါ်နှင်းမေရှေ့၌ ရပ် ကာ အားပေးစကား ဆိုသောအခါ သူမက ခေါင်းညိတ်ပြ သည်။

"ကျွန်မတို့ကို အခုလိုလာပြီး အကူအညီပေးနေတာ ကျေးဇူးတင်ပါတယ်ရှင်"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက် သည်။

"ဒါထက် ကိုစံပေါ်ရဲ့ အခြေအနေကော ဘယ်လို ရှိပါသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မကြာခင် အာမခံနဲ့နေနိုင်အောင် ကျွန်တော် စီစဉ်ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်ရှင်၊ သူက လူတစ်ယောက်ကို အခုလို ရက်ရက်စက်စက် သတ်မယ့်သူ မဟုတ်တာတော့ သေချာပါတယ်၊ ဒါပေမယ့်. . ."

"စိတ်မပူပါနဲ့၊ တကယ်လို့ သူမဟုတ်ရင် ဘာမှ စိတ်ပူစရာ မရှိပါဘူး၊ မကြာခင် အချုပ်ကလွတ်အောင် ကျွန်တော် ဆောင်ရွက်ပေးပါ့မယ်၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

ထိုသို့ပြောပြီး ဒေါက်တာမင်းထင်ကျော်က ထိုအိမ်မှ ပြန်ထွက်လာခဲ့လေသည်။

နောက်တစ်ရက်မှာတော့ စုံထောက်ကျော်စွာနှင့် တိုင်ပင်ပြီး ဦးစံပေါ်အား အချုပ်မှ ပြန်လွှတ်ပေးလိုက်လေသည်။

သို့သော်လည်း ဒီအတိုင်းလွှတ်ထားခြင်းမျိုး မဟုတ်ပဲ စုံထောက်တစ်ယောက်ကို စောင့်ကြည့်ခိုင်းထားသည်။

ထိုသို့စောင့်ကြည့်နေရင်းမှ သုံးရက်ခန့်ကြာတော့ ဦးစံပေါ်တစ်ယောက် ထူးထူးဆန်းဆန်း ပျောက်သွားလေတော့ သည်။

ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့ လိုက်လံစုံစမ်းကြည့်သော်လည်း သတင်းမကြားရတော့ပေ

"ဘယ်လိုလည်း ဆရာ၊ ဒီတစ်ခါတော့ သူတို့က ခြေတစ်လှမ်းသာသွားတဲ့ သဘောမျိုးလား"





"ဒီလိုပေါ့ ကိုကျော်စွာရယ်၊ စုံထောက်နဲ့ လူဆိုးဆိုတာ ဉာဏ်ချင်းပြိုင်ကြရတယ်ဆိုတော့ သူတစ်လှည့် ကိုယ်တစ်လှည့် ဖြစ်မှာပေါ့၊ အဆုံးသတ်ကောင်းဖို့သာ ကျွန်တော်တို့က ပြင်ဆင်ထားရမှာပေါ့၊ စိတ်မပူပါနဲ့. . လမ်းဆုံးကနီးပါပြီ၊ လမ်းဆုံးရင် ရှာတွေ့တော့မှာပါ"

ဟု အေးအေးဆေးဆေးပင် ပြန်ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၃)

# သုသာန်အတွင်းမှ သွေးစုတ်ဖုတ်ကောင်

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီးနောက် တစ်ပတ်ခန့် ကြာသောအခါမှာတော့ ထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းသော သတင်းတစ်ပုဒ်၊ သတင်းနှင့် ဂျာနယ်များတွင် ထပ်မံပါလာပြန်လေသည်။

"ထူးထူးဆန်းဆန်း မြေဘုတ်ဘီလူး တွေ့ရသည်ဆိုသောသတင်း"

ပုဇွန်တောင်ချောင်းနှင့် မဝေးလှသောနေရာ၌. . .

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



သုသာန်တစ်ခု ရှိပေသည်။ ယခုရက်ပိုင်းတွင်မှ ထိုသုသာန်တွင် ထူးခြားကြောက်မက်ဖွယ်ကောင်းသော အဖြစ်အပျက်များ ဖြစ်ပွားနေပါကြောင်း၊

ပုဇွန်တောင်ချောင်းအတွင်း၌ ညအချိန်တွင် ငါးပုဇွန်ရှာဖွေသူတို့ ပြောပြချက်အရ မကြာခဏ ဆိုသလို ထိုသုသာန်အတွင်းမှ အော်သံဟစ်သံ၊ အကူအညီ တောင်းခံနေသောအသံများ ကြားရလေ့ရှိကြောင်း၊

တစ်ခါတစ်ရံလည်း ထိုကမ်းစပ်၌ ဘဝင်းပိတ်နေသူတို့မှာ သုသာန်အတွင်းမှာ သွားလာနေသော လူမည်းကြီးကိုတွေ့ရကြောင်း အရပ်အမောင်းမှာ လူအရပ်ထက် နှစ်ဆခန့်မြင့်ကြောင်း. . .

တစ်ကြိမ်မှာတော့ ထိုနားတွင် ဘဝင်းပိတ်ရန် ရေစောင့်နေသောလှေမှာ သချိုင်းအတွင်းမှ အော်သံများ ကြားရသဖြင့် ခရာချိုများ၊ နောက်မှ ချောင်းမြောင်းကြည့်ရှုရာ မြေဘုတ်ဘီလူးကြီးက လူတစ်ယောက်ကို အပေါ်မှခွကာ သတ်ဖြတ်နေသည်ကို တွေ့ရသဖြင့် ကြောက်လန့်တကြားနှင့် ထွက်ပြေးခဲ့ရကြောင်း၊ သူတို့လှေ ထွက်လာစဉ်မှာပင် လူတစ်ယောက်ကို ဂုတ်မှဆွဲလာသော မြေဘုတ်ဘီလူးကြီးက ကမ်းစပ်ရောက်လာပြီး ရပ်ကြည့်နေသည်ကို တွေ့ခဲ့ရပါကြောင်း။

ထိုသတင်းစကားမှာ အရပ်တကာ ပျံ့နှံ့နေပြီ ဖြစ်သောကြောင့် ထိုပတ်ဝန်းကျင်၌ နေထိုင်ကြသူတို့မှာ များစွာကြောက်ရွံ့မှု ဖြစ်နေကြကြောင်း. . . ။





နေ့အချိန်များမှာပင် သုသာန်သို့ အသုဘချရန်ပင် လိုက်ပါမပို့ဝံ့တော့ကြောင်း မကြာခင် သုသာန်မှ မြို့ထဲရွာထဲသို့ ဝင်ရောက်လာမည်ကို အထူးပင် စိုးရိမ်သောက ရောက်နေကြရသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ထိုအမှုကိစ္စ ပေါ်ပေါက်အောင် အမြန်ဆုံး စုံစမ်းစစ်ဆေးသင့်ပါကြောင်း ရေးသားဖော်ပြအပ်ပေသတည်း။

ဟု ရေးသားဖော်ပြထားကြလေသည်။

သတင်းစာ တစ်စောင်နှင့်တစ်စောင် ရေးသားတင်ပြပုံ မတူကြသော်လည်း အကြောင်းအရာက အတူတူပင် ဖြစ်နေသည်။

ထိုသတင်း ဖတ်ပြီးတော့ ဒေါက်တာမင်းထင်ကျော်မှာ များစွာစိတ်ဝင်စားသောကြောင့် စုံထောက်ကျော်စွာနှင့် တွေ့ကာ တိုင်ပင်ကြရလေသည်။

"ဒီသတင်းကို ဆရာ ဘယ်လိုသဘောရသလဲ"

"ဒီအတိုင်းတော့ ပြောလို့ မဖြစ်သေးဘူး၊ ကိုယ်တိုင်သွားရောက် စုံစမ်းကြည့်ရင်တော့ အဖြေသိရမယ် ထင်ပါတယ်"

"တစုံတစ်ယောက်ရဲ့ လက်ချက်ရော မဖြစ်နိုင်ဘူးလား"

"ဖြစ်နိုင်စရာ ရှိပါတယ်၊ သတင်းမှာပါတဲ့ အချက်တွေထဲမှာ စိတ်ဝင်စားဖို့ ကောင်းတာက ညဘက်တွေမှာ ကြားရတဲ့ ကယ်ပါယူပါ အော်တဲ့အသံပဲ၊ တကယ်လို့သာ စုံ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က သူသာန်ထဲကို လူမလာစေချင်ရင် ဘီလူး ယောင်ဆောင်ပြီး ခြေက်လှန့်တာနဲ့တင် လုံလောက်ပါတယ်"

"ဟုတ်ပါတယ်"

"အသံတွေက တခြားပြဿနာတစ်ခုခု ရှိနိုင်တယ်"

"ဒါဖြင့် ဘယ်လိုလုပ်မလဲ ဆရာ"

"သွားပြီး စုံစမ်းကြရင် ပိုကောင်းမယ်ထင်တယ်၊ ဒေး တာမှ မဟုတ်တာ"

"သွားရင်တော့ သုသာန်စောင့် ပေတာလူနဲ့ တွေ့ကြရ ဦးမယ်ထင်တယ်"

"ဒီတစ်ခါတော့ သူမသိအောင် သွားကြတာပေါ့"

ဒေါက်တာမင်းထင်ကျော်က သွားကြမည့် အစီအ စဉ်အချို့ကို ပြောပြလိုက်သည်။

"ကျွန်တော်တို့ လိုက်နေတဲ့ အမှုတွေနဲ့ မသက်ဆိုင် ဘူးထင်ရပေမယ့် တစ်ခါတစ်လေ၊ ကျွဲကူးရေပါသဘောမျိုး ဖြစ်တတ်တယ်၊ တစ်ခုကို စုံစမ်းရင်းနဲ့ မမျှော်လင့်ပဲနဲ့ နောက် တစ်မှု အဖြေရတာမျိုးလည်း ကြုံတွေ့ရတတ်ပါတယ်၊ ကြိုး စားကြည့်ကြတာပေါ့"

ဟု ပြောလေသည်။

ညနေပိုင်း အချိန်ရောက်တော့ ပုဇွန်တောင်ချောင်း ကမ်းနှင့်နီးသောနေရာသို့ သွားကြလေသည်။ ဆိပ်ကမ်းဘေး တွင် နေကြသူအများစုမှာ ပျံကျလက်လုပ်လက်စားများနှင့် ငါးပုဇွန်ရှာဖွေကြသူအများစုသာ နေကြလေသည်။





ထိုနေရာရောက်တော့ ကားကို သင့်တော်သော နေ ရာတွင် အကန့်ထားခဲ့ကြပြီး ထိုနေရာတစ်ဝိုက်တွင်နေထိုင် ကြသူတို့ထံမှ လက်လှော်လှေတစ်စင်းကို ငှားရာ ကံအား လျော်စွာ ထိုည ငါးဖမ်းမထွက်သည့် လှေတစ်စင်းကို ငှားရမ်း ရကြလေသည်။

လှေထဲမှာတော့ လှော်တက်နှစ်ချောင်းနှင့် ရေပက် ခွက်တစ်လုံးသာပါပြီး အခြားတော့ ဘာမှမပါပေ။

၎င်းတို့နှစ်ယောက်ထံမှာတော့ ကျည်ဆံအပြည့် ထိုး ထားသော သေနတ်တစ်လက်စီနှင့် ငါးတောင့်ထိုး လက်နှိပ်မီး တစ်လက်စီ ပါကြလေသည်။

နေဝင်ရီတရောအချိန်ရောက်တော့ လှေစထွက် သည်။ နှစ်ယောက်စလုံး လှေကို ကျွမ်းကျွမ်းကျင်ကျင် မလှော် တတ်ကြသော်လည်း လှေဖြောင့်ဖြောင့်သွားအောင်တော့ လှော်တတ်ကြလေသည်။

၎င်းတို့သည် လတာပြင်၊ လမုပင်နှင့် ခရချုံတောများ ထူထပ်စွာရှိနေသော ကမ်းခြေတစ်လျှောက်မှကပ်ကာ . . သုသာန်ရှိသော နေရာဘက်သို့ သွားကြလေသည်။

သုသာန်ရှိသောနေရာနှင့် မနီးမဝေး ရောက်လာ တော့ မှောင်စပျိုးနေပေပြီ။

အိမ်ခြေခြံဝင်ဝင်ရိပ်မရှိသော ချောင်းလယ်လောက်မှာ အ သင်းရောင်များ ရှိနေသေးသော်လည်း လမုပင်နှင့် ခရာချုံ များ အုံ့ဆိုင်းနေသော ကမ်းစပ်တစ်ဝိုက်မှာတော့ လူလုံးမကွဲ



www.burmeseclassic.com

www.burmeseclassic.com



လှတော့ပေ။

သုသာန်စပ်ရောက်တော့ သင့်တော်သော နေရာ၌ လှေကို ရပ်လိုက်ကြသည်။

သုသာန်ရှိသော ကမ်းတစ်ဝိုက် ကမ်းစပ်မှာတော့ သစ်ပင်ကြီးအချို့ ရှိသော်လည်း ချုံနွယ်ပိတ်ပေါင်းများတော့ မရှိတော့ပေ။

အဘယ်ကြောင့်ဆိုသော် . . အခြားနေရာ(ဥပမာ ဒေါပုံဘက်ကမ်းမှ သေဆုံးသူတို့ကို ဝေးဝေးလံလံ နေရာများသို့ သယ်မသွားချင်ကြသဖြင့် အလောင်းကို လှေဖြင့်သယ်ယူလာကာ ထိုသုသာန်၌ မြှုပ်နှံသင်္ဂြိုဟ်ကြသောကြောင့် ဖြစ်ပေသည်။

သူတို့ရောက်သွားသောအချိန်က ရေကျချိန်ဖြစ်သည်။ ချောင်းအတွင်းမှာ ရေနည်းနေကြောင့် လတာပြင်နှင့် ကမ်းခြေများ ပေါ်နေသည်။ အချို့ မြေပြိုကျနေသော နေရာများတွင် လူအရိုးစုများနှင့် ခေါင်းတလားပျဉ်များ တစ်ပိုင်းတစ်စ ထွက်နေကြလေသည်။

နှစ်ယောက်သား ခရာချုံနံဘေးတွင် လှေရပ်ထားပြီး မိုးချုပ်အောင် စောင့်နေကြစဉ် ပိုးလောင်းနှင့် ခြင်များကိုတ် သည့်ဒဏ်ကိုတော့ အတော်ပင် ခံကြရသည်။

ခြင်က အကောင်ကြီးသော်လည်း ကိုက်လျှင် အဖုအပိမ့်မကြီးလှ၊ ပိုးလောင်းက ဖြုတ်ကောင်လောက်သာ ရှိသော်လည်း ကိုက်လျှင် အဖုအပိမ့်ကြီးများ သီးထလာတတ်သည်။





ပိုးလောင်းက ရေငန်အရပ်၌ရှိသော သတ္တဝါမျိုးဖြစ်ပြီး ပုဇွန်တောင်ချောင်းက ရေငန်ရောက်သောကြောင့် ပိုးလောင်းကောင်များ ရှိနေခြင်း ဖြစ်သည်။

ညဦးပိုင်းအချိန်ရောက်တော့ ရေပြန်တက်လာသည်။ ရေစီးနှင့်အတူ ဗေဒါပုံများ အမှိုက်သရိုက်၊ ဒိုက်ပုံများ ပါလာကြသည်။

ညဦးပိုင်း အချိန်ကျော်တော့ ရေထက်ဝက်လောက် ရောက်လာသည်။ ထိုအခါ ကမ်းပေါ်တက်နိုင်သော အနေအထားမျိုး ရောက်လာပြီ ဖြစ်သဖြင့် နှစ်ယောက်သား လှေကို သင့်တော်သောနေရာ၌လုံခြုံအောင် ထားခဲ့ကြပြီး ကမ်းပေါ်တက်ကြသည်။

လဆန်းရက်ဖြစ်နေသောကြောင့် လရောင်က အသင့်အတင့် ရှိနေလေသည်။ သို့သော်လည်း သဲသဲကွဲကွဲ မြင်ရသည်မျိုးတော့ မဟုတ်ပေ။

ပိုးတဝါး အလင်းရောင်ကြောင့် သုသာန်ရင်ပြင် တစ်ခုလုံးကိုတော့ မှုံဝါးဝါး မြင်ရသည်။

ထိုးထိုးထောင်ထောင် ဖြစ်နေသော မှတ်တိုင်များ၊ အုတ်ဂူများအပြင် ဆေးသုတ်၊ ထုံးသုတ်ထားသော အုတ်ဂူအချို့ကိုလည်း နေရာကွက်ကျား လှမ်းမြင်ရသည်။

နှစ်ယောက်သား အမှောင်ရိပ်အတွင်းမှ ရပ်ကာ အခြေအနေကို နားစွင့်နေကြစဉ် ဇရပ်ဟောင်းရှိသော နေရာဘက်မှ ခွေးအူသံ၊ ခွေးဟောင်သံများကို စတင်ကြားကြရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

အသံကြားရာဘက်သို့ လှမ်းကြည့်တော့လည်း ဘာမှတော့ မမြင်ရပေ။

ထိုအခိုက်မှာပင် အုတ်ဂူများရှိသော နေရာဘက်မှ စူးစူးဝါးဝါး အော်သံတစ်သံ စတင်ကြားကြရသည်။

ယောက်ျားတစ်ယောက် အသံဖြစ်ပြီး ပြင်းပြင်းထန်ထန် နှိပ်စက်ခံနေရသောကြောင့် အော်ဟစ်ညည်းညူနေသော အသံမျိုးဖြစ်သည်။

"အသံတော့ ကြားရပြီး သွားကြမလားဆရာ"

ကျော်စွာက စိတ်အားထက်သန်စွာ မေးလိုက်သည်။

ကြားနေရသောအသံက သူတို့နှစ်ယောက် ရောက်နေသောနေရာမှ သိပ်မဝေးလှပေ။

"သေအောင်သတ်နေတဲ့ အသံမျိုး မဟုတ်ဘူး။ တစ်ခုခုကြောင့် ညှဉ်းပန်းနှိပ်စက်နေတဲ့ အသံမျိုး ဖြစ်ရမယ်၊ ခဏတော့ စောင့်ကြည့်ကြသေးတာပေါ့"

ထိုသို့ပြောနေကြစဉ် ကြားနေရသောအသံက တဖြည်းဖြည်းနှင့် အသံတိုးသွားကာ နောက်တော့ ပျောက်သွားလေသည်။ ဘာသံမှ မကြားရတော့ပေ။

အသံပျောက်သွားပြီး မကြာခင်မှာပင်. . ထိုနေရာဘက်မှ မည်းမည်းသဏ္ဍာန်ကြီး ထွက်လာလေတော့သည်။

လူတစ်ယောက် အရပ်ထက် ပိုမြင့်ပြီး ကိုယ်လုံးကိုယ်ထည်ကလည်း ထွားကြိုင်းလှသည်။





မျက်နှာမမြင်ရသေးသော်လည်း လမ်းလျှောက်ပုံနှင့် ပုံပန်းသဏ္ဍာန်မြင်ရုံနှင့်ပင်. . . ကြောက်စရာကောင်းသော သတ္တဝါတစ်ကောင် ဖြစ်ရမည်ဟု ခန့်မှန်းမိကြသည်။

"ဟိုမှာထွက်လာပြီ ဆရာ"

စုံထောက်ကျော်စွာက အိတ်ထဲမှ သေနတ်ကို ဆွဲထုတ်လိုက်သည်။

ထိုအချိန်မှာပင် ဒယိမ်းဒယိုင်ဖြင့် လျှောက်လာနေသော သတ္တဝါကြီးက သူတို့နှင့် မနီးမဝေးသို့ ရောက်လာလေသည်။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ ဘယ်လိုသတ္တဝါမျိုးဖြစ်မည်ကို ခန့်မှန်းစဉ်းစားနေလေသည်။

မနီးမဝေးရောက်လာတော့မှ နှစ်ယောက်သား တိုင်ဝင်ပြီး နေရာမှထကာ ချုံအပြင်သို့ ထွက်လိုက်ကြသည်။

သူတို့ကိုမြင်တော့ သတ္တဝါကြီးက ခြေလှမ်းတန့်သွားသည်။

ဒေါက်တာမင်းထင်ကျော်က လက်နှိပ်မီးရောင်ဖြင့် မျက်နှာကို ထိုးကြည့်လိုက်သည်။

ဆံပင်စုတ်ဖွားနှင့် ကြောက်စရာကောင်းသော မျက်နှာကြီးကို အရင်တွေ့ရသည်။ နောက်တော့ ရှေ့တိုးမလာပဲ လာလမ်းအတိုင်း နောက်သို့ ပြန်လှည့်ပြေးလေတော့သည်။

"ပြေးပြီ လိုက်ကြရအောင်"

"အမောမခံပါနဲ့ ကိုကျော်စွာရယ်၊ သူက ဒီလိုသာန်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာပဲ နေတာပဲဟာ"

ဟုပြောပြီး နောက်မှလိုက်သွားကြသည်။ သတ္တဝါကြီး ပြေးသွားသော လမ်းအတိုင်း ခြေလှမ်းမှန်မှန်ဖြင့် လိုက်သွားကြခြင်း ဖြစ်သည်။

အုတ်ဂူများ မှတ်တိုင်များရှိသော နေရာများကြားမှ ဖြတ်ပြေးသွားသော သတ္တဝါကြီးက သစ်ပင်နှင့် ခြုံနွယ်များ ထူထပ်သည့်နေရာဘက်သို့ ဦးတည်ပြေးသွားလေသည်။

အချို့မြေပျော့သောနေရာဘက်မှာရှိသည့် မြေပုံများပေါ်မှ ဖြတ်ပြေးသွားရာ ခြေရာများ ထင်ကျန်ခဲ့သည်။ ခြေရာကတော့ အတော်ပင်ကြီးသည်။

လူတစ်ယောက်ခြေရာထက် နှစ်ဆခန့် ပိုကြီးသည်။

"ခြေရာက ကြီးလှချည်လားဆရာ၊ လူခြေရာတော့ ဟုတ်ပုံမရဘူး၊ မျောက်ဝံ လူဝံတွေခြေရာမျိုး ဖြစ်မယ်ထင်တယ်"

"မဟုတ်ဘူး. . . မျောက်ဝံ၊ လူဝံတွေ ခြေရာက အတွင်းကို ခွင်ပြီး ရှေ့ပျက်ကျယ်တယ်၊ ဖနောင့်ရာနက်တယ်၊ ဒါက လူခြေရာပါပဲ"

"ဗျာ လူက ဒီလောက်ခြေရာကြီးပါ့မလား"

"ကြီးအောင်လုပ်ရင်တော့ ကြီးတာပေါ့၊ နောက်ပြီး မျောက်ဝံ၊ လူဝံတွေက သူလို အရပ်မမြင့်ဘူး၊ ဘယ်လောက် အကောင်ကြီးကြီး အရပ်က ပုပုပဲ၊ ကဲ. . . သူသွားတဲ့ဘက် လိုက်ကြည့်ရအောင်"





ထိုသတ္တဝါကြီး ဝင်သွားသောဘက်မှာ စောစောက အော်သံကြားရသော နေရာနှင့် သိပ်မဝေးလှပေ။

ထိုနေရာတစ်ဝိုက်မှာတော့ သစ်ပင်ကြီးများနှင့် ခြုံနွယ်ပိတ်ပေါင်းများရှိသည်။ ရှေးကတည်းက ပြုလုပ်ထားသော အုတ်ဂူဟောင်းများလည်း ရှိသည်။

အချို့ အုတ်ဂူကြီးများမှ ကနုတ်ပန်းများဖြင့် အကျအန ပြုလုပ်ထားသော ဂူဟောင်းကြီးများ ဖြစ်သည်။

ပြုပြင်မည့်သူမရှိပဲ နှစ်ပေါင်းများစွာ ကြာသည်အထိ ထားသောကြောင့် အချို့ ပြိုပျက်ကျနေသည်။

အချို့လည်း. . ရေညှိရေမှော်များ တက်နေသောကြောင့် အရောင်အဆင်းမရှိတော့ပဲ မည်းနေရာ အမှောင်ထဲတွင် မကောင်းဆိုးဝါးကြီးများ ဝပ်နေသည်နှင့်ပင် တူနေတော့သည်။

ထိုနေရာရောက်တော့ စောစောကပင် ပြေးသွားသော မကောင်းဆိုးဝါးကြီးကို မတွေ့ကြရတော့ပေ။

လက်နှိပ်ဓါတ်မီး နှစ်လက်ဖြင့် နေရာအနှံ့ လိုက်လံထိုးကြည့်တော့လည်း ဘာမှမတွေ့ရတော့ပေ။

"ဘယ်ရောက်သွားပြီလဲ၊ ဒီလောက်ကြီးတဲ့ အကောင်ကြီးက ဘယ်နေရာသွားပုန်းနေတာလဲ"

စိတ်မကျေနပ်သဖြင့် ဂူဟောင်းများကြား ထိုနှစ်ယောက်သား လူစုခွဲပြီး လိုက်ရှာကြသော်လည်း မည်သည့် သတ္တဝါမှ မတွေ့ကြရပေ။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား စိတ်ကျေနပ်လောက်အောင် လိုက်လံရှာဖွေပြီးမှ ထိုနေရာမှ ပြန်ထွက်လာကြရာ လမ်းခုလတ်ရောက်တော့ ဇရပ်ဟောင်းရှိသော နေရာဘက်မှ မီးအုပ်ဆောင်းတစ်ဖက်၊ တုတ်တစ်ချောင်းကိုင်ကာ ထွက်လာသော လူတစ်ယောက်နှင့် တစ်နေရာမှာ ဆုံကြသည်။

သုသာန်စောင့် ပေတလူပင် ဖြစ်သည်။

"အလို ခင်ဗျားတို့နှစ်ယောက်ပါပဲလား၊ ညအချိန်မတော်ကြီး သုသာန်ထဲမှာ ဘာလုပ်နေတာတာလဲ"

"ကိစ္စရှိလို့ လာတာပေါ့ဗျာ၊ ဒါထက် ဒီသုသာန်ထဲမှာ နာမည်ကြီးနေတဲ့ သွေးစုတ်ဖုတ်ကောင်ကြီးက ခင်ဗျားတို့ကိုတော့ ဘာမှမလုပ်ဖူးလား"

ဒေါက်တာမင်းထင်ကျော် စကားကြောင့် ပေတလူက သဘောကျစွာဖြင့် ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

"ဟဲဟဲဟဲ. . ဘယ်လုပ်ပါ့မလဲ၊ သုသာန်စောင့်တွေနဲ့ သရဲတစ္ဆေ ဖုတ်ဘီလူးတွေက မိတ်ဆွေတွေပဲလေ၊ ကျုပ်က သူတို့ကို နေရာပေးထားရတာ ဘယ်အန္တရာယ် ပေးပါ့မလဲ၊ ခင်ဗျားတို့လို စပ်စပ်စုစု နိုင်တဲ့လူတွေနဲ့ တွေ့ရင်သာ သတ်ချင်သတ်မှာပေါ့. . ဟားဟားဟားဟား"

ထိုသို့ပြောသောအခါ စုံထောက်ကျော်စွာက ရှေ့သို့တိုးသွားပြီး မေးစေ့ကို သေနတ်ဖြင့် ထောက်ထားလိုက်သည်။

"မင်းသိအောင် တစ်ခါတည်း ပြောထားခဲ့မယ်၊ ငါတို့ဟာ လူလည်းမကြောက်ဘူး၊ သရဲလည်း မကြောက်ဘူး၊ စောစောကတွေ့လိုက်ရတဲ့ ဖုတ်ကောင်းလည်း မကြောက်ဘူး၊ ခင်းကို တစ် ခါတည်း မှာခဲ့မယ်၊ သုသာန်မှာ သုဘရာဇာလုပ်ရင် အေးအေးလုပ်၊ ဟိုနေရာဝင်ရှုပ်၊ ဒီနေရာဝင်ရှုပ်လုပ်ပြီး သူများခိုင်းတာတွေ လုပ်နေရင်တော့ နောက်တစ်ခါတွေ့ရင် မသက်သာဘူးမှတ်ပါ"

ဟုပြောပြီး သေနတ်ဖြင့် မေးစေ့ကို ဆောင့်တွန်းလိုက်ရာ နောက်ဘက်သို့ ယိုင်ကျသွားလေသည်။

သို့သော်လည်း ပေတလူက ခေသူမဟုတ်ပေ။

နောက်ဘက်သို့ ယိုင်ထွက်သွားစဉ်မှာပင် လက်ထဲမှာကိုင်ထားသော တုတ်ဖြင့် သိမ်းရိုက်သည်။ တုတ်ဝင်လာတာမြင်သည်နှင့် ကျော်စွာက ရှေ့သို့တစ်လှမ်းတိုးကာ တုတ်ကိုင်ထားသောလက်ကို ညာခြေဖြင့် ပတ်ကန်သည်။ တုတ်တခြား လူတခြား ဖြစ်သွားတော့ မျက်နှာကို လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်ရာ ရှေ့သို့ထိုးကျသွားလေတော့သည်။

ထိုအခါ ကျနေသောတုတ်ကို ခြေထောက်ဖြင့် ကော်ယူပြီး အပေါ်မှရိုက်ရန်ပြင်တော့ ဒေါက်တာမင်းထင်ကျော်က လှမ်းတားလိုက်သည်။

"မလုပ်နဲ့ ကိုကျော်စွာ၊ လက်လွန်ပြီး သေသွားရင် သဲလွန်စ ကွင်းဆက်တစ်ခု ပျောက်သွားပါဦးမယ်၊ ဒီအတိုင်း သွားထားခဲ့ပါ၊ မိုးလင်းတာတောင် ပြန်ထနိုင်တော့မယ် မထင်ပါဘူး"





☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောတော့မှ စိတ်ကိုလျှော့ပြီး တုတ်ကို ပြန်ပစ်ချလိုက်ပြီး နှစ်ယောက်သား သုသာန်အတွင်းမှ လှေရှိရာသို့ ပြန်ဆင်းလာကြသည်။

အချိန်က ညဦးပိုင်း ကျော်လာပြီ ဖြစ်သောကြောင့် အမှောင်ထုက ပိုများလာလေပြီ။







အခန်း(၁၄)

# လျှို့ဝှက်လှသော လူသတ်သမား

အချိန်က ညဦးပိုင်း အချိန်ဖြစ်သည်။

သို့သော်လည်း ဘုန်းကြီးလမ်း တစ်ပိုက်မှာတော့ အသွားလူလာ ကင်းရှင်းလျက် ရှိပေပြီ။ ထိုနေရာတစ်ဝိုက်မှာ ဆည်မှဝင်လာသော သဘော်များ ဝင်လာသော နံနက်ပိုင်းအချိန်နှင့် ညနေပိုင်းသဘော်များ ပြန်ထွက်သွားသော အချိန်အတော်အတွင်းသာ လူစည်ကားပြီး မြစ်ဝကျွန်းပေါ် ဘက်သို့ သဘော်များ ပြန်ထွက်သွားလျှင်တော့ အသွားအလာ ရှားသ



www.burmeseclassic.com

www.burmeseclassic.com



လောက် နည်းသွားလေသည်။

ညဦးပိုင်း အချိန်ရောက်လျှင်တော့ တိုက်များမှာ တံခါးပိတ်ကြပြီ ဖြစ်သောကြောင့် တိတ်ဆိတ်ငြိမ်သက်နေပေ တော့သည်။ ထိုအချိန်ရောက်တော့မှ လမ်းနံဘေးရှိ သစ်ပင် ရိပ်များကို အကာအကွယ်ယူ၍ လျှောက်လာသော လူတစ် ယောက်သည် ဦးစံပေါ် နေအိမ်ရှေ့သို့ ရောက်လာပေတော့ သည်။

ထိုနေရာရောက်တော့ မှောင်ရိပ်ကွယ်က ပတ်ဝန်း ကျင် အခြေအနေကို ကြည့်ပြီး စိတ်ချရတော့မှ တံခါးပေါက် သို့သွားကာ တံခါးခေါက်လိုက်သည်။

“ဒေါက်. . ဒေါက်. . ဒေါက်”

တံခါးခေါက်သံနှင့် မရှေးမနှောင်းမှာပင် အတွင်း ဘက်မှ ပြန်မေးသံ ပေါ်ထွက်လာသည်။

“ဘယ်သူလဲ”

“စံပေါ်ပါ”

ထိုအသံကြားတော့ အတွင်းတံခါးချပ်က ပွင့်သွား ကာ ဒေါ်နှင်းမေမျက်နှာ ပေါ်လာသည်။ သူမက သံဘာဂျာ တံခါးပေါက်မှ ဝိုးတဝါး မြင်နေရသော သူ့ကိုကြည့်သည်။

“မနှင်းမေ ငါ စံပေါ်ပါ”

“ဟင် ကိုစံပေါ်”

ထိုသို့ပြောပြီး သံဘာဂျာတံခါးပါ ဖွင့်ပေးလိုက်သည်။

ထိုသူက အထဲရောက်သည်နှင့် တံခါးချပ်ကို ပြန်ပိတ်





လိုက်သည်။

“ကိုစံပေါ် ရှင် ဘယ်ရောက်နေတာလဲ၊ ဘာတွေ ဖြစ် နေတာလဲ၊ ကျွန်မကို ပြောပြပါဦး”

“ဒါတွေ ငါ နောက်မှပြောပြမယ်၊ လောလောဆယ် တော့ ငါ ဒီကိုပြန်လာလို့ မရသေးဘူး၊ ပုလိပ်တွေက ငွေသုံး သိန်း အနူကြမ်းစီးခံရတာ ငါ ကြံစည်တာလို့ ထင်နေကြတယ်၊ မေသန်းသေတာလည်း ငါ့လက်ချက်လို့ပဲ ထင်နေကြတယ်”

“ဒီတော့ ဘယ်လိုလုပ်မလဲဟင်”

“ငါ တစ်နေရာမှာ သွားရှောင်နေရတယ်”

“ရှင့်အသားတွေကလည်း အတော်ညိုလာတယ်၊ အသံတွေကလည်း ပျက်နေတယ်၊ အနေဆင်းရဲ အစားဆင်း ရဲနဲ့ နေရပုံရတယ်”

“ဒါကတော့ ကံတရားပေါ့ကွာ၊ ဒါထက် သမီးရော အိပ်နေပြီလား”

“အိပ်နေရောပေါ့၊ ရှင်မရှိတော့ကတည်းက ကျွန်မတို့ သားအမိ အောက်ထပ်အခန်းထဲမှာပဲ၊ အိပ်ကြတယ်၊ ဒါထက် ရှင်အခု ဘာလုပ်မှာလဲ”

“ငါ အပေါ်ထပ်မှာ လုပ်စရာတွေ ရှိသေးတယ်၊ မင်း ကတော့ အောက်ထပ်မှာပဲနေပါ၊ ပြန်လာတာကို သမီးလည်း မသိစေနဲ့၊ အိမ်မှာ ခိုင်းထားတဲ့ အစေအပါးတွေလည်း မသိ ကြစေနဲ့၊ တော်ကြာ တစ်ယောက်စကား တစ်ယောက်ကြား ပြီး ပုလိပ်တွေ သတင်းရသွားရင် မကောင်းဘူး”



www.burmeseclassic.com

www.burmeseclassic.com



"မသိစေရပါဘူး"

"မနက်မလင်းခင် ငါ ပြန်မှဖြစ်မယ်၊ အိမ်မှာ ငွေဘယ်လောက်ရှိသေးသလဲ၊ ရှိတဲ့ငွေကို ငါ့ကိုပေးလိုက်ပါ"

ဟု ပြောသဖြင့် ဒေါ်နှင်းမေက ခေါင်းညိတ်ပြလိုက်လေသည်။

ထို့နောက်မှာတော့ ဦးစံပေါ်လည်း အပေါ်ထပ်သို့ တက်သွားလေတော့သည်။ ဒေါ်နှင်းမေကတော့ ဦးစံပေါ် တက်သွားသည်ကို လှမ်းကြည့်ရင်း. . .

"သူကကြည့်ရတာ အရင်နဲ့ မတူဘူး၊ တစ်မျိုး ဖြစ်နေသလိုပဲ၊ အင်းလေ ဒုက္ခဆင်းရဲတွေနဲ့ တွေ့နေရတော့လည်း ဒီလိုပြောင်းလဲသွားတာ ဖြစ်ပါလိမ့်မယ်"

ဟု တွေးနေမိသည်။

ထိုညက. . . ဒေါ်နှင်းမေတစ်ယောက် ဦးစံပေါ်အကြောင်းကို တွေးနေသေကြောင့် အိပ်မပျော်နိုင်ပဲ ဖြစ်နေသည်။

ထိုအချိန်တွင် အနားမှာရှိနေသေ မြသီရိက တိုးတိုးမေးလေသည်။

"ဘယ်သူလဲ မေမေ၊ မေမေပြန်လာတာလား"

"ဟုတ်တယ် နင်မအိပ်သေးဘူးလား"

"မအိပ်သေးပါဘူး၊ စကားပြောသံကြားလို့ ထကြည့်လိုက်သေးတယ်၊ ပုလိပ်တွေက စောင့်ကြည့်နေကြတယ်၊ မေတော်လို့ တွေ့သွားရင်တော့ အခက်ပဲ"





"သူလည်း ကိစ္စရှိလို့ အရဲစွန့်ပြီး ပြန်လာတာ ဖြစ်မှာပေါ့၊ ဒီအကြောင်းတွေကိုတော့ ဘယ်သူမှ မသိပါစေနဲ့ သမီးရယ်"

မြသီရိကတော့ ထွေထွေထူးထူး ဘာမှပြန်မပြောတော့ပဲ စဉ်းစားနေလေသည်။

ဦးစံပေါ်မှာ တစ်ညလုံး တိုက်အပေါ်ထပ်မှာနေပြီး အရုဏ်တက်ချိန်ရောက်တော့မှ ဒေါ်နှင်းမေ စုဆောင်းပေးသော ငွေများကိုယူကာ ပြန်သွားလေတော့သည်။

နောက် သုံးလေးရက်ခန့် ကြာတော့လည်း နောက်တစ်ခေါက် ရောက်လာပြန်လေသည်။ သူလာသောအချိန်မှာ လူခြေတိတ်ချိန်မှ ရောက်လာခြင်း ဖြစ်သောကြောင့် အခြားသူများက မရိပ်မိပဲ ရှိကြသည်။

မြသီရိကတော့ ဦးစံပေါ် ပြန်ရောက်လာတိုင်း သိသော်လည်း မသိသလိုသာ နေလေသည်။

ဦးစံပေါ်ကတော့ ရောက်လာသည်နှင့် အပေါ်ထပ်သို့ တစ်ယောက်တည်း တက်သွားပြီး တစ်ညလုံး နေလေ့ရှိသည်။

အာရုဏ်တက်ကာနီးတွင် ပြန်လေ့ရှိသည်။ ပြန်ကာနီးတွင်လည်း ဒေါ်နှင်းမေထံမှ ရှိသမျှ ငွေများကို ယူသွားလေ့ရှိသည်။

ထိုအခြေအနေကြောင့် ပွဲရုံလုပ်ငန်းများတွင် ငွေလည်ပတ်မှု တဖြည်းဖြည်း ကျပ်တည်းလာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပွဲရုံလုပ်ငန်းများနှင့် ပတ်သက်ပြီး ငွေကြေးကိစ္စများကို ကိုင်တွယ်နေသော မြသီရိက ထိုအခြေအနေကို သိသဖြင့် မိခင်ဖြစ်သူကို မေးရလေသည်။

"မေမေ ဟိုတစ်နေ့က ချန်ထားတဲ့ ကုန်ဖိုးရှင်းပေးရမယ့်ငွေတွေ ဘယ်ရောက်ကုန်ပြီလဲဟင်"

ပထမတော့ ဒေါ်နှင်းမေက မပြောပေ။

အတန်တန်မေးတော့မှ အဖြစ်မှန်ကို ဖွင့်ပြောလိုက်ရသည်။

"ပေးတာလည်းပေးပါ အမေရယ်၊ ဒါပေမယ့် ဒီမှာ လုပ်ငန်းတွေ ထိခိုက်လာနိုင်တယ်၊ ရက်ချိန်းပြည့်လို့ ကုန်သည်တွေရောက်လာရင် ကုန်တန်ဖိုးငွေတွေ ရှင်းပေးရမယ်၊ မပေးနိုင်ရင် မျက်နှာပျက်ရလိမ့်မယ်"

မြသီရိ ပြောသည်မှာ မှန်နေသောကြောင့် ဒေါ်နှင်းမေက ဘာမှပြန်မပြောသာပဲ ရှိလေသည်။

"သူလည်း ရာဇဝတ်ဘေးသင့်ပြီး ရှောင်တိမ်းနေရတော့ ဆင်းရဲဒုက္ခရောက်နေရှာတယ် ထင်ပါရဲ့၊ ဒါကြောင့် ပေးနေရတာပါ"

"ဒါပေမယ့် သူယူတဲ့ငွေက စားဖို့သောက်ဖို့ ယူတာမျိုးမဟုတ်ပဲ ရှိသမျှအားလုံး ယူနေလို့ ပြောနေတာပါ၊ ကျွန်မက မပေးချင်လို့ ပြောတာမဟုတ်ပါဘူး"

ဒေါ်နှင်းမေက ဘာမှပြန်မပြောပေ။

"တကယ်ဆို ငွေမရှိတော့ရင် မေမေဘယ်လိုလုပ်မလဲ"

"ရှိတဲ့ရွှေငွေ၊ လက်ဝတ်လက်စားတွေ ထုခွဲရောင်းချပြီးတော့ပဲ သုံးရမှာပေါ့"

"ဒီပွဲရုံက ကျွန်မအဖေရှိစဉ်က သူထောင်ထားတဲ့ပွဲရုံ၊ မိတ်ကောင်းဆွေကောင်းတွေလည်း အများကြီးရှိတယ်၊ ဒီလိုသာလုပ်နေရင် ပွဲရုံလုပ်ငန်းတွေ ထိခိုက်နိုင်တယ်၊ အမေ သေသေချာချာစဉ်းစားပါ၊ ကျွန်မကတော့ ကျွန်မအဖေထူထောင်ထားခဲ့တဲ့ ဒီပွဲရုံလုပ်ငန်းတွေကိုတော့ ဘယ်တော့မှ အထိခိုက်မခံနိုင်ဘူး"

မြသီရိက ထိုသို့ပြောလာသောအခါ ဒေါ်နှင်းမေ စိတ်ထဲမှာ စိုးရိမ်စိတ်ဝင်လာသည်။ မြသီရိ တစ်စုံတစ်ခု လုပ်မှာကို စိုးရိမ်နေမိသည်။

သို့ကြောင့် နောက်တစ်ကြိမ် ဦးစံပေါ် ရောက်လာသောအခါမှာတော့ အကျိုးအကြောင်း ပြောပြလိုက်သည်။

"ကိုစံပေါ် ရှင်ယူတဲ့ငွေတွေက အတော့်ကို များနေပြီ၊ ဘာတွေလုပ်နေတာလဲဟင်"

"ငါ့မှာ ဂရမ်းပြေးဘဝ ရောက်နေတော့ တခြားဘာမှ လုပ်လို့မရသေးဘူးလေ၊ ဒါကြောင့် ရှိတာပဲ ထိုင်စားနေရတာ၊ ဘယ်လောက်ပါ့မလဲ၊ ဘာလဲ မင်းက ငါ ဒုက္ခရောက်နေတော့ ငါ့ကိုအောင် မသထာတော့ဘူးလား"

"ဒီလိုသဘောမျိုးတော့ ကျွန်မမှာမရှိပါဘူး ကိုစံပေါ်ရယ်၊ အခု ငွေကတဖြည်းဖြည်း ကုန်သွားတော့ ရှိတဲ့အတွင်း





☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတွေကိုတောင် ထုခွဲရောင်းချနေရတယ်"

"ဒါကတော့ ရှိတော့တန်ဆာ၊ မရှိတော့ ဝမ်းစာပေါ့ကွာ၊ ဒါထက် မင်းမှာ အရင်ယောက်ျား လက်ထက်ကတည်းက စုဆောင်းထားတဲ့ လက်ဝတ်ရတနာတွေ ရှိသေးတယ်မဟုတ်လား"

ဒေါ်နှင်းမေက ဘာမှ ပြန်မပြောပေ။

"စိန်တစ်ဆင်ဆာနဲ့ ပတ္တမြားတစ်ဆင်ဆာတွေ ဘယ်မှာထားသလဲ"

"ရှင်ဘာလုပ်မလို့လဲ"

"ငွေမရှိတော့ရင် ဒီပစ္စည်းတွေ ထုခွဲရောင်းချပြီး သုံးတန်သုံးရမှာပေါ့"

"ဒီလိုလုပ်ဖို့တော့ မြသီရိက လက်ခံမှာ မဟုတ်ဘူး။ သူ့အဖေက သူ့သမီး အရွယ်ရောက်လာရင် ဝတ်ဖို့ရည်ရွယ်ပြီး လုပ်ပေးခဲ့တာ"

"မင်းတို့ သားအမိက သေသွားတဲ့သူရဲ့ ဆန္ဒတော့ အလေးထားပြီး ငါကတော့ ဒုက္ခရောက်ပစေပေါ့လေ၊ ဒါပေမယ့် မင်းသိထားရမှာက မင်းနဲ့ငါနဲ့က လက်ထပ်ထားပြီးသား ဒီတိုက်အပါအဝင် အတွင်းပစ္စည်း အပြင်ပစ္စည်းတွေ မှန်သမျှ မင်းနဲ့ငါ ပိုင်တယ်"

ဒေါ်နှင်းမေကတော့ တအံ့တဩ ကြည့်နေလေသည်။

"ဒီတော့ ရှိတဲ့ပစ္စည်းတွေကို ငါ့လက်ကိုအပ်ပါ၊ ငါ





သဘောနဲ့ လုပ်ချင်သလိုလုပ်မယ်၊ ဒါကိုမှ ကဖျက်ယဖျက်လုပ်လာရင်တော့ ငါ့အကြောင်း သိစေရမယ်ပေါ့"

ဟု ပြောဆိုကြိမ်းမောင်းပြီးနောက် အပေါ်ထပ်သို့ တက်သွားလေတော့သည်။ ဒေါ်နှင်းမေ ခမျာမှာတော့ ရှေ့တိုးထမ်းပိုး၊ နောက်ဆုတ် လှည်းတုတ် ဆိုသကဲ့သို့ မျက်ရည်သုတ်ရင်း ကျန်ခဲ့လေတော့သည်။

ထိုညမှာတော့ တစ်ညလုံး အိပ်မပျော်ပဲ ရှိနေရာမှ အရက်တက်ချိန်နီးတော့ အပေါ်ထပ်အခန်းမှ စူးစူးဝါးဝါး အော်သံကြီးကြားကြရသဖြင့် အောက်ထပ်၌ရှိနေသော သားအမိနှစ်ယောက်စလုံး လန့်သွားကြလေသည်။

"ဘာဖြစ်တာလဲ၊ ဘာသံကြီးလဲ"

"အပေါ်ထပ်မှာ ကိုစံပေါ် ရှိတယ်၊ သူအော်တဲ့အသံဖြစ်မယ်ထင်တယ်၊ တက်ကြည့်ကြမလား"

"မဖြစ်ဘူးမေမေ၊ အပေါ်ထပ်မှာ အန္တရာယ်ရှိတယ်၊ အဲဒါကို ကျွန်မသိတယ်၊ ကိုမင်းထင်ကျော်တို့ကို အကြောင်းကြားတာ ပိုကောင်းမယ်"

"သူနဲ့ တွေ့သွားတော့ ဘယ့်နှယ်လုပ်မလဲ"

"တွေ့သွားတော့လည်း ဥပဒေကြောင်းအရ ဖြေရှင်းကြရမှာပေါ့၊ အခု အခြေအနေမျိုးနဲ့စာရင် ဥပဒေကြောင်းအတွင်းက ဖြေရှင်းကြတာ ပိုကောင်းပါတယ်"

ထိုသို့ပြောပြီး မြသီရိက ဒေါက်တာမင်းထင်ကျော်ထံ ဖုန်းဆက်ပြီး အကျိုးအကြောင်း ပြောပြလိုက်ရာ တစ်နာရီခန့်



www.burmeseclassic.com

www.burmeseclassic.com



အကြာမှာတော့. . . တိုက်ရှေ့သို့ လင့်ရှိဘာကားတစ်စင်း ရောက်လာလေသည်။

ဒေါက်တာမင်းထင်ကျော်၊ စုံထောက်ကျော်စွာနှင့် ပုလိပ်အချို့လည်း ပါလာကြသည်။

၎င်းတို့ ရောက်လာသည်နှင့် မြသီရိက အကျိုးအကြောင်းပြောပြလိုက်သဖြင့် အပေါ်ထပ်သို့ တက်ကြလေသည်။

နံနက်(၅)နာရီခန့်သာ ရှိသေးသောကြောင့် အလင်းရောင် မရှိသေးပေ။

အပေါ်ထပ်၌ မီးရောင်မရှိသဖြင့် မှောင်နေသေးသည်။

စကြံန်မီးကို ဖွင့်ကြည့်တော့ ထူးထူးခြားခြား ဘာမှ မတွေ့ရပေ။ သို့ကြောင့် ပိတ်ထားသော အခန်းများကို တစ်ခန်းချင်းလိုက်ပြီး ဖွင့်ကြည့်တော့ ထူးထူးခြားခြား ဘာမှမတွေ့ကြရပေ။ ဒေါက်တာမင်းထင်ကျော်တို့နှင့်အတူ ဒေါ်နှင်းမေနှင့် မြသီရိတို့လည်း နောက်မှလိုက်လာကြသည်။

နောက်ဆုံး ထိပ်ဆုံးရှိသော ယခင်က ဦးစံပေါ်နေခဲ့သော အခန်းရှေ့သို့ ရောက်လာကြသည်။

ထိုအခန်းမှာ အိမ်ဖော်မေသန်း သေဆုံးသွားပြီးကတည်းက ပိတ်ထားသော အခန်းလည်း ဖြစ်သည်။

ထိုအခန်းရှေ့ရောက်တော့ ဒေါက်တာမင်းထင်ကျော်က တံခါးကို အခြေအနေကြည့်လိုက်ရာ သော့ဖွင့်၍ ထေး





သာစေ့ထားသည်ကို တွေ့ရသည်။ သို့ကြောင့် တွန်းဖွင့်လိုက်သည်။

အတွင်း၌ ညအိပ်မီးပွင့်တစ်ပွင့် ထွန်းထားသောကြောင့် အလင်းရောင် ရရှိနေသည်။

မြင်ကွင်းက မကောင်းလှပေ။

ယခင် အိမ်ဖော်လုပ်နေသော မေသန်းသေဆုံးသောနေရာမှာပင် လူတစ်ယောက်လဲကျသေဆုံးနေလေသည်။

ထိုလူကိုမြင်တော့ ဒေါ်နှင်းမေက အထိတ်တလန့် ရေရွတ်လိုက်သည်။

"ကိုစံပေါ်တော့ သေရှာပြီ"

ဒေါက်တာမင်းထင်ကျော်က အတွင်းဝင်သွားပြီး အလောင်းကိုကြည့်သည်။ ယခင်တစ်ကြိမ်ကဲ့သို့ပင် နှလုံးရှိသောနေရာတွင် ဟောင်းလောင်းပေါက် ဒဏ်ရာတစ်ချက် တွေ့ရပြီး ထိုဒဏ်ရာဒဏ်ချက်နှင့်ပင် အသက်ထွက်သွားရခြင်း ဖြစ်ပေလိမ့်မည်။

ဒဏ်ရာပေါက်မှ စီးကျနေသော သွေးများက ကြမ်းပြင်ပေါ်သို့ စီးကျနေသည်။

ဒေါက်တာမင်းထင်ကျော်က လက်ကောက်ဝတ်ကို စမ်းကြည့်တော့ အသက်မရှိတော့ပေ။ ထို့နောက် အကျီကို လှယ်ပြီးကြည့်တော့ ကိုယ်ပေါ်မှာ ဆေးအနက်ဖြင့်ထိုးထားသော နဂါးနက်ရုပ်တစ်ခုနှင့် ရင်ဝတစ်နေရာတွင် ဒဏ်ရာပေါက်တစ်ခုပါ တွေ့ရသဖြင့် ကျေနပ်သော အမူအရာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတစ်ချက်ညိတ်ကာ အကျီကို မူလအတိုင်း ပြန်ဖုံးထား လိုက်သည်။

"ဒုစရိုက်သမားတစ်ယောက်အတွက် နောက်ဆုံး ဒီ လမ်းမျိုးပဲ ရောက်ကြရတာပါပဲ"

"ဟင် ကိုစံပေါ်က ဘယ်လိုဖြစ်နေလို့လဲ"

ဒေါ်နှင်းမေက ဝင်မေးသည်။

"သူက အစ်မကြီး ယောက်ျားဦးစံပေါ်မဟုတ်ပါဘူး"

ဒေါ်နှင်းမေရော မြသီရိပါ. . မျက်လုံးပြူးသွားကြ သည်။

"သူက ဦးစံပေါ်နဲ့ အမွှာညီအစ်ကိုဖြစ်တဲ့ ဦးစံကျော် လို့ခေါ်တယ်၊ လောလောဆယ်. . ပုဇွန်တောင်ဘက်မှာ သူ တောင်းစားတွေကို အုပ်ချုပ်နေတဲ့ ခေါင်းပေါင်းတစ်ယောက် ပါပဲ"

"သူက ဒီကို ဘယ်လိုရောက်လာတာလဲ"

"ဦးစံပေါ် အယောင်ဆောင်ပြီး တစ်ခုခုကြံစည်ချင်လို့ သာ ဖြစ်မှာပေါ့"

"အမှန်ပါပဲ၊ သူ မေမေ့ဆီက ရွှေတွေ၊ ငွေတွေ ယူ သွားတာ မနည်းတော့ဘူး၊ သူ့ကို ဘယ်သူသတ်တာလဲဟင်"

"ဒီအခန်းထဲမှာ လူသတ်သမား ရှိပုံရပါတယ်၊ အရှင် မေသန်းကိုသတ်တဲ့ တရားခံပဲ ဖြစ်မှာပေါ့"

မြသီရိက ကာလီနတ်ဘုရားရုပ်တုအား ကြောက်ရွံ့ ထိတ်လန့်သော အမူအယာဖြင့် တစ်ချက်ကြည့်လိုက်လေ





သည်။

ထို့နောက် စံနက်ကျော်အမည်ခံ စံကျော်အလောင်း တို့ သယ်ယူသွားကြပြီးနောက် အောက်ထပ်သို့ ပြန်ဆင်းလာ ကြလေသည်။

အချိန်က နံနက်ပိုင်း ရောက်ပြီမို့ အလင်းရောင် ဝိုးတဝါးရလာလေသည်။

အောက်ထပ် ဧည့်ခန်းရောက်တော့မှ ဒေါက်တာ မင်းထင်ကျော်က စံပေါ်နှင့် စံကျော်တို့ အကြောင်းကို အတို ချုပ်ပြီး ပြောပြလိုက်လေသည်။

"၁၉၅၀-ခုနှစ်လောက်ကပဲ ပဲခူးနယ်ဘက်မှာ ဓားပြ ဂိုဏ်းတစ်ခု ပေါ်ခဲ့တယ်၊ နဂါးနက်ဂိုဏ်းဆိုပြီး နာမည်ပေး ထားကြတယ်၊ နဂါးနက်ဂိုဏ်းကို ခေါင်းဆောင်တာက စံပေါ် နဲ့ စံကျော်ဆိုတဲ့ အမွှာညီအစ်ကို နှစ်ယောက်ပါပဲ"

ကျန်လူများက ဒေါက်တာမင်းထင်ကျော်၏ ပြောပြ သော အကြောင်းအရာများအား စိတ်ဝင်စားစွာ နားထောင် နေကြသည်။

"နောက်တော့ တိုက်ပွဲတစ်ခုမှာ စံကျော် ဒဏ်ရာရ သွားခဲ့တယ်၊ သေလောက်တဲ့ဒဏ်ရာ ဖြစ်နေတော့ စံပေါ်က သယ်မသွားတော့ပဲ တစ်နေရာမှာ ထားခဲ့တယ်၊ ဒါပေမယ့် စံကျော်က မသေဘူး၊ ဒါကိုတော့ စံပေါ်က မသိဘူး၊ သူက ဓားပြတိုက်လို့ရတဲ့ ရွှေငွေရတနာတွေကို ယူလာပြီး ရန်ကုန် မှာ ခြေရာဖျောက်နေခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နှင်းမေနှင့်တွေ့ပြီး အိမ်ထောင်ပြုသော အပိုင်းများကိုတော့ မပြောတော့ပေ။

"နောက်တော့ စံကျော်ကပါ၊ ရန်ကုန်ရောက်လာပြီး စံနက်ကျော်နံ့မည်နဲ့ ဒွန်းစက္ကူအားခေါင်းဆောင်လုပ်တယ် အဲဒီလိုလုပ်ရင်းနဲ့ စံပေါ်သတင်းကို စုံစမ်းရင်းကနေ နောက်တော့ တွေ့သွားကြတယ်"

"ဒါဖြင့် ကိုစံပေါ်က အခု ဘယ်မှာလဲဟင်"

"အသက်မသေသေးရင်တော့ တစ်နေရာမှာ ရှိပါလိမ့်မယ်"

"ကိုစံပေါ်ဟန်ဆောင်ပြီး ကျွန်မတို့ကို ဒုက္ခပေးနေတဲ့သူ့ကိုရော ဘယ်သူသတ်တာလဲ"

"ဒါလည်း မကြာခင် အဖြေသိရတော့မှာပါ၊ လောလောဆယ်တော့ အစ်မကြီးတို့ကို နှိပ်စက်တဲ့လူတစ်ယောက်တော့ လျော့သွားပါပြီ၊ ဒါထက် အခု ကျွန်တော် ပြောပြလို့ ဦးစံပေါ်တို့အကြောင်းတွေ သိသွားပြီဆိုတော့ တကယ်လို့ ဦးစံပေါ် ပြန်လာရင်ကော အစ်မကြီးအနေနဲ့ လက်ခံပေးနိုင်ပါ့မလား"

"အို . . ဘာကြောင့် လက်မခံရမှာလဲ၊ သူက အရင်က ဆိုးခဲ့မိုက်ခဲ့ပေမယ့် ကျွန်မနဲ့ လက်ထပ်ပြီးတဲ့ နောက်ပိုင်းမှာ လူကောင်းတစ်ယောက်ပဲ လက်ခံရမှာပေါ့"

ထိုစကားကြားတော့ ဒေါက်တာမင်းထင်ကျော်က ကျေနပ်သောအမူအယာဖြင့် ခေါင်းညိတ်ပြလိုက်သည်။





"ကျွန်တော်တို့ သူ့ကိုမတွေ့တွေ့အောင် လိုက်ရှာပေးပါ့မယ်၊ အသက်အန္တရာယ်ဘေး လွတ်ကင်းအောင်သာ ဆုတောင်းပေးကြပါ"

ထိုသို့ပြောပြီး မြသီရိကို နှုတ်ဆက်ပြီးနောက် ထိုအိမ်မှ ပြန်ထွက်ခဲ့ကြလေသည်။

အပြင်ဘက်မှာတော့ အာရုဏ်ဦးအလင်းရောင်များက လောကတစ်ခုလုံး ပြန့်နှံ့စပြုနေချေပြီ။



www.burmeseclassic.com

www.burmeseclassic.com







အခန်း(၁၅)

# လူသတ်သမားနောက် ခြေရာခံလိုက်ခြင်း

ဒွန်းစကွားခေါင်းဆောင် စံနက်ကျော် သေဆုံးသွားပြီးနောက်မှာတော့ ဒေါက်တာမင်းထင်ကျော်တို့တတွေမှာ အလုပ်ရှုပ်ကြရလေတော့သည်။

ဦးစွာ ပုဇွန်တောင်ချောင်းနှင့်နီးသော စံနက်ကျော်နေသောအိမ်သို့ သွားကြသည်။

၎င်းတို့သွားသော အချိန်မှာ နံနက်ပိုင်းအချိန်ပင် ဖြစ်သည်။ ကားတစ်စင်းဖြင့် သွားကြခြင်းဖြစ်ပြီး ကားပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့အပြင် ဆားပုလင်းမောင်မိုးနှင့် ပုလိပ်အချို့လည်း ပါလာကြသည်။

စံနက်ကျော်နေသောအိမ် ရောက်သောအခါ သံပ ချိုင်နှင့် သန်းရွှေတို့နှစ်ယောက်ကို တွေ့ရသည်။

"မင်းတို့ဆရာကြီး ဘယ်သွားသလဲ"

"ဘယ်သိပါ့မလဲ"

သံပချိုင်က လေသံမာမာနှင့်ပင် ပြန်ဖြေလေသည်။

ထိုအခါ ဆားပုလင်းမောင်မိုးက နှစ်ယောက်စလုံးတို့ လက်ထိပ်ခတ်ကာ ဖမ်းလိုက်သည်။

"ကျုပ်တို့မှာ ဘာအပြစ်ရှိလို့လဲဗျ"

"နောက်တော့ သိရမှာပေါ့ကွာ"

"ကျုပ်တို့ဆရာကြီး ပြန်ရောက်လာရင် ခင်ဗျားတို့ တော့ သိပ်မလွယ်ဘူး"

"မျှော်မနေပါနဲ့တော့ကွာ၊ မင်းတို့ဆရာကြီးက ပြန် လာနိုင်တော့မှာ မဟုတ်ပါဘူး။ ဒီမနက်ပဲ ရင်ခွဲရုံ ရောက်သွား ပြီ"

"ခင်ဗျားတို့ သူ့ကိုသတ်လိုက်ကြပြီလား"

"ငါတို့က မသတ်ပါဘူးကွာ၊ သူ့ရဲ့ အကုသိုလ်တံ တွေက ပြန်သတ်လို့ သေရတာပါ"

ဟုပြောပြီး တစ်အိမ်လုံး နေရာအနှံ့ လိုက်ရှာကြရာ ရွှေငွေအချို့နှင့် ရုပ်ဖျက်ရာတွင် အသုံးပြုသော ပစ္စည်းအချို့ ကို တွေ့ကြရသည်။





"ဒီလက်ဝတ်လက်စားတွေနဲ့ ငွေတွေက ဦးစံပေါ် ဟန် ဆောင်ပြီး ဒေါ်နှင်းမေဆီက ယူခဲ့တာတွေဖြစ်မယ်"

ထိုသို့ပြောပြီး ထိုပစ္စည်းများကို စံနစ်တကျ သိမ်းယူ ကြလေသည်။

"အနုကြမ်းစီးသွားတဲ့ ငွေသုံးသိန်းတော့ ဒီမှာ မတွေ့ ဘူးဆရာ"

"ငွေများတော့ တစ်နေရာမှာ ဝှက်ထားတာလည်း ဖြစ်မှာပေါ့။ ကဲ. . . သုသာန် သွားကြရအောင်"

ဟုပြောကာ ပုလိပ်အချို့ လောက်သာ ထိုနေရာမှာ ထားခဲ့ပြီး ကျန်လူများက သုသာန်ဘက်သို့သွားကြလေသည်။

သူတို့ရောက်သွားတော့ ဇရပ်ထဲမှာ ခွေခွေကလေး အိပ်နေသော သုသာန်စောင့် ပေတလူကိုတွေ့ရသဖြင့် နှိုး လိုက်သည်။

"စောစောစီးစီး အလောင်းမြှုပ်မလို့လား၊ စောသေး တယ်၊ ဒီအချိန် မြေကျင်းမတူးပေးနိုင်ဘူး"

ထိုသို့ပြောပြီး တစ်ဖက်သို့ လှည့်အိပ်ပြန်သဖြင့် စုံ ထောက်ကျော်စွာက ကျောကို ခြေထောက်ဖြင့် နှစ်ချက်သုံး ချက် ကန်လိုက်တော့မှ ပူးပူးဝါးဝါးဖြင့် ထလာသည်။

ပထမတော့. . ဒေါသဖြစ်နေဟန်ရှိသော်လည်း စုံ ထောက်ကျော်စွာကိုမြင်တော့ မျက်လုံးပြူးသွားသည်။

"ဘာလဲ သုသာန်ကို လူတွေမလာဝံ့အောင်လို့ ဖုတ် ကောင်လိုလို ဘီလူးလိုလိုလုပ်ပြီး လိုက်ခြောက်နေရလို့ အိပ်



www.burmeseclassic.com

www.burmeseclassic.com



ရေးပျက်နေပုံရတယ်"

"ခင်ဗျား ဘာတွေလာပြောနေတာလဲ"

"ပေတလူရယ်. . . မင်းက သုသာန်မှာပဲလည်တဲ့ သုသာန်စောင့် တစ်ယောက်ပါကွာ၊ မင်းတို့ ဉာဏ်သွားတယ်ဆိုတာ ငါတို့ အိပ်နေသလောက်ပဲ ရှိပါတယ်၊ ဘီလူးယောင်ဆောင်တဲ့ပစ္စည်းတွေ ဘယ်မှာဝှက်ထားသလဲ"

"မသိဘူး"

စုံထောက်ကျော်စွာက ခြေထောက်ဖြင့် ဆောင့်ကန်လိုက်ပြီး ပုလိပ်တစ်ယောက်ကို လက်ထိပ်ခတ်ခိုင်းလိုက်သည်။ ထို့နောက် သုသာန်ဘက်သို့ သွားကြသည်။

"ဘယ်နေရာသွားမလဲ ဆရာ"

"ဟိုညက သူဝင်ပြေးသွားတဲ့ နေရာတစ်ဝိုက်ကို အရင်ရှာကြတာပေါ့"

ထိုနေရာဘက်မှာ သစ်ပင်ကြီးများနှင့် ချုံနွယ်ပိတ်ပေါင်းများရှိသည်။ ပြိုပျက် ဟောင်းနွမ်းလှပြီဖြစ်သော အုတ်ဂူဟောင်းများသာရှိသည်။ မြေပုံနှင့် မှတ်တိုင်များတော့မရှိပေ။

နေရာအတော်များများမှာတော့ ချုံနွယ်များကပါ ဖုံးအုပ်ထားကြသည်။ ကမ်းခြေနှင့်နီးပြီး မြေပျော့သောနေရာသို့ရောက်သောအခါ မြေပေါ်၌ထင်နေသော ခြေရာကြီးများကို တွေ့ကြရသည်။

"ခြေရာတွေက ကြီးလှပါလား"

ပုလိပ်အချို့က ရေရွတ်ပြောဆိုလိုက်သည်။





ဒေါက်တာမင်းထင်ကျော်တို့ကတော့ ချုံများကို ဖယ်၍သော်လည်းကောင်း၊ အုတ်ဂူဟောင်းများကို တစ်ခုချင်းစီသော်လည်းကောင်း သေသေချာချာ စေ့စေ့စပ်စပ် လိုက်လံကြည့်နေကြသည်။

တစ်နေရာရောက်တော့မှ ချုံနွယ်များ ပိတ်နေသည့်နေရာကို ဖယ်လိုက်ရာ အုတ်ဂူဟောင်းတစ်လုံးကို တွေ့ကြရသည်။

ဆံပင်စုတ်ဖွားနှင့် ကြောက်စရာကောင်းသော မျက်နှာမျိုးဖြစ်အောင် စီမံထားသော မျက်နှာဖုံးတစ်ခု၊ ခြင်းကျားတစ်လုံးခံပြီး အမည်းရောင် အဝတ်ဖြင့် ဖုံးထားသော ကိုယ်လုံး၊ သစ်သားကို လူခြေထောက်နှင့်တူအောင် ပြုလုပ်ထားပြီး ဖိနပ်ကဲ့သို့ စီး၍ရအောင် ကြိုးတပ်ထားသော ခြေထောက်အတုတို့ကို တွေ့ရလေသည်။

"ဒါထက် သာမန်အရပ်ထက်ပိုရှည်အောင် ဘယ်လိုလုပ်တာလည်း ဆရာ"

"ကွဲရုပ်၊ ဆင်ရုပ်ကသလို၊ ဖိုးဝရုပ်ကသလို ခေါင်းပိုင်းကို တုတ်နဲ့ထိုးပေးထားတာပေါ့ဗျာ၊ ဒီတော့ အရပ်က ပိုရှည်နေသလို စီးထားတဲ့ သစ်သားဖိနပ်ကလည်း ကြီးမှတော့ ခြေရာတွေကပါ ကြီးနေလေတော့ လူတွေက ကြောက်ရွံ့ကြတာပေါ့"

"တယ်လည်း အကြံကြီးတဲ့ သူတွေပဲကိုး"

"ဒီလိုပေါ့ ကိုကျော်စွာရယ်၊ အကျင့်တန်တဲ့သူတွေက



www.burmeseclassic.com

www.burmeseclassic.com



အကြံပိုကြီးကြတယ်ဗျ၊ ဒါထက် ဦးစံပေါ်ကို ဘယ်မှာဝှက်ထားတယ်ဆိုတာ ရှာကြဦးစို့"

ဟုပြောကာ ညဘက်တွင် အသံများကြားရသောနေရာတစ်ဝိုက်သို့ လိုက်ရှာကြပြန်သည်။

တစ်နေရာရောက်တော့ ချုံများသော်လည်းကောင်း သစ်ကိုင်းသစ်ရွက်များပေါ်၌သော်လည်းကောင်း စွန်းပေနေသော သွေးစက်တို့ကို တွေ့ရလေသည်။

နံနက်ပိုင်းအချိန် ကျော်လွန်လာခဲ့ပြီ ဖြစ်သောကြောင့် နေရောင်ခြည်က သစ်ပင်များကြားမှ အောက်သို့ ထိုးကျနေပြီဖြစ်သောကြောင့် ကောင်းစွာမြင်ရလေသည်။

သို့ကြောင့်. . ထိုနေရာတစ်ဝိုက်မှာရှိသော အုတ်ဂူဟောင်းများကို တစ်ခုချင်း စေ့စေ့စပ်စပ် လိုက်လံကြည့်ရှုကြသည်။

တစ်နေရာမှာရှိသော အုတ်ဂူတစ်လုံးရှိရာသို့ရောက်သောအခါမှာတော့ ညည်းညူသံလိုလို ကြားကြရသဖြင့် ကြည့်သောအခါ အုတ်ဂူထိပ် တစ်နေရာတွင် အပေါက်ဝိုင်းတစ်ခု ဖောက်ထားသည်ကို တွေ့ရသည်။

ညည်းညူသံက ထိုအပေါက်ဝိုင်းမှ ကြားနေရခြင်းဖြစ်သည်။ သို့ကြောင့် ရှေ့ပိုင်းသို့ သွားကြည့်ကြသည်။

ထိုအုတ်ဂူမှာ ရှေးခေတ်အခါက ပြုလုပ်ခဲ့သော အုတ်ဂူမျိုးဖြစ်ပြီး ကနုတ်ပန်းများဖြင့် မွမ်းမံထားကာ သာမန်ပြုလုပ်သော အုတ်ဂူများထက် နှစ်ဆခန့်ပိုကြီးသော အုတ်ဂူဟောင်း





ကြီး ဖြစ်လေသည်။

ရှေ့ပိုင်းမှာတော့ ချုံနွယ်များက ပိတ်နေသည်။

ထိုခြုံများကို ဖယ်လိုက်တော့ သော့ခလောက်ခတ်ကာ ပိတ်ထားသော တံခါးဟောင်းတစ်ချပ် တွေ့ရသည်။ ကျွန်းသားဖြင့် အခိုင်အခန့် ပြုလုပ်ထားသော တံခါးချပ်မျိုးဖြစ်သည်။ နှစ်ပရိစ္ဆေဒ ကြာခဲ့ပြီ ဖြစ်သောကြောင့် အရောင်အဆင်းပင် မပေါ်တော့ပေ။

ပိတ်ထားသော တံခါးသော့ကိုဖျက်ပြီး ဖွင့်ကြည့်သောအခါ အတွင်း၌ ပက်လက်အနေအထားဖြင့် ထည့်ထားသည့် လူတစ်ယောက်ကို တွေ့ကြရသည်။

"အုတ်ဂူကသာ ဟောင်းနေပေမယ့် အလောင်းက မပျက်စီးသေးပါလား"

ဆားပုလင်းမောင်မိုးက ရေရွတ်ပြောဆိုလိုက်သည်။

"အလောင်းမဟုတ်ပါဘူး၊ ကဲ. . အပြင်ထုတ်ကြပါဦး"

ဟု ပြောပြီး ခြေထောက်မှဆွဲပြီး အပြင်ထုတ်ကြသောအခါ ကြောက်ကြောက်လန့်လန့် အော်ဟစ်နေလေသည်။

"ငါ့ကို မနှိပ်စက်ကြပါနဲ့၊ မနှိပ်စက်ကြပါနဲ့"

အပြင်ရောက်ပြီး ကြည့်လိုက်တော့. . တစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်များဖြင့် သေလုမျောပါး ဖြစ်နေသော ဦးစံပေါ်ကို ပြန်တွေ့ကြရတော့သည်။

"ကံကောင်းလို့ အသက်ရှင်နေသေးတယ်၊ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံအမြန်ပို့ပေးမှ ဖြစ်မယ်”

ထိုသို့ပြောပြီး ဦးစံပေါ်ကို အလောင်းတင်သော ကပ်ပေါ်တင်ပြီး အပြင်သို့ ပြန်သယ်ယူကြရသည်။

သူသာန်စောင့် ပေတလူနှင့် စံနက်ကျော်၏ တပည့်နှစ်ဦးဖြစ်သော သံပချိုင်နှင့် သန်းရွှေတို့ နှစ်ယောက်ကိုပါ တစ်ပါတည်း ဖမ်းဆီးခေါ်ဆောင် သွားကြလေသည်။

တောင်းရမ်းစားသောက်သူများကတော့ ၎င်းတို့ထံမှ ငွေယူနေသော ခေါင်းပေါင်းမရှိတော့သဖြင့် သဘောကျနေကြပေသည်။

ဂါတ်တဲပြန်ရောက်တော့မှ ဒေါက်တာမင်းထင်ကျော်က အကြောင်းစုံ ပြောပြလေသည်။

“စံပေါ်နဲ့ စံကျော်က အမွှာညီအစ်ကိုဆိုတော့ ရုပ်ချင်းတူတယ်၊ နောက်တော့ စံကျော်က စံပေါ်ကိုဖမ်းပြီး သုသာန်မှာထားတယ်၊ ညဘက်ရောက်ရင် အပြင်ထုတ်ပြီး နှိပ်စက်တယ်၊ ဒါကြောင့် ညအချိန်ရောက်ရင် သုသာန်ထဲက အော်သံတွေ ကြားရတာပေါ့”

“ညီအစ်ကိုချင်း ဘာကြောင့် နှိပ်စက်တာလဲ”

“သူတို့နှစ်ယောက်က နဂါးနက်ဓားပြဂိုဏ်း ခေါင်းဆောင်တွေဆိုတော့ စုဆောင်းထားတဲ့ ရွှေငွေရတနာတွေရှိတယ်၊ အဲဒါတွေက ဦးစံပေါ်ဆီမှာရှိတယ်၊ အဲဒါတွေကို လိုချင်လို့ နှိပ်စက်ပြီးမေးတာ ဖြစ်မှာပေါ့”

“ဒါကြောင့် သုသာန်နားကို လူတွေမလာဝံ့အောင်





သုသာန်စောင့်ပေတလူက သရဲဘီလူးယောင်ဆောင်ပြီး. . ခြောက်လှန့်နေတာကိုး”

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။

“ဦးစံပေါ်က အိမ်ထောင်ကျပြီးတဲ့နောက်မှာ လူကောင်းတစ်ယောက်လိုပဲ နေထိုင်ခဲ့တယ်၊ စံနက်ကျော်နဲ့ ပြန်တွေ့တော့မှသာ အကျပ်ကိုင်ခံရပြီး သူခိုင်းတဲ့အတိုင်း လုပ်ပေးရတာပဲ”

“ဒါဖြင့် ငွေသုံးသိန်း အနုကြမ်းစီးသွားတဲ့ အမှုကလည်း သူတို့နှစ်ယောက် ပေါင်းကြံတာရော မဖြစ်နိုင်ဘူးလား”

“ဖြစ်နိုင်စရာတော့ ရှိပါတယ်၊ ဒါပေမယ့် ကွင်းဆက်တလေးတွေ မဆက်မိသေးတော့ အသေအချာတော့ ပြောလို့မရသေးဘူး”

“ဒွန်းစဏ္ဍားတွေရဲ့ ခေါင်းပေါင်းလုပ်နေတဲ့ စံကျော်က အတော့်ကို အကြံကြီးတဲ့သူပဲ”

“ဟုတ်တယ်၊ ဦးစံပေါ်ကို ဖမ်းထားပြီး ဓားပြဘဝတုန်းက စုဆောင်းထားတဲ့ ရွှေငွေရတနာတွေကို မေးရင်းနဲ့ ဒေါ်နှင်းမေနဲ့ ပွဲရုံအကြောင်းသိတော့ ဦးစံပေါ် ဟန်ဆောင်သွားပြီး ရသမျှ ယူခဲ့သေးတယ်”

“တယ်လည်း ယုတ်မာတဲ့လူပဲကိုး၊ အခုတော့ သေပြီမဟုတ်လား၊ သူ့ကို ဘယ်သူသတ်တာလဲ”



www.burmeseclassic.com

www.burmeseclassic.com



ရာဇဝန်အုပ် ဦးနေဒွန်းက ဝင်မေးလိုက်သည်။

"အိမ်ဖော်မေသန်းကို သတ်တဲ့တရားခံနဲ့ စံကျော်တို့ သတ်တဲ့တရားခံက အတူတူပါပဲ၊ မကြာခင်တော့ အဖြေသိရ တော့မှာပါ"

ထိုသို့ပြောပြီး ဒေါက်တာမင်းထင်ကျော်က အပြင် ထွက်လာတော့ စုံထောက်ကျော်စွာကပါ လိုက်လာသည်။

"ဆရာ ဘယ်လိုဆက်လုပ်မှာလဲ"

"အခုအခြေအနေအတိုင်းဆို ဦးစံပေါ်ကိုလည်း ဘာ မှမေးလို့ရမှာ မဟုတ်သေးဘူး၊ အသက်ပြန်ရှင်ဖို့တောင် လွယ်ပါတော့မလား မသိဘူး"

"ရက်အတော်ကြာအောင် နေ့ဘက်ဆိုရင် ဂူထဲမှာ ပက်လက်အနေအထားနဲ့ မလှုပ်သာအောင်နေရ၊ ညဘက်ကျ တော့ သိချင်တာ မပြောမချင်း နှိပ်စက်လိုက်နဲ့ အသက်ရှင်နေ သေးတာပဲ တော်ရောတယ်၊ အရှင်လတ်လတ် ဂူသွင်းခံရ တယ်ဆိုတာ ဒါမျိုးပဲ ဖြစ်မယ်ထင်ပါတယ်"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြသည်။

"ဒီလိုပေါ့ ကိုကျော်စွာရယ်၊ ကံကြွေးရှိရင် ချေရ တယ်၊ ဝဋ်ကြွေးရှိရင်လည်း ဆပ်ကြရတယ်၊ သူတို့အလှည့် တုန်းက တခြားလူတွေကို နှိပ်စက်ခဲ့တော့ ခံရမယ့်အလှည့် ရောက်တော့လည်း ဒီလိုပဲ ခံကြရမှာပေါ့"

"ဒါဖြင့် ဆရာ့အစီအစဉ်က ဘယ်လိုလဲ"

"ဒီကနေ့ည မြသီရိတို့အိမ်ကို သွားရမယ်"





ထိုစကားကြားတော့ စုံထောက်ကျော်စွာပင် မျက်လုံး ပြူးသွားလေသည်။

"ဘာသွားလုပ်ကြမှာလည်း"

"တလွဲမတွေးပါနဲ့ ကိုကျော်စွာရယ်၊ လူနှစ်ယောက် ကို ရက်ရက်စက်စက် သတ်တဲ့တရားခံကို သွားဖမ်းမလို့ပါ၊ အန္တရာယ်ကတော့ အတော်များမယ့်ပုံပဲ၊ အဆင်မသင့်ရင် ရှေ့ကလူနှစ်ယောက်နောက်ကို လိုက်သွားရနိုင်တယ်၊ သတိ တော့ထားကြရလိမ့်မယ်"

ထိုအခါ စုံထောက်ကျော်စွာက သဘောပေါက်သွား သဖြင့် ခေါင်းညိတ်ပြလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၁၆)

# နှစ်ပင်လိမ် သတ်ကွင်း

ယခုရေးသားသော နှစ်ပင်လိမ်သတ်ကွင်း ဝတ္ထုရှည်မှာတော့ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးဖြစ်သူ ဦးဗန်ကောင်းဟာ ဇာတ်လမ်းအစမှသည် အဆုံးတိုင်အောင် ပါဝင်ခြင်းမရှိပဲ ရည်သည်အနေဖြင့်သာ အခိုက်အတန့် ပါဝင်သူဖြစ်ပါကြောင်း ကြိုတင်အစီရင်ခံထားရပေမည်။

သို့ကြောင့်လည်း ဦးဗန်ကောင်းနှင့် ပတ်သက်သည့်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအရာတို့ကိုလည်း ပြည့်စုံစွာ မဖော်ပြတော့ပဲ သင့်သမျှသာ ထည့်သွင်းရေးသားပါမည်။

ညနေပိုင်းအချိန်တွင် မြသီရိနေအိမ်သို့ လူသုံးယောက် ရောက်လာကြသည်။

ဒေါက်တာမင်းထင်ကျော်၊ စုံထောက်ကျော်စွာနှင့် ဦးဗန်ကောင်းတို့ပင် ဖြစ်ပေသည်။ ၎င်းတို့ နှစ်ယောက်အား ဦးဗန်ကောင်းနေသောနေရာသို့ သွားကာ တစ်ပါတည်း ဝင်ခေါ်လာခဲ့ကြခြင်း ဖြစ်၏။

ထိုသို့ဝင်ခေါ်လာကြခြင်းမှာ ယခင်တစ်ခေါက်က လူသတ်မှုဖြစ်သော အခန်းတွင်းသို့ ဝင်ကြည့်ရာ အပမှီနေသည့် ရုပ်တုတစ်ခုကို တွေ့ခဲ့ရသောကြောင့်ပင်ဖြစ်၏။

ဦးဗန်ကောင်းမှာ ဆေးဝါးအစီအရင်များနှင့် ဝိဉာဉ်လောကနှင့် ပတ်သက်သည့်ကိစ္စများတွင် ကျွမ်းကျင်နှံ့စပ်သူ တစ်ဦးလည်း ဖြစ်သည်။

သူတို့သုံးယောက် ရောက်သွားသော အချိန်မှာ ပွဲရုံလုပ်ငန်းများသိမ်းပြီး တိုက်တံခါးပင် ပိတ်ထားပြီဖြစ်သောကြောင့် ရှင်းလင်းနေလေသည်။

တံခါးခေါက်လိုက်တော့ အစေခံတစ်ဦးက ထွက်ကြည့်ပြီး အကျိုးအကြောင်း ပြောပြရာ မြသီရိရော ဒေါ်နှင်းမေပါ ထွက်လာကြပြီး တံခါးဖွင့်ပေးကြသည်။

"ဒါထက် ကိုစံပေါ် သတင်းများ စုံစမ်းလို့ ကြားရပြီလားယင်"





အိမ်တွင်းရောက်သည်နှင့် ဒေါ်နှင်းမေက မေးလေသည်။

ဒေါက်တာမင်းထင်ကျော်တို့ကတော့ လောလောဆယ်တွင် ဦးစံပေါ် အခြေအနေက မကောင်းသေးသဖြင့် ဒေါ်နှင်းမေနှင့် တွေ့ဆုံပေးရန် မသင့်သေးသောကြောင့် စကားကို သင့်သလောက်သာ ပြောပြလိုက်သည်။

"ဟုတ်ကဲ့၊ သူ ဘယ်နေရာမှာ ရှိတယ်ဆိုတာတော့ သိရပါပြီ၊ ဘာမှ စိတ်မပူပါနဲ့ အစ်မကြီး၊ မကြာခင် သူနဲ့တွေ့ဖို့ ကျွန်တော်တို့ စီစဉ်ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် မောင်ရယ်၊ ဒီသတင်းစကား ကြားရတာနဲ့တင် ဝမ်းသာလှပါတယ်"

ဟု မျက်ရည်သုတ်ရင်း ပြန်ပြောလေသည်။

ဒေါ်နှင်းမေမှာ ဦးစံပေါ်နှင့် နောက်ထပ်ပြုသော အိမ်ထောင်ပင် ဖြစ်သော်ငြားလည်း အတော်ပင် သံယောဇဉ်ရှိဟန် တူလေသည်။ သို့ကြောင့် စံကျော်က ဦးစံပေါ် အယောင်ဆောင်ပြီး လာရောက်တောင်းစဉ်က သမီးဖြစ်သူ တားနေသည့်ကြားမှပင် ရွှေနှင့်ငွေများ ပုံပေးလိုက်ခြင်း ဖြစ်ပေသည်။

ထို့နောက် ဒေါက်တာမင်းထင်ကျော်က မြသီရိအား အရင်းကိစ္စကို ပြောပြလိုက်သည်။

"ကျွန်မပါ အပေါ်ထပ်လိုက်ခဲ့မယ်"

ဟုပြောဆိုကာ ဒေါက်တာမင်းထင်ကျော်တို့သုံးယောက်နှင့်အတူ သူမပါ အပေါ်ထပ် လိုက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လေးယောက်သား အပေါ် ထပ် ရောက်လာသောအခါ စကြိန်မီးများ ဖွင့်ထားလိုက်ရာ အတော်ပင် လင်းသွားလေသည်။

စကြိန်လမ်း တစ်လျှောက်မှာတော့ ဖုံများတက်နေသည်။ ထိုဖုံများပေါ်တွင် ထင်ကျန်နေသော ခြေရာအချို့လည်း တွေ့ရသည်။

စံကျော် မသေခင်က လျှောက်သွားသော ခြေရာများပင် ဖြစ်ပေလိမ့်မည်။

ထို့နောက်မှာတော့ လူသတ်မှုဖြစ်ပွားသော အခန်းရှိရာသို့သွားကာ တံခါးဖွင့်လိုက်သည်။

လူနှစ်ယောက် သေပြီးကတည်းက ပိတ်ထားခဲ့ခြင်းဖြစ်သောကြောင့် ဖုံများ တက်နေလေသည်။ အတွင်းမီးများဖွင့်လိုက်တော့ အလင်းရောင် ရဘာလေသည်။

"ဒီရုပ်တုတွေနားကို မကပ်ကြပါနဲ့၊ ကြည့်ရင် အဝေးကပဲ ကြည့်ကြပါ"

ဟု အခန်းတွင်းမဝင်မီ ကြိုတင်သတိပေးထားလိုက်သည်။

အခန်းတွင်းရောက်တော့ ဒေါက်တာမင်းထင်ကျော်က ရုပ်တုများကို ထပ်မံစစ်ဆေးသည်။

ဦးစွာ ဗီးနပ်စ်ရုပ်ကို စတင်စစ်ဆေးသည်။

ပလာစတာဖြင့် ပုံသွင်းကာ ကြွေရည်သုပ်ထားသော ထိုရုပ်တုမှာ ထူးခြားမှုမရှိပေ။





နောက်တော့ တရုတ်စစ်သူကြီး ရုပ်တုကို စစ်ဆေးကြည့်သည်။ ထိုသို့ ကြည့်နေစဉ် ဦးဗန်ကောင်းက လှမ်းပြောသည်။

"မောင်ထင်ကျော် ခဏနေဦး. . ၊ အခန်းထဲမှာရှိတဲ့ ရုပ်တုတွေမှာ သေတဲ့လူတွေရဲ့ ဝိညာဉ်တွေ ပူးကပ်နေတယ်၊ ကြာရင် အသက်ဝင်လာပြီး လူကို အန္တရာယ် ပေးလာနိုင်တယ်"

"ဒါဖြင့် ဘယ်လိုလုပ်မလဲ"

"အရံအတားလုပ်ထားရင် မမှားဘူး"

ဟုပြောဆိုပြီး. . ၎င်းထံမှာပါလာသော ပရိတ်ချည်၊ ခရိုတ်ကြိုးများဖြင့် ရုပ်တုလေးခုစလုံးကို စွပ်ပေးထားလိုက်သည်။

ပြီးနောက် ဆေးအစီအရင်များဖြင့် အရံအတားများပြုလုပ်ပေးသည်။ စိတ်ချရသော အနေအထားရောက်တော့မှ ဒေါက်တာမင်းထင်ကျော်က ရုပ်တုများကိုဆက်ပြီး စစ်ဆေးသည်။

တရုတ်စစ်သူကြီးရုပ်တုတစ်ခုလုံးကို ကျေနပ်လောက်အောင် စစ်ဆေးကြည့်တော့လည်း မထူးခြားသဖြင့် ကာလီနတ်ဘုရားမရုပ်တုကို သွားရောက်စစ်ဆေးသည်။

ထိုရုပ်တုကတော့ အမှန်ပင် အန္တရာယ်များသော ရုပ်တုဖြစ်သည်။ လက်ထဲမှာကိုင်ထားသော လက်နက်အားလုံးက လူကိုသေစေနိုင်သော လက်နက်အစစ်များချည်း ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ဒေါက်တာမင်းထင်ကျော်ကတော့ ရုပ်တုကို ရှေ့တည့်တည့်မှ မကြည့်ပဲ ဘေးတစ်ဖက်တစ်ချက်မှသော်လည်းကောင်း နောက်ဖက်မှသော်လည်းကောင်း ကြည့်ရှုစစ်ဆေးလေသည်။ ကျန်သုံးယောက်ကတော့ မနီးမဝေးမှပင် စိတ်ဝင်စားစွာဖြင့် ကြည့်နေကြသည်။

ဒေါက်တာမင်းထင်ကျော်က နီးကပ်ကြည့်ရှုဖြင့် အားမရသဖြင့် အခန်းတွင်းမှာ ရှိနေသော လမ်းလျှောက်တုတ်ကို ယူ၍ ရုပ်တုကို နေရာအနှံ့ ထိုးကြည့်သည်။ ထိုးကြည့်သည်။

ထိုသို့ထိုးကြည့်တော့လည်း . . လက်နက်ကိုင်ထားသော လက်တံများက မလှုပ်ပဲ ငြိမ်နေကြလေသည်။

ရုပ်တုသုံးခုကို စစ်ဆေးပြီးသောအခါ ခဏရပ်ပြီး အတန်ကြာအောင် စဉ်းစားကြည့်သည်။

အိမ်ဖော်မေသန်းသေဆုံးစဉ် လာရောက်စစ်ဆေးစဉ်က သေသူ၏လက်တွင် ရွှေမှုန့်များ ကပ်ပေနေသည်ကို တွေ့ခဲ့ရသည်။

ရွှေချထားသောရုပ်တုမှာ ကာလီနတ်ဘုရားမရုပ်တုနှင့် မယ်တော်ရှီဝမ်းမူရုပ်တုသာရှိသည်။ ကျန်နှစ်ရုပ်က ဆေးရောင်များသာ သုတ်ခြယ်ထားသည်။

ဒေါက်တာမင်းထင်ကျော်က ကာလီနတ်ဘုရားမရုပ်တုကို စစ်ပြီးသွားတော့ နောက်ထပ် စစ်စရာ တစ်ရုပ်သာကျန်တော့သည်။ ကြာပန်းများ ပွေ့ထားသော မယ်တော်ရှီဝမ်းမူရုပ်တုပင် ဖြစ်သည်။





ဒေါက်တာမင်းထင်ကျော်က နံဘေးဘက်မှ အနားကပ်ပြီး မီးရောင်ဖြင့် ထိုးကြည့်တော့ ကြွေရည်လောင်းထားသော ရုပ်တုကိုယ်တစ်နေရာတွင် အဆက်အစပ်ပြုလုပ်ထားသော အရာအချို့ကို တွေ့ရသည်။

အိမ်ဖော်မေသန်းရော စံကျော်ပါ ထိုရှေ့မှာပင် သေကြခြင်းဖြစ်သောကြောင့် ရှေ့ဘက်မှမရပ်ပဲ ဘေးဘက်မှသာ စစ်ဆေးကြည့်သည်။

မထူးခြားတော့မှ မနီးမဝေးမှရပ်ကာ ရုပ်တုကိုယ်ကို တုတ်ဖြင့် ဖိထိုးကြည့်သည်။ ဘေးတစ်ဖက်တစ်ချက်မှသော်လည်းကောင်း၊ နောက်ဘက်မှသော်လည်းကောင်း အမျိုးမျိုးထိုးကြည့်ဖိကြည့်သော်လည်း မထူးခြားတော့မှ ရှေ့တည့်တည့် တုတ်တစ်လှမ်းစာအကွာလောက်မှ ရုပ်ထုကိုယ်ကို တုတ်ဖြင့် ဖိထိုးကြည့်လိုက်ရာ 'ဂွိ'ခနဲ အသံတစ်ချက် ကြားလိုက်ရပြီး ကြာဖူးထိပ်မှ ထိုးထွက်လာသော သံချွန်တစ်ခုက ရင်ဝရှိရာသို့ လာနေ်သဖြင့် နောက်သို့ ဆုတ်ပေးလိုက်ရသည်။

"ရွှိ . ."

ထိုသို့ထွက်လာပြီးနောက် ချက်ချင်းဆိုသလို အတွင်းသို့ပြန်ဝင်ကာ ပျောက်ကွယ်သွားတော့သည်။

ထိုအခြေအနေကြောင့် ကြည့်နေသူများမှာ အထိတ်တလန့် ဖြစ်သွားကြလေသည်။

"အဲဒါ ဘာကြီးလဲ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"တခြားမဟုတ်ပါဘူး၊ အိမ်ဖော်မေသန်းနဲ့ စံကျော်ကို သေအောင်သတ်တဲ့ လူသတ်လက်နက်ပါပဲ"

ပြောပြောဆိုဆိုနှင့် ရုပ်တုကို တုတ်ဖြင့် ဖိထိုးလိုက်မြန်ရာ ကြာဖူးထိပ်မှ ဝင်းလက်နေသော သံမဏိထိပ်ချွန်တစ်ခုက အရှိန်ပြင်းပြင်းနှင့် ထိုးထွက်လာပြီး ချက်ချင်းပြန်ဝင်သွားလေတော့သည်။

"ထူးဆန်းလိုက်တာ"

"မထူးဆန်းပါဘူး ကိုကျော်စွာရယ်၊ နိုင်ငံခြားကလုပ်တဲ့ အရုပ်တွေမှန်သမျှ ထူးဆန်းတဲ့ ပြုလုပ်ချက်တွေ ပါကြတယ်၊ စက်ယန္တရားထွန်းကားတဲ့ တိုင်းပြည်တွေမှာ ပိုများတာပေါ့၊ ရုရှားနဲ့ အမေရိကန်မှာ အများကြီး တွေ့ခဲ့ဖူးတယ်၊ အခု တရုတ်ကတောင် ဒါမျိုးတွေ လုပ်နိုင်နေပြီ"

"ပြောပါဦးဆရာ"

"တရုတ်ကလုပ်ရောင်းတဲ့ 'စိုးဖူး'လို့ခေါ်တဲ့ တရုတ်လက်နက်ကြီးတွေမှာ ဒီလိုလျှို့ဝှက်တဲ့ လူသတ်ကိရိယာတွေ တပ်ဆင်လေ့ရှိကြတယ်"

"အန္တရာယ်များလိုက်တာ ဘာကြောင့် ဒီလိုလုပ်တာလဲ"

"ဒါက ပိုင်ဆိုင်တဲ့လူပဲသိတဲ့ လျှို့ဝှက်ချက်လို့ ခေါ်တယ်၊ တချို့က သူတို့ပိုင်ဆိုင်တဲ့ ရွှေငွေရတနာတွေကို ဒီလိုအရုပ်မျိုးတွေထဲမှာ လျှို့ဝှက်ပြီး ထားတတ်ကြတယ်၊ ဒီလိုထားမှန်းသိလို့ ယူဖို့ကြိုးစားတဲ့ လူတွေဟာ. . . လျှို့ဝှက်





အန္တရာယ်နဲ့တွေ့ပြီး သေဆုံးကြရတယ်"

"ကျွန်တော်သိသလောက်တော့ ဒီအရုပ်ကြီးကို သူ့မိတ်ဆွေတစ်ယောက်က လက်ဆောင်ပို့ပေးထားတယ်လို့ ပြောသံကြားတယ်"

"ဆန်စက်သူဌေး ဦးဘရှင် ပို့ပေးထားပါ. ."

"ဒီအရုပ်မှာ ဒီလိုကြောက်စရာကောင်းတဲ့ အန္တရာယ်မျိုး ရှိတယ်ဆိုတာ ဦးစံပေါ်တောင် သိပုံမရဘူး"

"ဟုတ်ပါတယ်၊ ဒါကြောင့် မေသန်းသေခဲ့ရတာပါ၊ ရုပ်တုတွေကို သန့်ရှင်းရေးဝင်လုပ်ရင်းနဲ့ နောက်မှရောက်တဲ့ မယ်တော် စီဝမ်းမူရုပ်တုကို သန့်ရှင်းရေးလုပ်တော့ အတွင်းက သံချွန်ထွက်လာပြီး သေခဲ့ရတာပါ"

"ဒါဖြင့် ဦးစံကျော်က ဘယ်လိုကြောင့် သေရတာလဲ"

"သူက ဒီရုပ်တုထဲမှာ တစ်ခုခုရှိမယ်ထင်လို့ လိုက်ရှာရင်းနဲ့ သေရတာ ဖြစ်မှာပါ"

ထိုသို့ပြောပြီး ဒေါက်တာမင်းထင်ကျော်က မယ်တော် ရှီဝမ်းမူရုပ်တုနံဘေးသို့ ကပ်သွားကာ ရှေ့ဘက်မှာရှိသော အရာဝတ္ထုတစ်ခုကို တုတ်ဖြင့် ထိကြည့်သည်။

ထိုအရာမှာ အံဝှက်နှင့်တူသော အရာပင် ဖြစ်၏။

အံဝှက်နေရာကို ထိလိုက်သည်နှင့် ကြာဖူးထိပ်မှ သံချွန်က ရွှိခနဲ အပြင်သို့ ထွက်လာသည်။ ထိုအခိုက်အတန့်မှာဝင်၍ဒေါက်တာမင်းထင်ကျော်က အံဝှက်ကို အပြင်သို့ ဆွဲထုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သံချွန်မထွက်ခင်က အံဝှက်ကို အပြင်ထုတ်မရပဲရှိရာမှ သံချွန်ထွက်သွားခိုက်မှာ ဆွဲထုတ်လိုက်ရာ အလွယ်တကူပင် ထွက်လာသည်။ အံဝှက်ထွက်လာတော့ အပြင်သို့ တစ်ပေခန့်ထွက်နေသော အချွန်က ပြန်မဝင်ပဲ တံ့နေလေတော့သည်။

အံဝှက်အတွင်းမှာတော့ ရွှေဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာမျိုးစုံတို့ကို တွေ့ရသဖြင့် အားလုံး အပြင်သို့ ထုတ်ယူလိုက်သည်။

ပြီးမှ အံဝှက်ကို ပြန်သွင်းလိုက်ရာ ထွက်နေသော သံချွန်လည်း ပြန်ဝင်သွားလေတော့သည်။

"ဒီပစ္စည်းတွေက စံကျော်လိုက်ရှာနေတဲ့ ပစ္စည်းတွေပါပဲ၊ ဒီပစ္စည်းတွေကြောင့်ပဲ အသက်ပေးလိုက်ရတာပါပဲ"

"ဒါဖြင့် ဦးစံပေါ်က ဒီအံဝှက်အကြောင်းကို သိနေတာပေါ့နော်"

"ရောက်ကာစတော့ သိပုံမရဘူး၊ နောက်တော့မှ သိသွားပြီး သူ့ရဲ့ ရွှေငွေရတနာတွေကို ထည့်ဝှက်ထားတာ ဖြစ်ပုံရပါတယ်၊ သူနဲ့တွေ့တော့မှ မေးကြည့်တာပေါ့"

"ဒီရွှေငွေရတနာတွေက ဘယ်လိုလုပ်မလဲ ဆရာ"

"ဒီပစ္စည်းတွေကို ပိုင်တာက စံပေါ်နဲ့ စံကျော်တို့ပဲ၊ အခု စံကျော်မရှိတော့ ဦးစံပေါ်ပဲ ပိုင်တာပေါ့၊ ဒါကြောင့် သူ့ဇနီးဖြစ်တဲ့ ဒေါ်နှင်းမေလက်ကိုပဲ အပ်ထားခဲ့ကြတာပေါ့"

ဟု ပြောပြီး အံဝှက်အတွင်းမှရသော ပစ္စည်းများကို





ဒေါ်နှင်းမေထံသို့ ပေးလိုက်ကြသည်။

"အမှုကိစ္စက ပြီးလောက်ပြီ ထင်တယ်"

ဟု စုံထောက်ကျော်စွာက ပြောသည်။

"မပြီးသေးဘူး ကိုကျော်စွာရဲ့၊ တရားခံတစ်ယောက် ဖမ်းဖို့ ကျန်သေးတယ်"

"ဘယ်သူလဲ ဆရာ"

"ငွေသုံးသိန်းကို ဥပါယ်တမျဉ်နဲ့ အနုကြမ်းစီးသွားတဲ့ တရားခံလေ"

သည်တော့မှ စုံထောက်ကျော်စွာက သဘောပေါက်သွားလေတော့သည်။

သူတို့ ပြန်ထွက်ကာနီးတော့ မြသီရိက ထွက်လာပြီး ကျေးဇူးတင်စကားပြောလေသည်။

"ကျွန်မတို့ မိသားစု ဒုက္ခပင်လယ်ဝေနေတဲ့အချိန်မှာ အခုလို လာရောက်အကူအညီ ပေးတာရော အန္တရာယ်တွေကို ရှင်းလင်းပေးတာကိုရော အများကြီးကျေးဇူးတင်ပါတယ်"

ဒေါက်တာမင်းထင်ကျော်က အသိအမှတ်ပြုသည့် အနေဖြင့် ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

'ကျွန်မစိတ်ထဲမှာ ဘယ်လိုနည်းနဲ့ ကျေးဇူးပြန်ဆပ်ရမလဲလို့ စဉ်းစားနေပါတယ်"

"ဒီလောက်ကျေးဇူးတင်ဖို့ မလိုပါဘူး မြသီရိရယ်၊ မြသီရိရဲ့ အမူအယာကိုကြည့်ရုံနဲ့ ဘယ်လောက် ကျေးဇူးတင်နေတယ်ဆိုတာ သိပါတယ်၊ အမှုကိစ္စတွေအားလုံး ပြီးသွား



www.burmeseclassic.com

www.burmeseclassic.com



ရင်တော့ အရင်တစ်ခါကလိုပဲ စားသောက်ဆိုင်ကောင်း ကောင်းမှာ စားသောက်ရင်း အေးအေးဆေးဆေး စကားပြော ဖို့ စိတ်ကူးထားပါတယ်"

ထိုစကားကြားတော့ မြသီရိက သဘောပေါက်သော အမူအယာဖြင့် တစ်ချက်ပြုံးလိုက်သည်။

"ကျွန်မက သူစိမ်းယောကျ်ားတွေနဲ့ အပြင်ထွက်လေ့ မရှိပါဘူး၊ ဒါပေမယ့် ကိုမင်းထင်ကျော်က တကူးတက လာ ခေါ်ရင်တော့ လိုက်ခဲ့ပါ့မယ်"

"ဒီလိုဆိုရင်တော့ ကျွန်တော်ကပြန်ပြီး ကျေးဇူးတင်ရ တော့မှာပေါ့"

ထို့နောက် မြသီရိကို နှုတ်ဆက်ပြီး ကားဖြင့် ပြန်ထွက် ခဲ့ကြသည်။ ဦးဗန်ကောင်းအား ၎င်းနေထိုင်ရာသို့ ပြန်ပို့ပေးခဲ့ပြီး ပြန်ထွက်လာတော့ စုံထောက်ကျော်စွာက ပြောသည်။

"မြသီရိက ဆရာ့ကိုတော့ အတော်ကလေး အထင် ကြီးနေပုံရတယ်၊ စိတ်ဝင်စားနေပုံရတယ်"

"ဘယ်လိုကြောင့်လည်း ကိုကျော်စွာရဲ့"

"ကျွန်တော်က အမှုလိုက်တဲ့နေရာမှာသာ ဆရာ့ လောက်မတော်ပေမယ့်. . ဒီလို အကဲခတ်တဲ့နေရာမှာတော့ မှားခဲပါတယ်"

"ဒါကြောင့် လူပျိုကြီးဖြစ်နေတာ ထင်ပါရဲ့"

စုံထောက်ကျော်စွာက သဘောကျစွာ ရယ်လိုက် သည်။ ပြီးမှ. . .





"ဆရာက အမှုလိုက်တဲ့နေရာမှာတော့ စုံထောက် တွေထက် ပိုပြီးတော်တယ်၊ အတွေးအခေါ်လည်း အတော် ကောင်းတယ်၊ ဒီအမှုလည်း အတော်ရှုပ်ထွေးတယ်၊ ဆရာ ဝင်ရှင်းပေးလို့သာ. . . မဟုတ်ရင်"

"ပြဿနာဆိုတာ အစတစ်ခုရှိရင် ဘယ်လောက်ရှုပ် ရှုပ် နောက်ဆုံးမှာ အဆုံးတစ်ခုတော့ ရှိပါတယ်"

"ဒီအမှုက. . . စံကျော်နဲ့စံပေါ် အမွှာညီအစ်ကိုနှစ် ယောက် ရှုပ်ကြတဲ့အမှုပေါ့။ နောက်တော့. . လောဘစိတ် ကြောင့် တစ်ယောက်နဲ့တစ်ယောက် သတ်ဖို့ကြိုးစားကြတာ ပေါ့။ ဥပမာပြောရရင် တစ်ယောက်နဲ့တစ်ယောက် ဥာဏ်ရည် ပြိုင်ပြီး သတ်ကြတဲ့ 'နှစ်ပင်လိမ် သတ်ကွင်း'တစ်ခုပါပဲ"

ဟု ပြောလိုက်လေသည်။

"မှန်ပါတယ်. . ၊ ဒါထက် ကျန်တဲ့တရားခံက ဘယ် တော့လောက် သွားဖမ်းမှာလဲ"

"အရေးမကြီးပါဘူး၊ ဒီည အေးအေးဆေးဆေး နား ကြပြီး နောက်တစ်နေ့မှပဲ သွားကြတာပေါ့"

ထို့နောက် စုံထောက်ကျော်စွာက ၎င်းမောင်းနေ သော လင့်ရိုဘာကားကို ဒေါက်တာမင်းထင်ကျော် နေအိမ် ရှိရာ ရွှေတောင်ကြားသို့ ဦးတည်လိုက်လေသည်။





www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၁၇)

# နှစ်ပင်လိမ် ချစ်ခြင်းမေတ္တာ

ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်ဘွာတို့မှာ ဘုန်းကြီးလမ်းပွဲရုံမှ အိမ်ဖော်မေသန်း အသတ်ခံရသောအမှု၊ ဒွန်းစဏ္ဍားခေါင်းဖေပါင်း စံနက်ကျော်အမည်ခံ စံကျော်သေဆုံးသောအမှု၊ ပုဇွန်တောင်ဘက်မှ သုသာန်တစ်ခုတွင် ကြောက်စရာကောင်းသော ဘီလူးတွေ့ရသောအမှုနှင့် ဦးစံပေါ် ပျောက်ဆုံးသောအမှုများကို ကွဲကူးရေပါဆိုသလို တစ်ခုနှင့်တစ်ခု၊ တစ်မှုနှင့်တစ်မှု၊ ဆက်စပ်ဖြေရှင်းသွားရာ



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးအဖြေပေါ်ကာ ပြီးဆုံးခြင်းသို့ ရောက်ခဲ့ကြသည်။

ငင်းတို့ဖြေရှင်းပေးရန် ကျန်နေသေးသော အမှုတစ်ခု သာ ကျန်တော့သည်။

ကုန်သည်ကြီးများ အသင်းပိုင်သော ငွေသုံးသိန်းအနု ကြမ်းစီးခံရသော အမှုပင် ဖြစ်သည်။

အခြားအမှုများဖြေရှင်းပြီးသော တစ်နေ့တွင် ဒေါက်တာမင်းထင်ကျော်၊ ဆားပုလင်းမောင်မိုး၊ စုံထောက်ကျော်စွာ တို့သုံးယောက်သည် လမ်းမတော်တွင်နေထိုင်သော ဆန်စက် သူဌေး ဦးဘရှင်၏တိုက်သို့ ရောက်လာကြသည်။

ငင်းတို့ရောက်လာတော့ သူဌေး ဦးဘရှင်မှာ မကြည် မသာဖြစ်နေသော အမူအယာဖြင့် အပေါ်ထပ်မှ ဆင်းလာ လေသည်။

"ဘယ်လိုကိစ္စများ ပေါ်လာပြန်ပြီလဲ၊ ဒီမှာ ဘုရားအ လုပ် တရားအလုပ် ကလေးတွေကို အေးအေးဖြောင့်ဖြောင့် မလုပ်ရပါလား"

"နောက်တော့လုပ်ရပါလိမ့်မယ်၊ အခုတော့ သတင်း တစ်ခု ပြောစရာရှိလို့ပါ"

"ဘာသတင်းလဲကွယ့်"

"ဦးပေးလိုက်တဲ့ ရုပ်တုကြောင့် လူနှစ်ယောက်တော့ သေကြရရှာပြီ"

"ဘယ်ရုပ်တုကို ပြောတာလဲကွယ့်"

"ဦးစံပေါ်ကို လက်ဆောင်ပေးလိုက်တဲ့ တရုတ်မယ်





တော် ရုပ်တုပါ"

"ဘယ်လိုကြောင့် သေကြတာလဲ"

ဒေါက်တာမင်းထင်ကျော်က အကြောင်းစုံ ပြောပြ လိုက်သည်။

"ဒါကတော့ သူ့အကြောင်းနဲ့သူ သေကြတာ ဖြစ်မှာ ပါ။ ကျုပ်လည်း ဒီအကြောင်းတွေ ဘာမှမသိပါဘူး"

"ဒါဖြင့် ရုပ်တုမှာ လျှို့ဝှက်လက်နက်ပါတယ်ဆိုတာ တော့ ဦးဘရှင် သိသလား"

"မသိရပါလား၊ သိရင် ပေးကတည်းက သူ့ကို ပြော ပြလိုက်မှာပေါ့၊ အခုတော့ စေတနာကနေ ဝေဒနာ ဖြစ်ရပြီ"

"ထားပါတော့လေ ကျွန်တော်တို့ အခုလာတာက ငွေသုံးသိန်းအမှုပါ"

"လာပြန်ပြီလား နောက်တစ်မှု၊ မင်းတို့က ပြီးပဲမပြီး နိုင်ကြဘူး၊ အေးအေးဆေးဆေး မနေရဘူး"

"အချုပ်ထဲရောက်ရင် အေးအေးနေရတော့မှာပါ"

ထိုစကားကြောင့် ဦးဘရှင်မှာ မျက်လုံးပြူးသွားလေ သည်။

"ကျွန်တော်တို့ ဒရိုင်ဘာမောင်ရွှေကို စစ်ဆေးပြီးပါ ပြီ၊ ကားပျက်အောင် ဆီတိုင်ကီထဲ ရေထည့်တာရော၊ ဆန် စက်က အလုပ်သမားတွေနဲ့ အနုကြမ်းစီးဖို့ရော ဦးဘရှင်ရဲ့ အကြံအစည်ဆိုတာ သိပြီးပါပြီ၊ ဒါကြောင့်. . . ပါတဲ့လူတွေ ဘရင်းသာ ပေး ပါတော့"



www.burmeseclassic.com

www.burmeseclassic.com



“မင်းတို့ ဘာတွေလာပြောနေတာလဲ၊ ငါ့လိုလူက ဒါမျိုးတွေလုပ်ဖို့ စိတ်ကူးပါ့မလား၊ ထင်ရာမြင်ရာတွေပြောပြီး စွပ်စွဲနေရင် အသရေဖျက်မှုနဲ့ တရားစွဲလို့ရတယ်နော်”

“ဒါကတော့ သဘောပါပဲ၊ နောက်တစ်ခုက ဦးစံပေါ်ကို သေစေလိုတဲ့ဆန္ဒနဲ့ လျှို့ဝှက်လက်နက်ပါတဲ့ရုပ်တု ပေးတာကိုပါ ရုံးကျရင် ရှင်းရဦးမှာပါ၊ ဦးစံပေါ် တစ်ခုခုဖြစ်သွားရင် ငွေသုံးသိန်းအမှုကို တရားခံ လွှဲချလို့ရအောင် အကြံကြီးကြံစည်ခဲ့တာလည်း သိပြီးသားပါ၊ ပြောစရာ ရှင်းစရာတွေရှိတာတွေကိုတော့ တရားဥပဒေရှိတဲ့အတိုင်း တရားရုံးရောက်တော့မှသာ ရှင်းပါတော့”

ဟု ပြောဆိုကာ. . ဦးဘရှင်အား တစ်ပါတည်း ခေါ်ဆောင်လာကြလေသည်။

နောက်ပိုင်းမှာတော့ ဦးဘရှင်က ငြင်းဆန်၍မရတော့မှန်း သိသဖြင့် အဖြစ်မှန်ကို ဝန်ခံကာ ၎င်းကြံစည်ထားသော ငွေများကိုလည်း ပြန်ပေးခဲ့သဖြင့် အပြစ်ဒဏ်မှာ လျော့သွားခဲ့လေသည်။

ရက်အနည်းငယ်ကြာတော့. . ဆေးရုံ၌ဆေးကုနေသော ဦးစံပေါ်မှာလည်း ဒဏ်ရာဒဏ်ချက်များ သက်သာလာပြီး ပြန်လည်နေကောင်းလာသဖြင့် ဒေါ်နှင်းမေတို့ သားအမိနှင့် တွေ့ပေးလိုက်သည်။

အားလုံးကတော့ ဒုက္ခတွင်းမှ လွတ်ကင်းခဲ့ကြပြီ ဖြစ်သောကြောင့် ဝမ်းသာနေကြသည်။ နောက်တော့ ဦးစံပေါ်အား တိုက်သို့ပြန်ခေါ်ရန် ပြင်ကြသည်။





“ငါ့ကိုသာ ခွင့်လွှတ်ပေးကြပါ၊ ငါ မိုက်မဲခဲ့တဲ့ အမှားတွေကြောင့် မင်းတို့လည်း အတိဒုက္ခရောက်ကြရတယ်”

“ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ ကိုစံပေါ် ရယ်၊ ကျွန်မတို့သားအမိက ရှင့်အပေါ် ဘယ်လိုမှ သဘောမထားကြပါဘူး”

“ငါ့ကို အရင်လိုကော လက်ခံပေးနိုင်သေးရဲ့လား”

“အို ဘာကြောင့် လက်မခံရမှာလဲ၊ လူဆိုတာ မမှားဘူးတဲ့ လူဆိုတာမှ မရှိတာ၊ မှားတုန်းကမှားပြီး မှားမှန်းသိလို့ ပြင်နိုင်ရင် လူကောင်းပဲပေါ့၊ ကျွန်မတို့ အရင်ကလိုပဲ ပျော်ပျော်ရွှင်ရွှင်နဲ့ နေကြရအောင်”

ဟု ပြောသဖြင့် ဦးစံပေါ်လည်း များစွာစိတ်ချမ်းသာသွားလေသည်။

ဦးစံပေါ် ဆေးရုံမှမဆင်းခင် ဒေါက်တာမင်းထင်တော့်က ဦးဘရှင် လက်ဆောင်ပေးခဲ့သော ရုပ်တုအကြောင်းမေးမြန်း ကြည့်သည်။

“ကျုပ်က ရုပ်တုတွေစုတာ ဝါသနာပါတယ်၊ သူပေးတာစကတော့ ဝမ်းသာတာပေါ့၊ ဒီလို လျှို့ဝှက်လက်နက်ပါမှန်းလည်း မသိခဲ့ပါဘူး၊ ကံကောင်းတာက အရင်တုန်းကဆိုရင် ရုပ်တုတစ်ခုရလာရင် သေသေချာချာ ကိုင်တွယ်ကြည့်လေ့ရှိတာယ်၊ တကယ်လို့သာကြည့်ခဲ့မိရင် သေတာကြာပြီပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါတယ်"

"ကံကောင်းတယ်လို့ ပြောရမှာပဲ၊ သူ ရုပ်တုမပေးခင် ရက်ကမှ ငွေသုံးသိန်း အနုကြမ်းစီးခံရတဲ့အမှု ပေါ်နေလို့ စိတ်ရှုပ်နေတာနဲ့ လှည့်မကြည့်ဖြစ်ခဲ့ဘူး"

"ဒါကြောင့် ကံကောင်းသွားတာပါ"

"ကျုပ်အစား အိမ်ဖော်မလေးက ကြားထဲက ခံသွားရတယ်၊ သူကတော့ ဘယ်သိပ်မလဲ၊ ခါတိုင်းလိုပဲ သန့်ရှင်းရေးဝင်လုပ်တော့ သေရရှာတယ်၊ အေးအေးဆေးဆေး ဖြစ်သွားရင်တော့ ကျန်ခဲ့တဲ့ သူ့မိဘဆွေမျိုးတွေကို ရင်းနှီးစားသောက်လို့ရအောင်ပေးဖို့ စိတ်ကူးရှိထားပါတယ်"

"ကောင်းပါတယ်၊ ဒါထက်. . . မေသန်းသေပြီးတဲ့ နောက်မှ ရုပ်တုမှာ အန္တရာယ်ရှိမှန်း သိတာလား"

"ဟုတ်ပါတယ်၊ တစ်ယောက်တည်း စမ်းသပ်ကြည့်ရင်းနဲ့မှ လျှို့ဝှက်ချက်ကို သိရတာပါ၊ ဒါကြောင့် ကျုပ်ပိုင်တဲ့ နွှေငွေတွေကို အဲဒီအံ့ဝှက်ထဲမှာ ထည့်ထားခဲ့တယ်၊ စံကျော်က ကျုပ်ကို သေအောင်နှိပ်စက်ပြီးမေးတော့ မတတ်သာတဲ့အဆုံး ရုပ်တုထဲမှာရှိကြောင်း ပြောပြလိုက်ရတယ်"

"ဒါကြောင့် သူ့ဇာတ် သူသိမ်းသွားတာပေါ့၊ ဒါထက် အခုလိုဖြစ်ပြီးတော့ အန္တရာယ်ရှိတဲ့ ရုပ်တုတွေကိုရော အိမ်မှာဆက်ထားဦးမှာလား"

"မထားတော့ပါဘူး၊ သက်ဆိုင်ရာကို အပ်ချင်အပ်၊ မအပ်ရင်လည်း ဖျက်ဆီးပစ်ဖို့တောင် စိတ်ကူးထားပါတယ်၊





ကျုပ်ကို သေတွင်းကနေ ဆွဲထုတ်ပေးခဲ့တဲ့ မောင်ရင့်ကျေးဇူးကိုတော့ ဒီတစ်သက် မမေ့တော့ပါဘူး၊ တတ်နိုင်သလောက် ပြန်ဆပ်ပေးချင်တဲ့ ဆန္ဒလည်း စိတ်ထဲမှ ရှိနေပါတယ်"

"ရပါတယ်ခင်ဗျာ၊ နေကောင်းအောင် စိတ်ချမ်းသာအောင်သာနေပါ"

ထို့နောက် ဒေါ်နှင်းမေက ဦးစံပေါ်အား အိမ်သို့ ပြန်ခေါ်သွားလေတော့သည်။

ထိုအံဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီး ရက်အတန်ကြာသောအခါမှာတော့ ဒေါက်တာမင်းထင်ကျော်က မြသီရိထံ ဖုန်းဆက်ရာ သူမနှင့် စကားပြောခွင့်ရလေသည်။ သို့ကြောင့် ညနေဘက် အလုပ်နားချိန်တွင် လာရောက်ခေါ်မည်ဟုချိန်းရာ သူမကလည်း သဘောတူလေသည်။

သို့ကြောင့် ညနေအချိန်ရောက်တော့ သူမကို သွားခေါ်ပြီး အေးအေးဆေးဆေး စကားပြောနိုင်သောဆိုင်သို့ ခေါ်သွားကာ အစားအသောက်များ မှာကြားရင်း စကားပြောကြလေသည်။

"ကျွန်တော်လည်း ကိစ္စတွေပြီးကတည်းက စိတ်ကတော့ရောက်ပါရဲ့ လူက မအားရတာနဲ့ မရောက်ဖြစ်ဘူး"

"မသိပါဘူး၊ ကျွန်မကတော့ တွေ့တုန်းက ပြောထားခဲ့တဲ့စကားတွေ နောက်တော့ မေ့သွားပြီ ထင်တာနဲ့ ဖုန်းမွတ်ခင်မဆက်ဝံ့ပါဘူး"

"ဒီလိုတော့ မဟုတ်ပါဘူး၊ ပြောထားပြီးရင်လှည်း



www.burmeseclassic.com

www.burmeseclassic.com



မမေ့တတ်ပါဘူး”

ထိုသို့ပြောတော့ ကျေနပ်သော အပြုံးမျိုးဖြင့် ပြုံးလိုက်သည်။ သူမသည် ပိုးဖျော့လုံချည်နှင့် ရင်ဖုံး လက်စက်အင်္ကျီကို ဝတ်ဆင်ထားပြီး သင့်တင့်သလောက် မွမ်းမံပြင်ဆင်ထားသောကြောင့် ဒုက္ခပင်လယ်ဝေနေစဉ်က တွေ့ရသကဲ့သို့ မဟုတ်တော့ပဲ ချောမောလှပနေလေတော့သည်။

“အဖေကရော အမေကပါ ကိုမင်းထင်ကျော်အပေါ် အတော်ကလေး ကျေးဇူးတင်နေကြတယ်၊ ကိုမင်းထင်ကျော် လက်ခံရင် တစ်ခုခုနဲ့ ကျေးဇူးဆပ်ပါရစေလို့ ကျွန်မနဲ့ မှာလိုက်ပါတယ်”

“ကျွန်တော့်သဘောကတော့ လက်မခံချင်ပါဘူး။ ဒါပေမယ့် မြသီရိ မိဘတွေက ကျွန်တော်လိုချင်တာပေးနိုင်ရင်တော့ လက်ခံချင်ပါတယ်”

“ဘာလိုချင်လို့လဲ”

မြသီရိက အကြည့်လွှဲထားပြီးမေးသည်။

“ပွင့်ပွင့်လင်းလင်း ပြောရရင် သူတို့ခွင့်ပြုမယ်ဆိုရင် မြသီရိရဲ့ မေတ္တာကိုပဲ လိုချင်တာပါ”

“အဲဒါ ကာယကံရှင်ကို အရင်ပြောရမှာ မဟုတ်ဘူးလား”

“ဟုတ်ပါတယ်၊ ပြောလက်စနဲ့ ကာယကံရှင်ကို ပြောနေတာပါ။ မြသီရိမှာ ရည်ရွယ်ထားသူ မရှိသေးရင် ကျွန်တော့်မေတ္တာကို လက်ခံစဉ်းစားပေးပါ”





“အစားအသောက် ကျွေးမွေးဧည့်ခံပြီး လူပျိုစကားပြောတာလား”

“ဟုတ်ပါတယ်၊ တွေ့ကတည်းက စိတ်ဝင်စားနေပေမယ့် ပူပင်သောကတွေနဲ့ ရှုတ်ထွေးနေလို့ အခုမှ ပြောရတာပါ။ ကျွန်တော့်ကိုတွေ့တာနဲ့ အခွင့်အရေးယူတတ်သူလို့ မထင်ပါနဲ့”

“ဒီလိုတော့ မထင်ပါဘူး၊ ဒါပေမယ့် စဉ်းစားချိန်တော့ ထွပ်ပေးရမှာပေါ့”

ဒေါက်တာမင်းထင်ကျော်က သဘောတူသည့်အနေဖြင့် ခေါင်းညိတ်ပြလိုက်လေသည်။

နောက်တော့ စားပွဲထိုးက အစားအသောက်များ လာရောက်ချပေးသဖြင့် စားသောက်ကြလေသည်။ စားသောက်နေရင်းနှင့်တော့ ထိုအကြောင်းကို ဆက်မပြောတော့ပဲ အခြားအကြောင်းများသာ ပြောကြသည်။

စားသောက်ပြီးတော့ ဒေါက်တာမင်းထင်ကျော်က မြသီရိကို ကားဖြင့် ပြန်ပို့ပေးသည်။ အိမ်ရှေ့ရောက်တော့ ကားပေါ်မှဆင်းရင်းနှင့် မေးသည်။

“ကျွန်မဆီကို ဖုန်းဆက်မယ် မဟုတ်လား”

“ဘယ်တော့ ဆက်ရမလဲ”

“အိမ်ပြန်ရောက်တော့ ဆက်ကြည့်ပေါ့”

“သိချင်တဲ့အဖြေ သိရမယ် မဟုတ်လား”

ပြုံး၍ ခေါင်းညိတ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"သိရမှာပေါ့၊ အဖြေက ရှိပြီးသားပါ"

"ဒါများ အခုမသိရဘူးလား၊ မြန်မြန်သိရတော့ မြန်မြန်စိတ်အေးထားချင်လို့ပါ"

"ကိုမင်းထင်ကျော်က တခြားအမှုကိစ္စတွေမှာတော့ အတော်ကလေး လူအကဲခတ်တာ ကောင်းတယ်၊ အခုကိစ္စမျိုးမှာတော့ အတွေ့အကြုံမရှိတဲ့ ကလေးတစ်ယောက်လို ဖြစ်နေတယ်၊ မိန်းမကာပို့ တစ်ယောက်ဆိုတာ ယောကျ်ားတစ်ယောက်က ချဉ်းကပ်လာရင် ဘယ်လိုဆိုတာ သိကြပြီးသား၊ ဘယ်သူ့ကို ဘယ်လိုဆက်ဆံရမယ်၊ ဘယ်လိုတုံ့ပြန်ရမယ်ဆိုတာလည်း စဉ်းစားထားပြီးသားပါ၊ အဲဒါက သဘာဝကပေးတဲ့ အတတ်ပညာပဲ"

ဒေါက်တာမင်းထင်ကျော်ကတော့ ဘာမှမသိသေးသော ကျောင်းသားတစ်ယောက်ကဲ့သို့ ခေါင်းညိတ်ပြလိုက်သည်။

"ဒါဖြင့် ကျွန်တော့်အတွက် အဖြေရှိပြီးသားပေါ့နော်"

သူမက ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

"မောင်လိုချင်တဲ့ အဖြေမျိုး ကျွန်မမှာ အဆင်သင့်ရှိပြီးသားပါ"

ထိုအခါမှ ဒေါက်တာမင်းထင်ကျော်မှာ သဘောပေါက်သွားသဖြင့် တဖြည်းဖြည်းနှင့် ပြုံးလာလေတော့သည်။

"ဝမ်းသာလိုက်တာ မြရယ်၊ အခုမှပဲ ရင်အေးရပေတော့တယ်၊ ဒီလိုအဖြေ သိရပြီဆိုတော့ လူကြီးတွေကို အသိ





ပေးပြီး လက်ထပ်ဖို့ စီစဉ်တော့မယ်နော်"

"မမြန်လွန်းဘူးလား"

"မမြန်ပါဘူး၊ ချစ်တဲ့စိတ်နဲ့ စိုးရိမ်နေရတာနဲ့ စာရင် အတူနေပြီး ပျော်ရွှင်နေရတာက ပိုမကောင်းပေဘူးလား"

"ဒီလိုဆိုရင်လည်း မောင်သဘောကျသလိုသာ စီစဉ်ပါတော့"

ဟု ခွင့်ပေးလိုက်လေတော့သည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ကျေကျေနပ်နပ်ကြီး ပြုံးလိုက်ကာ မြသီရိလက်ကို ပိုင်ပိုင်နိုင်နိုင်ပင် ဆုပ်ကိုင်ထားလိုက်လေသည်။ ချစ်ခြင်းမေတ္တာကြောင့် ပျော်ရွှင်ခွင့်ရနေသူများထဲတွင် သူတို့နှစ်ယောက်လည်း အပါအဝင် ဖြစ်လာခဲ့ကြပေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (နှစ်ပင်လိမ် သတ်ကွင်း)အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်မှာလည်း နိဂုံးကမွတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနိစ္စာဟောတု သုခိအတ္တာနံ ပရိဟရန္တု

ပြီးချိန်။ ၂၀၁၆ခုနှစ်၊ဇန်နဝါရီလ(၂၅)ရက်၊တနင်္လာနေ့၊နေ့လည်(၂)နာရီ။



www.burmeseclassic.com